http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၆/၂၀၀၈)

၏

# မြစ်ကြီးနား ဝိစိတ္တသာရဝါဒ

# ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်နှစ်-၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းခုံရုံး အဖွဲ့အမှတ် (၁၆/၂၀၀၈)

၏

# မြစ်ကြီးနား ဝိစိတ္တသာရဝါဒ
# ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်နှစ်-၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၆/၂၀၀၈)

၏

# မြစ်ကြီးနား ဝိစိတ္တသာရဝါဒ
# ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်နှစ်-၂၀၁၀

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၆/၂၀၀၈)

၏

# မြစ်ကြီးနား ဝိစိတ္တာသာရဝါဒ
# ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ်-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်နှစ်-၂၀၁၀

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ပဏ္ဏာမပုစ္ဆက ဂန္ထာရမ္ဘ | ၁၃ |
| ၃။ | အမှတ် (၁)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၇ |
| ၄။ | အမှတ် (၂)စောဒနာ၊ သောဓနာ စိစစ်ချက် | ၂၅ |
| ၅။ | အမှတ် (၃)စောဒနာ၊ သောဓနာ စိစစ်ချက် | ၄၀ |
| ၆။ | အမှတ် (၄)စောဒနာ၊ သောဓနာ စိစစ်ချက် | ၅၂ |
| ၇။ | အမှတ် (၅)စောဒနာ၊ သောဓနာ စိစစ်ချက် | ၅၉ |
| ၈။ | အမှတ် (၆)စောဒနာ၊ သောဓနာ စိစစ်ချက် | ၆၆ |
| ၉။ | အမှတ် (၇)စောဒနာ၊ သောဓနာ စိစစ်ချက် | ၇၄ |
| ၁၀။ | အမှတ် (၈)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၂၃ |
| ၁၁။ | အမှတ် (၉)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၄၀ |
| ၁၂။ | အမှတ် (၁၀)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၄၆ |
| ၁၃။ | အမှတ် (၁၁)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၅၂ |
| ၁၄။ | အမှတ် (၁၂)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၅၇ |
| ၁၅။ | အမှတ် (၁၃)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၆၁ |
| ၁၆။ | အမှတ် (၁၄)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၆၇ |
| ၁၇။ | အမှတ် (၁၅)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၇၁ |
| ၁၈။ | အမှတ် (၁၆)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၇၉ |
| ၁၉။ | အမှတ် (၁၇)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၈၄ |
| ၂၀။ | အမှတ် (၁၈)စောဒနာ၊ သောဓနာ စိစစ်ချက် | ၁၈၈ |

http://www.dhammadownload.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | အမှတ် (၁၉)စောဒနာ၊ သောနော စိစစ်ချက် | ၁၉၃ |
| ၂၂။ | အမှတ် (၂၀)စောဒနာ၊ သောနော စိစစ်ချက် | ၁၉၇ |
| ၂၃။ | ပေါင်းရုံးသုံးသပ်ချက် | ၂၀၇ |
| ၂၄။ | ဆုံးဖြတ်ချက် | ၂၂၂ |
| ၂၅။ | နိဂမနနှင့် ဥယျောဇနကထာ | ၂၂၄ |

-------------

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးအပ်သော

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၆/၂၀၀၈)၏

# ဆုံးဖြတ်ချက်

## နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | တာဝန် | ကျောင်းတိုက်/မြို့ |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) | (သဘာပတိ) | ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်း |
| ၂။ | ဘဒ္ဒန္တဩဒါတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | (အဖွဲ့ဝင်) | အဝေရာရာမရန်ကင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။ |
| ၃။ | ဘဒ္ဒန္တအဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) | (အဖွဲ့ဝင်) | ဓမ္မရောင်ခြည်ကျောင်းတိုက် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၄။ | ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | (အဖွဲ့ဝင်) | မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့၊ရန်ကုန်တိုင်း |
| ၅။ | ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | (အဖွဲ့ဝင်) | သာသနဇောတာရုံတိုက် အမှတ်(၅)ရပ်ကွက်၊ မတ္တရာမြို့၊မန္တလေးတိုင်း |

http://www.dhammadownload.com

| | | |
|---|---|---|
| **စာေပဒက** | - (၁) | ဘဒ္ဒန္တမဏ္ဍလာစာရ၊ ရတနာမာန်ေအာင်ကျောင်းတိုက်၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။ |
| | - (၂) | ဘဒ္ဒန္တနာရဒ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။ |
| | - (၃) | ဘဒ္ဒန္တကန္တာစရိယာဘိဝံသ၊ သာသနဉ္စပါရဂူစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| **စုဒိတက** | - | ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| **အကြောင်းအရာ** | - | မြစ်ကြီးနား ဝိစိတ္တသာရဝါဒ ဝိနိစ္ဆယ-ဓမ္မ-အဓမ္မ အငြင်းပွားမှုခင်း။ |
| **စတင်ဖွဲ့စည်းသည့်နေ့** | - | ၁၃၇၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်၊ (၂၃-၁၀-၂၀၀၈)၊ အင်္ဂါနေ့ |
| **ဆုံးဖြတ်ချက်ချမှတ်သည့်နေ့** | - | ၁၃၇၀-ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်၊ (၁၇-၂-၂၀၀၉)အင်္ဂါနေ့ |

http://www.dhammadownload.com



# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၆/၂၀၀၈)
# ၏
# မြစ်ကြီးနား ဝိစိတ္တသာရဝါဒဝိနိစ္ဆယ
# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဓမ္မာစရိယငါးဘွဲ့ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းသားသံဃာတော်များအားလည်းကောင်း၊ ဒကာ, ဒကာမများအားလည်းကောင်း မဟာယာနဂိုဏ်းဝင် အပြာရောင်ဝတ် ဓမ္မဝိဟာရီ အရှင်ဉာဏ၏ တရားများကို ဟောပြောပို့ချနေကြောင်း၊ ထို ဟောပြောချက် ပို့ချချက်များသည် ဗုဒ္ဓဘာသာ ဗုဒ္ဓတရားဟုအမည်ခံ ထားသော်လည်း အမှန်စင်စစ်မှာမူ ဗုဒ္ဓဟောကြားတော်မူသည့် တရား များကို ခုတုံးလုပ်၍ ဗုဒ္ဓတရားတော်များကို ဖျက်ဆီးပုတ်ခတ်သည့် ဟောကြားချက်များသာ ဖြစ်ကြောင်း၊ သို့ပါ၍ ထိုအရှင်ဝိစိတ္တသာရာ ဘိဝံသ ဟောပြောအပ်သော ဟောပြောချက်များကို ဓမ္မ, အဓမ္မစိစစ်၍ အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန်-

(၁) ဦးမဏ္ဍလာစာရ၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ မြဇေယျာ ရပ်ကွက်၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။

(၂) ဦးနာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ နတ်ကြီး ကုန်းရပ်ကွက်၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။

http://www.dhammadownload.com


(၃) ဦးဣန္ဒာစရိယာဘိဝံသ၊ သာသနာပါရဂူစာသင်တိုက်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

တို့က ၂၀၀၇-ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့ စောဒနာလွှာ တင်သွင်းခဲ့ကြပေသည်။

ထိုစောဒနာအရ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသထံသို့ သောနောလွှာတင်သွင်းရန် အကြောင်းကြားသဖြင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ၂၀၀၈-ခုနှစ်၊ မတ်လ(၂၈)ရက်နေ့ နေ့စွဲဖြင့် ဖြေရှင်းချက်သောနောလွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းခဲ့ပေသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အခန်း(၇)အပိုဒ်(၅၇)အပိုဒ်ခွဲ(င)နှင့် ဝိနိစ္ဆယလက်စွဲ အခန်း(၁၃)အပိုဒ်(၃၂)အပိုဒ်ခွဲ(ခ)တို့အရ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆/၂၀၀၈)ကို ဖွဲ့စည်း၍ ၁၃၇၀-ပြည့်နှစ်၊ သီတင်းကျွတ် လဆန်း(၁၂)ရက်(၁၁-၁၀-၂၀၀၈)ရက်နေ့တွင် မိမိတို့အား တာဝန်ပေးအပ်ခဲ့ပေသည်။

## ဝိနည်းဓိုရ်ဆရာတော်တို့၏ နှလုံးထား

ဤသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ထုံး လုပ်နည်းနှင့်အညီ ပေးအပ်လာသော တာဝန်ကိုအကောင်းဆုံး ဖြစ်အောင်ဆောင်ရွက်ကြရန်နှင့် တင်ပြလာသောစောဒနာများကို ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်များနှင့် ညီ/မညီ စေ့စေ့စပ်စပ် လေ့လာစိစစ်ကြရန် နှလုံးထားခဲ့ကြပေသည်။

## စိတ်နှလုံး မချမ်းမြေ့ဖွယ်ရာများ

ထိုသို့ နှလုံးထားပြီး စောဒက, စုဒိတကတို့၏ တင်ပြချက်များကို လေ့လာစိစစ်ကြရာ စုဒိတက၏ တင်ပြချက်ရေးသားချက်များသည် မြတ်ဗုဒ္ဓဟောကြားချက်များနှင့် ဖီလာဖြစ်နေခြင်း၊ စုဒိတက၏ အမြင်နှင့် မကိုက်ညီသော ဗုဒ္ဓ၏ ဟောပြောချက်များကို ဟိန္ဒူဗြာဟ္မဏတို့၏ ဝါဒဟုပုတ်ခတ်ခြင်း၊ အဋ္ဌကထာဆရာကြီးများကို မိမိလောက်ပင် မသိသူ၊

http://www.dhammadownload.com


မတတ်သူဟု နှိမ်ခြင်း(ပရဝမ္ဘန)၊ မိမိသည် အရိယာသစ္စာကိုသိပြီးသူဖြစ်၍ မိမိရေးသားချက်များကို အရိယသစ္စာကို သိမြင်သူများမှသာ နားလည်နိုင်မည်ဟု မိမိကိုယ်ကို အထင်ကြီးခြင်း၊ ချီးမြှောက်ခြင်း(အတိမာန, အတ္တုက္ကံသန)၊ နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် အပါယ်လေးဘုံရှိကြောင်း ဘုရားရှင်ကိုယ်တိုင် ဟောကြားထားသည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကသုံးပုံလာ ဒေသနာတော်များ အပြည့်အနှက်ရှိနေပါလျက် နတ်ပြည်, ဗြဟ္မာ့ပြည်, အပါယ်လေးဘုံကို ဘုရားမဟောဟု ဆိုခြင်း၊ အတိတ်ဘဝများစွာ, အနာဂတ်ဘဝများစွာရှိကြောင်း အနေကဇာတိသံသာရံ စသောအနေကဇာတင် ဥဒါန်း ဂါထာတော်ကြီး၌ပင် အလွယ်တကူ တွေ့မြင် နိုင်ပါလျက် အတိတ်ဘဝ, အနာဂတ်ဘဝရှိကြောင်း ဘုရားမဟောဟု ရေးသားခြင်း၊ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ လက်ကိုင်ထားပြီး မလွှတ်တမ်းပြောလေ့ရှိသော ဓမ္မစကြာပါဠိတော်၌ပင် ဒုက္ခသမုဒယအရိယသစ္စာအခန်း၌ "ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ-နောက်တစ်ဖန်ဘဝသစ်(အနာဂတ်ဘဝ)ကို ဖြစ်စေတတ်သော တဏှာသည် ဒုက္ခသမုဒယ အရိယသစ္စာမည်၏" ဟု ဟောထားပါလျက် နောက်ဘဝမရှိဟု ရေးသားဟောပြောခြင်း၊ ၎င်းတို့အလေးအမြတ် ထားပါသည်ဟု မကြာမကြာပြောလေ့ရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ပင် အတိတ်ဘဝ, အနာဂတ်ဘဝများ ရှိကြောင်းကို "ဥပါဒါနပစ္စယာ ဘဝေါ" ဟု ဘုရားရှင် ဟောထားပါလျက် မဟောဟု လိမ်ညာဟောပြော ရေးသားခြင်း၊ အတ္တရှိ/မရှိ၊ အတ္တသည်သတ္တဝါသေပြီးနောက် ဆက်ဖြစ်/မဖြစ်နှင့် စပ်လျဉ်း၍ ဗုဒ္ဓလက်ထက်က မေးကြ, ဖြေကြ ဟောပြောကြသော "သဿတော လောကော"စသည့် အဗျာကတ(၁၀)ဌာနကို ဘုရားအာဘော်ကျ မယူဆဘဲ ကိုယ်လိုရာဆွဲ၍ယူပြီး "သေပြီးနောက် ဘဝဖြစ်သေးသည်" ဟု ယူဆသူများကို မိစ္ဆာဝါဒ ရှိသူများဟု သမုတ်ခြင်း၊ အလွန်လွယ်ကူရိုးရှင်းလှသော သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ သဘောအဓိပ္ပာယ်ကိုပင် လုံးဝနားမလည်ဘဲ တလွဲတချော် ရေးသားဟောပြောထားခြင်း၊ လူကိုသတ်မှ ပါဏာတိပါတ အကုသိုလ် ထိုက်သည်။ တိရစ္ဆာန်ကိုသတ်က ပါဏာတိပါတ အကုသိုလ်မထိုက်-ဟု

http://www.dhammadownload.com


ရေးသား ဟောပြောခြင်း၊ တစ်ဦးတစ်ယောက်ပိုင်ပစ္စည်းကိုခိုးမှ အဒိန္နာဒါန် ထိုက်သည်။ (ခိုးမှုမြောက်သည်)။ နတ်ပိုင်ပစ္စည်း, သမဝါယမပိုင် ပစ္စည်း, ရပ်ကွက်ပိုင် မြို့ပိုင် နိုင်ငံတော်ပိုင် ပစ္စည်းများကို ခိုးလျှင် အဒိန္နာဒါန် မထိုက်၊ ထိုပစ္စည်းများကို ခိုးလျှင် အပြစ်မရှိဟုရေးသား ဟောပြောခြင်း စသည့် ဓမ္မနှင့် ဆန့်ကျင်သော ရေးသားချက်များကို တွေ့ကြရသဖြင့် "ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မ"ဟု ကပြောင်းကပြန် လုပ်နေသူပါတကားဟု များစွာ စိတ်မကောင်းခြင်း ဖြစ်ကြရပေသည်။

## ဓမ္မကို ကာကွယ်ကြ

ဓမ္မဟူသော သူတော်ကောင်း တရားသည် လောကသားတို့၏ ကောင်းကျိုးကို ဖြစ်စေသည်။ ဓမ္မ-ဟူသော သူတော်ကောင်း တရားရှိမှ လောကကြီး သာယာငြိမ်းချမ်းမည်။ ဓမ္မ-ဟူသော သူတော်ကောင်းတရား နှင့်ကင်း၍ သာယာငြိမ်းချမ်းမှု မရှိနိုင်ပေ။

ထို့ကြောင့် ဓမ္မသည် လောက၏ အလင်းဖြစ်သည်။ လောက၏ နှလုံးသား ဖြစ်သည်။ လောက၏ မျက်စိဖြစ်သည်။ ဓမ္မဟူသော အလင်း ရှိမှ ဓမ္မ-အဓမ္မကို ခွဲခြားနိုင်မည်။ ဓမ္မဟူသော မျက်စိရှိမှ အဓမ္မကိုရှောင်၊ ဓမ္မကိုဆောင်နိုင်မည်။ ဓမ္မဟူသော နှလုံးသားရှိမှ လူ့လောကကြီး ခွန်အား ရှိမည် ဖြစ်သည်။

ထိုဓမ္မကို ဖြန့်ဝေနိုင်ရန်အတွက် ဗုဒ္ဓသည် ဘဝပေါင်းများစွာ အရင်း အနှီး အမျိုးမျိုး စိုက်ထုတ်လျက် ရှာဖွေခဲ့ရ၏။ တွေ့ရှိလာသော ဓမ္မကို နေ့မနား ညမနား ဖြန့်ဝေခဲ့၏။ လောကသားတို့၏ အကျိုးကို ဆောင်တော် မူခဲ့၏။

ထို့ကြောင့် ဘုရားရှင် ဟောကြားထားသော ဓမ္မများ မပျောက် မကွယ်ရအောင် အရောအနှော မခံရအောင် ဓမ္မကို ခုတုံးလုပ်ပြီး အဓမ္မ တွေကို ဖြန့်ဝေခြင်းမပြုနိုင်အောင် ဓမ္မကို ကာကွယ်ကြရပေမည်။

http://www.dhammadownload.com


ဓမ္မကို ကာကွယ်ခြင်းသည် ဗုဒ္ဓသာသနာကို ကာကွယ်ခြင်း ဖြစ်၏။ မှန်၏။ ဓမ္မကို ပယ်ဖျောက်လိုက်ပါလျှင် ဗုဒ္ဓသာသနာ ဆိုသည်မှာ ရှိမည် မဟုတ်တော့ပေ။

## အဓမ္မကို တားဆီးကြ

အဓမ္မဟူသော မှားယွင်းသော အယူအဆ အတွေးအခေါ်သည် လူ့လောကကို ဖျက်ဆီးပစ်မည့် ကမ္ဘာဖျက်မီးကြီး ဖြစ်၏။ လူသားများကို ဒုက္ခပေးမည့် အဆိပ်တုံး အဆိပ်ခဲကြီး ဖြစ်၏။ လူ့လောကကို အမှောင်ကျစေမည့် ရာဟုအမဲရိပ်ကြီး ဖြစ်၏။

ထိုအဓမ္မကို လောကကို ဖျက်ဆီးမည့် သူများက အသုံးပြုကြ၏။ အဓမ္မသည် လူမိုက်တို့၏ လက်ကသုံးတောင်ဝှေး ဖြစ်၏။ အဓမ္မသည် လူ့လောက ကျက်သရေကို ဖျက်ဆီးသည့်အပြင် လောက၏ အရည်အသွေးကိုလည်း နိမ့်ကျစေသည်။

ဓမ္မသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ် ဟူသော ကာလသုံးပါးကို လွှမ်းခြုံ သုံးသပ်သည်။ အရှည်ကို မြင်တတ်သော ဉာဏ်စွမ်းရည်ကို အားပေးသည်။ အတိတ်, ပစ္စုပ္ပန်, အနာဂတ်တို့ကို မှန်ကန်စွာ သုံးသပ်တတ်သဖြင့် အတိတ်လည်း ကောင်း၊ ပစ္စုပ္ပန်လည်း ကောင်း၊ အနာဂတ်ကိုလည်း ကောင်းစေသည်။

အဓမ္မသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကို လွှမ်းခြုံ၍ မသုံးသပ်တတ်။ ပစ္စုပ္ပန် သက်သက်ကိုသာ ကြည့်သည်။ အရှည်ကို မမျှော်တတ်၊ မတွေးတတ်၊ အမြင်တိုတောင်းသည်၊ အတ္တဆန်သည်၊ တစ်ကိုယ်ကောင်းဆန်သည်။

ထို့ကြောင့် အဓမ္မဝါဒများ ထွန်းကားသောအခါ လူ့လောကကြီး ကပြောင်းကပြန် ဖြစ်ရသည်။ တစ်နပ်စားဉာဏ်၏ ဆိုးဝါးသောဒဏ်ကို လောကသားတို့ ခါးခါးသီးသီး ခံစားကြရသည်။

http://www.dhammadownload.com



ထို့ကြောင့် အဓမ္မဝါဒကို တားဆီးကြရမည်။ ဤသို့ အဓမ္မကို တားဆီးခြင်းသည်လည်း ဗုဒ္ဓသာသနာကို ကာကွယ်ခြင်း ဖြစ်သလို လောကသားတို့ကို စောင့်ရှောက်ခြင်းလည်း ဖြစ်သည်။

## သုဘဒ္ဒ ရဟန်းကြီးနှင့် သင်္ဂါယနာ

ဤနေရာတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး (၇) ရက်အရ သာသနာ့ ခေါင်းဆောင်ကြီး အရှင်မဟာကဿပ မထေရ်မြတ်၏ ဓမ္မသံဝေဂ (သင်္ဂါယနာ)ကို နှလုံးသွင်းသင့်ပေသည်။

ဘုရား ပရိနိဗ္ဗာန်စံ၍ (၇) ရက်အရတွင် သုဘဒ္ဒရဟန်းအိုကြီး၏ "ငါ့အရှင်တို့ ဘုရားပရိနိဗ္ဗာန်စံသွားသည့်အတွက် ဝမ်းနည်းပက်လက် ဖြစ်မနေကြပါနဲ့။ ငါတို့ ယခုလွတ်လပ်ရေး ရကြပြီ၊ ရဟန်းဂေါတမသည် ငါတို့ကို သိက္ခာပုဒ် (စည်းမျဉ်း စည်းကမ်း)အမျိုးမျိုးလုပ်၍ ချုပ်ချယ် နှိပ်ကွပ် ခဲ့သည်။ ယခု ငါတို့ လုပ်ချင်ရာ လုပ်နိုင်တော့မည်၊ မလုပ်ချင်တာတွေကိုလဲ မလုပ်ဘဲ နေနိုင်တော့မည်" ဟူသော စကားကို အရှင်မဟာကဿပ ကြားတော်မူရာ များစွာ သံဝေဂ ရတော်မူပါသည်။

မှန်၏။ မြတ်ဗုဒ္ဓက သံဃာတော်များ အရည်အသွေး မြင့်မြတ်ရေး အတွက်လည်းကောင်း၊ သာသနာကို ချီးမြှောက် ထောက်ပံ့ကြသည့် ဒကာ ဒကာမများ ကုသိုလ်တရား တိုးပွားရေး၊ အသိအမြင် မှန်ကန်ရေး အတွက် လည်းကောင်း ဆောင်ဖွယ်, ရှောင်ဖွယ်, ကျင့်ဖွယ်, သိဖွယ် တရားများကို ပညတ်တော်မူခဲ့၏။

မြတ်ဗုဒ္ဓသည် ထိုတရား (ဓမ္မ)များကို အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလ ဘဝတို့ကို ခြုံငုံသုံးသပ်၍ ပညတ်ဟောကြားထားခြင်း ဖြစ်၏။ ပစ္စုပ္ပန်ဘဝ တစ်ခုတည်းအတွက်သာ ပညတ် ဟောကြားထားခြင်းမဟုတ်ပေ။

သုဘဒ္ဒရဟန်းကြီးကား အတိတ်, အနာဂတ်ကို ထည့်မတွက်၊ ပစ္စုပ္ပန် မျက်မှောက်ဘဝတွင် နေချင်သလို နေမည်၊ စားချင်သလို စားမည်၊

http://www.dhammadownload.com


လုပ်ချင်သလို လုပ်မည်၊ သေလျှင် ပြီးတာပဲဟူသော ပစ္စုပ္ပန် ကမ္မဝါဒီ တစ်ယောက်သာ ဖြစ်သည်။

ဤပစ္စုပ္ပန် ကမ္မဝါဒီ သုဘဒ္ဒရဟန်းကြီး၏ ပြောစကားကို အကြောင်း ပြု၍ သာသနာ့ခေါင်းဆောင်ကြီး ဖြစ်သော အရှင်မဟာကဿပက -

"ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ၊ ပုရေ အဓမ္မော ဒိပ္ပတိ, ဓမ္မော ပဋိဗာဟိယျတိ၊ ပုရေ အဝိနယော ဒိပ္ပတိ ဝိနယော ပဋိဗာဟိယျတိ၊ ပုရေ အဓမ္မဝါဒိနော ဗလဝန္တော ဟောန္တိ, ဓမ္မဝါဒိနော ဒုဗ္ဗလာ ဟောန္တိ၊ ပုရေ အဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ, ဝိနယဝါဒိနော ဒုဗ္ဗလာ ဟောန္တိ။" (ဝိ-၄၊ ၄၈၁)

"ငါရှင်တို့ မသူတော်တရားနှင့် ဝိနည်းမဟုတ်သော တရား မထွန်းကားမီ, သူတော်ကောင်းတရားနှင့် ဝိနည်းတရားတို့ အတား အမြစ် အတိုက်အခိုက် မခံရမီ, အဓမ္မဝါဒီ အဝိနယဝါဒီ အဖျက် သမားတို့ အားမကောင်းမီ, ဓမ္မဝါဒီ ဝိနယဝါဒီ သာသနာ့ ဘက်တော်သားတို့ အတားအမြစ် အပိတ်အပင် မခံရမီ (မြတ်ဗုဒ္ဓ ဟောကြားခဲ့သော) ဓမ္မနှင့် ဝိနယကို စုပေါင်းရွတ်ဆိုပြီး အတည်ပြု ထားကြပါစို့"

ဟူ၍ တာဝန်သိသိ, သစ္စာရှိရှိ သံဃာတော်များ အား နှိုးဆော်တိုက်တွန်း စည်းရုံးတော်မူကာ သာသနာ၏အန္တရာယ်ကို ကာကွယ်တော်မူခဲ့ကြ ပေသည်။

ဤသို့သော ထုံးကို နှလုံးထားပြီးလျှင် ဝိနည်းမိုရ် ဆရာတော် များသည် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်, သောနော လွှာနှင့် တင်ပြချက်များကို ဓမ္မဝိနယတို့နှင့် တိုက်ဆိုင်၍ စိစစ် သုံးသပ် ဆုံးဖြတ်ကြမည် ဖြစ်ပေသည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက အဋ္ဌကထာများကို အယုံ အကြည် မရှိကြောင်း ရေးသားထားခြင်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာများကို အလေးပြုအပ်ကြောင်း အနည်းငယ် တင်ပြလိုပေသည်။

http://www.dhammadownload.com


## အဋ္ဌကထာကို အလေးအမြတ်ပြုအပ်

ပါဠိတော်ကို သဒ္ဒါအစဉ် အနက်အစဉ် နိဒါန်း, ဝတ္ထုတို့နှင့်တကွ ဖွင့်ဆိုအပ်သော စကားကို အဋ္ဌကထာဟု ခေါ်သည်။

ထိုအဋ္ဌကထာသည် ဘုရားရှင် လက်ထက်ကပင် ရှိခဲ့ကြောင်း "ပဌမသင်္ဂီတိယံ ယာ အဋ္ဌကထာ သင်္ဂီတာတိဝစနေန သာ ဘဂဝတော ဓရမာနကာလေပိ အဋ္ဌကထာ သံဝိဇ္ဇတိ။ တေန ပါဠော ဝိယ ဘဂဝံမူလိကာတိ ဝိညာယတိ။ (အနုဋီ-၁၊ ၁၁) ဟူသော ဖွင့်ဆိုချက်အရ သိနိုင်ပေသည်။ ထို့ပြင် ပါဠိတော်ကဲ့သို့ အဋ္ဌကထာသည် ဘုရားရှင်လျှင် အရင်းမူလရှိသည်ဟုလည်း သိရပေသည်။

အရှင်မဟိန္ဒ အိန္ဒိယမှ သီဟိုဠ် (သီရိလင်္ကာ)သို့ ကြွသွားစဉ်ကလည်း သံဂါယနာ သုံးတန်တင် အဋ္ဌကထာများ၊ ပါဠိတော်တို့နှင့်အတူ ပါသွားကြောင်းကိုလည်း သာသနာဝင် ကျမ်းများ၌ တွေ့ရသည်။

သီဟဠဒီပံ ပန အာဘတာထ ဝသိနာ မဟာမဟိန္ဒေန၊
ဌပိတာ သီဟဠဘာသာယ ဒီပဝါသီန မတ္ထာယ။
(ဒီ၊ ဋ္ဌ၊ ၁၊ ၁။ မ၊ ဋ္ဌ-၁၊ ၁။ သံ၊ ဋ္ဌ-၁၊ ၁။ အံ၊ ဋ္ဌ-၁၊ ၁)

ထို့ကြောင့် အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်သို့ မရောက်မီမှာပင် သင်္ဂါယနာ သုံးတန်တင် အဋ္ဌကထာများ သီဟိုဠ်နိုင်ငံသို့ ရောက်နေပြီဖြစ်ကြောင်း သိနိုင်ပေသည်။

ပါစိတ်ပါဠိတော် ပဒသောဓမ္မသိက္ခာပုဒ်၏ ပဒဘာဇနီ၌ ဓမ္မအရ-

ဓမ္မော နာမ ဗုဒ္ဓဘာသိတော သာဝကဘာသိတော ဣသိဘာသိတော ဒေဝတာဘာသိတော အတ္ထူပသဥ္ဟိတော ဓမ္မူပသဥ္ဟိတော-ဟု ဘုရားရှင် ဟောတော်မူ၏။ ထိုတွင် အတ္ထူပသဥ္ဟိတောကို အဋ္ဌကထာက အတ္ထူပသဥ္ဟိတောတိ အဋ္ဌကထာ နိဿိတောဟု ဖွင့်၏။ (ဝိ၊ ဋ္ဌ-၃၊) ယင်း အဋ္ဌကထာနိဿိတော-ကို ဋီကာဆရာများက ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုကြ၏-

http://www.dhammadownload.com


အဋ္ဌကထာ နိဿိတောတိ ပုဗ္ဗေ မာဂဓဘာသာယ ဝုတ္တံ ဓမ္မ-
သင်္ဂဟာရုဠှံ အဋ္ဌကထံ သန္ဓာယ ဝဒတိ။(သာရတ္ထ-၁၊ ၆)

အဋ္ဌကထာနိဿိတောတိ သင်္ဂီတိတ္တယာရုဠှံ ပေါရာဏဋ္ဌကထံ
သန္ဓာယ ဝဒတိ။ (ဝိမတိ-၂၊ ၄)

ဘုရားရှင်သည် ထိုထိုပါဠိတော်ကို ဟောပြီးနောက် အချို့သုတ္တန်
တို့တွင် မပေါ်လွင် မထင်ရှားသော ပုဒ်တို့၏ အနက်အဓိပ္ပာယ်တို့ကို
ရှင်းလင်း ဟောပြလေ့ရှိသည်။ ယင်းကို "ပကိဏ္ဏကကထာ"ဟု ခေါ်သည်။
"အဋ္ဌကထာ"ဟုလည်း ခေါ်သည်။

သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏမ္ပိ ပိဋကာနံ အတ္ထသံဝဏ္ဏနာက္ကမော
ဘာသိတော၊ ယာ "ပကိဏ္ဏကကထာ"တိ ဝုစ္စတိ။ (ဒီ၊ ဋီ-၁၊ ၁၅)

သာသနာနှစ် (၉၀၀)ကျော်တွင် အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်
သို့ ရောက်သောအခါ မူလရှိနှင့်ပြီးဖြစ်သော အဋ္ဌကထာ ကျမ်းဟောင်း
များမှ သီဟိုဠ် အက္ခရာတို့ကို ဖယ်ရှားပြီးလျှင် ပါဠိဘာသာဖြင့် အဋ္ဌကထာ
သစ်များကို ရေးသားပြုစုပေသည်။ အသစ်ထွင်၍ ရေးသားခြင်းမျိုး
မဟုတ်ပေ။

ဤသို့ သံဂါယနာသုံးတန်တင် အဋ္ဌကထာများ ဖြစ်သောကြောင့်
အဋ္ဌကထာကျမ်းများကို အလေးအမြတ် ပြုအပ်ပေသည်။ မှန်၏။
သံဂါယနာသုံးတန်တင်ရာဝယ် ပဋိသမ္ဘိဒါပတ္တ ဆဠဘိည ရဟန္တာ အရှင်
မြတ်များ ပါဝင်ခဲ့၏။ ပထမ သံဂါယနာတင်သည့် သံဃာတော်အပါး
(၅၀၀)၊ ဒုတိယ သံဂါယနာတင်သည့် သံဃာတော်အပါး(၇၀၀)၊
တတိယသံဂါယနာတင်သည့် သံဃာတော် (၁၀၀၀)တို့သည် ပဋိသမ္ဘိဒါ
ပတ္တ (စာတတ်ပေတတ် ရဟန္တာများ) ဆဠဘိည (တန်ခိုး အဘိညာဉ်ရ)
ရဟန္တာများဖြစ်ကြပေရာ ပါဠိတော်ကဲ့သို့ပင် ခိုင်မာသော၊ မှန်ကန်သော
အဋ္ဌကထာများဖြစ်ပေသည်။

ဤသို့ မှန်ကန်သော အဋ္ဌကထာများကို ပဋိသမ္ဘိဒါပတ္တ ဆဠဘိည
ရဟန္တာများဖြစ်သော မဟာဝိဟာရဝါသီ မထေရ်များက အစဉ်အဆက်
ဆောင်တော်မူခဲ့ကြသည်။ ထိုမဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏

http://www.dhammadownload.com


ကျက်သရေဆောင်ဖြစ်သော အလွန်မွန်မြတ်စင်ကြယ်သော သဒ္ဓါ၊ ပညာ၊ ဝီရိယရှိ၍ ဖြောင့်မတ်ခြင်း၊ သိမ်မွေ့ခြင်း၊ စင်ကြယ်သော သီလရှိခြင်း၊ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံတို့၌ ထွင်းဖောက်သိမြင်သော ဉာဏ် အမြင်နှင့် ပြည့်စုံခြင်း ဟူသောဂုဏ်တို့ဖြင့် ချီးမွမ်းအပ်သော မိမိ၏ အယူ ဟူသော ဗုဒ္ဓဝါဒနှင့် တစ်ပါးသောအယူ ဟူသော သမယန္တရ (ဘာသာ ဝါဒ အမျိုးမျိုး)၌ သက်ဝင်နိုင်သော ဉာဏ်လည်းရှိသော အရှင်မဟာဗုဒ္ဓ ဃောသက စီရင်ထားခြင်းဖြစ်ရာ လွန်စွာ အလေးအမြတ် ပြုအပ်ပေသည်။

(ဝိ၊ ၄-၄၊ ၂၆၄၊ ၂၆၅ နှင့်တကွ အဋ္ဌကထာ နိဂုံးများကို ရှုပါ)

ဤသို့လျှင် ပဋိသမ္ဘိဒါပတ္တ ဆဋ္ဌဘိညာ ရဟန္တာ အစဉ်အဆက် ပါဠိတော်နှင့်အတူ ထိန်းသိမ်းဆောင်ယူခဲ့သော အဋ္ဌကထာတို့ကို အလေး အမြတ် မပြုဘဲ ပစ်ပယ် ရှုတ်ချခြင်းသည် ဗုဒ္ဓကို ပစ်ပယ်ခြင်း၊ ရှုတ်ချခြင်းပင် ဖြစ်ရာ သာသနာတော်အတွက် လွန်စွာ အန္တရာယ်ကြီးမားသကဲ့သို့ ပစ်ပယ်သူ၊ ရှုတ်ချသူ ဦးဝိစိတ္တသာရာဘိဝံသနှင့် ဆရာတပည့်အားလုံး တို့အတွက်လည်း အလွန်ကြီးမားသော အကုသိုလ်ကြီး ဖြစ်ပေသည်။

## ကြီးမားသော သာသနာ့အန္တရာယ်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် မိမိ၏ မှားယွင်းသော အယူအဆကို ဗုဒ္ဓ၏အယူအဆဖြစ်လေဟန် ပုံမှားရိုက်ပြီး မြတ်ဗုဒ္ဓကို လည်းကောင်း၊ မြတ်ဗုဒ္ဓ၏မွေကိုလည်းကောင်း ဖျက်ဆီးထားပေသည်။

ရှင်းဦးအံ့-

မြတ်ဗုဒ္ဓက သက်ရှိသတ္တဝါအားလုံးကို မသတ်ရဟု ဟောထား ပါလျက် "လူကိုသာ မသတ်ကောင်းတာ၊ တိရစ္ဆာန်တွေကိုတော့ သတ် ကောင်းတယ်၊ သတ်လျှင် ဘာအပြစ်မှမရှိ" ဟု ဟောခြင်း၊ မြတ်ဗုဒ္ဓက ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းကို ခိုးလိုစိတ်ဖြင့် မည်သူ၏ ပစ္စည်းကိုမှ မခိုးရ-ဟု ဟော ထားပါလျက် "ပုဂ္ဂလိကပိုင် ပစ္စည်းကိုခိုးမှ အဒိန္နာဒါန် ထိုက်သည်။ အပြစ် ဖြစ်သည်။ သမဝါယမပိုင်ပစ္စည်း၊ ရပ်ကွက်ကောင်စီပိုင်၊

http://www.dhammadownload.com



ပစ္စည်း၊ မြို့နယ် ကောင်စီပိုင်ပစ္စည်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ အစိုးရပိုင်ပစ္စည်းများကို ခိုးလျှင် အပြစ်မရှိ"ဟု ဟောထားခြင်း (ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တိုင်လည်း ထိုအတိုင်းပြုကျင့်၍ သိန်းပေါင်းများစွာ ချမ်းသာနေသည်ဟု နာမည်ဆိုး ထွက်နေသည်)။ အတိတ်ဘဝများစွာ အနာဂတ်ဘဝများစွာရှိသည်။ အတိတ်ကံအမျိုးမျိုး၊ နောင်ဘဝတွင် အကျိုးပေးမည့် ပစ္စုပ္ပန်ကံ အမျိုးမျိုး ရှိသည်။ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ တိရစ္ဆာန် ဘုံ ရှိသည်ဟု မြတ်ဗုဒ္ဓကဟောထားပါလျက် မဟောဟု ပြောင်လိမ်ခြင်း၊ အရိယသစ္စာ အမှန်တရားတို့နှင့် ဝင့်သုံးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို တလွဲတချော် ယူထားခြင်း စသည်ဖြင့် မြတ်ဗုဒ္ဓ၏ ဂုဏ်ရည်တို့ကို ဖျက်ဆီးထားပေသည်။

မြတ်ဗုဒ္ဓက သတ်ဖြတ်ညှဉ်းဆဲရေးဝါဒ၊ သူခိုးဝါဒ၊ ကာမသောင်းကျန်းမှုဝါဒ၊ မူးယစ်ရမ်းကားရေးဝါဒ၊ အလိမ်အညာဝါဒတို့ကို အားပေးသယောင်ယောင် ရေးသားဟောပြောထားရာ ဦးဝိစိတ္တသာရာဘိဝံသ၏ ဆောင်ရွက်ချက်များသည် ဗုဒ္ဓသာသနာ ဖျက်ဆီးရေးမှတစ်ပါး အခြားမရှိကြောင်း သိနိုင်ပေသည်။

## ဓမ္မဥပဒေဖြင့် စိစစ်ကြမည်

မြတ်ဗုဒ္ဓဟောကြားခဲ့သော တရားများသည် တရားစစ် တရားမှန် ဟုတ်-မဟုတ် စိစစ်သည့် "စံ"များပင်ဖြစ်သည်။ ရွှေစစ်-မစစ်ကို ရွှေစစ်ဆေးသည့် စက်ထဲထည့်၍ စမ်းသတ်စစ်ဆေးကြရသကဲ့သို့လည်းကောင်း၊ ကျောက်မျက်ရတနာ စစ်-မစစ်ကို ကျောက်မျက်ရတနာ စစ်ဆေးသည့် စက်ထဲသို့ထည့်သွင်း၍ စစ်ဆေးရသကဲ့သို့လည်းကောင်း ဦးဝိစိတ္တသာရာဘိဝံသ ဟောပြောချက်၊ ရေးသားချက်၊ ဖြေရှင်းချက်များသည် ဓမ္မဝိနယနှင့် ညီ-မညီ၊ ဓမ္မအစစ်အမှန် ဟုတ်-မဟုတ်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဟူသော တရားစစ်ဆေးသည့် စံခွက်ထဲသို့ ထည့်သွင်းစိစစ်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com


ဤသို့ဆောင်ရွက်ခြင်းသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို အကောင်းဆုံး ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်ဟု ဝိနည်းမိုရ်ဆရာတော်များက အလေးအနက် ယုံကြည်ကြပါသတည်း။

---------

http://www.dhammadownload.com

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၆/၂၀၀၈)
## ၏
# မြစ်ကြီးနား ဝိစိတ္တသာရဝါဒဝိနိစ္ဆယ

## ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ

၁။ မိစ္ဆာဒိဋ္ဌိ ဝိသုဋ္ဌိတံ၊ သမ္မာဒိဋ္ဌိရသာယနံ။
သုမဂ္ဂဒေသကံ ဗုဒ္ဓံ၊ ဝန္ဒာမ ဉာဏစက္ခုဒံ။

မိစ္ဆာဒိဋ္ဌိဝိသုဋ္ဌိတံ၊ အပြင်းထန်ဆုံး အဆိပ်တုံးဟု ခေါ်ထုံးပြုရိုး မိစ္ဆာ ဒိဋ္ဌိတရားဆိုးတို့ ပယ်ချိုးနှိမ်သတ် အမြစ်ပြတ်အောင် သုတ်သင်တော် မူပေထသော။ သမ္မာဒိဋ္ဌိရသာယနံ၊ သမ္မာဒိဋ္ဌိ မည်ရှိသတ်မှတ် ရသာယန ဆေးတော်မြတ်ကို လူနတ်ပြဟ္မာ သတ္တဝါတို့အား ကောင်းစွာပေးအပ် တိုက်ကျွေးတော်မူပေထသော။ သုမဂ္ဂဒေသကံ၊ နတ်ရွာနိဗ္ဗာန် လမ်း ကြောင်းမှန်ကို ဝေဖန်ညွှန်ပြ လောကရှေ့ဆောင် ကြီးမားသော အလင်း ရောင်ကြီးလည်း ဖြစ်တော်မူပေထသော။ ဉာဏစက္ခုဒံ၊ အဝိဇ္ဇာထောင် မောဟမှောင်ကို အပြောင်ရှင်းသတ် အလင်းဓာတ် အသိဉာဏ်ကို အမှန်မသွေ ပေးဝေတော်မူပေတတ်ထသော။ ဗုဒ္ဓံ၊ လေးသင်္ချေကိန်း ကပ်တစ်သိန်းတိုင် ထိန်းသိမ်းစုဆောင်း ပါရမီတော်အပေါင်းကြောင့် သောင်းလောကဓာတ် ပဲ့တင်ထပ်မျှ အမြတ်ဂုဏ်ကျော်တည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ မယံ၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဖြစ်ကြ ကုန်သော တပည့်တော်တို့သည်။ ဝန္ဒာမ၊ ဂုဏ်တော်အနန္တ အဝဝကို မှန်းဆကြည်ညို ရှိသေမြွက်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏။

http://www.dhammadownload.com


၂။ ဓမ္မဥ္စ တဿ သံဃဉ္စ၊ မိစ္ဆာဒိဋ္ဌိဝိနာသကံ ။
မတိံ ဗုဒ္ဓဿ ဉတွာန၊ ယေ ဝဏ္ဏေန္တိ တိပေဋကံ။
ပါဒေ တေသမ္ပိ ဝန္ဒာမ၊ သာသနုဇ္ဇောတကာရိနံ။

တဿ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်ဘဝ သုံးလောကနှင့် ဖြစ်သမျှရုပ်နာမ် တရားမှန်တို့ကို ကေန်တိတိ သိတော်မူတတ် ထိုဘုရားရှင် ကိုယ်တော်မြတ်၏။ မိစ္ဆာဒိဋ္ဌိဝိနာသကံ၊ မိစ္ဆာဒိဋ္ဌိ မည်ရှိခေါ် ရိုး တရားဆိုးကို ပယ်ချိုးနှိမ်သတ် ဖျက်ဆီးတတ်ပေသော။ ဓမ္မဥ္စ၊ မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ မိစ္ဆာဒိဋ္ဌိဝိနာသကံ၊ ဗုဒ္ဓဟောပြ ပိဋကကို ပို့ချသင်ယူ ဆောင်တော်မူလျက် ရှင်လူအများ လမ်းမမှားဖို့ ဟောကြားပြသ သာသနာ့အန္တရာယ် ကာကွယ်စောင့်ရှောက်တော်မူခဲ့ကြပေသော။ သံဃဉ္စ၊ ရှစ်ပါးအရိယာ မြတ်သံဃာနှင့် သာသနာပြု သမ္မုတိသံဃာ ထေရ်များစွာကိုလည်းကောင်း။ ယေ၊ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ၊ အရှင်ဥပသေန၊ အရှင်မဟာနာမ၊ အရှင်သာရိပုတ္တ စသည်ခေါ် မှတ် အကြင်မထေရ်မြတ်တို့သည်။ ဗုဒ္ဓဿ၊ သုံးလူထွတ်ထား ရှင်တော်ဘုရား၏။ မတိံ၊ အလိုတော်ကို။ ဉတွာန၊ သိကြကုန်၍။ တိပေဋကံ၊ ရှင်တော်ဘုရား ဟောကြားမြွက်ဖော် ပိဋကပါဠိတော်ကို။ ဝဏ္ဏေန္တိ၊ ပဋိသမ္ဘိဒါပတ္တ ဉာဏဝသီ ဂုဏ်ရည်ထင်ရှား ထေရ်မြတ်များ၏ သင်ကြားပို့ချ မဂ္ဂဝါစနာ နည်းမှီကာလျှင် ကောင်းစွာမသွေ ဖွင့်ဆိုတော်မူခဲ့ကြပါပေကုန်၏။ သာသနုဇ္ဇောတကာရိနံ၊ သာသနာ့အလင်းရောင် ထွန်းလင်းပြောင်ဖို့ ရည်ဆောင်ကြိုးစား ကျမ်းစာများကို ရေးသားဖွင့်ဆိုတော်မူခဲ့ကြပေကုန်သော။ တေသံ၊ အဋ္ဌကထာနှင့် ဋီကာစသား အဖွင့်ကျမ်းများကို ရေးသားစီရင် ထိုမထေရ်အရှင်တို့၏။ ပါဒေပိ၊ ခြေတော်အစုံ ကြာပဒုံတို့ကိုလည်း။ ဝန္ဒာမ၊ ဂုဏ်အလီလီ နှလုံးရည်ကို ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏။ (ဝန္ဒိတွာ၊ ရှိခိုးကြကုန်ပြီး၍။) (ကဿာမ-သို့စပ်)

http://www.dhammadownload.com



၃။ ဝိစိတ္တသာရာဘိဝံသော၊ ပရိသုပဋ္ဌာကနာယကော။
ဗုဒ္ဓဓမ္မေ ဝိနာသေသိ၊ ဥဒ္ဓံ မူလံ အဓောသိရံ။

ပရိသုပဋ္ဌာကနာယကော၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်း ထိုင်ဘုန်းကြီး သင်တန်းကျောင်း၏ ကျောင်းအုပ် ဆရာတော် ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော၊ ငါးဘွဲ့ရ ဓမ္မာစရိယ အရှင်ဝိစိတ္တ-သာရာဘိဝံသသည်၊ ဗုဒ္ဓဓမ္မေ၊ ရှင်တော်ဘုရား ဟောကြားမိန့်မှတ် ပိဋကတ်ဒေသနာ တရားရတနာတို့ကို။ ဥဒ္ဓံမူလံ အဓောသိရံ၊ ကပြောင်း ကပြန် မှောက်လှန်ဇောက်ထိုး အရုပ်ဆိုးအောင်။ ဝိနာသေသိ၊ မိစ္ဆာဝါဒ မှောင်ကြီးကျလျက် ဝါဒသစ်ထွင် ဆန့်ကျင်ဖျက်ဆီး၍နေပေပြီ။

၄။ သော ဟိ ပါဠိံ ဝိနာသေသိ၊ ဋ္ဌကထာဋီကာ စ ဆဍ္ဍယိ။
အဘာသိတံ ဘာသိတန္တိ၊ ဘာသိတမ္ပိ အဘာသိတံ။
မိစ္ဆာဝါဒံ ပကာသေသိ၊ မိစ္ဆာဗာလူပသေဝနော။

ဟိ၊ မှန်၏။ သော၊ ထိုဝိစိတ္တသာရာဘိဝံသသည်။ ပါဠိံ၊ သဗ္ဗညုတာ ဉာဏ်မဟာဖြင့် ကောင်းစွာဟောအပ် ပါဠိတော်မြတ်ကို လည်း။ ဝိနာသေသိ၊ ပစ္စုပ္ပန္န ကမ္မဝါဒအမြင် အသစ်ထွင်လျက် ဆန့်ကျင် ပယ်ဖျက်ခဲ့လေပြီ။ ဝါ၊ ဆန့်ကျင် ပယ်ဖျက်၍ နေပေပြီ။ အဋ္ဌကထာဋီကာ စ၊ သံဂါယနာ ခြောက်တန်ဝင် သန့်စင်မွန်မြတ် ပိဋကတ်အဖွင့်ကျမ်းစာ အဋ္ဌကထာ ဋီကာတို့ကိုလည်း။ ဆဍ္ဍယိ၊ ငါ့လောက်မသိ ငါ့လောက် မတတ်၊ ငါသာတတ်ဟု ဂါဟတ်ဖမ်းစား မာနတရားဖြင့် ပယ်ရှားစွန့်ပစ်ခဲ့ လေပြီ။ (ဝါ) ပယ်ရှားစွန့်ပစ်၍ နေပေပြီ။

သော၊ ထိုဝိစိတ္တသာရာဘိဝံသသည်။ မိစ္ဆာဗာလူပသေဝနော၊ စတုတ္ထပါရာဇိက ဝိနိစ္ဆယဖြင့် လျှောကျပျက်စီး မိစ္ဆာဝါဒီလူမိုက်ကြီးကို ထံနီးချဉ်းကပ် မပြတ်ခစား လူပေါင်းမှားသည်ဖြစ်၍။ ယသ္မာ၊ အကြင်ကြောင့်။ အဘာသိတံ၊ ဗုဒ္ဓအရှင်မြတ် မဟောအပ်သည့်တရားကို။ ဘာသိတန္တိ၊ ဟောအပ်၏ဟုလည်းကောင်း။ ဘာသိတံ၊ ရှင်တော်ဗုဒ္ဓ ဟောဖော်ပြသည့် အတိတ်ဘဝ အနာဂတ်ဘဝ စသည်များပြား

http://www.dhammadownload.com


မြွတ်တရားကိုမူ။ အဘာသိတံ၊ ရှင်တော်ဘုရား မဟောကြားဟူ၍လည်းကောင်း။ (ဝတွာ၊ မသိနားမလည်သူ ရှင်နှင့်လူကို ဆွယ်မြူဟောကြား အမြင်မှားစေပြီး၍၊) မိစ္ဆာဒိဋ္ဌိ၊ အတိတ် ဘဝမရှိ အနာဂတ် ဘဝမရှိ နတ်ပြည် ငြဟ္မာပြည်မရှိ အပါယ်လေးဘုံမရှိ စသည်ဆိုးဝါး မိစ္ဆာဒိဋ္ဌိတရားကို။ ပကာသေသိ၊ တစ်မိုက်တစ်ထွာ ဉာဏ်ပိန်တာဖြင့် မဟာလူသား မြတ်ဘုရားကို ထောင်လွှားမာန ပဋ္ဌာသဖြင့် ဟောပြဖြန့်ဝေ ဖျက်ဆီးခဲ့ပါပေပြီ။

၅။ တဿ ဝါဒံ ဝိပလ္လာသံ၊ နာနာ ဒေါသေဟိ ပူရိတံ။
တုလေတွာ ဗုဒ္ဓဓမ္မေဟိ၊ ဝိညူနံ စိတ္တတောသယံ။
ကဿာမ နိစ္ဆယံ သာရံ၊ မိစ္ဆာဝါဒါဘိမဒ္ဒနံ။

တဿာ၊ ထိုသို့ဗုဒ္ဓဟောကြား၊ မြတ်တရားကို ထိပါးနှောင့်ယှက် ဖျက်ဆီးနေသည့်အတွက်ကြောင့်။ နာနာဒေါသေဟိ ပူရိတံ၊ ပါဠိတော်များစွာ ဋ္ဌကထာနှင့် ဋီကာစကား ပစ်ပယ်ထားသဖြင့် ဆိုးဝါးရုန့်ကြမ်း အမျိုးမျိုးသော အပြစ်တို့နှင့် ပြည့်လျှမ်းနေပေသော။ ဝိပလ္လာသံ၊ မိစ္ဆာဒိဋ္ဌိ ပိုက်ကွန်မိသဖြင့် ဖောက်တိဖောက်ပြန် ပြောင်းဆန်အောင် မှားယွင်းနေသော။ တဿဝါဒံ၊ ဝိစိတ္တသာရာဘိဝံသ ဉစ္ဆေဒဝါဒီ ရေးစီးဟောပြ ထိုမိစ္ဆာဝါဒကို။ ဗုဒ္ဓဓမ္မေဟိ၊ ဓမ္မ အဓမ္မ စိစစ်ကြဖို့ ဗုဒ္ဓဘုရား သတ်မှတ်ထားသည့် တရားပေတံ ပိဋကတ်တည်းဟူသော "ဓမ္မစံတို့ဖြင့်။ တုလေတွာ၊ အမှား အမှန်၊ ဝေဖန်နှိုင်းရှည့် ချိန်ထိုးကြည့်ကြလျက်။ ဝိညူနံ၊ သမ္မာဒိဋ္ဌိ၊ အမြင်ရှိသည့် ကဝိခေါ်တွင် သူတော်စင်တို့၏။ ဝိညူနံ၊ ဘုရားသာသနာ ပွင့်လင်းသာဖို့ လွန်စွာလိုလား ပညာရှင်များတို့၏။ စိတ္တံ၊ စိတ်ကို။ တောသယံ-တောသယန္တာ-ဓမ္မအစစ် တရားနှစ်ကို ဖွင့်လှစ်ပြသ သိခွင့်ရသဖြင့် ရွှင်ပြ ဝမ်းသာ လန်းဖြာရွှန်းဝေ နှစ်သက်စေကြကုန်လျက်။ မိစ္ဆာဝါဒါဘိမဒ္ဒနံ၊ ဝိစိတ္တသာရ မိစ္ဆာဝါဒကို သဘာဝကျကျ နှိမ်နင်းပြရာ ဖြစ်ပေသော။ သာရံ၊ ပိဋကတ်အနှစ် အရည်ညှစ်၍ စိစစ်ပြထား အနှစ်အသားနှင့် ပြည့်စုံသော။ နိစ္ဆယံ၊ မြစ်ကြီးနား ဝိစိတ္တသာရဝါဒ ဝိနိစ္ဆယ-ဟု နာမခေါ်အပ် အဆုံးအဖြတ်ကို။ ကဿာမ၊ ယထာဓမ္မ၊ ယထာဝိနယ လမ်းမှန်ကျအောင်၊ ဉာဏသမ္ပဇဉ် သတိယှဉ်လျက် ဆင်ခြင်သုံးသပ် ဆုံးဖြတ်ကြပေကုန်အံ့။

http://www.dhammadownload.com


## အမှတ်(၁) စောဒနာ၊ သောဓနာ စိစစ်ချက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် (ဟောင်း) ဦးဝိစိတ္တသာရာဘိဝံသ၏-

"ဟာ-ငါတို့ရှိတာ ပေးလိုက်တာဟာ ကုသိုလ်ပဲ၊ ဟာ-ငါတို့ သီလဆောက်တည်တာဟာ ကုသိုလ်ပဲ၊ ဟာ-ငါတို့ ဒီလိုတရားထိုင်ကြတာဟာ ကုသိုလ်ပဲလို့ ထင်ကြမယ်၊ ဘာလို့ ကုသိုလ်ထင်သလဲလို့ ဒါကို ပြောပြမယ်"

"ကိုယ့်ရှိတာ သူများတော့ပေးမယ်ဗျာ၊ ဘာလို့ပေးမှာလဲဆိုရင် နောင်ချမ်းသာလိုချင်တယ်၊ ချမ်းသာလိုချင်လို့ပေးတယ်။ သီလဆောက်တည်ရင် အ ၁က်ရှည်မယ်၊ အဆင်းလှမယ်ဆိုပြီး သီလ ဆောက်တည်ကြတယ်၊ ဒါဟာ ကုသိုလ်ပုညတော့ဖြစ်တယ်"။

"ကိုယ်ရှိတဲ့ပစ္စည်း သူများပေးလိုက်တော့ အပေးခံရသူ ရသွားသူကတော့ ကောင်းတယ်။ ပေးသူအတွက်တော့ မကောင်းဘူး၊ ကုန်သွားတယ်လေ။ အပေးခံရသူ ရလို့ကောင်းတဲ့အတွက် ပုညလို့ ကောင်းမှုလို့ပြောတာ။ တကယ်တမ်းကျတော့ အဲဒီလို ပေးလိုက်တာဟာ သံသရာကိုလည်တာဖြစ်လို့ ပါပ-မကောင်းဘူး" (မဂ္ဂင်ရှစ်ပါးတရား)ဟု ဟောပြောခြင်းသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်နေ၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြထားကြပေသည်။

စောဒကဆရာတော်တို့က ဒါန, သီလ, ဘာဝနာတို့သည် ကုသိုလ်ပုညသာ ဖြစ်ကြောင်း၊ အကုသိုလ်ပါပ မဟုတ်ကြောင်း၊ ပုည (ကုသိုလ်) သည် ကုသိုလ်ပြုသူကို စင်ကြယ်စေတတ်သော တရားဖြစ်၍ ပါပ (အကုသိုလ်)သည် မကောင်းမှု အကုသိုလ်ပြုသူကို အပါယ်စသော ဒုဂ္ဂတိဘဝတို့သို့ ရောက်စေတတ်သော တရားများဖြစ်ကြောင်း၊ ဒါန, သီလ, ဘာဝနာတရားတို့ကို ကုသိုလ်ဟုလည်းကောင်း၊ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ ကာမဂုဏ် ကိစ္စတို့၌ မပြစ်မှား၊ မသွားလာထိုက်သော သူတစ်ပါးသားမယားတို့ကို ပြစ်မှားကျူးလွန်ခြင်း

http://www.dhammadownload.com


စသော အမှုများသည် အကုသိုလ် (ပါပ) များဖြစ်ကြောင်း (အဘိ၊ ၄-၂၊ ၁၃၄။ သုတ္တနိ၊ ၄-၂၊ ၂၅)စသည်တို့ကို ကိုးကား၍ တင်ပြကြသည်။

## စုဒိတက၏ ချေပချက်

စုဒိတက,က-

ကုသိုလ်သည် အဘိသင်္ခါရကုသိုလ်, ဝိသင်္ခါရကုသိုလ်ဟု နှစ်မျိုးရှိကြောင်း၊ ချမ်းသာချင်လို့ အသက်ရှည်ချင်လို့ ပြုအပ်သော ကုသိုလ်၊ ဘုရားအမြင်ဝါဒ၊ ရှေးအတိတ်ဘဝကံမြင်ဝါဒ, အမျှော်အကြောက် ဝါဒတို့ဖြင့် ပြုအပ်သော ကုသိုလ်သည် သံသရာဝဋ်ကို လည်စေတတ်သောကြောင့် အဘိသင်္ခါရကုသိုလ်ဟုခေါ်သည်။

ဘုရားအမြင်ဝါဒ, ရှေးဘဝအတိတ်ကံအမြင်ဝါဒနှင့် အမျှော်အကြောက်ဝါဒတို့ကို ပယ်ရှား၍ လက်ရှိမြင်တွေ့ နေကြရသည့် လူသားလောကကြီး ငြိမ်းချမ်းရေးအမြင်ဖြင့် ပြုအပ်သော ဒါန, သီလ, ဘာဝနာ အလုပ်များသည် သံသရာကို မလည်စေတတ်သောကြောင့် ဝိသင်္ခါရကုသိုလ်ဟုခေါ်သည်။

ထိုနှစ်မျိုးတို့တွင် အဘိသင်္ခါရကုသိုလ်သည် သံသရာဝဋ်ကို လည်စေတတ်သောကြောင့် မကောင်း(ပါပ)ဖြစ်သည်ဟု ဆိုရကြောင်း၊ ဝိသင်္ခါရကုသိုလ်သည် သံသရာဝဋ်ကို မလည်စေတတ်သောကြောင့် (ပုည) ကောင်းသည်ဟု ဆိုရကြောင်း တင်ပြထားပေသည်။

စုဒိတကဆရာတော်သည် ခိုင်မာသော ဗုဒ္ဓဒေသနာများကို ကိုးကားတင်ပြခြင်း မပြုဘဲ မိမိ၏ အမြင်အယူအဆ အတ္တနောမတိတွေကို တင်ပြထားသည်ဟု ဝိနည်းမိုရ်ဆရာတော်များက သတိပြုမိကြသည်။

## ဝိနည်းမိုရ် ဆရာတော်တို့၏ သုံးသပ်ချက်

ဝိနည်းမိုရ်ဆရာတော်များသည် စောဒက, စုဒိတကတို့၏ တင်ပြချက်တို့ကို ကြည့်ရှု၍ ထိုတင်ပြချက်များ ခိုင်လုံမှု၊ မှန်ကန်မှုရှိ-မရှိ စိစစ်ကြပေသည်။

http://www.dhammadownload.com


ဤစောဒနာအမှတ် (၁)၌ ပဓာနအချက်သည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနကုသိုလ်ပင် ဖြစ်သည်။

စုဒိတက,က ဒါနကုသိုလ်နှင့် စပ်လျဉ်း၍ လှူသူက အကုသိုလ် ဖြစ်သည်၊ အလှူခံသူ ရယူသူက ကုသိုလ်ဖြစ်သည်ဟု တင်ပြထားရာ တင်ပြချက်မှန် မမှန် စိစစ်ကြပေမည်။

စုဒိတက,က ချေပလွှာ (သောဓနာလွှာ) တင်ရာ၌ ဒါနပြုရာတွင်-

(၁) ဘုရားအမြင်ဝါဒကို ပယ်ရမည်။

(၂) ရှေးအတိတ်ကံ အမြင်ဝါဒကိုလည်း ပယ်ရမည်။

(၃) ငရဲ, တိရစ္ဆာန်, အသူရကာယ် အပါယ်လေးဘုံကို ကြောက် သည့်ဝါဒ, နတ်ဘုံနတ်ချမ်းသာ ဗြဟ္မာဘုံ ဗြဟ္မာချမ်းသာ တို့ကို မျှော်ကိုး တောင့်တသည့် အမျှော်ဝါဒလည်း ကင်းရ မည်။

(၄) လက်တွေ့မျက်မြင် လူသားလောကငြိမ်းချမ်းရေးကို ရှေးရှုရ မည်-

ဟု တင်ပြထားသည်။

ထိုဘုရားအမြင်ဝါဒ, ရှေးအတိတ်ကံဝါဒ, အကြောက်အမျှော်ဝါဒ တို့ကို အခြေခံ၍ လှူလျှင် ကုသိုလ်မဖြစ်ဟု ဆိုလိုသည်။

စုဒိတကပုဂ္ဂိုလ်၏တင်ပြလွှာ၌ "ဘုရားအမြင်ဝါဒကို ပယ်ရမည်" ဟူသော စကားတစ်ခွန်းတည်းဖြင့်ပင် စုဒိတကပုဂ္ဂိုလ်သည် ဘုရားပယ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာနိုင်ပေသည်။ ထိုအချက်ဖြင့်ပင် စုဒိတက တင်ပြသမျှသော အကြောင်းအချက်အားလုံးသည် ဗုဒ္ဓဟောကြားသည့် ပိဋကတ်တော်နှင့် ဆန့်ကျင်သည့် မိစ္ဆာဝါဒသာဖြစ်ကြောင်း အလွယ်တကူ သုံးသပ်နိုင်ပေသည်။

စွန့်ကြဲပေးကမ်းခြင်းဒါနကို သူတော်ကောင်းပညာရှိတို့ လွန်စွာ မြတ်နိုးနှစ်သက်တော်မူကြသည်။ နှစ်သက်မြတ်နိုးသည့်အလျောက်

http://www.dhammadownload.com


သူတော်ကောင်းပညာရှိတို့သည် ဒါနကုသိုလ်ကို ကြိုးစားအားထုတ်တော်မူကြသည်။

ဒါနသည် ဘုရားဖြစ်ကြောင်း ပါရမီဆယ်ပါးတွင် တစ်ပါး အပါအဝင် ဖြစ်သည်။

ဝိစိနန္တော တဒါ ဒက္ခိ၊ ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။ (ဗုဒ္ဓဝံသ-၃၁၅။)

ဘုရားဖြစ်ကြောင်း ပါရမီကျင့်စဉ်တို့ကို ဆင်ခြင်သုံးသပ်သောငါသည် ရှေးရှေး၌ ပွင့်တော်မူသွားကြကုန်သော ဘုရားအစရှိသောသူတော်ကောင်းကြီးတို့ အစဉ်တစိုက်ကျင့်သုံးတော်မူအပ်သော နိဗ္ဗာနဓာတ်နှင့် သဗ္ဗညုတဉာဏ်တော်မြတ် ရရာရကြောင်း အလွန်မြင့်မြတ်သော လမ်းကောင်း လမ်းမတော်ကြီးဖြစ်သော ဒါနပါရမီတော်ကြီးကို ရှေးဦးစွာ သိမြင်ခဲ့ရလေပြီ။

ဤသို့ သုမေဓာရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရားထံမှ ဘုရားဖြစ်လတ္တံ့ဟူသော နိယတဗျာဒိတ်ကို ရပြီးသည်၏အခြားမဲ့၌ ဘုရားဖြစ်ကြောင်း ကျင့်စဉ်ကောင်း ပါရမီတရားတို့ကို ဆင်ခြင်သည့်အခါ ပထမဦးဆုံးဖြည့်ကျင့်ရမည့်တရားအဖြစ် ဒါနပါရမီကို တွေ့မြင်ခဲ့ပေသည်။

ထိုသို့ ဒါနပါရမီကို တွေ့မြင်ပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း ရွှေငွေစသော ပြင်ပ ဗဟိဒ္ဓ ပစ္စည်းဥစ္စာတို့ကို စွန့်လှူခြင်း ဒါနပါရမီ၊ အင်္ဂါခြေလက် မျက်စိ စသည်တို့ကို စွန့်လှူခြင်း ဒါနဉပပါရမီ၊ အသက်ကိုပင် စွန့်လှူသော ဒါနပရမတ္ထပါရမီတို့ကိုလည်း ကောင်း။ ရွှေငွေစသည်တို့ကို စွန့်လှူခြင်း ဓနပရိစ္စာဂ၊ အင်္ဂါခြေလက်တို့ကို စွန့်လှူခြင်း အင်္ဂပရိစ္စာဂ၊ သားမယားတို့ကို စွန့်လှူခြင်း ပုတ္တဒါရပရိစ္စာဂ၊ အသက်ကို စွန့်လှူခြင်း ဇီဝိတပရိစ္စာဂ၊ တိုင်းပြည် (မင်းစည်းစိမ်)ကို စွန့်လှူခြင်း ရဇ္ဇ (ရဇ္ဇ) ပရိစ္စာဂ ဟူသော စွန့်လှူခြင်းကြီး ငါးမျိုးကိုလည်း စွန့်လှူတော်မူခဲ့သည်။

http://www.dhammadownload.com


ဤသို့ အသက်ကိုပင် မငဲ့ကွက်ဘဲ စွန့်လှူခဲ့သော ကြီးကျယ်လှစွာသော ဒါနပါရမီ (ဒါနကုသိုလ်)တို့သည် မရေမတွက်နိုင်အောင် များပြားလှပေသည်။ ထို့ကြောင့်-

"ပါရမိယော ပူရေန္တဿ စ တဿ အကိတ္တိဗြာဟ္မဏကာလေ သင်္ခဗြာဟ္မဏကာလေ ဓနဉ္စယရာဇကာလေ မဟာသုဒဿနရာဇကာလေ မဟာဂေါဝိန္ဒကာလေ နိမိမဟာရာဇကာလေ စန္ဒကုမာရကာလေ ဝိသယှ သေဋ္ဌိကာလေ သိဝိရာဇကာလေ ဝေဿန္တရရာဇကာလေတိ ဒါနပါရမိတာယ ပူရိတတ္တဘာဝါနံ ပရိမာဏံ နာမ "နတ္ထိ" (အဘိ၊ ဋ္ဌ-၁၊ ၇၂)

ဟု မိန့်ဆိုတော် မူခဲ့ပေသည်။

ဒါနကုသိုလ်သည် ဘုရားဖြစ်ရေး၌ အလွန့်အလွန်အရေးပါသကဲ့သို့ လောကကြီးကို သာယာငြိမ်းချမ်းအောင် ဆောင်ရွက်ရေး၌လည်း လွန်စွာအရေးပါလှပေသည်။

တိုင်းပြည်တစ်ပြည်၏ ကြီးပွားချမ်းသာမှု တိုးတက်အောင်မြင်မှု ငြိမ်းချမ်းသာယာမှုတို့သည် တိုင်းပြည်၏ အကြီးအကဲဖြစ်ကြသော ဘုရင်, သမ္မတစသော အစိုးရများ၌ တည်ပေသည်။ တိုင်းပြည်အကြီးအကဲ ပုဂ္ဂိုလ်များက တရားစောင့်ကြလျှင် တိုင်းသူပြည်သားများလည်း တရားစောင့်ကြပေသည်။

တိုင်းပြည်အကြီးအကဲဖြစ်သော မင်းအစိုးရတို့ ကျင့်ဆောင်ရမည့် မင်းကျင့်တရားဆယ်ပါး (ရာဇဓမ်တရားဆယ်ပါး)တို့တွင်လည်း ဒါနသည် တစ်ပါးအဖြစ် ပါဝင်ပေသည်။

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။ (ဇာ-၂၊ ၉၂)

ထို့အတူ လူ့လောကကြီးတွင် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာ၌ အဆင်ပြေ ညီညွတ်ချောမောစေသည့် သင်္ဂဟတရားလေးပါးတွင်လည်းကောင်း (အံ-၁၊ ၃၄၁)။ မင်္ဂလာတရား (၃၈)ပါးတို့တွင်လည်းကောင်း၊ သူတော်ကောင်းပညာရှိပုဂ္ဂိုလ်တို့ အလေးအမြတ်ထား၍

http://www.dhammadownload.com


ဆောင်ရွက်အားထုတ်ကြသည့် ပဏ္ဍိတပညတ္တ, သပ္ပုရိသ ပညတ္တတရား သုံးပါးတို့တွင်လည်းကောင်း (အံ-၁။ ၁၄၉) ပါဝင်ပေသည်။

ဤသည်ကိုထောက်လျှင် ဒါနသည် ကုသိုလ်သာဖြစ်၍ အကုသိုလ် (ပါပ)မဟုတ်ကြောင်းသိနိုင်ပေသည်။ ထို့ပြင် ဒါနသည် ပုညကိရိယဝတ္ထု (ကုသိုလ်)ဖြစ်ကြောင်း ဖော်ပြလတ္တံ့ပါ သုတ္တန်တို့၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပေသည်။

တီဏိမာနိ ဘိက္ခဝေ ပုညကိရိယဝတ္ထူနိ၊ ကတမာနိ တီဏိ ဒါနမယံ ပုညကိရိယဝတ္ထု၊ သီလမယံ ပုညကိရိယဝတ္ထု၊ ဘာဝနာမယံ ပုညကိရိယဝတ္ထု။ (အံ-၃၊ ၇၂)

တီဏိ ပုညကိရိယဝတ္ထူနိ၊ ဒါနမယံ ပုညကိရိယဝတ္ထု၊ သီလမယံ ပုညကိရိယဝတ္ထု၊ ဘာဝနာမယံ ပုညကိရိယဝတ္ထု။ (ဒီ-၃၊ ၁၈၂)

အပရာနိပိ သတ္တ ပုညကိရိယဝတ္ထူနိ၊ အပစိတိသဟဂတံ ပုည ကိရိယဝတ္ထု၊ ဝေယျာဝစ္စသဟဂတံ, ပတ္တာနုပ္ပဒါနံ, ပတ္တာနုမောဒနံ, ဒေသနာမယံ, သဝနမယံ, ဒိဋ္ဌိဇုဂတံ ပုညကိရိယဝတ္ထု။ (ဒီ၊ ဋ-၃၊ ၁၈၁)

ထို့ပြင် မြတ်စွာဘုရားက "ချစ်သားတို့၊ ဒါန၏ အကျိုးဆက်ကို ငါဘုရား သိသလို သတ္တဝါတို့ သိကြမည်ဆိုလျှင် နောက်ဆုံးထမင်းလုတ်ကိုပဲဖြစ်စေ သူတစ်ပါးတို့အား မပေးမလှူဘဲ စားကြမည် မဟုတ်ပေ။ သူတစ်ပါးတို့အား လှူဒါန်းပြီးမှသာ စားကြပေမည်"ဟု ဟောကြားခဲ့ပေသည်။

ဧဝဉ္စေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။ ယောပိ နေသံ အဿ စရိမော အာလောပေါ စရိမံ ကဗဠံ၊ တတောပိ န အသံဝိဘဇိတွာ ဘုဉ္ဇေယျုံ၊ သစေ နေသံ ပဋိဂ္ဂါဟကာ အဿု။ ယသ္မာ စ ခေါ

http://www.dhammadownload.com


ဘိက္ခဝေ သတ္တာ န ဇဝံ ဇာနန္တိ ဒါနသံဝိဘာဂဿ ဝိပါကံ
ယထာဟံ ဇာနာမိ၊ တသ္မာ အဒတွာ ဘုဉ္ဇန္တိ၊ မစ္ဆေရမလဉ္စ နေသံ
စိတ္တံ ပရိယာဒါယ တိဋ္ဌတီတိ။ (ဣတိဝုတ်-၂၀၇)

## ဒါနသည် သံသရာလည်စေသလော

ဒါနကုသိုလ်သည် လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို ရစေနိုင်ကြောင်း နိဓိကဏ္ဍသုတ် (ခုဒ္ဒက-၁၀) ၌ ဖော်ပြလတ္တံ့ပါအတိုင်း မြတ်ဗုဒ္ဓဟောကြားခဲ့ပေသည်။

- မာနုသိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
  ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။
- မိတ္တာသမ္ပဒမာဂမ္မ၊ ယောနိသော ပယုဉ္ဇတော။
  ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ၊ သဗ္ဗမေတေန လဗ္ဘတိ။
- ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။
  ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတိ။ (ခုဒ္ဒကပါဌ-၁၀)

- လူ၌ဖြစ်သော ချမ်းသာကိုလည်းကောင်း၊ နတ်၌ဖြစ်သော ပျော်မွေ့ဖွယ် ချမ်းသာကိုလည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း ဤအလုံးစုံကို ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ဖြင့် ရအပ်၏။

- မိတ်ဆွေကောင်းကို အမှီရ၍ အသင့်အားဖြင့် ကုသိုလ်ကို ကြိုးစားအားထုတ်သော ပုဂ္ဂိုလ်အား ဝိဇ္ဇာဝိမုတ္တိ၌ လေ့လာစွမ်းနိုင်သည်ကို ဒါန, သီလ,ဘာဝနာဟူသော ကုသိုလ်ဖြင့် ရအပ်၏။

- ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်တို့ကို ဒါန, သီလ, ဘာဝနာဟူသော ကုသိုလ်ဖြင့် ရအပ်၏။

ဤသို့သော ဗုဒ္ဓဒေသနာတော်တို့ကို ထောက်ဆလျှင် ဒါနသည် သံသရာ လည်စေတတ်သော တရားမဟုတ်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်

http://www.dhammadownload.com


စွာရကြောင်း သစ္စာလေးပါးကို သိမြင်နိုင်ကြောင်း တရားကောင်း တရားမြတ်ဖြစ်သည်ကို သိနိုင်ပေသည်။

ဤသို့ မြတ်ဗုဒ္ဓဒေသနာတို့၌ ဒါနသည် သံသရာလည်စေကြောင်း တရားဟု မဟောပါဘဲ စုဒိတက,က ပေးသူသည် ဝဋ်သံသရာကို လည်စေတတ်ကြောင်း ဆိုထားသည်မှာ လွန်စွာ မှားယွင်း ဖောက်ပြန်ပေသည်။

ထို့ပြင် "ရသူမှာ သံသရာမလည်လို့ ကောင်းသည်"ဟု ဆိုထားခြင်းသည်လည်း လွန်စွာမှားယွင်းသော အယူဖြစ်ပေသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် ပစ္စည်းဥစ္စာအပေါ်၌ တပ်မက်သော တဏှာလောဘကို ဖြတ်တောက်ခြင်းဖြစ်၏။ မိမိပစ္စည်းအပေါ်၌ မတပ်မက်သော အလောဘရှိသူသည်သာ မိမိ၏ ပစ္စည်းကို စွန့်လှူနိုင်သည်။ မိမိပစ္စည်းဥစ္စာအပေါ် ငြိကပ်တွယ်တာသော တဏှာလောဘသည် ဥပါဒါန်(ကာမုပါဒါန်) ဖြစ်၏။ ထိုကာမုပါဒါန် တပ်မက်သော တဏှာကို မပယ်နိုင်သမျှ လှူဒါန်းခြင်းဟူသော ဒါန မဖြစ်နိုင်ပေ။ ထိုပစ္စည်းအပေါ် တပ်မက်သော တဏှာကင်းမှ (ဝါ) လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သော အလောဘရှိမှ စွန့်လှူခြင်း ဒါနဖြစ်နိုင်ပေသည်။ ထို့ကြောင့် "အလောဘော ဒါနဿ ဟေတုး=အလောဘသည် ဒါန၏ အကြောင်းဖြစ်၏"ဟု ကျမ်းဂန်တို့၌ ဖွင့်ပြကြပေသည်။

ပစ္စည်းဥစ္စာလှူသူ၌ အလောဘဟူသော ကုသိုလ်ဖြစ်၍ ပစ္စည်းဥစ္စာယူသူ၌ နှလုံးသွင်းမတတ်လျှင် ထိုပစ္စည်းကို သာယာတပ်မက်ခြင်းလောဘအကုသိုလ် ဖြစ်သည်။ ထိုလောဘအကုသိုလ်သည် သံသရာ၌ ဆင်းရဲခြင်းအကြောင်း ဖြစ်၍ သံသရာ၌ အဖန်ဖန် အထပ်ထပ် လည်ခြင်း၏ အကြောင်းလည်း ဖြစ်ပေသည်။ လှူသူကား လောဘ, မစ္ဆရိယ, မိစ္ဆာဒိဋ္ဌိ စသော အကုသိုလ်တို့ကို ပယ်သတ်ခြင်းဖြစ်၍ သံသရာတိုခြင်း၏အကြောင်း ဖြစ်သည်။

ထို့ကြောင့် လှူသူ၌ ပါပ (မကောင်းမှု) ဖြစ်၍ ရသူ (ယူသူ) ၌ ပုည (ကုသိုလ်) ဖြစ်၏ ဟူသော ဝါဒသည် အဓမ္မဝါဒသာ ဖြစ်သည်။

http://www.dhammadownload.com



## အမှတ် (၂) စောဒနာ၊ သောဓနာ စိစစ်ချက်

စောဒကဆရာတော်များက စုဒိတကဆရာတော်၏ အောက်ဖော်ပြလတ္တံ့ပါ ဟောပြောချက် ရေးသားချက်တို့သည် ပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြတောင်းဆိုထားပေသည်-

* "ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် အဝိဇ္ဇာပစ္စယာ သင်္ခါရား မသိမှုကြောင့် ဖြစ်လာတာ၊ အမှားကို အမှန်ထင်တာ၊ ဟာ ဒါန ပြုလိုက်လို့ရှိရင် ကုသိုလ်ရတော့မှာပဲ၊ ဟာ သီလ ဆောက်တည်လိုက်လို့ရှိရင် ဒါ ကုသိုလ်ရတော့မှာပဲ၊ ကုသိုလ်ပြုပြီပဲ။ အဲဒီလို ကိုယ်မှုလေးတွေပြုရင်လည်း ကုသိုလ်လို့ထင်မယ်၊ ဒါဟာ ဒုက္ခကို သုခထင်တာ၊ ဆင်းရဲကို ချမ်းသာလို့ ထင်ပြီလား ဆိုပြီးတော့ ပြုလိုက်တာ၊ ပြုလိုက်တော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဲ-သင်္ခါရလို့ ဖြစ်ပြီဆိုရင် သင်္ခါရရဲ့နောက်က အကျိုးဆက်က ဘာလာမလဲဆိုလို့ရှိရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတာ စိုးရိမ်ပူဆွေး ငိုကြွေးဆိုတဲ့ ဆင်းရဲလာလိမ့်မယ်၊ သင်္ခါရရဲ့ အကျိုးဆက်တွေပေါ့။
* "အသက်ရှည်မှာပဲ၊ အဆင်းလှမှာပဲ၊ ချမ်းသာမှာပဲဆိုတဲ့ အသိနဲ့ သီလဆောက်တည်ရင် ကုသိုလ်ဖြစ်လား၊ ကျုပ်ကတော့ မကောင်းဘူးလို့ပြောမှာ၊ ဘာလို့လဲဆိုတော့ ဝဋ်လည်မှာ၊ ဝဋ်လည်ရင် စောင့်လို့ကို မဆုံးတော့ဘူး၊ ဒါနလည်း အတူတူပဲ၊ နောင် ချမ်းသာဖို့ ဒါနပြုတာလည်း ဝဋ်လည်မှာပဲ။"
* "နောင်ဘဝမှာ ကောင်းကောင်းလေးဖြစ်ချင်လို့ ဒါနတွေ ပြုကျင့်တယ်၊ သီလတွေ ကျင့်တယ်၊ ဘာဝနာတွေကျင့်ကြတယ်၊ ကျင့်ကြတာတွေဟာ နောင်ဘဝကောင်းဖို့ ငရဲမကျဖို့ပြုတဲ့အတွက် ကာယကံ၊ ဝစီကံ၊ မနောကံတွေက နောက်ဘဝအတွက်ချည်းပဲ။ ဒါဟာ မှားယွင်းတဲ့ အယူပဲ။"

http://www.dhammadownload.com


❀ "ကိုယ်က ဘာမှမသိဘဲနဲ့ အရမ်းလုပ်ပြီဆိုရင် ကောင်းတာလည်း လည်မှာပဲ၊ ဆိုးတာလည်းလည်မှာပဲဗျ၊ တရားထိုင်လို့လည်း မရဘူး ဗျ၊ သေပြီးမှသွားရမှာလို့ သွားမမျှော်နဲ့၊ မရဘူး။"

(မဂ္ဂင်ရှစ်ပါးတရား)

စောဒကဆရာတော်များက စုဒိတကဆရာတော်၏ ဟောပြောချက်, ရေးသားချက်တို့သည်-

၁။ ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်ပဲ လုပ်လုပ် အကျိုးဆက်ကတော့ ဆင်းရဲဒုက္ခပဲ။

၂။ အကျိုးကိုလိုလားပြီး ကုသိုလ်ကောင်းမှု ပြုတာဟာ မကောင်းဘူး၊ မှားယွင်းတဲ့ အယူပဲ။

၃။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကို နောင်ဘဝအတွက် သွားမမျှော်နဲ့၊ မရဘူး-

ဟု ဆိုရာရောက်၍ စုဒိတကဆရာတော်သည် ကုသိုလ်ကံ, အကုသိုလ်ကံ မရှိဟု ယူသည့် အကိရိယမိစ္ဆာဒိဋ္ဌိ၊ ကုသိုလ်၏ ကောင်းကျိုးဆိုတာလည်း မရှိ၊ အကုသိုလ်၏ ဆိုးကျိုးဆိုတာလည်း မရှိဟုယူသည့် နတ္ထိကမိစ္ဆာဒိဋ္ဌိ၊ ကုသိုလ်ကံ, အကုသိုလ်ကံနှင့် ထိုကံတို့၏ အကျိုးတို့ကို ပယ်သည့် အဟေတုကမိစ္ဆာဒိဋ္ဌိ အယူရှိသူဖြစ်ကြောင်း တင်ပြကြပေသည်။

စုဒိတက,က စောဒကဆရာတော်များ၏ စောဒနာချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းရာတွင် ပိဋကတော်လာ အဆိုအမိန့်များနှင့် ညီညွတ်အောင် မတင်ပြနိုင်ဘဲ ပိဋကတော်နှင့် ဆန့်ကျင်သော မိမိအမြင်၊ မိမိအယူအဆ များကိုသာ တင်ပြထားပေသည်။

ဥပမာ- စုဒိတကဆရာတော်က အကိရိယဝါဒနှင့်စပ်လျဉ်း၍ သူ့ အယူ အဆကို တင်ပြရာတွင် ရုပ်နာမ်ပရမတ်ကို ဝိပဿနာဉာဏ်ဖြင့် ရှုရာ၌ ဝိပဿနာဉာဏ် အမြင်မှန် ပေါ်ပေါက်လာသောအခါ ရှုသူ ယောဂီပုဂ္ဂိုလ် ၏ သန္တာန်၌ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ၊ ရုပ်နာမ်သာရှိသည်ဟု

http://www.dhammadownload.com


မြင်လာသည်။ ထိုသို့ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိဟု မြင်လာလျှင် ကောင်းမှု, မကောင်းမှုကိုပြုသူ (ကတ္တား) ပျောက်သွားပြီဖြစ်၍ ကောင်းမှု, မကောင်းမှုဟူသော ကံလည်း ပျောက်သွားတော့သည်။ ဤသို့ ပြုလုပ်သူ (ကတ္တား) ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ၊ သမ္မုတိပညတ်ပျောက်ပြီး ပရမတ်အမြင် ရှိခြင်းကိုသာ အကိရိယဝါဒဖြစ်ကြောင်း၊ ထိုကဲ့သို့ သမ္မုတိပညတ် ပျောက်ပြီး ရုပ်နာမ်ပရမတ်ကိုသာ မြင်နေသူ(ပုဂ္ဂိုလ်)ကိုသာ အကိရိယဒိဋ္ဌိရှိသူဟု ဆိုရကြောင်း တင်ပြခြင်းမျိုး ဖြစ်ပေသည်။

ထိုစုဒိတက၏ တင်ပြချက်သည် ဝိပဿနာဉာဏ် အမြင်မှန်ကို အကိရိယဒိဋ္ဌိဟု လည်းကောင်း၊ ထိုဝိပဿနာဉာဏ် အမြင်ရှိနေသူကို အကိရိယဒိဋ္ဌိရှိသူဟု လည်းကောင်း ဆိုရာရောက်နေပေသည်။

ထိုအယူအဆ ထိုအမြင်သည် လွန်စွာမှားယွင်းသော အယူအမြင် ဖြစ်ပေသည်။

## အကိရိယဝါဒ

အကိရိယမိစ္ဆာဒိဋ္ဌိကို ဗုဒ္ဓလက်ထက်က ပေါ်ပေါက်ခဲ့သော တိတ္ထိ ဆရာကြီး ပူရဏကဿပက ဟောခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။

ပါဏမတိပါတာ ပယတော၊ အဒိန္နံ အာဒိယတော၊ သန္ဓိံ ဆိန္ဒတော၊ နိလ္လောပံ ဟရတော၊ ဧကာဂါရိကံ ကရောတော၊ ပရိပန္ထေ တိဋ္ဌတော၊ ပရဒါရံ ဂစ္ဆတော၊ မုသာ ဘဏတော၊ ကရောတော န ကရီယတိ ပါပံ။ ခုရပရိယန္တေန စေပိ စက္ကေန ယော ဣမိဿာ ပထဝိယာ ပါဏေ ဧကံ မံသခလံ ဧကံ မံသပုဉ္ဇံ ကရေယျ၊ နတ္ထိ တတောနိဒါနံ ပါပံ၊ နတ္ထိ ပါပဿ အာဂမော။ (ဒီ-၁၊၄၉)

မြန်မာပြန်-

သူတစ်ပါးကို အသက်ကိုသတ်သူ၊ သူတစ်ပါးဥစ္စာ ခိုးယူသူ၊ သူတစ်ပါးအိမ်နံရံ (ခြံဝင်း)ကို ခိုးမည်အကြံဖြင့် ဖောက်ဖျက်သူ၊ လုယက်မှုပြုသူ၊ တစ်ခုသောအိမ်ကို လုယက်ဓားပြတိုက်သူ၊ ခရီးလမ်း၌

http://www.dhammadownload.com


လုယက်သူ၊ သူတစ်ပါးသားမယား ပြစ်မှားကျူးလွန်သူ၊ လိမ်ညာပြော သူအား မကောင်းမှုပြုသည် မမည်၊ မကောင်းမှု အကုသိုလ်မဖြစ်။ သင်ခုန်းဓားသွား တပ်ထားသော စက်ယန္တားဖြင့် ဤမြေပြင်၌ရှိသော သတ္တဝါတို့ကို အသားပြင်ကြီး အသားပုံကြီး တစ်ပုံတည်းဖြစ်သွား အောင် သတ်ဖြတ်သော်လည်း (ကမ္ဘာ့ မြေပြင်၌ရှိသည့် သတ္တဝါ အားလုံးကို သတ်သော်လည်း) မကောင်းမှု အကုသိုလ်မဖြစ်။

ဥတ္တရဥ္စေပိ ဂင်္ဂါယ တီရံ ဂစ္ဆေယျ ဒဒန္တော ဒါပေန္တော ယဇန္တော ယဇာပေန္တော၊ နတ္ထိ တတောနိဒါနံ ပုညံ နတ္ထိ ပုညဿ အာဂမော။ ဒါနေန ဒမေန သံယမေန သစ္စဝဇ္ဇေန နတ္ထိ ပုညံ၊ ပုညဿ အာဂမော။ (ဒီ-၁၊ ၄၉။)

မြန်မာပြန်

ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့သွား၍ ကိုယ်တိုင် ပေးလှူသူ၊ သူတစ်ပါးတို့ကိုလည်း ပေးလှူစေသူ၊ ကိုယ်တိုင်ပူဇော်သူ၊ သူတစ်ပါးတို့ကို ပူဇော်စေသူတို့သည် ထိုသို့ ပေးလှူပူဇော်ခြင်း ကြောင့် ကောင်းမှုကုသိုလ်မဖြစ်၊ ပေးလှူခြင်း ဣန္ဒြေကို ထိန်းသိမ်း ခြင်း (ဥပုသ်စောင့်ခြင်း)၊ ဣန္ဒြေကို စောင့်စည်းခြင်း၊ မှန်သော စကားကို ဆိုခြင်းတို့ကြောင့် ကောင်းမှုကုသိုလ်မဖြစ်၊ ကောင်းမှု ကုသိုလ်ဟူသည် မရှိ။

ဆိုခဲ့ပြီးသော ပူရဏကဿပ၏ ဝါဒအလို သူတစ်ပါးအသက်ကို သတ်ခြင်းစသည့် မကောင်းမှု အကုသိုလ်အလုပ်ကို လုပ်သော်လည်း အကုသိုလ် မဖြစ်၊ (အကုသိုလ်ကံဆိုတာလည်း မရှိ)။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည့် ကောင်းသည့်အလုပ်များကို လုပ်သော် လည်း ကုသိုလ်မဖြစ်။ (ကုသိုလ်ကံဆိုတာလည်း မရှိ) ဟု ဆိုရာ ယခု စုဒိတက၏ "ကောင်းတာလုပ်လဲ အကျိုးဆက်ကတော့ ဒုက္ခပဲ၊" ဟူသော ဟောပြောချက်၊ ရေးသားချက်သည် "လုပ်သမျှ ဒုက္ခဖြစ်၍ ကုသိုလ် လုပ်စရာမလို" ဟု ကုသိုလ်ကံကို ပယ်ရာရောက်သောကြောင့် မှားယွင်း သော အယူအဆသာ ဖြစ်သည်။

http://www.dhammadownload.com


## အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

စုဒိတက က ကောင်းတာ လုပ်လုပ်၊ မကောင်းတာ လုပ်လုပ် အဝိဇ္ဇာကြောင့် ဖြစ်ရသည့်အတွက် သောက၊ ပရိဒေဝ စသော ဆိုးကျိုးများ သာ လာမည်ဟု "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပဋိစ္စသမုပ္ပါဒ်လာ စကားရပ်ကို ကိုးကားပြောဆိုထားရာ ယင်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်သင့်ပေသည်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၏ ဆိုလိုရင်းကို နားမလည်သောကြောင့် "မိုက်လို့ လှူနေတာ၊ မိုက်လို့ဥပုသ်စောင့်နေတာ၊ မသိနားမလည်လို့ တရား အားထုတ်နေတာ" ဟု ယခုစုဒိတကအပါအဝင် အချို့သော ပုဂ္ဂိုလ်များ ဟောပြောရေးသား နေကြပေသည်။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာကြောင့် ကုသိုလ်၊ အကုသိုလ် ဟူသော သင်္ခါရ (ကံ) တရားများ ဖြစ်ကြရသည်" ဟူသော ဒေသနာ တော်၏ ဆိုလိုရင်းမှာ အဝိဇ္ဇာ (မောဟ)ကို အကြွင်းမဲ့ မပယ်သတ်နိုင် သေးသမျှ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစသော ကောင်းသော အမှုများလုပ်လျှင် ကုသိုလ် (ပုညာဘိသင်္ခါရ) ဖြစ်သည်။ သူ့အသက် သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးခြင်းစသော မကောင်းသောအမှုများကို လုပ်မိက အကုသိုလ် (အပုညာဘိသင်္ခါရ)များ ဖြစ်ကြရသည်။

အဝိဇ္ဇာရှိနေပါလျက် ကောင်းသော အမှုကိုပြုမိပါက ကုသိုလ် (ပုညာဘိသင်္ခါရ) မဖြစ်ရန် မည်သူမျှ မတတ်နိုင်ပေ။ ဘယ်ဘုရား ဘယ်သိကြား ဘယ်ပြဟ္မာမှ ကုသိုလ်မဖြစ်အောင် မတားနိုင်ပါပေ။

ထို့အတူ အဝိဇ္ဇာကို အရှင်းမပယ်နိုင်သေးသမျှ မကောင်းသည့် အလုပ်ကို လုပ်မိပါက အကုသိုလ် (အပုညာဘိသင်္ခါရ) ဖြစ်မည်သာ ဖြစ်သည်။ အကုသိုလ်မဖြစ်ရန် မည်သူမျှ မတတ်နိုင်ပါပေ။

အဝိဇ္ဇာကို အရဟတ္တမဂ်ဖြင့် အကြွင်းမရှိ ပယ်သတ်နိုင်မှသာ ထို ကုသိုလ်၊ အကုသိုလ်ဟူသော သင်္ခါရ (ကံ-စေတနာ)တို့ ချုပ်ငြိမ်းမည်

http://www.dhammadownload.com

ဖြစ်ပေသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ပဋိလောမ-၌ "အဝိဇ္ဇာယ တွေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့ပေသည်။

## ရဟန္တာများနှင့်ကုသိုလ်၊ အကုသိုလ်

ရဟန္တာများသည် အဝိဇ္ဇာကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သောကြောင့် ဘုရားကန်တော့ခြင်း၊ တရားနှလုံးသွင်းခြင်း၊ တရားဟောခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ သံဃဝေယျာဝစ္စ ဆောင်ရွက်ခြင်း စသော ကောင်းသော အမှုများကို ပြုသော်လည်း ထိုကောင်းသော အမှုများကို ကုသိုလ်ကံဟု မခေါ်ရတော့ပေ။ နောက်ဘဝ၌ အကျိုးပေးစရာ မရှိတော့ဘဲ ပြုကာမျှမတ္တသာ ဖြစ်၍ ကြိယာဟုသာ ခေါ်ရပေသည်။

ထို့အတူ ဝိနည်းမကျွမ်းကျင်သော ရဟန္တာအရှင်မြတ်များ အာပတ်အသေးစားများ သင့်တတ်ပေသည်။ ရဟန္တာမဟုတ်သေးသော ပုဂ္ဂိုလ်များအဖို့ ထိုအာပတ်အသေးစားများကို အကုသိုလ်ဟု ခေါ်နိုင်သော်လည်း ရဟန္တာများအဖို့ အကုသိုလ်ကံဟု မဆိုရတော့ပေ။ အဗျာကတ-ဟုသာ ခေါ်ရတော့သည်။

ဤသို့ ရဟန္တာအရှင်မြတ်တို့ ပြုအပ်သော ကောင်းမှုများနှင့် တစ်ခါ တစ်ရံ လွန်ကျူးလိုစိတ် မရှိဘဲ အမှတ်တမဲ့သင့်သော အာပတ်များကို ကုသိုလ် ကံ၊ အကုသိုလ်ကံဟု မခေါ်ရတော့ပေ။ အဘယ့်ကြောင့်ဆိုသော် အဝိဇ္ဇာကို အကြွင်းအကျန်မရှိ ပယ်သတ်ပြီး ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်များအဖို့ (အဝိဇ္ဇာကို အကုန် မပယ်နိုင်သေးသောကြောင့်) ကောင်းသည့်အလုပ်လုပ်လျှင် ကုသိုလ်ကံဖြစ်၍ မကောင်းသည့်အလုပ်ကို လုပ်လျှင် အကုသိုလ်ကံ ဖြစ်တော့သည်။ ထိုသို့ ကုသိုလ်ကံ၊ အကုသိုလ်ကံအဖြစ်သို့ မရောက် အောင် မည်သူကမျှ မတားနိုင်ပေ။

http://www.dhammadownload.com


## ကုသိုလ်ကို ပယ်စရာမလို

အဝိဇ္ဇာကို အကြွင်းမဲ့ မပယ်နိုင်သေးသမျှ ကောင်းတာလုပ်လျှင် ကုသိုလ်၊ မကောင်းတာလုပ်လျှင် အကုသိုလ်ဖြစ်မည်သာ ဖြစ်ပေသည်။

ကုသိုလ်သည်အဆင့်အလိုက် ကောင်းမြတ်သော အကျိုးတရားကို ဖြစ်စေပြီး အကုသိုလ်ကမူ မကောင်းကျိုး အမျိုးမျိုးတို့ကို ပေးပေသည်။

ထိုကုသိုလ် အကုသိုလ်တို့သည် သင်္ခါရဖြစ်သော်လည်း ကုသိုလ်သည် ကောင်းကျိုးကို ပေးတတ်သောကြောင့် ပယ်ရမည့်တရား မဟုတ်ဘဲ မိမိတို့ သန္တာန်၌ အဖန်ဖန်အထပ်ထပ် တိုးပွားစေအပ်၊ ဆည်းပူးပွားများအပ်သည့် တရားသာ ဖြစ်သည်။

အကုသိုလ်ကမူ မကောင်းသော ဆိုးကျိုးများကိုသာ ပေးတတ်သောကြောင့် အကုသိုလ်ကို မပြုလုပ်ဘဲ ရှောင်ကြဉ်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားအဆူဆူတို့က —

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ (သုတ်မဟာဝါ-၄၂။)

အကုသိုလ်မှန်သမျှ မပြုလုပ်ရ၊ ကုသိုလ်မှန်သမျှ ပြုလုပ်ရမည်၊ မိမိစိတ် ကို ဖြူစင်အောင် ထားရမည်ဟူ၍ ဟောကြားတော်မူခဲ့ပေသည်။

## အဝိဇ္ဇာကို ပယ်ရမည်

နောင်ဘဝအဆက်ဆက် သံသရာစက် မလည်နိုင်စေရန် မူရင်းအကြောင်းဖြစ်သော အဝိဇ္ဇာကို ပယ်ရမည် ဖြစ်ပေသည်။ အဝိဇ္ဇာကို အကြွင်းအကျန်မရှိ ပယ်နိုင်ရန် ကောင်းမြတ်သောအကျင့် (မဂ္ဂင်ရှစ်ပါး) ကို နည်းမှန်လမ်းမှန် ကျင့်ကြံအားထုတ်ရမည် ဖြစ်ပေသည်။ မဂ္ဂင်ရှစ်ပါးကို နည်းမှန်လမ်းမှန် ကျင့်ကြံမှသာ အဝိဇ္ဇာကို အမြစ်ပြတ် ပယ်သတ်နိုင်မည် ဖြစ်ပေသည်။

http://www.dhammadownload.com


## အဝိဇ္ဇာ နှင့် တဏှာ

အဝိဇ္ဇာဟူသည် အမှန်တရား (သစ္စာတရား)ကို အမှန်အတိုင်း မမြင်ဘဲ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘဟု မှားယွင်းစွာ ယူဆတတ်သော သဘောဖြစ်သည်။ ခန္ဓာငါးပါး၏ အပြစ်၊ ဘဝ၏ ဆိုးကျိုးများကို အမှန်အတိုင်း အပြည့်အစုံမသိမြင်သော သဘော ဖြစ်သည်။

ထိုသို့ ခန္ဓာ၏ အပြစ်၊ ဘဝ၏ ဆိုးကျိုးတို့ကို အမှန်အတိုင်း အပြည့်အစုံ မမြင်သောအခါ ခန္ဓာနှင့် ဘဝတို့ကို တပ်မက်တတ်သော တဏှာ ဖြစ်ပေသည်။

အဝိဇ္ဇာက ခန္ဓာနှင့် ဘဝတို့၏ အပြစ်ကို မမြင်အောင်ဖုံးကွယ်ပေးသဖြင့် တဏှာက ထိုဘဝ၊ ထိုခန္ဓာတို့ကို လိုချင်ခြင်း၊ တပ်မက်ခြင်း၊ စွဲလမ်းခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာသည် အကြောင်း အကျိုးအဖြစ်ဖြင့် လည်းကောင်း၊ အတူယှဉ်တွဲ၍ လည်းကောင်း ဒွန်တွဲဖြစ်လေ့ ရှိပေသည်။ သို့ဖြစ်ရာ မူရင်းဖြစ်သော အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်နိုင်အောင် မဂ္ဂင်ရှစ်ရပ် တရားမြတ်ကို နည်းမှန်လမ်းကျ အားထုတ်ရမည် ဖြစ်ပေသည်။

ထိုသို့ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို နည်းမှန်လမ်းကျ အားထုတ်သဖြင့် လိုအပ်သော မဂ္ဂင်စွမ်းအားပြည့်လာသည်ရှိသော် ထိုမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြင့် အဝိဇ္ဇာကိုလည်း ပယ်သတ်နိုင်သည်။ အဝိဇ္ဇာနှင့် တွဲဖက်ဖြစ်ပေါ်လာသည့် တဏှာကိုလည်း သတ်ဖြတ်နိုင်တော့သည်။

ထိုသို့ အဝိဇ္ဇာ၊ တဏှာ ဦးစီးသော ကိလေသဝဋ် ပြတ်သွားသောအခါ (နောင်ဘဝသစ်ကို ပြုနိုင်စွမ်းသည့်) ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဝဋ်ကိုလည်း သတ်ပြီးဖြစ်၏။ ကိလေသဝဋ်၊ ကမ္မဝဋ် ပြတ်သောအခါ နောင်ဘဝသစ်ပဋိသန္ဓေဟူသော ဝိပါကဝဋ်လည်း ချုပ်ငြိမ်းလေတော့၏။

http://www.dhammadownload.com


## သံသရာလည်

သစ္စာကိုမသိ မမြင်သဖြင့် ရုပ်နာမ်တရားတို့၏ အဖြစ်အပျက် အမှန်သဘာဝကို စွမ်းအားပြည့် မသိမမြင်သော အဝိဇ္ဇာ(မောဟ)ရှိနေသူအဖို့ ထိုထိုဘဝ, ထိုထိုအာရုံ ကာမဂုဏ်တို့ကို လိုချင်တောင့်တသော တဏှာ သည်လည်း အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်မည်သာ ဖြစ်ပေသည်။

ထိုအဝိဇ္ဇာ, တဏှာဟူသော ကိလေသဝဋ် ဖြစ်နေသမျှ နောင်ဘဝ ကို ဖြစ်စေနိုင်သည့် ကုသိုလ်ကံ, အကုသိုလ်ကံဟူသော ကမ္မဝဋ်က ထက်ကြပ်မကွာ လိုက်ပါလာမည်ဖြစ်ပေသည်။ ထိုကိလေသဝဋ်၊ ကမ္မဝဋ် ရှိနေသမျှ နောင် ဘဝသစ်ဟူသော ဝိပါကဝဋ်လည်း ဖြစ်တော့မည်မှာ သေချာပေသည်။

ဤသို့အဝိဇ္ဇာ, တဏှာမကင်းသောသူအား ဤဘဝကုသိုလ်ကံ, အကုသိုလ်ကံဟူသော ကမ္မဝဋ်နှင့် နောင်ဘဝသစ်ဟူသော ဝိပါကဝဋ်တို့ မလွဲမသွေဖြစ်ပေါ်မည်သာ ဖြစ်သည်။ နောင်ဘဝတွင်လည်း ထိုအဝိဇ္ဇာ, တဏှာမကင်းသေးလျှင် ကမ္မဝဋ်, ဝိပါကဝဋ်များ ဆက်လက် ဖြစ်ပေါ် နေမည်သာ ဖြစ်သည်။

ဤသို့ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့ လည်နေခြင်းကိုပင် သံသရာလည်သည်၊ ဝဋ်လည်သည်ဟု ဆိုရသည်။ ဝဋ်လည်ခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌သာ လည်သည်မဟုတ်၊ အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝဟူသော ဘဝအမျိုးမျိုးတို့၌ ဤဝဋ်သုံးပါးလည်နေခြင်းကို သာ ဝဋ်လည်သည်၊ သံသရာလည်သည်ဟု ဆိုရပေသည်။

## စုဒိတက၏ အမှားများ

စုဒိတကပုဂ္ဂိုလ်သည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ကို ဤမျက်မြင် ပစ္စုပ္ပန်ဘဝတစ်ခုတည်းသာ ရှိသည်ဟူသော အမြင်ဖြင့် တင်ပြ ထားပြီး အတိတ်ဘဝ၊ အနာဂတ်ဘဝတွေကို ပယ်ထားသောကြောင့် တကယ်အမှန်သဘာဝနှင့် လည်းကောင်း၊ ဗုဒ္ဓဒေသနာတော်နှင့် လည်း ကောင်း ဆန့်ကျင် ကွဲလွဲနေပေသည်။

http://www.dhammadownload.com


ထိုအတူ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုလည်း စုဒိတက,က မိမိ၏ သေးငယ်လှသော တစ်နည်းအားဖြင့် မှားယွင်းစွာ စွဲယူထားသော အမြင်ဖြင့် ကမောက်ကမ တင်ပြထားပေသည်။

## ရှေ့နောက် မညီညွတ်မှုများ

စုဒိတကသည် ရှေ့ဘဝ နောက်ဘဝ (အတိတ်ဘဝ အနာဂတ်ဘဝ) ကို ယုံကြည်လက်ခံမှုမရှိသော်လည်း ဝဋ်လည်ခြင်း၊ သံသရာလည်ခြင်းကိုတော့ တွင်တွင်ကြီး ပြောထား, ရေးထားပေသည်။

ကုသိုလ်, အကုသိုလ်ကံတို့ကို ပြုလျှင် သောက, ပရိဒေဝ (စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း) စသော ဆင်းရဲဒုက္ခများ ရောက်လာလိမ့်မည်ဟု စုဒိတက, တင်ပြထားပေသည်။

စုဒိတကသည် ပဋိစ္စသမုပ္ပါဒ် အနုလောမကို အဝိဇ္ဇာမှ ဝေဒနာအထိ ပထမပိုင်း၊ တဏှာမှ ဇရာ, မရဏအထိ ဒုတိယပိုင်းဟု ခွဲခြားပြပြီး ပထမပိုင်း၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို ပြသည်။ ဒုတိယပိုင်း၏ အကျိုးဆက်အဖြစ်လည်း ယင်း သောက, ပရိဒေဝ စသည်တို့ကိုပင် ပြသည်။

ပဋိစ္စသမုပ္ပါဒ်ကို လက်ခံသည်ဟု တွင်တွင်ကြီး ပြောထားသော စုဒိတကသည် ဘဝနှင့် ဇာတိကိုမူ မမြင်ချင်ယောင် ဆောင်နေပေသည်။ ပဋိစ္စသမုပ္ပါဒ်ကို အမှန်တကယ် ယုံကြည်လက်ခံပါလျှင် ဘဝနှင့်ဇာတိတို့ကိုလည်း လက်ခံရပေမည်။ ဘဝ, ဇာတိတို့ကို လက်ခံပါလျှင် အနာဂတ်ဘဝတွေကို ငြင်းပယ်၍ ရတော့မည် မဟုတ်ပေ။ အနာဂတ်ဘဝရှိကြောင်းကို ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ-ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်က အတိအကျ ပြထားပေရာ စုဒိတကသည် ယင်းကို မမြင်ချင်ယောင်ဆောင်၍ လည်းကောင်း၊ ဘဝနှင့် ဇာတိ၏ အဓိပ္ပါယ်ကို ဒေသနာတော်နှင့် ဆန့်ကျင်ပြီး မိမိကြိုက်သလို (အတ္တနောမတိ) ဖြင့် ဖွင့်ဆို၍လည်းကောင်း တလွဲတချော် တင်ပြထားပေသည်။

http://www.dhammadownload.com


မိမိ၏ မိစ္ဆာဉာဏ်ကို မိစ္ဆာဉာဏ်မှန်းမသိဘဲ ဘုရားအလိုတော်ကို အမှန်အတိုင်းသိသဖြင့် ဗုဒ္ဓမတည္သူဘွဲ့ထူးဖြင့် တစ်သာသနာတော်လုံးက ဂုဏ်ပြုထားသည့် အဋ္ဌကထာကျမ်းများစွာကို ပြုစုခဲ့သည့် အရှင်မဟာဗုဒ္ဓဃောသကို ပဋိစ္စသမုပ္ပါဒ်ကို မသိသူ, သစ္စာလေးပါးကို မသိသူဖြစ်၍ အဋ္ဌကထာဖွင့်ဆိုချက်များကို မယုံကြည်ကြောင်း ရှုတ်ချကဲ့ရဲ့ ပြစ်တင်ထားသည်မှာ မိမိကိုယ်မိမိ အတင်ကြီးလွန်းသော အတိမာနရှင်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိနိုင်ပေသည်။

ထို့ပြင် မိမိကိုယ်ကိုမှု အရိယသစ္စာလေးပါးကို သိသူဟု ဂုဏ်တင်ထားသည်မှာလည်း အတ္တုက္ကံသန မာနရှင်ဖြစ်ကြောင်း သိနိုင်သည့် အချက်ပင်ဖြစ်ပေသည်။

## ဉပါဒါနပစ္စယာ ဘဝေါ

တဏှာ, ဒိဋ္ဌိဟူသော အစွဲဉပါဒါန်ကို အကြွင်းမဲ့ မပယ်နိုင်သေးက ဘဝဖြစ်မည်မှာ သေချာပေသည်။ ဒိဋ္ဌိဉပါဒါန်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်ရှားနိုင်သော်လည်း တဏှာဉပါဒါန် (ကာမဘုံ ကာမဘဝ ကာမချမ်းသာ, ရူပဘုံ ရူပဘဝ ရူပချမ်းသာ, အရူပဘုံ အရူပဘဝ အရူပချမ်းသာတို့ကို လိုလားတောင့်တသော တဏှာ) ကို အကြွင်းမဲ့ မပယ်နိုင်သေးလျှင် ဆိုင်ရာကာမဘုံ, ကာမဘဝ, ရူပဘုံ ရူပဘဝ၊ အရူပဘုံ အရူပဘဝတို့မုချ ဖြစ်တော့သည်။ ထိုသို့ မဖြစ်အောင် ဘယ်နတ်, ဘယ်သိကြား, ဘယ်ဘုရား, ဘယ်ပုဂ္ဂိုလ်မျှ ဟန့်တားနိုင်မည် မဟုတ်ပေ။ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်မှသာ ထိုဘဝများ ချုပ်ငြိမ်းမည် ဖြစ်ပေသည်။

ဘုရားရှင်က ဝိဘင်းပါဠိတော်၌-

တတ္ထ ကတမော ဉပါဒါနပစ္စယာ ဘဝေါ၊ ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ၊ အတ္ထိ ဉပပတ္တိဘဝေါ။ တတ္ထ ကတမော ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော၊ အယံ ဝုစ္စတိ ကမ္မဘဝေါ၊ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။

http://www.dhammadownload.com


တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ ရူပဘဝေါ အရူပဘဝေါ သညာဘဝေါ အသညာဘဝေါ နေဝသညာနာသညာဘဝေါ ဧကဝေါကာရဘဝေါ စတုဝေါကာရဘဝေါ ပဉ္စဝေါကာရ ဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ။ အယံ ဝုစ္စတိ ဥပါဒါနပစ္စယာ ဘဝေါ။ (အဘိ၊ ၂-၁၄၃)

ဟု ဟောတော်မူခဲ့ပေသည်။

## ဘဝပစ္စယာ ဇာတိ

ထို့ပြင် ဘုရားရှင်က -

တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ ဘဝပစ္စယာ ဇာတိ။ --- (အဘိ၊ ၂-၁၄၄) ဟု ဇာတိ၏ သဘောကို ဟောပြတော်မူခဲ့ပေသည်။

ဆိုခဲ့ပြီးသည့်အတိုင်း အဝိဇ္ဇာကို အကြွင်းမရှိ မပယ်သတ်နိုင်သေးသမျှ ဘဝနှင့်ဇာတိကို ပယ်၍ ရမည်မဟုတ်ပေ။ အဝိဇ္ဇာကို ပယ်သတ်နိုင်မှသာ ဘဝနှင့် ဇာတိကို အကြွင်းမရှိ ပယ်သတ်နိုင်မည် ဖြစ်ပေသည်။ အဝိဇ္ဇာကို အကြွင်းမဲ့ မပယ်သတ်နိုင်ပါက ဘဝနှင့်ဇာတိ မုချဖြစ်ရပေတော့မည်။

ဖော်ပြအပ်ပြီးသော ပဋိစ္စသမုပ္ပါဒဝိဘင်းပါဠိတော်အရ သတ္တဝါတို့အဖို့ အဝိဇ္ဇာမကင်းသဖြင့် ပြုလုပ်မိသော ကုသိုလ်ကံ, အကုသိုလ်ကံ တို့ကြောင့် ရောက်ရှိရမည့်ဘဝသည်(၉)မျိုးရှိကြောင်း သိရပေသည်။

ထိုဘဝတို့မှာ-ကာမပဋိသန္ဓေ၏ ဖြစ်ရာဖြစ်သော ကာမ ၁၁-ဘုံ၊ ရူပပဋိသန္ဓေ၏ ဖြစ်ရာဖြစ်သော ရူပ ၁၆-ဘုံ၊ အရူပပဋိသန္ဓေ၏ဖြစ်ရာ ဖြစ်သော အရူပ ၄-ဘုံတို့ ဖြစ်ပေသည်။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညာဘဝ၊ အသညာဘဝ၊ နေဝသညာနာသညာဘဝ၊ ဧကဝေါကာရ

http://www.dhammadownload.com


ဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ-ဟု ပါဠိတော်၌ ဘဝကြီး (၉) ပါးကို ဟောပြတော်မူရာ အကျဉ်းချုပ်လိုက်လျှင် ဆိုခဲ့ပြီး ကာမ ၁၁-ဘုံ, ရူပ ၁၆-ဘုံ, အရူပ ၄-ဘုံ၊ ဘုံပေါင်း (၃၁) ဘုံ ပင်ဖြစ်ပေသည်။

ထိုဘုံပေါင်း (၃၁)ဘုံ၌ ဖြစ်ရသည့် ပဋိသန္ဓေများကို ဘဝဟုခေါ်၍ ထို (၃၁) ဘုံတို့၌ ဖြစ်ရခြင်း (ရုပ်နာမ်တို့ စတင်ဖြစ်ရခြင်း) ကို ဇာတိဟု ခေါ်ပေသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်၌ပင် ဘဝ, ဇာတိတို့ကို ဟောထားပါလျက် (ဝါ) အနာဂတ်ဘဝ အမျိုးမျိုးကို ဟောထားပါလျက် အနာဂတ်ဘဝ မရှိဟု ယူခြင်းသည် မိစ္ဆာဉာဏ် (မိစ္ဆာဒိဋ္ဌိ) ဖြစ်နေသည်ဟု ဆိုရန်မှတစ်ပါး အခြားဆိုဖွယ် မရှိချေ။

ဤ ပစ္စုပ္ပန်ဘဝသည် အတိတ်ဘဝက ပြုခဲ့သော အဝိဇ္ဇာ, တဏှာ အခြေခံသည့် ကုသိုလ်ကံ, အကုသိုလ်ကံ (ကမ္မဝဋ်)ကြောင့်ဖြစ်ရာ ဤဘဝ ဖြစ်ခြင်းကို ထောက်၍ အတိတ်ဘဝရှိကြောင်း ဉာဏ်ရှိသူတိုင်း သိနိုင်ပေသည်။

## ဝဋ်သုံးပါးလည်ပုံ

အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ မပြတ်သဖြင့် ထိုအဝိဇ္ဇာ, တဏှာ ဟူသော (ကိလေသဝဋ်)ကြောင့် ကောင်းတာပြုခဲ့သည့် ကုသိုလ်ကံ, မကောင်းတာတွေပြုခဲ့သည့် အကုသိုလ်ကံဟူသော (ကမ္မဝဋ်)များ ဖြစ်ကြရသည်။ ထိုကမ္မဝဋ်များသည် (အဝိဇ္ဇာ တဏှာကို အရှင်းမသတ်နိုင်သေးသော ပုဂ္ဂိုလ်များအဖို့) နောက်ဘဝ ပဋိသန္ဓေဟူသော ဝိပါကဝဋ်များကို ဖြစ်စေမှာ သေချာပေသည်။ (ဝါ)ယခုဘဝ ပစ္စုပ္ပန်ဘဝကို ဖြစ်စေမှာ သေချာပေသည်။

ထို့အတူ ဤဘဝ၌ အဝိဇ္ဇာကို အမြစ်ပြတ် မပယ်သတ်နိုင်သေးသမျှ (ဝါ) အရဟတ္တမဂ် ဝိဇ္ဇာဉာဏ်ကို မရသေးသမျှ ပြုပြုသမျှကောင်းမှု, မကောင်းမှုဟူသော ကမ္မဝဋ်များ ဖြစ်မှာသေချာပေသည်။ ထိုကောင်းမှု, မကောင်းမှုဟူသော ကမ္မဝဋ်များက ဤဘဝ၌ဖြစ်သည့် ဝိညာဉ်, နာမ်ရုပ်

http://www.dhammadownload.com


စသော ဝိပါကဝဋ်များကို ဤဘဝတွင်ပင် ဖြစ်စေပေသည်။ ထိုသို့ ဖြစ်သည်မှာ တစ်ရက်လည်း မဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်း မဟုတ်ပေ။ နေ့စဉ်, လစဉ် ဖြစ်နေပေသည်။ နေ့စဉ်နေ့စဉ် ဝဋ်သုံးပါးလည်နေသည်သာဖြစ်သည်။ ဤဘဝတွင် အရဟတ္တမဂ်ကို လုံးဝမရပါက နောင်ဘဝဆက်ပြီး ဤဝဋ်သုံးပါး ဆက်လည်မည်ဖြစ်ပေသည်။

ဤဘဝတွင် အရဟတ္တမဂ်ကို ရသဖြင့် ထိုအရဟတ္တမဂ်က အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသဝဋ်ကို အမြစ်ပြတ် သုတ်သင်လိုက်သောအခါ (ဝါ) အဝိဇ္ဇာအကြွင်းမဲ့ ချုပ်သောအခါ ကုသိုလ်, အကုသိုလ်ဟူသော ကံသင်္ခါရ (ကမ္မဝဋ်) များလည်း ချုပ်ငြိမ်းတော့သည်။ ထိုကမ္မဝဋ်များ ချုပ်ငြိမ်းသွားပါက နောက်ဘဝပဋိသန္ဓေဟူသော ဝိပါကဝဋ်များလည်း ချုပ်တော့သည်သာ ဖြစ်သည်။ ဘဝ မဖြစ်တော့လျှင် ခန္ဓာချုပ်ငြိမ်းခြင်းဖြစ်၍ ဘဝနိရောဓဖြစ်ကာ သန္တိသုခ အငြိမ်းဓာတ်သို့ ရောက်ရှိသွားပေသည်။

## စုဒိတက၏ ဝဋ်သုံးပါး အမှား

စုဒိတက,က အတိတ်ဘဝ၊ အနာဂတ်ဘဝတို့ကို ပယ်ထားသူဖြစ်၍ ဝဋ်သုံးပါးလည်ပုံကို ယခုလက်ရှိ ပစ္စုပ္ပန်ဘဝပေါ်၌သာ ရှုမြင်ထားပေသည်။

ခိုးချင်လို့ ခိုးရာ၌ ခိုးချင်ခြင်းသည် တဏှာဖြစ်၍ ကိလေသဝဋ်၊ ခိုးခြင်းသည် လက်တွေ့ပြုလိုက်သော အမှုဖြစ်၍ ကမ္မဝဋ်၊ သူခိုးဖြစ်ရခြင်းသည် ဝိပါကဝဋ်၊ ခိုးဖူးလို့ နောက်ထပ်ခိုးချင်ခြင်းသည် ကိလေသဝဋ်၊ ခိုးလိုက်တော့ ကမ္မဝဋ်၊ ခိုးသူဖြစ်ရခြင်းသည် ဝိပါကဝဋ်-ဟု တင်ပြထားရာသာမန်ကြည့်လျှင် ဟုတ်သလိုလို ထင်မှတ်ဖွယ်ရှိသော်လည်း တကယ်လေးလေးနက်နက် စဉ်းစားသောအခါ ဖွဲ့ပုံထဲဒုတ်စိုက်သကဲ့သို့ ခိုင်မာခြင်း၊ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရမည်ဖြစ်ပေသည်။

စုဒိတက၏ အယူအဆအတိုင်း စဉ်းစားလျှင် လှူချင်၍လှူရာ၌ လှူချင်ခြင်းသည် ကိလေသဝဋ်၊ လက်တွေ့လှူဒါန်းခြင်းသည် ကမ္မဝဋ်၊

http://www.dhammadownload.com


အလှူရှင် ဖြစ်ရခြင်း (ဒါနရှင်ဖြစ်ရခြင်း)သည် ဝိပါကဝဋ်ဟု ဆိုရပေတော့မည်။

လှူချင်သော သဘောသည် တဏှာမဟုတ်၍ ကိလေသဝဋ် မဟုတ်ပေ။ လှူခြင်းသည် ကမ္မဝဋ်ဖြစ်သော်လည်း နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းလျှင် ကမ္မဝဋ်ဟု မဆိုနိုင်ပေ။ အလှူရှင် (ဒါနရှင်) သည် ဝိပါကဝဋ် မဟုတ်ပေ။

မကောင်းသော ခိုးမှုပြုရာ၌ မကောင်းတာတွေချည်း ဖြစ်၍ ရွံဖွယ် စက်ဆုပ်ဖွယ်ဖြစ်သော်လည်း လှူခြင်းဟူသော ဒါနကောင်းမှုက မိမိ၏ ပစ္စည်းကို ပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်တို့အား ပေးကမ်းဝေငှခြင်း၊ ချမ်းသာအောင် ပြုခြင်းကြောင်း အကောင်းချည်း ဖြစ်ပေသည်။

သီလဆောက်တည်ရာ၌လည်း စုဒိတကအလို သီလစောင့်လိုခြင်း (ဥပုသ်စောင့်လိုခြင်း)သည် ကိလေသဝဋ်၊ သီလစောင့်, ဥပုသ်စောင့်ခြင်း သည် ကမ္မဝဋ်၊ သီလစောင့်ထိန်းသူ (မှားယွင်းသော ကာယကံမှု ဝစီကံမှု တို့မှ ရှောင်ကြဉ်၍ အပြစ်ကင်းအောင် နေထိုင်သူ) သည် ဝိပါကဝဋ်ဖြစ်ရ ပေသည်။

ဤသို့ဆိုလျှင် သီလစောင့်ထိန်းခြင်း (ကိုယ်မှု နှုတ်မှု မမှားယွင်း အောင် နေထိုင်ခြင်း) သည် မိမိအတွက်လည်း အပြစ်ကင်း၊ ပတ်ဝန်းကျင် လောကကိုလည်း မိမိနှင့်စပ်လျဉ်း၍ မည်သည့်ဘေးအန္တရာယ်မှ မဖြစ်စေ ခြင်းကြောင့် သီလကုသိုလ်သည် အများကောင်းကျိုး ဆောင်သည့်တရား (ဗဟုဇနဟိတ၊ ဗဟုဇနသုခ၊ လောကာနုကမ္ပာ) ဖြစ်၍ လောကသားတို့ကို အကောင်းဆုံး အကျိုးပြုသည့် တရားဖြစ်ပေသည်။

## နောင်ဘဝအကျိုး မျှော်ကိုး

ဒါနပြုရာ သီလဆောက်တည်ရာတို့၌ နောင်ဘဝကောင်းကျိုးကို မျှော်ကိုးသည် ဖြစ်စေ၊ ယခုဘဝ ကောင်းကျိုးကို မျှော်ကိုးသည်ပင် ဖြစ်စေ အပြစ်ကင်းသည်သာ ဖြစ်သည်။

http://www.dhammadownload.com


စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် မိမိ၏ပစ္စည်းကို သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲခြင်းဖြစ်၍ အများကောင်းကျိုးကိုဆောင်သည့် အမှုဖြစ်သည်။ ဗဟုဇနဟိတ ဗဟုဇနသုခ လောကာနုကမ္ပာ တရားပင်ဖြစ်သည်။

စုဒိတက,က နောင်ဘဝဆိုတာမရှိ၍ နောင်ဘဝကောင်းကျိုးမျှော်ကိုး လှူဒါန်းခြင်းသည် အမှားဟုဆိုထားရာ နောင်ဘဝ တကယ်မရှိဘူးဆိုလျှင်လည်း ယခုဘဝစွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် အများကောင်းကျိုးကို ဆောင်သည်သာဖြစ်သည်။

အကယ်၍ နောင်ဘဝရှိသည်ဆိုလျှင်လည်း ဤဒါနကုသိုလ်သည် နောင်ဘဝအတွက် အထောက်အကူပြုမည့်, ကောင်းကျိုးပေးမည့်ကုသိုလ်သာ ဖြစ်သည်။ ထို့ကြောင့် နောင်ဘဝ မရှိဟု ယူဆသူအတွက်ရော နောင်ဘဝရှိသည်ဟု ယူဆသူအတွက်ပါ လွန်စွာကောင်းကျိုးဆောင်မည့် အလုပ်ဖြစ်ပေသည်။

ထိုနည်းတူစွာ သီလသည်လည်း သူတစ်ပါးတို့အား ဆင်းရဲဒုက္ခလုံးဝမဖြစ်စေသောကြောင့် နောင်ဘဝရှိသည်ဟု ယူဆသူအတွက်ရော နောင်ဘဝမရှိဟု ယူဆသူအတွက်ပါ လွန်စွာကောင်းသည့် အမှုသာဖြစ်သည်။

## အဓမ္မဝါဒသာဖြစ်

ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် စုဒိတက၏ ဟောပြောချက်, ရေးသားချက်တို့သည် လည်းကောင်း၊ ယင်းနှင့်အလားတူသော ရေးသားချက်, ဟောပြောချက်များသည် လည်းကောင်း အဓမ္မဝါဒသာ ဖြစ်သည်။

## အမှတ် (၃) စောဒနာ၊ သောဓနာ စိစစ်ချက်

စောဒက ဆရာတော်များက စုဒိတက၏ "ရှစ်ပါးသီလကတော့ ဘုန်းကြီးအနားမှာ တရားနာတဲ့အခါမှာ ပြည့်စုံရမည့်အချက်ကြီး (၈) ချက် စည်းမျဉ်းဗျာ၊ တရားနာတဲ့အခါ စည်းမျဉ်း (၈) ချက်နဲ့ တရားနာရတယ်။

http://www.dhammadownload.com


တရားနာပြီးသွားရင် အဲဒီသီလဟာ ခင်ဗျားတို့ကိုယ်မှာ အသက်မဝင်တော့ ဘူး၊ မပါတော့ဘူး”ဟု မဂ္ဂင်ရှစ်ပါးစာအုပ်ပါ ရေးသားချက်၊ ဟောပြောချက် သည် ပိဋကတ်တော်နှင့် ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါ မည့်အကြောင်း တင်ပြစောဒနာကြပေသည်။

စုဒိတက,က ယင်းစောဒနာနှင့်စပ်လျဉ်း၍ ရှင်းလင်းချေပရာတွင်-

သီလ၏ မူရင်းအနက်သည် “ကျောက်တောင်”ဖြစ်ကြောင်း၊ “သီလာ”မှ “သီလ”သို့ ပြောင်းလာသော စကားဖြစ်ကြောင်း၊ ကျောက် တောင်သည် ဘယ်အချိန်အခါမရွေး တည်ရာမှမရွေ့သကဲ့သို့ မရွေ့လျား ရမည့်အရာချင်း တူတာဖြစ်လို့ “သီလ”ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ လူသား အဖွဲ့အစည်းရဲ့အပေါ်မှာ ကိုယ်နှုတ်နှလုံးတွေကို စောင့်ထိန်းလိုက်နာခြင်း သည် သီလဖြစ်ကြောင်း၊ အလေ့အထအရ လိုက်နာတာ၊ အကြောက် အမျှော်တွေကြောင့် လိုက်နာတာ၊ အလွန်အကျူးခံရသူကို အားနာသနား လို့ လိုက်နာတာတွေဟာ (သီလစောင့်ထိန်းတာတွေဟာ) ဗုဒ္ဓရဲ့လမ်းညွှန် ချက်ဖြစ်ဖို့ ခဲယဉ်းပါကြောင်း၊ ကိုယ်မှု နှုတ်မှု နေမှု ကျူးလွန်လျှင် ကျူးလွန် သူမှာ ဒုက္ခရောက်မယ်ဆိုတဲ့ (ဒုက္ခအမြင်နှင့်) မကျူးလွန်ဘဲ စောင့်ထိန်း ခြင်းသည်သာ သီလမည်ပါသည်။

ရလိုမှု အသိအမြင်၊ ဖြစ်ပျက်အသိအမြင်၊ ဖြစ်ပျက်ငြိမ်းရာ အသိ အမြင်နှင့် သီလကိုစောင့်ထိန်းတာမျိုး မဖြစ်သင့်ကြောင်း၊ ဥပေါသထသီလ ဆိုတာ ဥပ+ဝသထ+သီလ-ပုဒ်တို့ကို သဒ္ဒါနည်းဖြင့် ဖွဲ့စည်းလိုက်သဖြင့် “ဥပေါသထသီလ”ဖြစ်လာကြောင်း၊ အဓိပ္ပါယ်မှာ တရားဓမ္မ နာကြားသည်၏ အစွမ်းဖြင့် ရဟန်းတော်များ၏ အနီးအပါးမှာ ကပ်နေသောအခါ ခိုင်မြဲစွာ ရပ်တည်ရမည့် စည်းကမ်းချက်များကို ဥပေါသထ (ဥပုသ်)သီလဟု ခေါ်ခြင်းပင်ဖြစ်ကြောင်း၊ ရဟန်းတော်အနီးအပါးကပ်၍ တရားနာခြင်းကိစ္စ ပြီးဆုံးသည်အထိ စောင့်ထိန်းရမှာဖြစ်ကြောင်း၊ ဒီသီလတွေက အခြေအနေ အချိန်အခါအလျောက် မရွေ့မလျား မြဲမြံစွာ စောင့်ထိန်းရမယ့် စည်းကမ်း

http://www.dhammadownload.com


ချက်တွေပင်ဖြစ်ကြောင်း၊ ယင်းသတ်မှတ်အခြေအနေ အချိန်အခါက ကျော်လွန်သွားက မြဲမြံစွာ စောင့်စည်းရမည့် စည်းကမ်းချက် မဟုတ်တော့ပါကြောင်းဟု တင်ပြထားပေသည်။

## စုဒိတက၏ ဆိုလိုချက်

(က) သီလဆိုတာ သီလာဟူသော ပါဠိစကားမှ ပြောင်းလာသော စကားဖြစ်၍ ကျောက်တောင်ကဲ့သို့ မြဲမြံစွာ စောင့်ထိန်းရမည့် အရာဟု ဆိုလိုသည်။

(ခ) ထိုသီလကို စောင့်ထိန်းရာ၌ အလေ့အထအရ စောင့်ထိန်းခြင်း၊ အကြောက်အမျှော်အခြေခံကြောင့် စောင့်ထိန်းခြင်း၊ တစ်ဖက်သားကို အားနာသနား၍ စောင့်ထိန်းခြင်းသည် ဗုဒ္ဓ၏ လမ်းညွှန်ချက် မဟုတ်။

(ဂ) သီလကို ဖောက်ဖျက်ပြီး ကျူးလွန်လျှင် ကျူးလွန်ခံရသူမှာ ဒုက္ခရောက်လိမ့်မယ် ဟူသော ဒုက္ခအမြင်ဖြင့် စောင့်ထိန်းမှသာ ဗုဒ္ဓ၏ လမ်းညွှန်ချက်နှင့် ညီညွတ်သည်။

(ဃ) ဥပေါသထသီလ=ဥပုသ်သီလ (ရှစ်ပါးသီလ)သည် ရဟန်းတော်များထံ ချဉ်းကပ်၍ တရားနာနေစဉ်အခါသာ ထိန်းသိမ်းရမည့် သီလဖြစ်သည်။ အခြေအနေ အချိန်အခါကျော်လွန်သွားသော အခါ (တရားနာပြီးသောအခါ) မြဲမြံစွာ စောင့်စည်းရမည့် စည်းကမ်းချက်များ မဟုတ်တော့--

ဟူ၍ စုဒိတက၏ ဆိုလိုရင်းကို ကောက်ချက်ချ၍ ရပေသည်။

## စိစစ်သုံးသပ်ချက်

(က) သီလာမှ သီလသို့ ပြောင်းသည်။

(ခ) သီလာသဒ္ဒါ ကျောက်တောင်အနက်ကိုဟောသည်ဟု စုဒိတကက တင်ပြထားပေသည်။

http://www.dhammadownload.com


## (က) သီလာမှ သီလသို့ပြောင်း

သီလသဒ္ဒါ၏ အနက်တို့ကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ဖော်ပြလတ္တံ့ပါ အတိုင်း ဖွင့်ဆိုထားပေသည်-

ကေနဋ္ဌေန သီလန္တိ သီလနဋ္ဌေန သီလံ။ ကိမိဒံ သီလနံ နာမ။ သမာဓာနံ ဝါ၊ ကာယကမ္မာဒီနံ သုသီလျဝသေန အဝိပ္ပကိဏ္ဏတာတိ အတ္ထော။ ဥပဓာရဏံ ဝါ၊ ကုသလာနံ ဓမ္မာနံ ပတိဋ္ဌာနဝသေန အာဓာရဘာဝေါတိ အတ္ထော။ ဧတဒေဝ ဟေတ္ထ အတ္ထဒွယံ သဒ္ဒလက္ခဏဝိဒူ အနုဇာနန္တိ။ အညေ ပန သိရဋ္ဌော သီလတ္ထော၊ သီတလဋ္ဌော သီလတ္ထောတိ ဧဝမာဒိနာပိ နယေနေတ္ထ အတ္ထံ ဝဏ္ဏယန္တိ။ (ဝိသုဒ္ဓိ-၁၊ ၈)

ဤအဖွင့်အရ သီလသဒ္ဒါသည် သီလဓာတ်+အ-ပစ္စည်းဖြင့်ပြီး သော ပုဒ်ဖြစ်သောကြောင့်-

(က) ကာယကံစသည်တို့ကို အပြစ်မဖြစ်အောင်၊ ပရမ်းပတာမဖြစ် အောင် ကောင်းမွန်စွာထားခြင်းသည် လည်းကောင်း၊

(ခ) ကုသိုလ်တရားတို့၏ ကောင်းစွာတည်ရာဖြစ်၍ ထိုကုသိုလ်တရား တို့ကို ကောင်းစွာဆောင်ထားခြင်းသည်လည်းကောင်း သီလမည် ၏ဟု သိရသည်။

ထို့ပြင်-

(ဂ) ဦးခေါင်းနှင့်တူသောကြောင့် သီလမည်၏။ (ဦးခေါင်းမရှိသော သတ္တဝါသည် အသက်မရှင်နိုင်၊ အသေကောင်သာဖြစ်သကဲ့သို့ ကိုယ်ကျင့်သီလပျက်စီးနေသောပုဂ္ဂိုလ်သည် မိမိကောင်းကျိုး လောကကောင်းကျိုးတို့ကို မဆောင်နိုင်သောကြောင့် သူသေ ကောင်နှင့် တူသည်။ ဦးခေါင်းရှိမှ အသက်ရှင်နိုင်သည်။ အသက် ရှင်မှ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်နိုင်သည်။

http://www.dhammadownload.com


ဦးနှောက်ကောင်း၊ ဉာဏ်ထက်မြက်သောပုဂ္ဂိုလ်သည် မိမိအကျိုး၊ အများအကျိုးကို ဆောင်နိုင်သကဲ့သို့ ကိုယ်ကျင့်သီလ ကောင်းမွန်သော ပုဂ္ဂိုလ်သည် မိမိအကျိုး သူတစ်ပါးအကျိုး အများအကျိုးကို ဆောင်ရွက်နိုင်သောကြောင့် သီလသည် ဦးခေါင်းနှင့်တူသည်၊ ဦးခေါင်းနှင့်တူသောကြောင့် သီလဟု ဆိုရသည်။ ဤအလိုသီသမှ သီလသို့ပြောင်းသည်။

(ဃ) အေးမြချမ်းသာသောကြောင့် (ဝါ) အေးမြချမ်းသာကြောင်း ဖြစ်သောကြောင့် သီလမည်၏။

သီလလုံခြုံသော (ဝါ) ကိုယ်ကျင့်ကောင်းသော (ဝါ) စည်းနှင့်ကမ်းနှင့် နေထိုင်ပြောဆို ပြုလုပ်တတ်သောပုဂ္ဂိုလ်သည် မိမိလည်း ချမ်းသာအေးမြ၊ သူတစ်ပါးတို့ကိုလည်း ချမ်းသာ အေးမြစေတတ်၏။ ထိုသို့သော ကိုယ်မှု၊ နှုတ်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် သီလမည်၏။ ဤအလို သီတလ မှ တ-ပျောက်၍ သီလ ဖြစ်သည်။

ကျမ်းဂန်တို့၌ ဤသို့ပြဆိုထားရာ စုဒိတကပုဂ္ဂိုလ်တင်ပြသော သီလာမှ သီလသို့ပြောင်းလဲသော ဝေါဟာရဖြစ်သည် ဟူသောတင်ပြချက်သည် ကျမ်းဂန်ထွက်စကား မဟုတ်ပါပေ။ မိမိ၏ အတွေးအကြံဖြင့် ယူဆထားခြင်းသာ ဖြစ်သည်။

## (ခ) သီလာ သဒ္ဒါ ကျောက်တောင်အနက် မဟော

စုဒိတကပုဂ္ဂိုလ်က သီလာသဒ္ဒါသည် ကျောက်တောင်အနက်ကို ဟောကြောင်း၊ ကျောက်တောင်သည် မရွေ့မလျား မြဲမြံတည်တံ့သကဲ့သို့ ကိုယ်မှု၊ နှုတ်မှုတို့ကို မရွေ့မလျား မြဲမြံစွာစောင့်ထိန်းရမည်ဖြစ်သောကြောင့် သီလ မည်၏ဟုချေပခဲ့ရာ သီလာသဒ္ဒါ ကျောက်တောင်အနက် ဟောကြောင်း ပိဋကတ်တော်၌ မရှိပေ။

http://www.dhammadownload.com


ပိဋကတ်တော်၌ သိလာ-သဒ္ဒါသည်-

(၁) ကျောက်တုံး ကျောက်ခဲ (ဝိ-၁၊ ၁၀၅။ အပ-၁၊ ၃၄၈ စသည်)

(၂) သလင်းကျောက်၊ စလင်းကျောက် (အံ၊ ၅-၃၊ ၂၂၀။ အဘိ၊ ၅-၂၊ ၆၀ စသည်) ဟူသော အနက်တို့ကိုသာ ဟောပေသည်။ "ကျောက်တောင်" အနက်ကို လုံးဝမဟောပေ။

(ဓမ္မာစရိယ ငါးဘွဲ့ရပုဂ္ဂိုလ်ဖြစ်ပါလျက် ပါဠိအမှား၊ အမှန်ကိုပင် မဝေခွဲနိုင်သည်မှာ အံ့သြဖွယ်ကောင်းပါပေစွ၊ သိလာ+ဏ=သေလ ကျောက်ဖြင့်ပြီးသော သေလ-သဒ္ဒါမှသာ ကျောက်တောင်အနက်ဟောသည်)။

## (ဂ) သီလစောင့်ထိန်းခြင်း

စုဒိတက က အလေ့အထအရ သီလစောင့်ထိန်းခြင်း၊ အကြောက်အမျှော်ဖြင့် သီလစောင့်ထိန်းခြင်း၊ အားနာသနား၍ သီလစောင့်ထိန်းခြင်းသည် ဗုဒ္ဓနည်းကျမဟုတ်ပေ။ မိမိက သီလကို ဖောက်ဖျက်၍ မပြုသင့်သော ကိုယ်,နှုတ် လွန်ကျူးမှုကိုပြုလုပ်လိုက်လျှင် ပြုလုပ်ခံရသူ (လွန်ကျူးခံရသူ) ဒုက္ခဖြစ်မည်ကို မြင်၍ ထိုဒုက္ခအမြင်ဖြင့် စောင့်ထိန်းမှုသာ ဗုဒ္ဓအလိုကျ ဖြစ်သည်ဟု ရှင်းလင်းချေပထားသည်။

ထို တင်ပြချက်ကို စိစစ်အံ့ -

ကုသိုလ်တရားမှန်သမျှ (မည်သည့်ကုသိုလ်ဖြစ်ဖြစ်) မိမိကိုလည်း အပြစ်ကင်းစေသည်။ သူတစ်ပါးတို့၏ ကောင်းကျိုးကိုလည်း ဖြစ်စေ၏။ ထို့ကြောင့် အနဝဇ္ဇ=အပြစ်ကင်းခြင်း၊ သုခဝိပါက=ကောင်းကျိုးကိုဖြစ်စေခြင်း ဟူသော လက္ခဏာရှိမှသာ ကုသလ=ကုသိုလ်ဟု ခေါ်သည်။

ချဲ့ဦးအံ့-

သူတစ်ပါးအသက်ကို မသတ်ဘဲ ရှောင်ကြဉ်သူသည် မိမိအတွက်လည်း အပြစ်ကင်း၏။ မိမိကို အကြောင်းပြု၍ အခြားသူ (လူနှင့်တိရစ္ဆာန်စသည်) တို့လည်း အသတ်ခံရခြင်းအန္တရာယ်မှ လွတ်ကင်း၏။

http://www.dhammadownload.com


ထို့အတူ သူတစ်ပါးဥစ္စာကိုမခိုးဘဲ ရှောင်ကြဉ်နေခြင်းကြောင့် မိမိလည်း အပြစ်ကင်း၏။ အခြားတစ်ပါးသူတို့လည်း ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းဘေးအန္တရာယ်မှ ကင်းလွတ်ချမ်းသာရ၏။

ဤသို့စသည်ဖြင့် သီလကုသိုလ်သည် မိမိကိုလည်း အပြစ်ကင်းစေ၏။ သူတစ်ပါးတို့ကိုလည်း အပြစ်ကင်းစေ၏။ ဒုစရိုက်အပေါင်းမှ ကင်းဝေးသဖြင့် လောကသားတို့ကို သာယာချမ်းမြစေ၏။ ငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်၏။ ဗဟုဇနဟိတ၊ ဗဟုဇနသုခ၊ လောကာနုကမ္ပာ ဖြစ်၏။

မည်သို့သော အကြောင်းကြောင့် ကိုယ်မှု၊ နှုတ်မှုတို့ကို စောင့်ထိန်းသည်ဖြစ်စေ၊ ထိုစောင့်ထိန်းမှုသီလသည် မိမိနှင့်မိမိပတ်ဝန်းကျင်လောကကြီးကို သတ်မှု၊ ခိုးမှု၊ ကာမသောင်းကျန်းမှု၊ လိမ်ညာမှု၊ ချောပစ်ကုန်းတိုက်မှု၊ လုယက်တိုက်ခိုက်မှု၊ မတရားလုပ်မှု၊ ရန်ငြိုးအာယာတဖွဲ့မှု၊ အယူအမြင် မှားယွင်းမှုတို့မှ ကင်းဝေးစေသောကြောင့် ကောင်းကျိုးဆောင်သော တရားသာဖြစ်သည်။

ထို့ကြောင့် ရှစ်ပါးသီလတွင် အပါအဝင်ဖြစ်သော ငါးပါးသီလကို ဘုရားရှင်က ဖော်ပြပါအတိုင်း ဂုဏ်တင်ဟောကြားခဲ့ပေသည်-

> ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ အဂ္ဂညာနိ ရတ္တညာနိ ဝံသညာနိ ပေါရာဏာနိ အသံကိဏ္ဏာနိ အသံကိဏ္ဏပုဗ္ဗာနိ န သံကိယန္တိ န သံကိယိဿန္တိ၊ အပ္ပဋိကုဋ္ဌာနိ သမဏေဟိ ဗြာဟ္မဏေဟိ ဝိညူဟိ။ ကတမာနိ ပဉ္စ? ဣဓ ဘိက္ခဝေ အရိယသာဝကော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ အရိယသာဝကော အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ ဒေတိ၊ အဗျာပဇ္ဈံ ဒေတိ။ အပရိမာဏာနံ သတ္တာနံ အဘယံ ဒတွာ အဝေရံ ဒတွာ အဗျာပဇ္ဈံ ဒတွာ အပရိမာဏဿ အဘယဿ အဝေရဿ အဗျာပဇ္ဈဿ ဘာဂီ ဟောတိ။
>
> (အံ-၃၊ ၇၆။ အဘိ-၄၊ ၂၅၆။)

http://www.dhammadownload.com


ရဟန်းတို့ မြင့်မြတ်၏ ဟု သိအပ်ကုန်သော ရှည်လျားစွာသော ကာလက ဖြစ်ပေါ်ခဲ့သည်ဟု သိအပ်ကုန်သော ဘုရားအစရှိသော သူတော်ကောင်းတို့၏ ကျင့်ရိုးကျင့်စဉ်ဟု သိအပ်ကုန်သော ရှေးရှေး ကာလများစွာကပင် ဖြစ်ပေါ်ခဲ့ကုန်သော ယခုလည်း မပစ်ပယ်အပ်၊ ရှေးရှေးကာလတုန်းကလည်း မပစ်ပယ်အပ်ကုန်သော ပညာဉာဏ်ရှိကြသည့် သမဏ၊ ဗြာဟ္မဏ (သူတော်စင် သူတော်မြတ်)တို့သည် မစက်ဆုပ်အပ်ကုန်သော ဤငါးမျိုးသော မဟာဒါနတို့ကို ယခုလည်း မပစ်ပယ်အပ်ကုန်။ နောင်တွင်လည်း မပစ်ပယ်အပ်ကုန်လတ္တံ့။ အဘယ် ငါးပါးတို့နည်းဟူမူ ရဟန်းတို့-ဤသာသနာတော်၌ အရိယာသာဝကသည် သူတစ်ပါးအသက်သတ်ခြင်းကို ပယ်၍ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့၊ သူတစ်ပါးအသက် သတ်ခြင်းကို ပယ်စွန့်၍ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်သော အရိယာသာဝကသည် အပိုင်းအခြားမရှိလောက်အောင် များပြားလှစွာကုန်သော သတ္တဝါတို့အား ဘေးကင်းခြင်းအလှူကိုပေး၏။ ရန်ကင်းခြင်း အလှူကိုပေး၏။ ဆင်းရဲကင်းခြင်းအလှူကိုပေး၏။ အပိုင်းအခြား မရှိလောက်အောင်ပင် (ရေတွက်၍ မရလောက်အောင်) များပြားလှစွာသော သတ္တဝါတို့အား ဘေးကင်း ခြင်းအလှူ ရန်ကင်းခြင်း အလှူ၊ ဆင်းရဲကင်းခြင်းအလှူကို ပေးလှူခြင်းကြောင့် ရေတွက်၍ မရလောက်အောင် များပြားသော ဘေးကင်းခြင်း၊ ရန်ကင်းခြင်း အကျိုးကို ရ၏။

ဤသို့စသည်ဖြင့် ငါးပါးသီလ၏ အကျိုးတို့ကို ဟောပြတော်မူခဲ့၏။ မိမိကိုလည်းကောင်း၊ လောကသားတို့ကိုလည်းကောင်း ဘေးကင်းအောင်၊ ရန်ကင်းအောင်၊ ဆင်းရဲကင်းအောင် ဆောင်ရွက်ခြင်းဟူသော ငါးပါးသီလကို ရှေးရှေးဘုရားရှင်များနှင့် သူတော်ကောင်းပညာရှိတို့ မပယ်ခဲ့သလို ယခုပစ္စုပ္ပန် မျက်မှောက်ကာလ၌ ပွင့်ဆဲဖြစ်သောဘုရားနှင့် အသိဉာဏ်ရှိကြသော သူတော်စင်သူတော်မြတ်တို့လည်း မပစ်ပယ်အပ်ကုန်၊ နောင်ပွင့်ကြမည့် ဘုရားများနှင့် အသိဉာဏ်ရှိကြသော သူတော်ကောင်းပညာရှိတို့လည်း ပစ်ပယ်မှု ပြုကြလိမ့်မည်မဟုတ်ဟု မိန့်ကြားတော်မူပေသည်။

http://www.dhammadownload.com


ထို့ကြောင့် မည်သည့်ရည်ရွယ်ချက်ဖြင့် သီလစောင့်စောင့်၊ ထိုစောင့်ထိန်းထားသော သီလသည် သီလစောင့်သူကို ကောင်းကျိုး အဖြာဖြာရစေသကဲ့သို့ ပတ်ဝန်းကျင်လောကတည်းဟူသော လူအပေါင်း ကိုလည်း ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ကို ရစေတတ်သောကြောင့် အသိဉာဏ်ရှိသူတို့ လွန်စွာမြတ်နိုးအပ် အလေးအမြတ်ပြုအပ်သော အမှုများ ဖြစ်ပေသည်။

ဤသို့ သီလသည် ကောင်းကျိုးများစွာကို ဆောင်တတ်သော ကြောင့် သီလ၏ ကျေးဇူးများကို ဘုရားရှင်များစွာ ဟောတော်မူခဲ့ပေသည်။

သီလကိုစောင့်ထိန်းသဖြင့် သီလနှင့်ပြည့်စုံသောသူသည် စီးပွား ဥစ္စာတိုးတက်ခြင်း၊ ကောင်းသောသတင်းကျော်စောခြင်း၊ ပရိသတ်အလယ် ရဲရင့်ခြင်း၊ မျက်နှာပွင့်ခြင်း၊ မတွေမဝေ စိတ်ကြည်ကြည်လင်လင်ဖြင့် သေရခြင်း၊ သေပြီးနောက်ကောင်းမြတ်သော ဘဝသို့ရောက်ရခြင်း။

(ဒီ-၂၊ ၇၃)

အတူနေပုဂ္ဂိုလ်တို့၏ ချစ်ခင်ကြည်ညိုလေးစားမှုကို ခံရခြင်း၊ မိမိကို ပေးကမ်းလှူဒါန်းကြသူတို့အား ကောင်းကျိုးများစွာကို ရစေခြင်း၊ တမလွန် ဘဝသို့ရောက်သွားသော ပုဂ္ဂိုလ်တို့ကိုပင် ချမ်းသာစေနိုင်ခြင်း၊ အလိုရမက် တဏှာကို ထိန်းချုပ်နိုင်ခြင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ရနိုင်ခြင်း၊ အပျင်းတရား, အကြောက်တရားတို့ကို ပယ်ရှားနိုင်ခြင်း၊ ဈာန်, မဂ်, ဖိုလ်တရားတို့ကို ရရှိစေနိုင်ခြင်း၊ သံသရာဝဋ်မှ လွတ်မြောက် စေနိုင်ခြင်း။ (အံ၊၃၊ ၃၆၁၊ ၃၆၂) စသော ကောင်းကျိုးအမျိုးမျိုးတို့ကို ရစေနိုင်ပေသည်။

ဤမျှလောက် မြင့်မြတ်၍ လူ့အရည်အသွေးကို မြင့်မားစေနိုင်, လောကသားတို့၏ ကောင်းကျိုးများကို အမျိုးမျိုးပေးနိုင်သည့် သီလကို အလေ့အထအရ သီလစောင့်ခြင်းသည် ဗုဒ္ဓနည်းကျမဟုတ်၊ အကြောက် အမျှော်ဝါဒဖြင့် သီလစောင့်ခြင်းသည် ဗုဒ္ဓနည်းကျမဟုတ် စသည်ဖြင့် ဟောပြောခြင်း ရေးသားခြင်းသည် လူ့အရည်အသွေးကောင်းကို

http://www.dhammadownload.com


ဖျက်ဆီးခြင်း၊ လောကကို ဆင်းရဲတွင်းသို့ တွန်းချခြင်း၊ လောက၏ သာယာငြိမ်းချမ်းခြင်းကို ဖျက်ဆီးခြင်း၊ မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့ကို ဖျက်ဆီးခြင်းသာဖြစ်၍ မိစ္ဆာဝါဒသာ ဖြစ်ပေသည်။

## ဥပေါသထသီလ (ဥပုသ်သီလ)

ရှစ်ပါးသီလကို ရဟန်းတော်များထံ ချဉ်းကပ်၍ တရားနာနေစဉ် အခါသာ ထိန်းသိမ်းရသည့် သီလဖြစ်သည်။ အခြေအနေ အချိန်အခါကို ကျော်လွန်သွားသောအခါ (တရားနာပြီးသောအခါ) မြမြံစွာ စောင့်စည်းရမည့် စည်းကမ်းချက်များ မဟုတ်တော့-ဟူသော စုဒိတက၏ အယူအဆသည်လည်း မိမိ၏မှားယွင်းသော မိစ္ဆာဉာဏ်ဖြင့် မိမိလိုရာဆွဲပြီး ဟောပြော, ရေးသားသော အတွေးမှား, အပြောမှား, အရေးမှားများသာ ဖြစ်သည်။

စုဒိတကသည် မေ့ွာစရိယင်းပါးဘွဲ့ ရထားသည့်ဟု ဆိုသော်လည်း ဥပေါသထ၏အဓိပ္ပါယ်ကို အမှန်အကန် သိမြင်ခြင်း၊ လက်ခံခြင်း မရှိပေ။

ဥပေါသထ သဒ္ဒါသည်-

(၁) ဥပုသ်နေ့

(၂) ဥပုသ်စောင့်သုံးခြင်း

(၃) ဥပုသ်သီလ စသည်ဖြင့် အနက်ခြောက်မျိုးဟောကြောင်း ကျမ်းဂန်တို့၌ ပြဆိုထားပေသည်။ ဤ၌ ဥပုသ်သီလနှင့် ဥပုသ်စောင့်သုံးခြင်းတို့၏ အဓိပ္ပါယ်ကို ကျမ်းဂန်တို့မှ ထုတ်နုတ်၍ အနည်းငယ် တင်ပြလိုပေသည်။

## ဥပုသ်သီလ

သမာဒါနဝသေန အဓိဋ္ဌာနဝသေန ဝါ၊ ဥပေစ္စ အရိယဝါသာ
ဒိအတ္ထံ ဝသိတဗ္ဗတော ဥပေါသထော သီလံ။

(ဒီ၊ ဋ္ဌ-၁၊ ၂၁၁။ သီ၊ ဋီ၊ သစ်-၂၁၁)

တစ်စုံတစ်ယောက် အထံမှာဖြစ်စေ၊ မိမိဘာသာ ဘုရားရုပ်ပွားတော်စသည်၏ ရှေ့မှောက်မှာဖြစ်စေ သူတစ်ပါးအသက်ကို သတ်ခြင်းမှ

http://www.dhammadownload.com


ရှောင်ကြဉ်ပါ၏။ နေ့လွဲအခါ အစားအစာ စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏ စသည်ဖြင့် ပါဠိဘာသာဖြင့်ဖြစ်စေ၊ မိမိနှစ်သက်ရာဘာသာဖြင့်ဖြစ်စေ နှုတ်ဖြင့်ပြောဆို၍ ဆောက်တည်အပ်သော သီလ၊ နှုတ်ဖြင့်ထုတ်မဆိုသော်လည်း ပါဏာတိပါတ စသော အမှုတို့ကို လုံးဝမပြုပါဟု စိတ်ဖြင့် အဓိဋ္ဌာန်၍ စောင့်အပ်သောသီလကို ဥပုသ်သီလဟု ခေါ်သည်။

ထိုသို့နှုတ်ဖြင့်ဆိုကာ ဆောက်တည်၍ ဖြစ်စေ၊ စိတ်ဖြင့်အဓိဋ္ဌာန်၍ဖြစ်စေ ဆောက်တည်အဓိဋ္ဌာန်ပြုပြီး ပါဏာတိပါတစသော ရှစ်ပါးသော သိက္ခာပုဒ်တို့ကို မကျူးလွန်ဘဲ ထိန်းသိမ်းစောင့်ရှောက် နေထိုင်ခြင်းကို "ဥပုသ်သီလစောင့်ခြင်း" ဟုခေါ်သည်။

> အနသနာဒိဝသေန ဥပေစ္စ ဝသိတဗ္ဗတော အနုဝသိတဗ္ဗတော ဥပေါသထော၊ ဥပဝါသောတိ သမာဒါနံ။
>
> (ဒီ၊ ဋီ၊-၁၊ ၂၁၁။ သီ၊ ဋီ၊ သစ်-၂၊ ၁၁)

## ကာလပရိယန္တသီလ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပထမတွဲ၊ ၁၂) ၌ သီလသည် ကာလအပိုင်းအခြားဖြင့် စောင့်ရှောက်ထိန်းသိမ်းအပ်သော (စောင့်ထိန်းကောင်းသော) သီလ, အသက်ထက်ဆုံး စောင့်ထိန်းအပ်သောသီလဟု နှစ်မျိုးပြရာ ရှစ်ပါးသီလ, ကိုးပါးသီလတို့သည် ကာလပိုင်းခြား၍ စောင့်ထိန်းကောင်းသောကြောင့် ကာလပရိယန္တသီလ မည်၏။ ငါးပါးသီလသည်ကား အသက်ထက်ဆုံး စောင့်ထိန်းအပ်သောကြောင့် အာပါဏကောဋိက သီလမည်၏။

**အထူးမှတ်ချက်။** ရှစ်ပါးသီလ, ကိုးပါးသီလတို့သည် တစ်နေ့လုံး မစောင့်နိုင်ခဲ့သော် မိမိစောင့်ထိန်းနိုင်မည့် ကာလကို ပိုင်းခြား၍ ထိုကာလအတွင်း စောင့်ထိန်းကောင်းသောကြောင့် ကာလပရိယန္တသီလကိုဟု ဆိုရသည်။ အသက်ထက်ဆုံး မစောင့်ကောင်း, မထိန်းကောင်းသောကြောင့် ကာလပရိယန္တသီလဟု ဆိုသည်

http://www.dhammadownload.com


မဟုတ်ပေ။ မှန်၏။ အနာဂါမ်လူဝတ်ကြောင်များသည် ထိုရှစ်ပါး သီလ, ကိုးပါးသီလကို အသက်ထက်ဆုံး စောင့်ထိန်းကြပေ သည်။ ထို့ကြောင့် ကာလပရိယန္တသီလဟု ဆိုသဖြင့် တစ်သက် လုံး မစောင့်ကောင်းဟု မမှတ်ရ။

## တစ်သက်လုံးစောင့်ထိန်း

ငါးပါးသီလကား လူတို့ မလွဲမသွေ ထိန်းသိမ်းစောင့်ရှောက်ကြ ရမည့် သီလများ ဖြစ်သောကြောင့် နေ့စဉ် (တစ်သက်ပတ်လုံး) စောင့်ထိန်း ရမည့်သီလ ဖြစ်ပေသည်။

ငါးပါးသီလ (တစ်ပါးပါးကို) ကိုဖောက်ဖျက်ကျူးလွန်လျှင် အကုသိုလ်ဖြစ်သည်။ ဒုစရိုက်ဖြစ်သည် ဝရဲကြီးသည်။ ရှစ်ပါးသီလတွင် ပါဝင်သော နေ့လွဲသည့်အခါ ထမင်းအစားအစာကို မစားခြင်း၊ ပွဲလမ်း သဘင် မကြည့်ရှုခြင်း၊ သီချင်းမဆိုခြင်း၊ မတီးမမှုတ်ခြင်း၊ အမွှေးနံ့သာတို့ဖြင့် ခန္ဓာကိုယ်ကို မခြယ်သခြင်း၊ မြင့်လွန်းသောနေရာ ကောင်းမြတ်လွန်းသော နေရာတို့ဝယ် နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့သည် ကုသိုလ် သုစရိုက် ဖြစ်၍ မရှောင်ကြဉ်နိုင်၍ (ဥပုသ်စောင့်ပြီးခါမှ)ချိုးဖောက်မိလျှင်လည်း အကုသိုလ်ဒုစရိုက် မဖြစ်ပေ။

## ကာလကန့်သတ်ချက်မရှိ

ရှစ်ပါးသီလကို တရားနာနေတုန်း၌သာ စောင့်ထိန်းရမည်၊ တရား နာပြီးပါက စောင့်ထိန်းစရာ မလိုဟူသော အယူအဆနှင့် ပြောပြောချက်, ရေးသားချက်သည် မိမိဉာဏ်၏ အမြင်မှားမှုသာဖြစ်သည်။ တစ်နည်းအား ဖြင့် မိမိကိုယ်ကို အထင်ကြီးပြီး ဝါဒသစ်တစ်ရပ် ထူထောင်ခြင်းသာ ဖြစ်သည်။

အမှန်မှာ တရားနာနေတုန်းသာ စောင့်ထိန်းရမည်မဟုတ်၊ မိမိစိတ် ပိုင်းဖြတ်ထားသည့်အချိန်အထိ စောင့်ထိန်းရသည့် သီလဖြစ်သည်

http://www.dhammadownload.com


ရာသက်ပန်စောင့်ထိန်းလိုက စောင့်ထိန်းနိုင်က စောင့်ထိန်းရမည့် သီလ လည်း ဖြစ်သည်။

ထို့ကြောင့် အမှတ်(၃) စောဒနာတွင် စောဒကဆရာတော်တို့ ဖော်ပြထားသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်, ရေးသားချက်တို့သည် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် မညီညွတ်သော ကြောင့် (ဝါ) မှားယွင်းဖောက်ပြန်သော ဟောပြောချက်၊ ရေးသားချက်များ ဖြစ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်။

## အမှတ် (၄) စောဒနာ၊ သောဓနာစိစစ်ချက်

စောဒကဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဖော်ပြလတ္တံ့ပါ ရေးသားချက်, ဟောပြောချက်များကို တင်ပြ၍ အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါရန် အမှတ်(၄) စောဒနာလွှာအဖြစ် တင်ပြကြသည်။

* ပါဏာတိပါတအရ မသတ်ရဘူးဆိုတာ လူအသက် တစ်ခု တည်းဗျ၊ လူဗျာ၊ ခင်ဗျားတို့ နားထဲမှာ နည်းနည်းဆန်းသွားမှာ၊ ကျန်တဲ့ တိရစ္ဆာန်တွေ အကောင်ပလောင်တွေက တရားနဲ့ မဆိုင်ဘူး၊ သတ်ချင်သတ်၊ မသတ်ချင်နေ၊ တရားနဲ့မဆိုင်ဘူး။ (မဂ္ဂင်ရှစ်ပါး တရား)
* ပါဏာတိပါတအရ အသက်မသတ်ရဘူးဆိုတာ လူ့အသက် ပြောတာ၊ တိရစ္ဆာန်တွေအသက်ကတော့ တရားနဲ့မဆိုင်ဘူး၊ သဘောရှိပဲ၊ အသက်သတ်တဲ့အခါ အကောင်ပလောင် တွေရဲ့ အသက်ကို ဘယ်ကယူလာတာလဲဆိုတော့ ဟိန္ဒူ ဗြာဟ္မဏတွေရဲ့ တရားက ဝင်လာတာ။

(ကိုယ့်ကိုယ်သာ အားကိုးပါ)

ဖော်ပြအပ်ပြီးသော စုဒိတက၏ရေးသားချက်, ဟောပြောချက်တို့ သည် စုဒိတက၏ ဆရာဖြစ်သော မဓမ္မဝိဟာရီအရှင်ဉာဏ (အဝတ်ပြာဝတ်)

http://www.dhammadownload.com


၏ ဟောပြောချက်နှင့် တစ်ထပ်တည်းတူနေကြောင်း၊ ဓမ္မဝိဟာရီ အရှင်ဉာဏကလည်း သူရေးသားသော "ဘုရား"ဟူသော စာအုပ်တွင်-

ဘုရားဟောတဲ့ သီလမှာပါတဲ့ မသတ်ရဘူးဆိုတဲ့ အသက်ဟာ လူ့အသက်ပဲဖြစ်ပါတယ်။ တခြား အကောင်ဗလောင်တွေရဲ့ အသက်တွေ အကျုံးမဝင်ပါဘူး၊ လူမဟုတ်သူတွေရဲ့ အသက်သတ်ဖြတ်မှုဟာ ဓမ္မအရာ မဝင်တဲ့အတွက် အမှုသာ ဖြစ်ပါတယ်၊ မပြောပလောက်တဲ့ အမှုပေါ့၊ သို့မဟုတ် အမှုမမြောက်တဲ့အမှု ဖြစ်ပါတယ်" ဟု ရေးသားထားကြောင်း ကိုးကားတင်ပြထားကြပေသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်, ရေးသားချက်တို့သည် သံယုတ်အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ပါစိတျာဒိအဋ္ဌကထာ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာတို့နှင့် ညီညွတ်မှုမရှိ၍ မှားယွင်းကြောင်း စောဒကဆရာတော်များက တင်ပြကြသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက တိရစ္ဆာန်များသည် မဂ္ဂင်ရှစ်ပါးမကျင့်သုံးသည့်အတွက် ပါဏ (သတ္တဝါ) ဟူ၍ မခေါ်ရကြောင်း၊ ထိုမဂ္ဂင်ရှစ်ပါးကို မကျင့်သုံးသည့်အတွက် တိရစ္ဆာန်တို့ကို သတ်ဖြတ်သော်လည်း အပြစ် မဖြစ်နိုင်ကြောင်း၊ လူတွေကသာ မဂ္ဂင်ရှစ်ပါးကို ကျင့်သုံးသောကြောင့် လူသတ်လျှင် ပါဏာတိပါတ အကုသိုလ်ကံ ထိုက်ကြောင်း ခိုင်မာသော ပါဠိတော်အထောက်အထားကို မပြဆိုနိုင်ဘဲ မိမိ၏အယူအဆ, မိမိ၏အမြင်ကိုသာ (ဗုဒ္ဓအမြင်၊ ဗုဒ္ဓ၏ဝါဒအဖြစ်) တင်ပြထားပေသည်။

## မည်သည့်သတ္တဝါကိုမျှ မသတ်ရ

မြတ်ဗုဒ္ဓ၏ အလိုတော်အရ သက်ရှိသတ္တဝါဆိုလျှင် မည်သည့်သတ္တဝါကိုမျှ မသတ်ရပေ။ လူသတ္တဝါပဲဖြစ်ဖြစ်၊ တိရစ္ဆာန်သတ္တဝါပဲဖြစ်ဖြစ်၊ အခြားသောသတ္တဝါပဲဖြစ်ဖြစ် သတ္တဝါမှန်သမျှ မိမိကိုယ်ကို ချစ်မြတ်နိုးကြမည်သာ ဖြစ်၏။ ချမ်းသာကို လိုလားကြသည်သာ ဖြစ်၏။ ညှဉ်းဆဲခံရခြင်း၊ သတ်ဖြတ်ခံရခြင်းကို မည်သည့်သတ္တဝါမျှ အလိုမရှိကြချေ။

http://www.dhammadownload.com



အခြားသူကို မဆိုထားဘိ မိမိကိုယ်ပင် အခြားသူတစ်ပါးက ညှဉ်းပန်း၊ နှိပ်စက်မှု၊ ဆင်းရဲအောင်ပြုမှု၊ သတ်ဖြတ်မှုတို့ကို မလိုလားပေ၊ မနှစ်သက်ပေ၊ ဤသို့ သတ္တဝါတိုင်း ချမ်းသာမှုကိုသာ လိုလားသောကြောင့် မည်သည့် သတ္တဝါကိုမျှ ညှဉ်းပန်းမှု နှိပ်စက်မှု သတ်ဖြတ်မှု မပြုကြရန် ဘုရားရှင်က ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားဆုံးမတော်မူခဲ့ပေသည်-

* သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။
(ဓမ္မပဒ-၃၃)

အနာဂါမ် ရဟန္တာမှတစ်ပါး ခပ်သိမ်းသော သတ္တဝါတို့သည် ဆင်းရဲဒဏ်အမျိုးမျိုးမှ ကြောက်လန့်ကြကုန်၏။ သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိ၏ အသက်ကို ချစ်မြတ်နိုးအပ်၏။ ထို့ကြောင့် မိမိကို ဥပမာပြု၍ (ဝါ)ကိုယ်ချင်းစာ၍ သူတစ်ပါးကို ညှဉ်းဆဲခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း အမှုကို မပြုရာ။

* သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော န လဘေ သုခံ။
(ဓမ္မပဒ-၃၃)

သတ္တဝါမှန်သမျှ ချမ်းသာကို အလိုရှိကြကုန်၏။ အကြင်သူသည် သူတစ်ပါးကို လက်နက်ဒဏ်၊ ဥစ္စာဒဏ်ဖြင့် ညှဉ်းပန်းနှိပ်စက်၏။ ထိုသို့ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်သော ပုဂ္ဂိုလ်သည် မိမိ၏ ချမ်းသာကို လိုလားသော ပုဂ္ဂိုလ် ဖြစ်ပါလျက် (ဝါ) ချမ်းသာကိုသာ လိုချင်သူ ဖြစ်ပါလျက် တမလွန်ဘဝ၌ ချမ်းသာသုခကို မရနိုင်ပေ။

* သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန န ဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော လဘတေ သုခံ။
(ဓမ္မပဒ-၃၃)

http://www.dhammadownload.com


သတ္တဝါမှန်သမျှ ချမ်းသာကို အလိုရှိကြကုန်၏။ အကြင်ပုဂ္ဂိုလ်သည် လက်နက်ဒဏ်, ဥစ္စာဒဏ်ဖြင့် သူတစ်ပါးကို မညှဉ်းဆဲ၊ မသတ်ဖြတ်၊ ထိုသူတစ်ပါးကို မညှဉ်းပန်း, မနှိပ်စက်, မသတ်ဖြတ်သောပုဂ္ဂိုလ်သည် မိမိ၏ချမ်းသာကို ရှာမှီးသူအစစ်ဖြစ်၍ တမလွန်ဘဝ၌လည်း ချမ်းသာသုခ အမျိုးမျိုးကို ရလေ၏။

* အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။
(ဓမ္မပဒ၊ -၄၁။)

သူတစ်ပါးကို ကိုယ်တိုင်လည်း မစွပ်စွဲရ၊ သူတစ်ပါးတို့ကိုလည်း မစွပ်စွဲခိုင်းရ။ သူတစ်ပါးတို့ကို ကိုယ်တိုင်လည်း မသတ်ရ မညှဉ်းဆဲရ၊ သူတစ်ပါးတို့ကိုလည်း မသတ်ခိုင်းရ၊ မညှဉ်းဆဲခိုင်းရ။ ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်ထိန်းရမည်။ ဆွမ်းဘောဇဉ်ကို သုံးဆောင်ခြင်း, ခံယူခြင်း၌ အတိုင်းအရှည်ကို သိရမည်။ တိတ်ဆိတ်ငြိမ်သက်သော ကျောင်းကို မှီဝဲရမည်။ အဓိစိတ္တသိက္ခာကို ဖြည့်ကျင့်ရမည်။ ဤသည်တို့ကား ဘုရားရှင်တို့၏ အဆုံးအမတည်း။

ဤသို့သော မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်တို့ကို ထောက်လျှင် မည်သည့်သတ္တဝါကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း မပြုရသည်မှာ သိနိုင်ပေသည်။ ထို့ပြင် ပါဏာတိပါတမှ ရှောင်ကြဉ်၍ သတ္တဝါတို့အပေါ်၌ မေတ္တာဖြင့် နေထိုင်ခြင်းကို-

ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော
သမဏော ဂေါတမော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ
ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ-

စသည်ဖြင့် လည်းကောင်း။ (ဒီ-၁၊ ၄)

http://www.dhammadownload.com


သ ခေါ သော ဝိသာခေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ-ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ နိဟိတဒဏ္ဍာ နိဟိတသတ္ထာ လဇ္ဇီ ဒယာပန္နာ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရန္တိ၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတ-သတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတာဟိတာနုကမ္ပီ ဝိဟရာမိ၊ ဣမိနာပိ အင်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတိ။ (အံ-၁၊ ၂၁၁-)

စသည်ဖြင့်လည်းကောင်း မြတ်ဗုဒ္ဓက ပါဏာတိပါတ ဝိရမဏ သီလနှင့် စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံ ဟောကြားတော်မူခဲ့သည်။

ယင်းပါဠိတော်ရပ်တို့တွင် "သဗ္ဗပါဏဘူတဟိတာနုကမ္ပီ"ဟူသော စကားရပ်ဖြင့် သတ္တဝါပုဂ္ဂိုလ်အားလုံးအပေါ်၌ ပါဏာတိပါတ (သူ့အသက် သတ်ခြင်း)အမှု မပြုကြောင်း အခိုင်အမာပြဆိုထားပေသည်။

## စုဒိတတ၏ တင်ပြချက် အမှား

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသအလိုဖြင့် မြတ်ဗုဒ္ဓသည်လည်း တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်းမှ မရှောင်ရှား-ဟူသော အဓိပ္ပာယ်သက် ရောက်ပေသည်။

တိရစ္ဆာန်များသည် မဂ္ဂင်ရှစ်ပါးကို မကျင့်သုံးသောကြောင့် သတ်၍ အပြစ်မရှိဟု ဆိုပါလျှင် မဂ္ဂင်ရှစ်ပါး မကျင့်သုံးသော လူတို့ကို သတ်လျှင် လည်း အပြစ်မရှိဟု ဆိုရာ ရောက်သည်။

မဂ္ဂင်ရှစ်ပါး ကျင့်သုံးသည်ဖြစ်စေ၊ မကျင့်သုံးသည်ဖြစ်စေ သူတစ်ပါး အသက်ကို သေစေလိုသော စိတ်ဖြင့် သတ်ခဲ့ပါလျှင် ပါဏာတိပါတ ဒုစရိုက်အကုသိုလ်ဖြစ်သည်သာ ဖြစ်သည်။ အသက်ခံရသူက သီလ စသော ဂုဏ်ကြီးမြင့်သူဖြစ်ပါလျှင် အပြစ်ပိုကြီး၍ သီလမရှိသော ဒုဿီလ

http://www.dhammadownload.com


ပုဂ္ဂိုလ်ကို သတ်လျှင် အပြစ်သေးငယ်သည်။ အကုသိုလ်အပြစ်ကား ဖြစ်သည်သာ။ ထို့ကြောင့်-

ဧကိဿာ ကဏ္ဍုံ ဆေတွာန၊ လောမဂဏနာယ ပစ္စိသံ။
ဗဟူနံ ကေဏ္ဍု ဆေတွာန၊ ကထံ ကာဟာသိ ခတ္တိယ။

(ဓမ္မပဒ၊ ၄-၁၊ ၂၉၂)

သိုးမ၏ လည်ကိုဖြတ်၍ သတ်မိသဖြင့် သိုးမွေး အရေအတွက်နှင့် အမျှ ငရဲဒုက္ခ ခံစားရကြောင်းကို ဗုဒ္ဓဒေသနာတော်၌ လေ့လာတွေ့ရှိရပေသည်။ ထို့ပြင် ဥဇ္ဇယသုတ်ကိုလည်း လေ့လာသင့်ပေသည်။

## ဥဇ္ဇယသုတ် (အံ - ၁၊ ၃၅၁)

အခါတစ်ပါး ဥဇ္ဇယပုဏ္ဏားသည် မြတ်ဗုဒ္ဓထံ လာရောက်၍ "အရှင်ဂေါတမ ပူဇော်ခြင်း (ယဇ်)ကို ချီးမွမ်းပါသလော" ဟု လျှောက်၏။ မြတ်ဗုဒ္ဓက "ယဇ်ပူဇော်ခြင်းအားလုံးကို မချီးမွမ်း၊ အကြင်ယဇ်ပူဇော်ခြင်း၌ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်စသည့် အမျိုးမျိုးသော တိရစ္ဆာန်တို့ကိုသတ်၍ ပူဇော်ကြကုန်၏။ ထိုသို့သော ယဇ်ပူဇော်ခြင်းမျိုးကို ငါဘုရားမချီးမွမ်း။ အကြင်ယဇ်ပူဇော်ခြင်း၌ ထိုကဲ့သို့ တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်းမရှိ၊ ထိုသို့သော ယဇ်ပူဇော်ခြင်းမျိုးကိုသာ ငါဘုရားချီးမွမ်းကြောင်း၊ ဤသို့သော ပူဇော်ခြင်းမျိုးသို့သာ ဘုရားနှင့် ရဟန္တာပုဂ္ဂိုလ်များ ကြွရောက်ခံယူ ချီးမြှောက်တော်မူကြကုန်၏"ဟု မိန့်ကြားတော်မူသည်။

ယထာရူပေ ခေါ ဗြာဟ္မဏ ယညေ ဂါဝေါ ဟညန္တိ၊ အဇေဠကာ ဟညန္တိ၊ ကုက္ကုဋသူကရာ ဟညန္တိ၊ ဝိဝိဓာ ပါဏာ သံဃာတံ အာပဇ္ဇန္တိ။ ဧဝရူပံ ခေါ အဟံ ဗြာဟ္မဏ သာရမ္ဘံ ယညံ န ဝဏ္ဏေမိ။ တံ ကိဿ ဟေတု? ဧဝရူပံ ဟိ ဗြာဟ္မဏ သာရမ္ဘံ ယညံ န ဥပသင်္ကမန္တိ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ။

ယထာရူပေ စ ခေါ ဗြာဟ္မဏ ယညေ နေဝ ဂါဝေါ ဟညန္တိ၊ န အဇေဠကာ ဟညန္တိ၊ န ကုက္ကုဋသူကရာ ဟညန္တိ၊ န ဝိဝိဓာ

http://www.dhammadownload.com


ပါဏော သံယာတံ အာပဇ္ဇန္တိ။ ဝေရှပံ ခေါ် အပဟံ ဖြာပဟွဏ နိရာရဋ္ဌ ယည် ဝဏ္ဏေမိ၊ ယဒိဒံ နိစ္စဒါနံ အနုကုလယည်။ တံ ကိဿ ဟေတု၊ ဝေရှပံ ဟိ ဖြာပဟွဏ နိရာရဋ္ဌ ယည် ဥပသင်္ကမန္တိ၊ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ။ (အံ-၁၊ ၃၅၁)

ပါဏာတိပါတဝယ် ပါဏ-အရ သက်ရှိသတ္တဝါမှန်သမျှ ယူရမည်သာဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကျင့်သောသူကိုသာ ယူရမည်ဟု လည်းကောင်း၊ လူကိုသာယူရမည်၊ တိရစ္ဆာန်ကိုမယူရဟု လည်းကောင်း ကျမ်းဂန်များ၌ ပြဆိုထားခြင်း မရှိပေ။

ထို့ကြောင့် သောတာပန်အရိယာသာဝကတို့သည် သောတာပန်ဖြစ်သည်မှစ၍ သူတစ်ပါးတို့၏ အသက်ကို သေစေလိုသော စိတ်ဖြင့် ဘယ်အခါမျှ မသတ်တော့ပေ။

ဤ၌ သာမာဝတီ၏ အတ္ထုပ္ပတ်ကို အနည်းငယ် သုံးသပ်သင့်ပေသည်။

သာမာဝတီသည် ဘုရားရှင်၏ တရားကိုနာရ၍ သောတာပန်တည်သည်။ တစ်နေ့တွင် ကုန်းချောလိုသော မာဂဏ္ဍီမိဖုရား၏ စီမံချက်ဖြင့် ဥတေနဘုရင်ကို ကြက်သားဟင်းချက်၍ ဆက်သရန်အတွက် ကြက်အရှင်တို့ကို သာမာဝတီမိဖုရားအထံသို့ ပို့စေ၏။ သာမာဝတီမိဖုရားက ကြက်အရှင်တွေ ဖြစ်နေ၍ ကြက်တို့ကို ကိုယ်တိုင်လည်းမသတ်၊ သူတစ်ပါးတို့ကိုလည်း မသတ်ခိုင်းပေ၊ ကြက်အရှင်အတိုင်း ပြန်ပို့စေ၏။

ဤဖြစ်ရပ်ကိုကြည့်လျှင် သာမာဝတီမိဖုရားသည် သောတာပန်ဖြစ်နေသောကြောင့် ဘုရင်ကြီး အမျက်တော်ရှချင်ရှပါစေ၊ ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ကိုတော့ အဖြစ်မခံ ဟူသောစိတ်ဖြင့် ဤသို့ ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

ဤသည်ကို သုံးသပ်ဆင်ခြင်၍ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ တိရစ္ဆာန်တို့ကို သတ်ခြင်းသည် ပါဏာတိပါတ အကုသိုလ်မဖြစ် ဟူသော ဝါဒသည် အမှေ့ဝါဒသာ ဖြစ်သည်။

http://www.dhammadownload.com

## အမှတ် (၅) စောဒနာ သောဓနာ စိစစ်ချက်

စောဒကဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ဟောကြားသော မဂ္ဂင်ရှစ်ပါးတရားတိတ်ခွေပါ "နတ်ရဲ့ပစ္စည်း ခိုးတဲ့သူက အပြစ်မသင့်ပြန်ဘူး၊ နတ်ဆိုတာ ရပ်ကွက်ပိုင်တွေပေါ့၊ သမဝါယမပိုင်တွေ ပေါ့၊ အများပိုင်တဲ့ဟာကို နတ်လို့ခေါ်တယ်။ သီလမဂ္ဂင်နဲ့ ကျင့်သုံးရတာ ကျဉ်းကျဉ်းကျုံ့ကျုံ့ ဖြစ်သွားမှာစိုးလို့ ကျုပ်က ရှင်းပြပေးတာ" ဟူသော ဟောကြားချက်သည် ဘုရားဟော ပိဋကတ်တော်နှင့် ဆန့်ကျင်နေသော ကြောင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးရန် တင်ပြထားပေသည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက နတ်ဆိုတာ သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်ဟု (၃) မျိုးရှိကြောင်း၊ နတ်သုံးမျိုးလုံး လူများသာ ဖြစ်သည်။ အများသတ်မှတ်ပေးချက်အရ သမ္မုတိနတ် ဖြစ်သွားရပါသည်။ ရပ်ကွက်ကောင်စီ၊ မြို့နယ်ကောင်စီ၊ နိုင်ငံတော်ကောင်စီ စသည်တို့ ဖြစ်သည်။ ဝိသုဒ္ဓိနတ်ဟူသည် ကိလေသာအာသဝေါ လုံးဝကင်းစင် သွားသည့် ဘုရားရဟန္တာတို့ ဖြစ်သည်။ ဥပပတ္တိနတ်ဟူသည် ဥပပတ္တိဘဝ၊ ဥပပတ္တိ ပဋိသန္ဓေအဖြစ် ပြောင်းသွားကြသည့် သုံးဆယ့်တစ်ဘုံသားတို့ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်နားလည်က သိနိုင်ပါသည်ဟု ချေပထားသည်။

စုဒိတက က နတ်ပိုင်ပစ္စည်း ခိုးလျှင် အပြစ်မသင့်၊ အဒိန္နာဒါန် အကုသိုလ်မဖြစ်၊ နတ်ပိုင်ပစ္စည်း၊ အဖွဲ့ပိုင်ပစ္စည်း၊ အစိုးရပိုင်ပစ္စည်းကို ခိုးကောင်းသည်၊ ခိုးလျှင် အပြစ်မရှိဟု ဆိုသည်။

စောဒကဆရာတော်တို့က အရှင်မပေးသော သူတစ်ပါးပစ္စည်းကို ခိုးလိုသောစိတ်ဖြင့် ခိုးယူက လူပိုင်ပစ္စည်းဖြစ်ဖြစ်၊ နတ်ပိုင်ပစ္စည်းဖြစ်ဖြစ် အဒိန္နာဒါန် အကုသိုလ်ဖြစ်သည်ဟု တင်ပြကြသည်။

### နတ်ပိုင်ပစ္စည်း

စုဒိတကက သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်အားလုံး လူတွေ သာဖြစ်ကြောင်း ရှေ့ပိုင်းတွင်ပြဆိုပြီး ဥပပတ္တိနတ်ဆိုတာ ဥပပတ္တိဘဝ၊ ဥပပတ္တိ

http://www.dhammadownload.com


ပဋိသန္ဓေအဖြစ် ပြောင်းသွားကြသည့် သုံးဆယ့်တစ်ဘုံသားတို့ ဖြစ်ကြောင်း တင်ပြပြန်ရာ စုဒိတကပုဂ္ဂိုလ်၏ အဆိုသည် ရှေ့နောက်မညီကြောင်း ထင်ရှား ပေသည်။

သမ္မုတိနတ် ဝိသုဒ္ဓိနတ်တို့မှာ လူသားများဖြစ်ကြသော်လည်း ဥပပတ္တိနတ်မှာမူ လူသားများမဟုတ်ကြပေ။ လူတို့ကဲ့သို့ တဖြည်းဖြည်းချင်း ကြီးထွားဖြစ်ပေါ်လာသည့် သတ္တဝါများမဟုတ်ဘဲ ဘွားကနဲဖြစ်ပေါ်လာ ကြသည်။ (လိုအပ်သော ခန္ဓာကိုယ်အရွယ်အစား အမျိုးမျိုးရှိကြသည့်) နတ်၊ ဗြဟ္မာများသာ ဖြစ်သည်။

ဒေဝါတိ တယော ဒေဝါ သမ္မုတိဒေဝါ၊ ဥပပတ္တိဒေဝါ ဝိသုဒ္ဓိဒေဝါ။ တတ္ထ သမ္မုတိဒေဝါ နာမ ရာဇာနော ဒေဝိယော ရာဇကုမာရာ။

ဥပပတ္တိဒေဝါ နာမ စာတုမဟာရာဇိကေ ဒေဝေ ဥပါဒါယ တဒုတ္တရိ ဒေဝါ။ ဝိသုဒ္ဓိဒေဝါ နာမ အရဟန္တော ဝုစ္စန္တီတိ။

(အဘိ-၂ ၄၃၇)

တယော ဒေဝါ သမ္မုတိဒေဝါ ဥပပတ္တိဒေဝါ ဝိသုဒ္ဓိဒေဝါ။ ကတမေ သမ္မုတိဒေဝါ?။ သမ္မုတိ ဒေဝါ ဝုစ္စန္တိ ရာဇာနော စ ရာဇကုမာရာ စ ဒေဝိယော စ၊ ဣမေ ဝုစ္စန္တိ သမ္မုတိဒေဝါ။

ကတမေ ဥပပတ္တိဒေဝါ၊ ဥပပတ္တိဒေဝါ ဝုစ္စန္တိ စာတုမာဟာရာဇိကာ ဒေဝါ?၊ တာဝတိံသာ ဒေဝါ ယာမာ ဒေဝါ တုသိတာ ဒေဝါ၊ နိမ္မာနရတီ ဒေဝါ၊ ပရနိမ္မိတဝသဝတ္တီ ဒေဝါ၊ ဗြဟ္မကာယိကာ ဒေဝါ၊ ယေ စ ဒေဝါ တဒုတ္တရိ၊ ဣမေ ဝုစ္စန္တိ ဥပပတ္တိဒေဝါ။

ကတမေ ဝိသုဒ္ဓိဒေဝါ? ဝိသုဒ္ဓိဒေဝါ ဝုစ္စန္တိ တထာဂတသာဝကာ အရဟန္တော ခီဏာသဝါ၊ ယေ စ ပစ္စေကဗုဒ္ဓါ၊ ဣမေ ဝုစ္စန္တိ ဝိသုဒ္ဓိဒေဝါ။ (စူဠနိဒ္ဒေသ-၉၂ ၂၂၅)

http://www.dhammadownload.com


ဤပါဠိတော်အရ သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ်တို့သည် လူများဖြစ်ကြသည်။ လူကြဉ်ဖယ်ပြီး သမ္မုတိနတ်ဟူသည် မရှိပါပေ။ ဥပပတ္တိ နတ်တို့သည် လူသားများ မဟုတ်ကြ၊ နတ်ပြဟ္မာများသာ ဖြစ်ကြသည်။

စုဒိတက က နတ်ပိုင်ပစ္စည်းကို ခိုးကောင်းသည်၊ နတ်ပိုင်ပစ္စည်းကို ခိုးက အပြစ်မရှိ၊ အဒိန္နာဒါန်မထိုက်၊ လူတစ်ဦးတစ်ယောက်ပိုင် ပစ္စည်းကို ခိုးမှ အပြစ်ရှိသည်၊ အဒိန္နာဒါန်ထိုက်သည်ဟုဆိုရာ ဤအယူအဆသည် စုဒိတကပုဂ္ဂိုလ် ကိုင်စွဲထားသည့် ဗဟုဇနဟိတ ဗဟုဇနသုခ လောကာနုကမ္ပာ=လူအများချမ်းသာရေး၊ ကြီးပွားရေးဖြစ်၊ မဖြစ် စိစစ်ကြည့်သင့်ပေသည်။

လောကဥပဒေအရ တစ်ဦးတစ်ယောက်ပိုင် ပစ္စည်းခိုးခြင်းထက် နိုင်ငံတော်ပိုင်၊ အစိုးရပိုင်၊ အဖွဲ့အစည်းပိုင်ပစ္စည်းကို ခိုးယူခြင်းက ပိုမိုအပြစ်ကြီး ပေသည်။ ပြည်သူပိုင်ပစ္စည်း၊ အစိုးရပိုင်ပစ္စည်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများကို ဖျက်ဆီးသူ၊ ခိုးယူသူတို့သည် ကြီးလေးသောပြစ်ဒဏ်များ ခံရမည်ဖြစ်ကြောင်း နိုင်ငံတော်ဥပဒေများတွင် ပြဋ္ဌာန်းထားပေသည်။

ထို့ကြောင့် နတ်ပိုင် (ရပ်ကွက်ကောင်စီ၊ မြို့နယ်ကောင်စီ၊ နိုင်ငံတော်ကောင်စီပိုင်) ပစ္စည်းများကို ခိုးယူခြင်းသည် လောကကြောင်းအရ အပြစ်ကြီးသကဲ့သို့ ဓမ္မကြောင်းအရလည်း အပြစ်ပိုကြီးနိုင်ပေသည်။

အောက်ဖော်ပြပါ မြတ်ဗုဒ္ဓ၏ ဟောကြားချက်တို့သည် အဒိန္နာဒါန၏ သဘောသဘာဝကို ပီပီပြင်ပြင် ဖော်ပြနေသည့် ဓမ္မကထာများ ဖြစ်ပေသည်-

* အဒိန္နံ နာမ ယံ အဒိန္နံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ၊ ဧတံ အဒိန္နံ နာမ။ (ဝိ-၁၊ ၅၇)
* အဒိန္နန္တိ. . . ယံကိဉ္စိ ပရပရိဂ္ဂဟိတံ သသာမိကံ ဘဏ္ဍံ၊ တဒေဘာ် တေဟိ သာမိကေဟိ ကာယေန ဝါ ဝါစာယ ဝါ န ဒိန္နန္တိ အဒိန္နံ။ (ဝိ၊ ဋ-၁၊ ၂၆၁)
* 'အဒိန္နာဒါနံ အကုသလံ။. . . အဒိန္နာဒါနာ ဝေရမဏီ ကုသလံ။ (မ-၁၊ ၅၇-၈)

http://www.dhammadownload.com


* အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ၊ ပရသံဟရဏံ ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ။ (ဒီ၊ ဋ္ဌ-၁၊ ၇၀။ မ၊ ဋ္ဌ-၁၊ ၂၀၂။ သံ၊ ဋ္ဌ-၂၊ ၁၃၄။ အဘိ၊ ဋ္ဌ-၁၊ ၁၄၀)
* အဒိန္နာဒါနန္တိ အဒိန္နဿ ပရပရိဂ္ဂဟိတဿ အာဒါနံ၊ ထေယျံ စောရိကာတိ အတ္ထော။ (အံ၊ ဋ္ဌ-၂၊ ၁၉၇)

အဒိန္နာဒါန-၌ အဒိန္နပုဒ်၊ အာဒါနပုဒ်ဟူ၍ နှစ်ပုဒ်ရှိရာ အဒိန္န-ဟူသည် ပိုင်ရှင်က မပေးအပ် မစွန့်အပ် မြတ်နိုးစွာ စောင့်ရှောက်ထားအပ်သော ပစ္စည်းတည်း။ အာဒါန-ဟူသည် ပိုင်ရှင်က မပေးအပ်သော ဥစ္စာကို (ခိုးလိုစိတ်ဖြင့်) ခိုးခြင်းတည်း။

ထို့ကြောင့် ပိုင်ရှင်မပေးအပ်သော ဥစ္စာကို ခိုးလိုစိတ်ဖြင့် ယူခြင်း (ဝါ) ခိုးခြင်းကို အဒိန္နာဒါန-ဟူ၍ မှတ်အပ်ပေသည်။

ဤ၌ "တဒေတံ တေဟိ သာမိကေဟိ ကာယေန ဝါ ဝါစာယ ဝါ န ဒိန္နန္တိ အဒိန္နံ=ထိုမပေးအပ်, မစွန့်အပ်, မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ထားအပ်သော ပစ္စည်းကို ပိုင်ရှင်တို့က ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ မပေးအပ်သော ဥစ္စာသည် အဒိန္နမည်၏"ဟု ဖွင့်ဆိုထားရာ သာမိကေဟိ (ပိုင်ရှင်)အရ လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန်, ပြိတ္တာစသည်ဖြင့် အထူးမဖွင့်ဆိုပေ။ တစ်စုံတစ်ရာ အထူးပြု၍မဆိုလျှင် အားလုံးနှင့် သက်ဆိုင်၏-ဟူသော စကားနှင့်အညီ ပိုင်ရှင်အရ လူ, နတ်, တိရစ္ဆာန်, ပြိတ္တာ မည်သူ့ကိုမဆို ယူနိုင်ပေသည်။

## ဝိနည်းကို အလွဲသုံးစားပြုခြင်း

စုဒိတကဦးဝိစိတ္တသာရာဘိဝံသသည် ဆရာဖြစ်သော ဓမ္မဝိဟာရီ ရှင်ဉာဏ (ဝတ်ရုံပြာဝတ်) ၏ အယူဝါဒအတိုင်း ရေးသားဟောပြောနေခြင်း ဖြစ်ရာ ဦးဝိစိတ္တသာရာဘိဝံသနှင့် ဓမ္မဝိဟာရီ ရှင်ဉာဏတို့သည် လူဝတ်ကြောင်တို့နှင့်မဆိုင်၊ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့နှင့်သာ သက်ဆိုင်သည့် ဝိနည်းပါရာဇိကဏ်ပါဠိတော် ဒုတိယ ပါရာဇိကလာ-

http://www.dhammadownload.com


"အနာပတ္တိ. . . ပေတပရိဂ္ဂဟေ တိရစ္ဆာနဂပရိဂ္ဂဟေ-ပြိတ္တာတို့ သိမ်းပိုက်အပ်သော ဥစ္စာ, တိရစ္ဆာန်တို့ သိမ်းပိုက်အပ်သော ဥစ္စာကို ခိုးယူရာ၌ ပါရာဇိကအာပတ်မသင့်"ဟူသော အနာပတ္တိဝါရ ပါဠိတော်ကို ခုတုံးပြု၍ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကလာ ဗုဒ္ဓ၏သီလဒေသနာတော်ကို ဖျက်ဆီးခြင်း ဖြစ်ပေသည်။

## ဝိနည်းသည် အာဏာဒေသနာ

ဝိနည်းပညတ်ချက်ကို ဖော်ပြထားသော ဝိနယပိဋကတော်သည် အာဏာထားခြင်း၌ ထိုက်တော်မူသော မြတ်စွာဘုရား၏ အာဏာတော်ကို ဖော်ပြသောဒေသနာတော်ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျင့်, နှုတ်ကျင့်ကို ပြုပြင်သော သီလသာသနာဖြစ်သည်။ ထို့အပြင် ကျူးလွန်သော ပုဂ္ဂိုလ်တို့၏ ကျူးလွန်မှုကို လိုက်၍ ပညတ်အပ်သော ပညတ်ချက်များဖြစ်သည်။

သုတ္တန်ဒေသနာတော်ကား သတ္တဝါတို့၏ စရိုက်ဝါသနာ, ဣန္ဒြေ အနု, အရင့်တို့ကို နှိုင်းချင့် သုံးသပ်၍ ဟောကြားအပ်သော ဒေသနာဖြစ်၍ သမာဓိသိက္ခာကို ကျေးဇူးပြုသော ဒေသနာတော်များဖြစ်သည်။

အဘိဓမ္မာဒေသနာတော်သည် လောကသဘာဝ အမှန်တရားတို့ကို ဖော်ပြသည့် ယထာသဘာဝဒေသနာများဖြစ်၍ ပညာသိက္ခာကို များစွာကျေးဇူးပြုသည့် ဒေသနာတော်များ ဖြစ်သည်။

သုတ္တန်ပိဋက, အဘိဓမ္မာပိဋက၌ လာရှိသော အဒိန္နာဒါနပုဒ်၏ အဖွင့်တို့၌ လူပိုင်ပစ္စည်းကို ခိုးမှသာ အဒိန္နာဒါန်ထိုက်သည်၊ နတ်ပိုင်, ပြိတ္တာပိုင်, အဖွဲ့အစည်းပိုင်, နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးလျှင် အဒိန္နာဒါန် အကုသိုလ်အပြစ်မဖြစ်ဟု ဟောဆိုထားချက်၊ ဖွင့်ဆိုထားချက်မရှိပေ။ ပိုင်ရှင်မည်သူဖြစ်စေ ထိုပိုင်ရှင်က မပေးဘဲခိုးယူလျှင် အဒိန္နာဒါန် အကုသိုလ်ဖြစ်သည်သာဖြစ်သည်။

http://www.dhammadownload.com

## လောကဖျက်ဆီးရေးဝါဒ

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပိုင် ပုဂ္ဂလိကပစ္စည်းကိုဒိုးမှ အဒိန္နာဒါန် အပြစ်ဖြစ်သည်။ သမဝါယမပိုင်, မြို့နယ်ကောင်စီပိုင်, နိုင်ငံတော်ကောင်စီပိုင် ပစ္စည်းခိုးလျှင် အပြစ်မရှိဟူသော အယူဝါဒသည် သူခိုးအားပေး ဝါဒဖြစ်၍ အကြီးစားသူခိုးကြီးများကို ဖြစ်စေနိုင်သည့်အတွက် ဗဟုဇနဟိတ ဗဟုဇနသုခ လောကနုကမ္ပာ မဖြစ်ဘဲ ဗဟုဇနအဟိတ ဗဟုဇနဒုက္ခ ဗဟုဇနဝိဟိံသာ တရားများဖြစ်၍ လူအများဆင်းရဲကြောင်း ဒုက္ခရောက်ကြောင်း၊ ညှဉ်းပန်း နှိပ်စက်ကြောင်းသာဖြစ်သည်။ စုဒိတကပုဂ္ဂိုလ် ထော်လော်ကန့်လန့် ပြောချင် ရေးချင်တိုင်း လက်သုံးပြုလေ့ရှိသည့် မဟာပဒေသတရား လေးပါး နှင့်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေသည်။

သူတစ်ပါးပစ္စည်းကို ခိုးခြင်းသည် အဘယ်ဓမ္မ၌ သက်ဝင်ပါသနည်း၊ အဘယ်ဝိနယ၌ သက်ဝင်ပါသနည်း။ မည်သည့်ဓမ္မ, မည်သည့်ဝိနယ၌မျှ မသက်ဝင်ဘဲ အဓမ္မ, အဝိနယသာ ဖြစ်ကြောင်း အလွယ်တကူသိနိုင်ပေ သည်။

## ဗုဒ္ဓအလိုကျဝါဒ

မြတ်ဗုဒ္ဓက သူတစ်ပါးပစ္စည်းကို ဝါးခြမ်းစိတ်ကလေး, မြက်ပင် ကလေးမျှကိုသော်ပင် မခိုးရဟူသော အဓိပ္ပါယ်ဖြင့် "အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော"ဟူသော ဒေသနာတော်ကို ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အရိယဥပုသ်စောင့် သုံးပုံနှင့် စပ်လျဉ်း၍ ဘုရားရှင်က ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည် -

> ယာဝဇီဝံ အရဟန္တော အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတာ ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရန္တိ။ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ အဒိန္နာဒါနံ

http://www.dhammadownload.com


ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရာမိ။ ဣမိနာပိ အင်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတိ။ (အံ-၁၊ ၂၁၂)

ထို့ပြင် အဒိန္နာဒါန၏ အပြစ်ကြီး၊ အပြစ်ငယ်ပုံကိုလည်း အဋ္ဌကထာများက ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုကြသည် -

အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ၊ ပရဿ ဟရဏံ ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ။ တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ။ ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော, အနုပဝဇ္ဇော စ ဟောတိ။ တသ္မိံ ပန ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတ-သညိနော တဒါ ဒါယကဥပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ။

တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ ကသ္မာ? ဝတ္ထုပဏီတတာယ။ ဝတ္ထုသမတ္တေ သတိ ဂုဏာဓိကာနံ သန္တကေ ဝတ္ထုသ္မိံ မဟာသာဝဇ္ဇံ တံ တံ ဂုဏာဓိကံ ဥပါဒါယ တတော တတော ဟီနဂုဏဿ သန္တကေ ဝတ္ထုသ္မိံ အပ္ပသာဝဇ္ဇံ။

ဤဖွင့်ဆိုချက်အရ ပစ္စည်းအညံ့ခိုးလျှင် အပြစ်နည်း၏၊ အပြစ်သေး၏၊ အဖိုးတန်ခိုးလျှင် အပြစ်ကြီး၏။ ပစ္စည်းချင်းတူလျှင် ဂုဏ်ကြီးသူ ပစ္စည်းကိုခိုးက အပြစ်ကြီး၏။ ဂုဏ်ငယ်သူ ပစ္စည်းကိုခိုးက အပြစ်သေး၏ဟု သိရပေသည်။

လောက၌လည်း အကျီတစ်ထည်ခိုးယူသူနှင့် ရွှေတစ်မတ်သား ခိုးသူ မည်သူအပြစ်ကြီးသနည်း။ သာမန်ပုဂ္ဂိုလ်တစ်ယောက်၏ အကျီ၊ လုံချည်ခိုးသူနှင့် မြို့ပိုင်၏ အကျီ၊ လုံချည်ခိုးသူ မည်သူက အပြစ်ကြီးသနည်း။

မှန်ကန်သော အသိဉာဏ်ရှိသူတိုင်း သဘာဝကျသော အဖြေမှန်ကို ထုတ်ယူနိုင်ကြမည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com


ဤသည်တို့ကို ထောက်ဆ၍ စုဒိတက၏ အဒိန္နာဒါန အယူအဆသည် လောကကြီးငြိမ်းချမ်းခြင်း၊ လူအများချမ်းသာခြင်း၊ လောကကြီးသာယာစိုပြည်အောင် ဆောင်ရွက်ခြင်းတို့ကို ပျက်စီးစေသည့်အမြင် ပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာတို့နှင့်လည်း ဆန့်ကျင်သော မိစ္ဆာအမြင်ဖြစ်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

## အမှတ်(၆) စောဒနာ၊ သောဓနာစိစစ်ချက်

စောဒနာဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ သမ္မာသမာဓိဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ လွန်ကျူးတဲ့ မှားယွင်းချက်တွေကို လက္ခဏာလိုက်တာပေါ့ဗျာ။ အနိစ္စဆိုတာ ဒီလွန်ကျူးချက်ကြီးဟာ နောင်အနာဂတ် အလားအလာ မကောင်းတာပါပဲလား၊ ဒုက္ခ-ဒါ မပြုကောင်းပါလား။ အနတ္တ-အကျိုးနည်းတဲ့ ဟာကြီးပါလား။ အသုဘ-မတင့်တယ်တဲ့ ဟာကြီးပါလားလို့ ကိုယ့်ရဲ့ လွန်ကျူးချက်တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘလို့ လက္ခဏာဆင်ခြင်သုံးသပ်ပြီးတော့ ဒီလွန်ကျူးချက်တွေကို နောက်မလွန်ကျူးမိအောင် သင်ခန်းစာယူတာမျိုးကို သမ္မာသမာဓိတဲ့။

(မဂ္ဂင်ရှစ်ပါးတရားမှ)

ကာယကံနဲ့ မမှားသင့်တာကို မှားလိုက်တဲ့အတွက် ကိုယ့်အနားဘယ်သူမှ မကပ်ချင်တော့ဘူး။ အဲဒါကို အသုဘလို့ ပြောတာ။ အနိစ္စဆိုတာက နောင်အနာဂတ်မှာ အလားအလာမကောင်းတာ အနိစ္စ။ မမှားသင့်တဲ့ ကာယကံကို မှားလိုက်တဲ့အတွက် သူနဲ့ ကိုယ်နဲ့ကြားမှာ နောင် အနာဂတ်မှာ မကောင်းတော့ဘူး။ ဒါကို အနိစ္စလို့ ခေါ်တယ်။

ဒုက္ခဆိုတာ မပြုကောင်းတဲ့ သူ့အသက်ကို သတ်လိုက်တာမျိုး၊ သူ့ပစ္စည်းကို ခိုးလိုက်တာမျိုး၊ သူပိုင်တဲ့ ကာမကို မှားလိုက်မိတာမျိုး၊ သူ့ကို လိမ်လိုက်တာမျိုး၊ သူ့ကို ဆဲလိုက်တာမျိုးဟာ မပြုကောင်းတာ ဒါကို ဒုက္ခလို့ ခေါ်တယ်။ ဒုက္ခဆိုတာ ဒု+ကရ၊ ကရ-ဆိုတာ ပြုတာ၊ ဒု-ဆိုတာ တားမြစ်တာ၊ မပြုနဲ့။

http://www.dhammadownload.com


အနတ္တ-အဲဒီလို ပြုလိုက်တဲ့အတွက် သူနဲ့ကိုယ်နဲ့ကြားမှာ အကျိုးနည်းပြီ၊ ကိုယ်ကျိုးနည်းပြီ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒီလို ဆင်ခြင်ပြီးတော့ ဒီကာယဒုစရိုက်မှာဖြစ်စေ၊ ဝစီဒုရိုက်မှာဖြစ်စေ၊ မနောဒုစရိုက်မှာဖြစ်စေ သင်ခန်းစာယူလိုက်တာ။ နောက်ထပ် မလုပ်တော့ဘူး။ အဲဒီလို သင်ခန်းစာ ယူလိုက်တာမျိုးကို သင်ခန်းစာယူနိုင်လောက်အောင် စိတ်ထားမျိုးကို သမ္မာသမာဓိလို့ ပြောတာ။ (ကိုယ့်ကိုယ်ကိုသာ အားကိုးပါမှ) ဟူသော ဟောပြောချက်တို့သည် အဋ္ဌကထာ၊ ဋီကာများနှင့် ညီညွတ်မှုမရှိသော ကြောင့် အမေ့ဝါဒဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စုဒိတက ဦးဝိစိတ္တသာရဘိဝံသကလည်း သူ့အယူအဆ မှန်ကန်ကြောင်း သံယုတ်ပါဠိတော်လာ"သီလေ ပတိဋ္ဌာယ နရော သပညော" စသော ဂါထာနှင့် မဟာသတိပဋ္ဌာနသုတ် ဥဒ္ဒေသလာ ပါဠိအတိုအစ တစ်ချို့ကို မိမိအကြိုက် မိမိအယူအဆဖြင့် ဖွင့်ဆိုပြီး တင်ပြသွားသည်။

သီလေ ပတိဋ္ဌာယ နရော သပညော-ဂါထာကို အပိုင်း(၃)ပိုင်းခွဲ၍ အဓိပ္ပာယ်ဖွင့်ရာ၌-

(၁) သီလေ ပတိဋ္ဌာယ စိတ္တံ ဘာဝယံ ဘာဝေတဗ္ဗံ။
(၂) စိတ္တေ ပတိဋ္ဌာယ ပညဉ္စ ဘာဝယံ ဘာဝေတဗ္ဗံ။
(၃) ပညေ ပတိဋ္ဌာယ သီလံ ဘာဝယံ ဘာဝေတဗ္ဗံ။

ဟု ပါဠိသုံးပုဒ် (မိမိလက်ဖြစ် ပါဠိသုံးပုဒ်) ကို တည်ဆောက်ပြီး မဂ္ဂင်ရှစ်ပါး စက်လည်ပုံ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ရှင်းလင်းချေပ ထားသည်။

စုဒိတက ဦးဝိစိတ္တသာရဘိဝံသကသည် သကျသီဟအဘိဝံသ၊ စေတိယင်္ဂဏအဘိဝံသ စသော မွေ့စရိယ ဘွဲ့ကြီးငါးဘွဲ့ ရထားပါလျက် ပါဠိဝါကျတိုတိုလေးကိုပင် ပါဠိတော်နည်းကျ၊ သဒ္ဒါစည်းကျ မဖွဲ့မစီနိုင် သည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရလေသည်။

သီလေ ပတိဋ္ဌာယ စိတ္တံ ဘာဝေတဗ္ဗံ-ဟု ဆိုရမည် ဖြစ်ပါလျက် သီလေ ပတိဋ္ဌာယ စိတ္တံ ဘာဝယံ ဘာဝေတဗ္ဗံဟု ဆိုခြင်း။ စိတ္တေ

http://www.dhammadownload.com


ပတိဋ္ဌာယ ပညာ ဘာဝေတဗ္ဗာ-ဟု ဆိုရမည်ဖြစ်ပါလျက် စိတ္တေ ပတိဋ္ဌာယ ပညဉ္စ ဘာဝယံ ဘာဝေတဗ္ဗံဟု ဆိုခြင်း၊ ပညာယ ပတိဋ္ဌာယ သီလံ ဘာဝေတဗ္ဗံ-ဟု ဆိုရမည်ဖြစ်ပါလျက်၊ ပညေ ပတိဋ္ဌာယ သီလံ ဘာဝယံ ဘာဝေတဗ္ဗံဟု ဆိုထားခြင်းတို့သည် ငါးဘွဲ့ရဓမ္မာစရိယ ပုဂ္ဂိုလ်တစ်ပါးအဖို့ မမှားသင့်သော ပါဠိအမှား သဒ္ဒါအမှားမျိုးဖြစ်ရာ မည်သို့မည်ပုံ ဓမ္မာစရိယ ငါးဘွဲ့ကို ရရှိခဲ့ပါသနည်းဟု အဖန်ဖန် အထပ်ထပ် မေးမြန်းစောကြောဖွယ်ရာ ဖြစ်နေပေသည်။

အလွန်လွယ် အလွန်တိုရှင်းသော ဤပါဠိလေးကိုပင် သဒ္ဒါနည်းအရရော ဓမ္မနည်းအရပါ အမှန်အကန်အတိုင်း မဆိုနိုင်သည်ကို ထောက်လျှင် အခြားလေးနက်သော ဓမ္မရေးရာ၌ တလွဲတချော်တွေ ဖြစ်သွားရသည်မှာ (ဝါ) အတွေးမှား အယူမှား ဖြစ်သွားရသည်မှာ မဆန်းတော့ပေဟု ကောက်ချက်ချရမည် ဖြစ်ပေသည်။

မိမိ၏ အယူအဆ အတွေးအမြင်မှားများကို သူတစ်ပါးတို့အား ဟော ပြောပြီး မှန်ကန်သော အသိအမြင် အတွေးအခေါ်များကို ဖျက်ဆီးပစ်နေသော မနုဿဓိပ္ပ (လူမြှုံး) ကြီး ဖြစ်နေသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပေသည်။

ရဟန်းတို့ . . မြစ်ဝ၌ မြှုံးကို ထောင်ထားအပ်သည်ရှိသော် ငါးအပေါင်း ပျက်စီးဖို့ရာ ဆင်းရဲဖို့ရာ အသက်ဆုံးရှုံးဖို့ရာ ဖြစ်သကဲ့သို့ ဤအတူ မက္ခလိဂေါသာလသည်လည်း လောကသား လူနတ်အများတို့ ပျက်စီးစေသည့် လူမြှုံးကြီးသဖွယ် ဖြစ်နေလေသည်။

(အံ၊ ၁၊ ၃၅)

### သမ္မာသမာဓိ

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက သမ္မာသမာဓိဆိုတာ ဒုစရိုက် (၁၀) ပါး၏ မကောင်းပုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟု ရှုခြင်းပင် ဖြစ်သည် ဟု ဆိုသည်။

ယင်းအဆို မှန်-မမှန် စိစစ်ကြအံ့။

http://www.dhammadownload.com


သမ္မာသမာဓိ-ကို မဂ္ဂင်္ဂဝိဘင်းပါဠိတော်၌ ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားထားပေသည်။

တတ္ထ ကတမော သမ္မာသမာဓိ? ဣဓ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ပ။ ဥပေက္ခာ သတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ သမ္မာသမာဓိ။ (ဝိဘင်္ဂ ။ ၂၄၅)

မဂ္ဂင်ထိုက်သော သမ္မာသမာဓိဟူသည် အာရုံငါးပါး ကာမဂုဏ်တရားနှင့် အကုသိုလ်တို့မှ ကင်းဆိတ်၍ ဝိတက် (အာရုံပေါ်သို့ စိတ်ကို တင်ပေးခြင်းသဘော)၊ ဝိစာရ (ထိုအာရုံပေါ်၌ ဆက်လက်တည်တံ့စေခြင်း သဘော) ရှိသော ပီတိသုခ (နှစ်သက်ခြင်း၊ ချမ်းသာခြင်း) ရှိ၍ နီဝရဏကင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကသိုဏ်းပညတ်စသော အာရုံပေါ်၌ တည်ငြိမ်စွာ တည်ရှိနေသော ပဌမဈာန်စသည့် ဈာန်လေးပါးနှင့်ယှဉ်သော တည်ကြည် ငြိမ်သက်သော သဘောသည် သမ္မာသမာဓိမည်၏-ဟု သုတ္တန္တဘာဇနီယ၌ ဟောတော်မူသည်။

အဘိဓမ္မဘာဇနီယ၌ကား-

ကတမော တသ္မိံ သမယေ သမ္မာသမာဓိ ဟောတိ? ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ သမ္မာ သမာဓိ၊ အယံ တသ္မိံ သမယေ သမ္မာသမာဓိ ဟောတိ။ (ပဋိသံ၊၄၀-၁)

ကတမော သမ္မာသမာဓိ? ယာ စိတ္တဿ ဌိတိ (သဏ္ဌိတိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋမာနသတာ သမထော သမာဓိန္ဒြိယံ) သမ္မာသမာဓိ သမာဓိသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ ဝုစ္စတိ သမ္မာသမာဓိ။ (ဝိဘင်္ဂ၊ ၂၄၇)

http://www.dhammadownload.com


စိတ်၏ အာရုံပေါ်၌ တည်နေခြင်း(သမ္ပယုတ်တရားတို့ကို အာရုံပေါ်၌ တစ်ပေါင်းတည်းတည်နေစေခြင်း) သဘော၊ ပျံ့လွင့်ခြင်း၊ သို့လော သို့လော တွေးတောခြင်းမရှိဘဲ တည်ငြိမ်ခြင်းသဘော၊ မိမိနှင့် အတူဖြစ်ဖက်သဘော(သမ္ပယုတ်တရား)တို့ကို အာရုံပေါ်၌ တည်ငြိမ်နေစေခြင်းသဘော၊ အရိယာမဂ်ကို သိမြင်စေတတ်သော တည်ကြည်ငြိမ်သက်နေသော သဘောသည် သမ္မာသမာဓိမည်၏ဟု ဟောတော်မူပေသည်။

ဤသည်တို့ကို ထောက်ဆလျှင် သမ္မာသမာဓိဟူသည် ကသိုဏ်းစသော အာရုံအပေါ်၌ စိတ်၏ ငြိမ်သက်စွာ တည်နေခြင်းသဘော၊ အခြားအာရုံများသို့ ပျံ့လွင့်မနေခြင်းသဘော၊ စူးစိုက်သက်ဝင်နေခြင်းသဘောသာ ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သိမြင်ခြင်း၊ ရှုမှတ်ခြင်းသဘော မဟုတ်ပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် အသုဘအခြင်းအရာတို့ကို ရှုမှတ်ခြင်း၊ သိမြင်ခြင်းသဘောသည် သမ္မာဒိဋ္ဌိ(ပညာ) ၏ ကိစ္စသာဖြစ်သည်။ သမ္မာသမာဓိ၏ ကိစ္စမဟုတ်ပေ။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၊ အဋ္ဌသာလိနီအဋ္ဌကထာ၌ ပညာ(သမ္မာဒိဋ္ဌိ) မဂ္ဂင်၏ သဘောကို ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုထားပေသည်။

ကထံ "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာ"တိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ- ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ။

(ပဋိသံ။ ၃၆)

ပဇာနာတီတိ ပညာ။ ကိံ ပဇာနာတိ? "ဣဒံ ဒုက္ခ"န္တိအာဒိနာ နယေန အရိယသစ္စာနိ။ အဋ္ဌကထာယံ ပန "ပညာပေတီတိ ပညာ"တိ ဝုတ္တံ။ ကိန္တိ ပညာပေတိ၊ "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ ပညာပေတိ။

(အဘိ၊ ဋ္ဌ၊ ၁။ ၁၆၅)

http://www.dhammadownload.com


ဤသို့သော မိန့်ဆိုချက်တို့ကိုထောက်၍ သမ္မာသမာဓိသည် စိတ်၊ စေတသိက် (မိမိနှင့်ယှဉ်ဖက်တရား) တို့ကို တစ်ခုသော အာရုံပေါ်၌တည် နေစေတတ်သော သဘောသာ ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ရှုခြင်းသည် သမ္မာသမာဓိမဂ္ဂင် မည်၏ဟူသော စကားသည် မှားယွင်းသော စကားဖြစ်၍ အမဝ္ဝါဒသာ ဖြစ်သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ-

စုဒိတက ဦးဝိစိတ္တသာရဘိဝံသ၏ "ကာယကံ၊ ဝစီကံ၊ မနောကံ လွန်ကျူးမှုသည် နောင်အနာဂတ် အလားအလာမကောင်း၍ အနိစ္စ၊ မပြု ကောင်းသည့်ကိစ္စဖြစ်၍ ဒုက္ခ၊ အကျိုးနည်းခြင်းသဘောဖြစ်၍ အနတ္တ၊ မတင့်တယ်သည့်သဘောဖြစ်၍ အသုဘ"ဟု ရေးသားဟောပြောထားခြင်း သည် ပိဋကတ်ကျမ်းစာများနှင့် ကွဲပြားခြားနားနေပေသည်။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌-

ကထံ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" "သဗ္ဗေ ဓမ္မာ အနတ္တာ"တိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ၊ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ။ ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ ဝိညာဏံ၊ စက္ခု ။ပ။ ဇရာမရဏံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ သောတာဝဓာနံ၊ တံ ပဇာနနာ ပညာ သုတမယေ ဉာဏံ-

၌ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန-ဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၏ သဘာဝကို ပြထားပေသည်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်(ခန္ဓာငါးပါး)တို့သည် ပျက် စီးတတ်သောကြောင့်(ဝါ)ဖြစ်ပြီး ချုပ်ပျောက်သွားသောကြောင့် အနိစ္စ။ ဘေးဒုက္ခကို ပြုတတ်သဖြင့် ကြောက်ဖွယ်ကောင်းသောကြောင့် ဒုက္ခ။ အတ္တဝါဒီပုဂ္ဂိုလ်တို့က မပျက်မစီး အမြဲတည်နေသည်ဟု မှတ်ထင်ယူဆ

http://www.dhammadownload.com


သော အတ္တမှ ဆိတ်သုဉ်းသောကြောင့် အနတ္တဟူ၍ ပြဆိုထားပေသည်။ အဌကထာကျမ်း၊ ဋီကာကျမ်းတို့၌လည်း ဤ အနိစ္စ ဒုက္ခ အနတ္တတို့ကို အရာဌာနအားလျော်စွာ ခွဲခြားဖွင့်ပြကြပေသည်။

အနိစ္စံ ဘန္တေတိ ဘန္တေ ယသ္မာ ဟုတွာ န ဟောတိ၊ တသ္မာ အနိစ္စံ။ ဥပ္ပါဒဝယဝတ္တိတော ဝိပရိဏာမတာဝကာလိကနိစ္စပဋိက္ခေပဋ္ဌေန ဝါတိ စတူဟိ ကာရဏေဟိ အနိစ္စံ။ (မ၊ ဋ္ဌ၊ ၂။ ၁၉)

အနိစ္စဟူသည် ဖြစ်ပြီး ပျက်ခြင်းသဘော၊ ဖြစ်ခြင်း, ပျက်ခြင်း သဘော၊ ပင်ကိုအနေအထားမှ ဖောက်ပြန်တတ်သောသဘော၊ ခဏ ခေတ္တသာ တည်ရှိခြင်းသဘော၊ မမြဲခြင်းသဘောတည်း။

ဒုက္ခ၏သဘောကို-

ဒုက္ခံ ဘန္တေတိ ဘန္တေ ပဋိပီဠနာကာရေန ဒုက္ခံ၊ သန္တာပ, ဒုက္ခမ, ဒုက္ခဝတ္ထုက, သုခပဋိက္ခေပဋ္ဌေန ဝါတိ စတူဟိ ကာရဏေဟိ ဒုက္ခံ။ (မ၊ ဋ္ဌ၊ ၂။ ၁၉)

ဒုက္ခဟူသည် နှိပ်စက်တတ်သောသဘော၊ ပူလောင်ခြင်းသဘော၊ သည်းခံခြင်းငှာ ခဲယဉ်းခြင်းသဘော (သည်းခံခြင်းသဘော)၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ခြင်းသဘော၊ ဆင်းရဲခြင်း(ချမ်းသာ၏ ဆန့်ကျင်ဘက်) သဘောတည်း။

အနတ္တသဘောကို-

- အနတ္တာတိ နတ္ထိ ဧတေသံ အတ္တာကာရက ဝေဒကသဘာဝေါ။ သယံ ဝါ န အတ္တာတိ အနတ္တာ။ (နေတ္တိ၊ ဋ္ဌ ၇၅)
- အနတ္တာတိ"မာ ဇီယန္တု၊ မာ မီယန္တု" တိ ဝသေ ဝတ္တေတုံ န သက္ကာတိ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ အတ္တသုညာ အသာမိကာ အနိဿရာတိ အတ္ထော။ (ဓမ္မ၊ ဋ္ဌ၊ ၂။ ၂၅၆)
- တေ ဟိ အသာရတော အဝသဝတ္တနတော သုညတော အတ္တပဋိက္ခေပတော စ အနတ္တာတိ ဝိပဿိတဗ္ဗာ။ (ထေရဋ္ဌ၊ ၂။ ၂၅၅)

http://www.dhammadownload.com


အနတ္တဟူသည် တိတ္ထိပုဂ္ဂိုလ်တို့ ကြံဆအပ်သော ကာရက ဝေဒက ဟု ဆိုအပ်သော အတ္တမရှိခြင်း၊ အတ္တမဟုတ်ခြင်း၊ အလိုအတိုင်းမဖြစ်ခြင်း၊ အစိုးမရခြင်းသဘောတည်း။ ဤသို့ ကျမ်းဂန်တို့၌ ပြဆိုထားရာ မင်္ဂစိတ်, ဖိုလ်စိတ်များ အပါအဝင် စိတ်တရားမှန်သမျှ စေတသိက်တရားမှန်သမျှ, ရုပ်တရားမှန်သမျှ မမြဲသော အနိစ္စ, ဘေးဒုက္ခဖြစ်ကြောင်း ဒုက္ခ, အစိုးမရ အတ္တမှကင်းသော အနတ္တသာဖြစ်သည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ အလို-.

ကိုယ်နှုတ် စိတ်တို့ဖြင့် လွန်ကျူးမှုဟူသော အကုသိုလ် (ဒုစရိုက်) ကိုသာ အနိစ္စ, ဒုက္ခ, အနတ္တ အသုဘရှုရမည်၊ နောင် အနာဂတ် အလား အလာ ကောင်းသော အပြစ်ကင်းသဖြင့် ပြုလုပ်ခြင်းငှာ သင့်လျော်သော ပြုလုပ်ကောင်းသော ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သော၊ ထိုသို့ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သဖြင့် တင့်တယ်သော သဘော ရှိသော ကုသိုလ်သုစရိုက်တို့ကိုမူ အနိစ္စ, ဒုက္ခ, အနတ္တ အသုဘဟု ရှုရမည် မဟုတ်တော့ပေ။

ထို့ပြင် ရုပ်ခန္ဓာ(ဆံပင်၊ မွေးညင်း၊ လက်သည်း၊ ခြေသည်း စသည်) ကိုသာ အသုဘဟု ရှုရမည်ဟု ကျမ်းဂန်တို့၌ ပြပေသည်။ စိတ် စေတသိက် ဟူသော နာမ်တရားတို့ကို အသုဘရှုရမည်ဟု ကျမ်းဂန်တို့၌ မပြပေ။ ကျမ်းဂန်တို့၌ ဥဒ္ဓုမာတက=ဖူးဖူးရောင်အောင် ပုပ်ပွနေသော အလောင်း ကောင်၊ ဝိနီလက=သေပြီးသည့်နောက် ပုပ်လာသည့်အခါ အညိုရောင် အဖြူရောင်ရောပြီး များသောအားဖြင့် အညိုရောင်ရှိသော အလောင်း ကောင် စသည်ဖြင့် ပြဆိုရာ ထိုအလောင်းကောင် မှန်သမျှ သည်လည်း ကောင်း၊ ထိုအလောင်းကို နမူနာထား၍ မိမိ၏ အသက်ရှင်ဆဲ ခန္ဓာကိုယ် ကို "ဤ ငါ့ခန္ဓာကိုယ်သည်လည်း သေသည့်အခါ ဤကဲ့သို့ပင် ဖြစ်ပေ လိမ့်မည်"ဟု အသက်ရှင်ဆဲ ရှုအပ်သော မိမိခန္ဓာကိုယ်သည်လည်း ကောင်း ရုပ်တရားတွေသာ ဖြစ်သည်။

http://www.dhammadownload.com


သို့ဖြစ်၍ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အယူအဆသည် ဘုရားဟော ကျမ်းဂန်များမှ သွေဖည်၍ တစ်မျိုးတမည် ကြံဆအပ်သော မှားယွင်းသော တတ္တများသာ ဖြစ်ရာ မိစ္ဆာဝါဒ အဓမ္မဝါဒ ဟု ဆုံးဖြတ်ရန်မှ တစ်ပါး အခြားမရှိတော့ပေ။

ထို့ကြောင့် စောဒကဆရာတော်များ တင်ပြသော အမှတ်(၆) စောဒနာလွှာပါ စုဒိတက၏ တင်ပြချက်များသည် အဓမ္မဝါဒသာဖြစ်သည်။

## အမှတ်(၇) စောဒနာ၊ သောဓနာ စိစစ်ချက်

စောဒက ဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ "မဂ္ဂင်ရှစ်ပါးတရား" အမည်တပ်သည့် တိတ်ခွေတွင် ဦးဝိစိတ္တသာရာဘိဝံသက ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားထားခြင်းသည် ပိဋကတ်တော်နှင့် ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒသာ ဖြစ်ကြောင်း တင်ပြထားပေသည်။

ရှေးဘဝကံကြောင့် လူ့ဘဝကို ရတာပဲလို့ ခင်ဗျားတို့ ထင်ကြတယ်၊ ဘုရားက ဟောခဲ့တယ်လို့ ခင်ဗျားတို့ ထင်ကြတယ်၊ အဲဒီ အကြောင်း အရာကို ကျုပ်တို့ဘုရားက မဟောဘူးဗျာ့။ ဘုရား မဟောတဲ့ ဘုရား မယူတဲ့ အယူကို သွားယူတော့ ဘုရားနဲ့ ဆန့်ကျင်ဘက်ကြီး ဖြစ်သွားတယ်။

ကျုပ်တို့ဟာ မိစ္ဆာဒိဋ္ဌိဖြစ်နေတာ၊ ယခုကံကြောင့် နောက်ဘဝ ဖြစ်မယ်လို့, ဘုရားက ဟောခဲ့တယ်ထင်လို့ ကျုပ်တို့က ယူထားတာ၊ တကယ်တော့ အဲဒီ အကြောင်းအရာကို ကျုပ်တို့ ဗုဒ္ဓကမဟောဘူး။

အဲဒီအကြောင်းအရာပြောတာ ဘယ်သူလဲဆိုတော့ ဗုဒ္ဓနဲ့ ခေတ်ပြိုင် နိဂဏ္ဍနာဋပုတ္တဆိုတဲ့ တိတ္ထိဆရာကြီးက ပြောတာ၊ အဲဒီ အယူ အဆ ဒဿနတွေက သာသနာထဲ ဝင်ရောက်လာတဲ့အခါကျတော့ ဘုရား ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တာဆိုတော့ ဒိဋ္ဌိတွေ အများကြီးဖြစ်သွားလိုက်ပြီဆိုတော့ ကျုပ်တို့လည်း အဲဒီ ဒိဋ္ဌိဘောင်ထဲ ဝင်သွားလိုက်ပြီဆိုတော့ ဘုရားမတွေ့တော့ဘူး။"

http://www.dhammadownload.com


* ငါတို့သေရင် ကောင်းကောင်း ဖြစ်ချင်တယ်၊ ဆိုးဆိုး မဖြစ်ချင်ဘူး၊ ငရဲ မကျချင်ဘူး၊ နတ်ပြည်ဖြစ်ချင်တယ်။ ဗြဟ္မာ ဖြစ်ချင်တယ်လို့ ကျုပ်တို့က အဲဒီလို ဖြစ်ကုန်ကြပြီ မဟုတ်လား။ ဒါတွေဟာ အမှားချည်းကို။ ဘုရားဟောကျတော့ မယူ၊ ဘုရားမဟောတာကျတော့ ယူကုန်ကြတယ်။

* လူဆိုတာ ရှေးဘဝကံကြောင့် ဖြစ်ခဲ့တာ မဟုတ်ဘူး။

(၁) မိဘနှစ်ပါး သံဝါသပြုကြတယ်။
(၂) မိခင်မှာ သားမျိုးဥ ရှိထားတယ်။
(၃) ဖခင်မှာ သုက်မျိုးဥ ရှိထားတယ်။

အဲဒီ သုံးချက်ကြောင့် လူဖြစ်တယ်၊ ရှေးဘဝဆိုတာ မိစ္ဆာဒိဋ္ဌိ အယူတွေပဲ။

* ကုသိုလ်ကို တစ်ဆယ်သား ပြုလိုက်ပြီဆိုတော့သူကို ကောင်းကျိုး တစ်ဆယ်သား ပေးလိုက်တာဖြစ်တဲ့အတွက် ကောင်းမှု လက်ကျန် ရှိသေးရဲ့လား၊ ဈေးတွက် တွက်ရင် အလွယ်ကလေးရယ်။ ကောင်းမှုလက်ကျန် မရှိတော့ဘူး။

မကောင်းမှု အကုသိုလ် တစ်ဆယ်သား ပြုလိုက်တဲ့အတွက် မကောင်းကျိုး တစ်ဆယ်သားလောက် ပြန်ပေးလိုက်ပြီဆိုတော့ မကောင်းမှု လက်ကျန် ရှိသေးသလား။ မရှိတော့ဘူး၊ နောက်ထပ် အကျိုးပေးဖို့ရာ ကောင်းမှု လက်ကျန် မကောင်းမှုလက်ကျန် ရှိသေးသလား ဆိုတော့ မရှိတော့ဘူး။ အဲဒါမရှိပါဘဲလျက် နောင်ဘဝတွေ သွားပြီးတော့ ဘာဖြစ်ချင် ညာဖြစ်ချင်နဲ့ သွားပြီးတော့။ ခင်ဗျားတို့ကို ကျုပ်တို့က အရူးလို့ ပြောစရာမှ တစ်ပါး ဘာရှိတော့တုန်း။

ယခု ကောင်းမှုတစ်ဆယ်သား ပြုလိုက်ရင် ကောင်းကျိုး တစ်ဆယ်သား ရလိုက်ပြီ၊ ငွေတစ်ထောင်ပေးလိုက်လို့ တစ်ထောင်သုံးပစ်ရင် ကျန်သေးသလား၊ မကျန်တော့ဘူး။ အဲဒီတော့ ဟိုဘက်ဘဝတွေ စိတ်ကူးစရာရှိသေးသလား၊ မရှိတော့ဘူး၊ သံသရာပြတ်ပြီ။

* လူသေလို့ရှိရင် လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ တိရစ္ဆာန် ဖြစ်တယ်လို့ ယူဆတာဟာ ဗြာဟ္မဏတွေရဲ့ အယူအဆပါ။

http://www.dhammadownload.com

ဖော်ပြအပ်ပြီးသော စကားရပ်တို့ကို အနှစ်ချုပ်ကြည့်လိုက်လျှင်-

၁။ အတိတ်ဘဝ၊ အနာဂတ်ဘဝဆိုတာ မရှိဘူး။

၂။ နတ်ဘုံ၊ ပြဟ္မာဘုံ၊ ငရဲဘုံဆိုတာ မရှိဘူး။

၃။ အတိတ်ဘဝ၊ အနာဂတ်ဘဝနှင့် နတ်ဘုံ၊ ပြဟ္မာဘုံ၊ ငရဲဘုံ အယူအဆတွေဟာ ဘုရားဟော မဟုတ်ဘူး၊ ဘုရား မဟောခဲ့ဘူး။

၄။ လူဆိုတာ ကံကြောင့် ဖြစ်တာမဟုတ်ဘူး၊ မိဘနှစ်ပါး တို့ကြောင့် ဖြစ်တာ။

၅။ ကုသိုလ်ကို တစ်ဆယ်သားလောက် ပြုရင် အကျိုးကလဲ တစ်ဆယ်သားလောက်ပဲ ရတယ်၊ အကုသိုလ်ကို ပြုတဲ့ နေရာမှာလည်း ထိုနည်း အတိုင်းပင်။ ကိုယ်ပြုတဲ့ ကံထက် ပိုမိုပြီး အကျိုးရတာ မရှိ။

၆။ လူသေရင် လူလဲ မဖြစ်ဘူး၊ နတ်လဲ မဖြစ်ဘူး၊ ပြဟ္မာလဲ မဖြစ်ဘူး။ နောက်ဘဝဆိုတာ လုံးဝမရှိဘူး ဟူသော ကောက်ချက်များကို ရပေသည်။

## စုဒိတက၏ တင်ပြချက်များ

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ရှေးဘဝ (အတိတ်ဘဝ) နောက်ဘဝ (အနာဂတ်ဘဝ) တို့ကို ဘုရား မဟောကြောင်း သံယုတ် ပါဠိတော်, သီလက္ခန်ပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော် မဇ္ဈိမပဏ္ဏာသ ပါဠိတော်တို့ကို ထုတ်ပြ၍ ရှင်းလင်းချေပသည်။ မြတ်ဗုဒ္ဓ၏ အဗျာကတ လေးဌာန (သို့မဟုတ်) အဗျာကတ ဆယ်ဌာနကို ပဓာနပြု၍ ရှင်းလင်း ချေပသည်။

လူသည် ကံကြောင့် ဖြစ်သည်မဟုတ်၊ မိဘတို့ကြောင့် ဖြစ်သည် ဟူသော ဝါဒကို သံယုတ်ပါဠိတော် မဟာတဏှာသင်္ခယသုတ် ပါဠိတော်ကို ဂိမိလိုရာ ဆွဲယူ၍ ရှင်းလင်းချေပသည်။

http://www.dhammadownload.com


စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် ၃၁-ဘုံ မရှိကြောင်း ခိုင်မာသော အထောက်အထား မပြနိုင်ဘဲ တိတ္ထိတို့ ကြံဆစွဲယူအပ်သော အတ္တနှင့် စပ်လျဉ်း၍ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ မိန့်ကြားသော အဗျာကတ ဌာန (၁၀)ပါးကိုသာ တင်ပြကိုးကားကာ မိမိလိုရာသို့ ဆွဲယူရှင်းလင်းထားပေသည်။

စောဒက၊ စုဒိတကတို့၏ တင်ပြချက်နှင့် စပ်လျဉ်း၍ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ကိုးကားတင်ပြသော အဗျာကတဌာန (၁၀) ပါးကို ရှေးဦးစွာ သုံးသပ်ကြမည် ဖြစ်ပါသည်။ ယင်းအဗျာကတဌာန (၁၀) ပါးကို အားကိုးပြု၍ ဦးဝိစိတ္တသာရာဘိဝံသက အတိတ်ဘဝလည်း မရှိ၊ အနာဂတ် ဘဝလည်း မရှိကြောင်း တင်ပြထားသည်ဖြစ်ရာ ဦးဝိစိတ္တသာရာဘိဝံသ ကိုးကား တင်ပြထားသော သုတ်ပေါင်း (၂၀)ကျော်ကို လေ့လာ၍ စုဒိတက၏ တင်ပြချက် မှန်-မမှန်နှင့် စောဒကတို့၏ တောင်းဆိုချက် သင့်-မသင့် ကို ဝေဖန်စိစစ်ကြမည် ဖြစ်ပေသည်။

## အဗျာကတဌာန (၁၀)ပါး

ဘုရားရှင်ကို ပရိဗိုဇ်များ၊ ဗုဒ္ဓသာဝကများက အောက်ဖော်လတ္တံ့ပါ အချက်များကို မေးမြန်းခဲ့ရာ မြတ်စွာဘုရားက ထိုအကြောင်းအရာတို့ကို ငါမဖြေကြားအပ်-ဟု မိန့်တော်မူခဲ့သည်။ ထို့ကြောင့် ဖော်ပြလတ္တံ့ပါ (၁၀) ချက်ကို အဗျာကတဌာန (၁၀) ပါးဟု ဆိုရပေသည်။

၁။ သဿတော လောကော ＝ လောကသည် မြဲပါသလား။
၂။ အသဿတော လောကော ＝ လောကသည် မမြဲဘူးလား။
၃။ အန္တဝါ လောကော ＝ လောကသည် အဆုံးရှိပါသလား။
၄။ အနန္တဝါ လောကော ＝ လောကသည် အဆုံးမရှိပါဘူးလား။
၅။ တံ ဇီဝံ တံ သရီရံ ＝ ဇီဝ (အသက်)နှင့် ခန္ဓာကိုယ်သည် အတူတူပါလား။

http://www.dhammadownload.com


| | | |
|---|---|---|
| ၆။ အညံ ဇီဝံ အညံ သရီရံ | = | ဇီဝ (အသက်)နှင့် ခန္ဓာကိုယ် (သရီရ)သည် တစ်ခြားစီလား။ |
| ၇။ ဟောတိ တထာဂတော ပရံ မရဏာ | = | သတ္တဝါသည် သေပြီးနောက် ဆက်ဖြစ်သေးသလား။ |
| ၈။ န ဟောတိ တထာဂတော ပရံ မရဏာ | = | သတ္တဝါသည် သေပြီးနောက် ဆက်မဖြစ်တော့ဘူးလား။ |
| ၉။ ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာ | = | သတ္တဝါသည် သေပြီးနောက် ဖြစ်တာလဲရှိ မဖြစ်တာလဲ ရှိပါသလား။ |
| ၁၀။ နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ | = | သတ္တဝါသည် သေပြီးနောက် ဖြစ်တာလဲမဟုတ်၊ မဖြစ်တာ လဲ မဟုတ်ပါသလား။ |

ဤသို့ မြတ်စွာဘုရားကို မေးလျှင် မြတ်စွာဘုရားက "အဗျာကတံ ခေါ စေတံ မယာ=ဒါတွေကို ငါ ဖြေကြားလေ့မရှိဘူး"ဟု ဖြေကြားတော်မူ သကဲ့သို့ ပုဒ္ဓသာဝက အချင်းချင်းဖြစ်စေ ပုဒ္ဓသာဝက တစ်ပါးပါးအား အခြားပုဂ္ဂိုလ် တစ်ယောက်ယောက်က ဖြစ်စေ မေးမြန်းလျှင် "ဧဝမ္ပိ ခေါ (အာဝုသော) ဘဂဝတာ အဗျာကတံ=ငါ့ရှင် မြတ်စွာဘုရားက ဤသို့ ဖြေကြားခြင်းမပြုခဲ့ပါ"ဟု ဖြေဆိုကြသည်။

## လောကနှင့် တထာဂတ

ဤနေရာ၌ လောကနှင့် တထာဂတ တို့၏ အနက်မှန်ကို သိအပ် ပေသည်။

သဿတော လောကော=လောကသည် မြဲ၏ ဟူရာ၌ တိတ္ထိတို့ ကြံဆစွဲယူအပ်သော အတ္တ-တည်း။ ထို့ကြောင့်

သဿတော လောကော၊ ဣဒမေဝ သစ္စံ၊ မောဃမညန္တိ ဧတ္ထ လောကောတိ အတ္တာ။ သော ဟိ ဒိဋ္ဌိဂတိကေဟိ လောကိယန္တိ

http://www.dhammadownload.com


ဧတ္ထေ ပုည် ပါပံ တဗ္ဗိပါကာ, သယံ ဝါ ကာရကာဒိဘာဝေန အဘိယုတ္တော်ဟိ လောကီယတီတိ လောကောတိ အဓိပ္ပေတော။
(ဥဒါန၊ ဋ္ဌ၊ ၃၀၈)

သဿတော လောကော၊ ဣဒမေဝ သစ္စံ မောဃမညံ ဟူသော ပါဠ်၌ လောက-ဟူသည် အတ္တတည်း။ မှန်၏။ မိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် ဤအတ္တထဲ၌ ကုသိုလ်၊ အကုသိုလ်။ ထိုကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးတို့ကို ပြအပ်ကုန်၏။ တစ်နည်းအားဖြင့် မိမိဟူသော အတ္တသည် ကာရက (ကုသိုလ်၊ အကုသိုလ်တို့ကို ပြုတတ်သူ)။ ဝေဒက (ထိုကုသိုလ်၊ အကုသိုလ်တို့၏ ကောင်းကျိုး၊ ဆိုးပြစ် သုခ+ဒုက္ခကို ခံစားသူ) စသည်တို့၏ အစွမ်းဖြင့် အားထုတ်ကြကုန်သော ပုဂ္ဂိုလ် (မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်)တို့သည် ပြအပ်သောကြောင့် ထိုအတ္တကို လောက-ဟု ဆိုအပ်၏။ (အဋ္ဌကထာဘာသာပြန်)

* (သဿတော လောကောတိ) တတ္ထ လောကောတိ အတ္တာနံ သန္ဓာယ ဝဒတိ။ န ဟေတံ ပေါဋ္ဌပါဒ အတ္ထသံဟိတန္တိ ပေါဋ္ဌပါဒ ဧတံ ဒိဋ္ဌိဂတံ န ဣဓလောကပရလောက အတ္ထနိဿိတံ၊ န အတ္တတ္ထပရတ္ထနိဿိတံ။ (ဒီ၊ ဋ္ဌ၊ ၁။ ၃၁၁)

သဿတော လောကော ဟူသော ထိုစကားရပ်၌ လောက-ဟူသည့် စကားကို အတ္တကို ရည်ရွယ်၍ ပြောဆို၏။

န ဟေတံ ပေါဋ္ဌပါဒ အတ္ထသံဟိတံ ဟူသော စကားရပ်၏ အဓိပ္ပါယ်ကား-ပေါဋ္ဌပါဒ ဤ သဿတော လောကော စသော မိစ္ဆာအယူသည် ဤလောကအကျိုး တမလွန်လောက အကျိုးကို မမှီ၊ မိမိအကျိုး သူတစ်ပါးအကျိုးကို မမှီဟု ဆိုလိုသည်။
(အဋ္ဌကထာ ဘာသာပြန်)

* လောကောတိ အတ္တာ။ ဣဓ သရီရံယေဝ နဿတိ၊ အတ္တာ ပန ဣဓ ပရတ္ထ စ သော ယေဝါတိ မညန္တိ။
(ပဋိသံ၊ဋ္ဌ၊၂။၄)

http://www.dhammadownload.com



သဿတော လောကော အသဿတော လောကော-၌ လောက ဟူသည် အတ္တတည်း။ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာကိုယ်ကသာ ပျက်စီး၏။ (အတ္တသည်ကား မပျက်စီး)။

ဤဘဝအတ္တနှင့် တမလွန်သို့ ရောက်သွားသော အတ္တတို့သည် အတူတူသာတည်း၊ တစ်ခုတည်းသာတည်း-ဟူ၍ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် မှတ်ထင်ကြကုန်၏။ (အဋ္ဌကထာဘာသာပြန်)

## မိစ္ဆာဒိဋ္ဌိတွေသာ

အမှန်စင်စစ်အားဖြင့် သဿတော လောကော အသဿတော လောကော-စသော အဗျာကတဌာန (၁၀) ပါးသည် မိစ္ဆာဒိဋ္ဌိ အယူသာ ဖြစ်သည်။ မိစ္ဆာအယူ (မိစ္ဆာဒိဋ္ဌိ) သာ ဖြစ်ကြောင်းကို မြတ်ဗုဒ္ဓက ဖော်ပြ လတ္တံ့ပါအတိုင်း မိန့်ကြားထားသည်။

> တတ္ထ ကတမော ဒိဋ္ဌိပရာမာသော? "သဿတော လောကော"တိ ဝါ၊ "အသဿတော လောကော"တိ ဝါ။ "အန္တဝါ လောကော" တိ ဝါ၊ "အနန္တဝါ လောကော"တိ ဝါ။ "တံ ဇီဝံ တံ သရီရ"န္တိ ဝါ၊ "အညံ ဇီဝံ အညံ သရီရ" န္တိ ဝါ။ "ဟောတိ တထာဂတော ပရံ မရဏာ" တိ ဝါ၊ "န ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ၊ "ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ၊ "နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ။ ယာ ဧဝရူပါ ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော ဒိဋ္ဌိဝိသူကာယိကံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ ဒိဋ္ဌိသညောဇနံ (ပ)ဝိပရိယာ-သဂ္ဂါဟော။ အယံ ဝုစ္စတိ ဒိဋ္ဌိပရာမာသော-

ဟုလည်းကောင်း။ (မဓ္ဓသင်္ဂဏီ။၂၁၆)

> တတ္ထ ကတမော ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။ "သဿတော လောကော" တိ ဝါ၊ "အသဿတော လောကော"တိ ဝါ (ပ) "နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ"တိ ဝါ။(ပ) ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။ ဌပေတွာ

http://www.dhammadownload.com



သီလဗ္ဗတပရာမာသံ သဗ္ဗာပိ မိစ္ဆာဒိဋ္ဌိ ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။ (ဓမ္မသင်္ဂဏီ။ ၂၃၀)

ဤသို့သော ဟောကြားချက်တို့ကို ထောက်ဆ၍ လောကဟူသော အတ္တသည် မြဲသည်။ လောကဟူသော အတ္တသည် မမြဲဟူသော အယူအမြင်များ၊ အတ္တသည် သေသည်၏ အခြားမဲ့၌ ဖြစ်သေးသည်၊ သေသည်၏ အခြားမဲ့၌ မဖြစ်တော့-စသော အယူအမြင်များသည် မိစ္ဆာဒိဋ္ဌိများသာ ဖြစ်ကြောင်း သိအပ်ပေသည်။

ဤသို့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့ စွဲယူအပ်သော အတ္တကို ရည်ရွယ်သော မေးခွန်းများဖြစ်၍ မြတ်စွာဘုရားက "အဗျာကတံ မယာ"ဟုလည်းကောင်း၊ အခြား သာဝကများက "အဗျာကတံ ဘဂဝတာ"ဟုလည်းကောင်း မိန့်ကြားခဲ့ခြင်း ဖြစ်ပေသည်။

အတိတ်ဘဝ၊ အနာဂတ်ဘဝများ မရှိသောကြောင့် မဖြေကြားခြင်း မဟုတ်ပေ၊ တကယ်မရှိသော အတ္တ မြဲ-မမြဲ စသည် မေးသောကြောင့် ဖြေစရာ မရှိ၍ မဖြေခြင်းဖြစ်သည်။

သို့သော် ဆိုခဲ့ပြီးသော ပါဠိတော်များကို ထောက်၍ အတိတ်ဘဝ၊ အနာဂတ်ဘဝများ (၃၁) ဘုံများ ရှိကြောင်းကို သန္နိဋ္ဌာန်ကျ မှတ်အပ်ပေသည်။

အချို့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော ခန္ဓာငါးပါးကိုပင် အတ္တ-ဟုလည်းကောင်း၊ လောက ဟုလည်းကောင်း ယူဆကြသည်။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟု မရှိ၊ အတ္တသာ-ဟု ယူဆကြသည်။ မျက်စိနှင့် မြင်သိနေရသော ခန္ဓာကြီးသည် အတ္တ၏ ကိန်းရာသာဖြစ်သည်။ ဝေဒနာ, သညာ စသည်တို့သည်လည်း အတ္တ၏ အမူအရာတို့သာဟု ယူဆကြသည်။

ထို့ကြောင့်- သဿတော လောကော-လောကသည် မြဲပါသလော ဟုလည်းကောင်း၊ အသဿတော လောကော-လောကသည် မမြဲဘူးလော

http://www.dhammadownload.com


ဟု လည်းကောင်း၊ မေးကြခြင်းဖြစ်သည်။ လိုရင်းကို ပြောရလျှင် အတ္တ-သည် မြဲသလား၊ မမြဲဘူးလားဟု မေးလိုရင်းဖြစ်သည်။

## ပေါဋ္ဌပါဒသုတ်

ဤနေရာ၌ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက အတိတ်ဘဝ၊ အနာဂတ်ဘဝ မရှိကြောင်း တင်ပြသည့် သုတ်များစွာ အနက်မှ သီလက္ခန် ပါဠိတော်၌လာရှိသည့် ပေါဋ္ဌပါဒသုတ်အကြောင်းကို အနည်းငယ် တင်ပြ လိုပေသည်။

ပေါဋ္ဌပါဒပရိဗိုဇ်သည် အတ္တရှိသည်ဟု ယုံကြည်လက်ခံသော မိစ္ဆာဝါဒီပုဂ္ဂိုလ် (အတ္တဒိဋ္ဌိအယူရှိသူ) ဖြစ်၏။ ထို့ကြောင့် ယခင့် ယခင်နေ့ရက်တို့၌ သူတို့ တိတ္ထိပရိဗိုဇ် အချင်းချင်း ဆွေးနွေးခဲ့ဖူးသော "အဘိသညာနိရောဓ" စိတ်သညာချုပ်ပုံတို့ကို ဗုဒ္ဓအား မေးလျှောက်၏။ ဗုဒ္ဓက အနုပုဗ္ဗနိရောဓ ကိုးပါး (ပဌမဈာန် သမာပတ်ဝင်စားပုံမှ စ၍ နိရောဓ သမာပတ်ဝင်စားပုံအထိ) ကို ဟောပြ၏။

ဗုဒ္ဓက ဤသို့ ပီပြင်ကျနစွာ ရှင်းလင်းဟောပြပါသော်လည်း ထို အနုပုဗ္ဗနိရောဓ ကိုးပါးကို စိတ်မဝင်စားဘဲ မိမိအမြဲတမ်း စွဲယူနေသည့် အတ္တကိုသာ စွဲလမ်းနေသဖြင့် "သဿတော လောကော-အတ္တသည် မြဲသလော" စသည့် ပြဿနာ(၁၀) ချက်ကိုမေး၏။ မြတ်ဗုဒ္ဓက ပေါဋ္ဌပါဒ မေးသော ထိုပြဿနာ (၁၀) ချက်ကို "အတ္တသည် မြဲ၏ အတ္တသည် မမြဲ" စသည်ဖြင့် ဖြေကြားခြင်း ပြုတော်မမူပါလေ။

အဘယ့်ကြောင့် မဖြေသနည်း။

ပေါဋ္ဌပါဒမေးသော အမေး (၁၀) ချက်သည် အတ္တကို ရည်ရွယ်၍ မေးခြင်းဖြစ်၏။ အတ္တသည် မြဲသလား၊ မမြဲဘူးလား၊ အတ္တသည် အဆုံးရှိသလား၊ မရှိဘူးလား၊ ဇီဝဟူသော အတ္တနှင့် ခန္ဓာကိုယ်သည် အတူတူပဲလား၊ တစ်ခြားစီလား၊ အတ္တသည် သေပြီးနောက် ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား။ ဖြစ်တာလဲရှိ၊ မဖြစ်တာလဲရှိသလား၊ ဖြစ်တာလဲမဟုတ်၊ မဖြစ်တာလဲမဟုတ်ဟု မှတ်ရမည်လားဟု မေးခြင်းဖြစ်သည်။

http://www.dhammadownload.com


အတ္တသည် တကယ်ရှိသော အရာမဟုတ်ပါပေ။ တကယ်မရှိသော အရာဝတ္ထုကို ဖြူသလား၊ မည်းသလား၊ တိုသလား၊ ရှည်သလား ဟု မေးခဲ့လျှင် ပေးစရာအဖြေမရှိ၊ ပေးစရာအဖြေမရှိလျှင် မဖြေဘဲထားရ၏။ ယင်းကို ဌပနီယပဥှာ ဟု ခေါ်၏။

ဤနေရာ၌ အမေးပုစ္ဆာလေးမျိုးနှင့် အဖြေပေးပုံ လေးမျိုးတို့ကိုလည်း သိသင့်ပေသည်။ ဘုရားရှင်က အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ်၊ ပဌမပဏ္ဏာသက၊ ရောဟိတဿဝဂ်၊ ပဥှာဗျာကရဏသုတ် (အံ၊ ၁။ ၃၅၅)၌ အမေးပုစ္ဆာလေးမျိုးရှိကြောင်း ဟောကြားတော်မူခဲ့သည်။

ယင်းလေးမျိုးမှာ-

၁။ ဧကံသဗျာကရဏီယပဥှာ = သေချာပေါက် ဖြေဆိုရမည့် မေးခွန်း။

၂။ ဝိဘဇ္ဇဗျာကရဏီယပဥှာ = ဝေဖန်စိစစ်၍ ဖြေဆိုရမည့် မေးခွန်း။

၃။ ပဋိပုစ္ဆာဗျာကရဏီယပဥှာ= မေးသူကိုပြန်မေးပြီးမှ ဖြေဆိုရမည့်မေးခွန်း။

၄။ ဌပနီယ ပဥှာ = မဖြေဘဲထားရမည့်မေးခွန်း တို့ပေတည်း။

## အကျယ်အဓိပ္ပာယ်

၁။ ဧကံသဗျာကရဏီယပဥှာ- ဟူသည် သေချာပေါက် ဖြေဆိုရမည့် မေးခွန်းဖြစ်သည်။ ဥပမာ-"စက္ခု (မျက်စိပသာဒ)သည် အနိစ္စလား" ဟု မေးလျှင် "အနိစ္စ" ဟု သေချာပေါက်ဖြေဆိုရမည်။

၂။ ဝိဘဇ္ဇဗျာကရဏီယပဥှာ- ဟူသည် ဝေဘန်စိစစ်၍ ဖြေဆိုရမည့် မေးခွန်းတည်း၊ ဥပမာ-"အနိစ္စဆိုတာ (မမြဲဘူးဆိုတာ) စက္ခုလား"ဟု မေးလာလျှင် "စက္ခုသာလျှင် အနိစ္စဖြစ်သည်မဟုတ်၊ သောတလည်း အနိစ္စပင်" (ဃာနလည်းအနိစ္စပင်၊ ဇိဝှါလည်း အနိစ္စပင်-စသည်) ဟု ဝေဖန်စိစစ်၍ ဖြေဆိုရမည်။

http://www.dhammadownload.com



၃။ ပဋိပုစ္ဆာဗျာကရဏီယပဥှာ- ဟူသည် မေးလာသူကို တစ်ဖန် ပြန်မေးပြီးမှ ဖြေဆိုရမည့်မေးခွန်းတည်း။ ဥပမာ-စက္ခုနှင့်သောတ၊ သောတနှင့် စက္ခု အတူတူပဲလားဟု မေးလာလျှင် ဖြေမည့်ပုဂ္ဂိုလ်က "အဘယ်သို့သော အနက်သဘော (အဘယ်သို့သော ရည်ရွယ်ချက်) ဖြင့် မေးပါသနည်း" ဟု ပြန်မေးရမည်။ မူလမေးသည့်ပုဂ္ဂိုလ်က "မြင်တတ်သော အနက်သဘောအားဖြင့် စက္ခုနှင့်သောတ တူပါသလားဟုမေးခြင်းဖြစ်သည်" ဟု ဆိုလျှင် "ဒီလိုဆိုလျှင် စက္ခုနှင့်သောတ မတူ" ဟု ဖြေရမည်။ အကယ်၍ မူလမေးသူက "မမြဲခြင်းအနက်သဘောအားဖြင့် စက္ခုနှင့်သောတ တူပါသလား ဟု မေးခြင်းဖြစ်ပါသည်" ဟုဆိုလျှင် "စက္ခုနှင့်သောတသည် မမြဲခြင်း (အနိစ္စ)သဘောအားဖြင့် တူသည်" ဟု ဖြေရမည်။ ဤသို့ မူလမေးသူ၏ ရည်ရွယ်ချက်ကို သိအောင် မေးပြီးမှ အဖြေပေးရသည့်အတွက် ဤအမေးမျိုးကို "ပဋိပုစ္ဆာဗျာကရဏီယပဥှာ" ဟု ဆိုရသည်။

၄။ ဌပနီယပဥှာ-ဟူသည် မဖြေဘဲထားရမည့် မေးခွန်းမျိုးတည်း။ ဥပမာ-ဇီဝနှင့် သရီရ (အသက်နှင့်ခန္ဓာကိုယ်) သည် အတူတူပါပဲလား ဟု မေးခြင်းမျိုးတည်း၊ ဤ၌ ဇီဝ-ဟူသည် အတ္တကို ရည်ရွယ်သော စကားတည်း။ အတ္တ-ဟူသည် တကယ်မရှိသောအရာဖြစ်၍ ဇီဝ (အတ္တ)နှင့် ခန္ဓာကိုယ် အတူတူဟု ပြောလို့ မဖြစ်သလို "သဿတော လောကော။ အတ္တသည် မြဲ၏။" "အသဿတော လောကော။ အတ္တသည် မမြဲ" ဟုလည်းကောင်း။ "ဟောတိ တထာဂတော ပရံ မရဏာ။ အတ္တသည် သေသည်၏အခြားမဲ့၌ ဖြစ်သေးသည်"ဟု လည်းကောင်း။ "န ဟောတိ တထာဂတော ပရံ မရဏာ။အတ္တသည် သေသည်၏အခြားမဲ့၌ မဖြစ်တော့"ဟုလည်းကောင်း ဖြေကြားခြင်းငှာ မထိုက်ပေ။ တစ်စုံ တစ်ယောက်က ထို အဗျာကတဝတ္ထုန (၁၀)ပါးကို မေးလာလျှင် ဘာအဖြေမျှမပေးဘဲ ဒီအတိုင်းထားရမည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



ထို့ကြောင့် "သဿတော လောကော-အစ-နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာ" တိုင်အောင်သော (၁၀) မျိုးသည် တကယ်မရှိသော အတ္တကိုမေးခြင်းဖြစ်၍ မဖြေဆိုဘဲထားရမည့် ဌပနီယ ပဉှာဖြစ်၍ ဘုရားရှင်က "အဗျာကတံ မယာ"ဟု လည်းကောင်း။ ဗုဒ္ဓ သာဝကများက "အဗျာကတံ ဘဂဝတာ"ဟု လည်းကောင်း မိန့်ကြားတော် မူခြင်းဖြစ်သည်။

> စက္ခုံ အနိစ္စန္တိ ပုဋ္ဌေ "အနိစ္စ" န္တိ ဧကံသေနေဝ ဗျာကာတဗ္ဗံ။ "အနိစ္စာ နာမ စက္ခု" န္တိ ပုဋ္ဌေ ပန "န ကေဝလံ စက္ခုမေဝ၊ သောတမ္ပိ အနိစ္စ" န္တိ ဧဝံ ဝိဘဇိတွာ ဗျာကာတဗ္ဗံ။ "ယထာ စက္ခု တထာ သောတံ၊ ယထာ သောတံ တထာ စက္ခု" တိ ပုဋ္ဌေ "ကေနဋ္ဌေန ပုစ္ဆသီ"တိ ပဋိပုစ္ဆိတွာ "ဒဿနဋ္ဌေန ပုစ္ဆာမီ"တိ ဝုတ္တေ "န ဟိ" တိ ဗျာကာတဗ္ဗံ။ "အနိစ္စဋ္ဌေန ပုစ္ဆာမိ" တိ ဝုတ္တေ "အာမာ" တိ ဗျာကာတဗ္ဗံ။။
>
> "တံ ဇီဝံ တံ သရီရ" န္တိ အာဒီနိ ပုဋ္ဌေ ပန "အဗျာကတမေတံ ဘဂဝတာ"တိ ဌပေတဗ္ဗော၊ ဧသ ပဉှော န ဗျာကာတဗ္ဗောတိ ဧဝံ ဇာနာ တီတိ အတ္ထော။ (အံ၊ ဋီ၊ ၂။ ၃၀၁၊ ၃၀၂)

ဤ "သဿတော လောကော" စသော အမေးဆယ်ချက်သည် အတ္တကို ရည်ရွယ်၍ မေးခြင်းဖြစ်၏။ အတ္တသည် တကယ်ရှိသည့် အရာ မဟုတ်သောကြောင့် မြဲသည်ဟုလည်းကောင်း၊ မမြဲဟုလည်းကောင်း၊ အဆုံးရှိ၏ဟုလည်းကောင်း၊ အဆုံးမရှိဟုလည်းကောင်း၊ ထိုဇီဝဟူသော အတ္တသည် ခန္ဓာကိုယ်ပင်တည်း (ဝါ) အတ္တနှင့်သရီရ (ခန္ဓာကိုယ်)သည် အတူတူဟုလည်းကောင်း၊ အတ္တနှင့်သရီရသည် မတူဟုလည်းကောင်း၊ အတ္တသည် သတ္တဝါ သေပြီးနောက် ဆက်ဖြစ်သည်ဟုလည်းကောင်း၊ ဆက်မဖြစ်တော့ဟုလည်းကောင်း၊ သေပြီးနောက် ဖြစ်တာလဲရှိ မဖြစ်တာ လဲရှိသည်ဟူလည်းကောင်း၊ ဖြစ်တာလဲမဟုတ်၊ မဖြစ်တာလဲမဟုတ်ဟု လည်းကောင်း ဖြေကြားစရာ မလိုတော့ပေ။ (ဝါ) မေးရင်း ဝတ္ထုကမရှိသော

http://www.dhammadownload.com


ကြောင့် အဖြေပေးစရာမရှိတော့ပေ။ ထိုသို့ မဖြေဘဲထားအပ်သော အမေး ဖြစ်သောကြောင့် "အဗျာကတံ မယာ၊ ငါမဖြေ"ဟုလည်းကောင်း အဗျာကတံ ဘဂဝတာ-မြတ်စွာဘုရားသည် မဖြေကြားဟုလည်းကောင်း မိန့်ကြားခြင်းဖြစ်ပေသည်။

## အတိတ်ဘဝ အနာဂတ်ဘဝ မရှိ၍ မဖြေခြင်း မဟုတ်

ဤသို့ အဗျာကတံ မယာ၊ အဗျာကတံ ဘဂဝတာ-ဟု ဆိုသော်လည်း အတိတ်ဘဝမရှိ အနာဂတ်ဘဝ မရှိသောကြောင့် ယင်းသို့ မိန့်ကြားခြင်းမဟုတ်ပေ။ အတိတ်ဘဝ၊ အနာဂတ်ဘဝကား ရှိသည်သာ။ တကယ်မရှိသော အတ္တကို ရည်ရွယ်၍မေးသော အမေးဖြစ်သောကြောင့်သာ ယင်းသို့ ဖြေဆိုခြင်းဖြစ်သည်။

ဤအဗျာကတ (၁၀) ဌာနနှင့်စပ်၍ ဟောသမျှ သုတ်အားလုံးကို ဤသို့သာ မှတ်အပ်သည်။

## အာနန္ဒသုတ်

ဤနေရာ၌ သဠာယတနဝဂ္ဂသံယုတ်လာ အာနန္ဒသုတ် (သံ၊ ၂။ ၃၆၃)ကိုလည်း လေ့လာမှတ်သားသင့်ပေသည်။

အခါတစ်ပါး၌ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဘုရားထံချဉ်းကပ်၍ "အရှင်ဂေါတမ၊ အတ္တသည်ရှိပါသလား"ဟု မေးလျှောက်၏။ ဗုဒ္ဓက ဘာမျှမဖြေဘဲ ဆိတ်ဆိတ်နေ၏။ ဝစ္ဆဂေါတ္တပရိဗိုဇ်က "အရှင်ဂေါတမ အတ္တ မရှိပါဘူးလား"ဟု ဆက်မေးသောအခါလည်း ဗုဒ္ဓက ဘာမျှမဖြေဘဲ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ထပြန်သွားလေ၏။

ဝစ္ဆဂေါတ္တပရိဗိုဇ် ပြန်သွားမှ အရှင်အာနန္ဒာက "ရှင်တော်ဘုရား၊ ဝစ္ဆဂေါတ္တပရိဗိုဇ်မေးသည့်အမေးကို အဘယ့်ကြောင့် မဖြေဆိုပါသနည်း" ဟု မေးလျှောက်သောအခါ ဗုဒ္ဓက "အာနန္ဒာ အတ္တရှိသည်ဟုဖြေလျှင် သဿတဝါဒမိစ္ဆာဒိဋ္ဌိ အယူဝါဒနှင့်တူလိမ့်မည်။ အတ္တမရှိဟုဖြေလျှင် ဥစ္ဆေဒ

http://www.dhammadownload.com


ဝါဒမိစ္ဆာဒိဋ္ဌိအယူဝါဒနှင့် တူလိမ့်မည်။ ထို့ပြင် "အတ္တရှိ၏" ဟု ဖြေလျှင် ငါဘုရားဟောကြားထားသည့် သဗ္ဗေ ဓမ္မာ အနတ္တာ ဟူသော ဒေသနာနှင့် ဆန့်ကျင်လိမ့်မည်။ "အတ္တမရှိ" ဟုဖြေလိုက်လျှင် အတ္တစွဲပြင်းထန်သော ဝစ္ဆဂေါတ္တပရိဗိုဇ်သည် "ငါ့ရဲ့အတ္တသည် ရှေးကဖြစ်ခဲ့ပြီ၊ ထို အတ္တ ယခု မဖြစ်တော့ဘူး"တဲ့ ဟု ပြင်းစွာ တွေဝေခြင်းသို့ ရောက်သွားလိမ့်မည်။ ထို့ကြောင့် အတ္တမရှိဟု မဖြေခြင်းဖြစ်သည်။

ထိုသို့ပြင်းစွာ တွေဝေသွားလျှင် (ဝါ) ဝိစိကိစ္ဆာပြင်းစွာဖြစ်လျှင် နဂို အခံရှိသော ဒိဋ္ဌိသည် ပိုအားကောင်းသွားလိမ့်မည်၊ ထိုသို့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြစ်ခြင်းသည် ထို ဝစ္ဆဂေါတ္တပရိဗိုဇ်အတွက် အကျိုးမဲ့ပျက်စီးဖို့ရာသာဖြစ်မည်။ ဤသို့သော အကြောင်းကြောင့် "အတ္တမရှိ"ဟု မဖြေခြင်းဖြစ်သည်။

ထို့ပြင် ပေါဋ္ဌပါဒသုတ်စသည်၌ ယင်းသို့ မဖြေဆိုခြင်းသည် ထို အတ္တနှင့်စပ်သော စကားတို့သည် န အတ္ထသံဟိတ=ဤဘဝအကျိုး တမလွန် အကျိုး၊ မိမိအကျိုး၊ သူတစ်ပါးတို့၏အကျိုးနှင့် မစပ်ယှဉ်၊ န ဓမ္မသံဟိတ= အကြောင်းတရားနှင့်မစပ်ယှဉ်၊ နာဒိဗြဟ္မစရိယ=မဂ်ဖိုလ်ရခြင်း၏ အစမဟုတ်၊ န နိဗ္ဗိဒါသံဝတ္တန၊ သံသရာမှ ငြီးငွေ့ခြင်း၏အကြောင်း မဟုတ်၊ န ဝိရာဂသံဝတ္တန=တပ်မက်ခြင်း ကင်းခြင်းငှာမဟုတ်။ န နိရောဓသံဝတ္တန= ဆင်းရဲဒုက္ခငြိမ်းရန်မဟုတ်၊ န ဥပသမသံဝတ္တန= ကိလေသာငြိမ်းကြောင်း မဟုတ်၊ န အဘိညာသံဝတ္တန=ထူးသောဉာဏ်ဖြင့် သိခြင်း၏ အကြောင်း မဟုတ်၊ န သမ္ဗောဓသံဝတ္တန=ထိုးထွင်းသိခြင်း၏ အကြောင်းမဟုတ်၊ န နိဗ္ဗာနသံဝတ္တန=နိဗ္ဗာန်ရခြင်း၏အကြောင်း မဟုတ်သောကြောင့်တည်း။ (ပေါဋ္ဌပါဒသုတ်။၁၇၄)

အတိတ်ဘဝ၊ အနာဂတ်ဘဝ မရှိသောကြောင့် မဟုတ်ပေ။

## စုဒိတက၏ ယူဆချက်အမှားများ

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် ပေါဋ္ဌပါဒသုတ်လာမြတ်ဗုဒ္ဓ၏ ဒေသနာတော်ကို မှန်ကန်အောင် ယူနိုင်စွမ်းမရှိသည်ကို တွေ့ရပေသည်။ အတိတ်ဘဝ၊ အနာဂတ်ဘဝတို့ကို ပယ်လိုသော မိစ္ဆာဒိဋ္ဌိအမြင်က

http://www.dhammadownload.com

လွှမ်းမိုးနေသောကြောင့် မိမိကိုးကားပြနေသည့် အထောက်အထား များသည် မိမိ၏ဝါဒကို မထောက်ခံဘဲ မိမိ၏ မိစ္ဆာဝါဒီအဖြစ်ကိုသာ မီးမောင်းထိုးပြနေသည့် အထောက်အထားများဖြစ်ကြောင်း မသိရှာပေ။

### ပေါဋ္ဌပါဒသုတ်ကို ဆက်လေ့လာကြည့်ပါ

(က) သန္တိ ပေါဋ္ဌပါဒ ဧကေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ဧကန္တသုခီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ"တိ။ တျာဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ "သစ္စံ ကိရ တုမှေ အာယသ္မန္တော ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော" ဧကန္တ သုခီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ "တိ၊ တေ စေ မေ ဧဝံ ပုဋ္ဌာ "အာမာ"တိ ပဋိဇာနန္တိ။

မြန်မာပြန်

ပေါဋ္ဌပါဒ စင်စစ်ချမ်းသာခြင်းရှိသော (ချမ်းသာသက်သက်ဖြစ်သော) "အတ္တသည် သေသည်၏အခြားမဲ့၌ ကျန်းကျန်းမာမာရှိ၏၊ (သတ္တဝါကသေသွားသော်လည်း အတ္တက မသေ၊ ပင်ကိုယ်အတိုင်းပင်ရှိနေ၏ဟု ဆိုလိုသည်)"ဟု ပြောဆိုလေ့ရှိသော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

ထိုပုဂ္ဂိုလ်တို့အထံသို့ ချဉ်းကပ်၍ အရှင်တို့သည် စင်စစ်ချမ်းသာခြင်းရှိသော အတ္တသည် သေသည်၏ အခြားမဲ့၌ (နောက်ဘဝ၌) မပျက်မစီး ပင်ကိုအတိုင်းရှိ၏ ဟု ယူဆလေ့ရှိကြသည်ဆိုကာ မှန်ပါရဲ့လားဟု မေးသောအခါ မှန်ပါ၏ဟု ဝန်ခံကြကုန်၏။

(ခ) တျာဟံ ဧဝံ ဝဒါမိ "အပိ ပန တုမှေ အာယသ္မန္တော ဧကန္တသုခံ လောကံ ဇာနံ ပဿံ ဝိဟရထာ" တိ။ ဣတိ ပုဋ္ဌာ "နော" တိ ဝဒန္တိ။

ထို သမဏဗြာဟ္မဏတို့ကို "အရှင်တို့ သင်တို့သည် စင်စစ်ချမ်းသာခြင်းရှိသော လောကကို သိမြင်ကြကုန်သလော ဟု "မေးသောအခါ ထိုပုဂ္ဂိုလ်တို့က မသိမြင်ကြပါဟု ဖြေကြကုန်၏။

http://www.dhammadownload.com


(ဂ) တျာဟံ ဧဝံ ဝဒါမိ "အပိ ပန တုမှေ အာယသ္မန္တော ဧကံ ဝါ ရတ္တိံ ဧကံ ဝါ ဒိဝသံ ဥပဍ္ဎံ ဝါ ရတ္တိံ ဥပဍ္ဎံ ဝါ ဒိဝသံ ဧကန္တသုခံ အတ္တာနံ သဉ္ဇာနထာ"တိ။ ဣတိ ပုဋ္ဌာ "နော"တိ ဝဒန္တိ။

ထို သမဏဗြာဟ္မဏတို့ကို "အရှင်တို့ သင်တို့သည် တစ်နေ့ တစ်ညဉ့် သို့မဟုတ် ညဉ့်တစ်ဝက် သို့မဟုတ် နေ့တစ်ဝက်မျှ စင်စစ် ချမ်းသာခြင်းရှိသော (ဆင်းရဲမဖက် ချမ်းသာသက်သက်ဖြစ်သော) အတ္တကို သိမြင်ကြပါကုန်သလောဟု မေးသည်ရှိသော်" မသိကြပါ ဟု ဖြေကြကုန်၏။

(ဃ) တျာဟံ ဧဝံ ဝဒါမိ "အပိ ပန တုမှေ အာယသ္မန္တော ဇာနာထ အယံ မဂ္ဂေါ အယံ ပဋိပဒါ ဧကန္တ သုခဿ လောကဿ သစ္ဆိကိရိယာယာ" တိ ဣတိ ပုဋ္ဌာ "နော" တိ ဝဒန္တိ။

ထို သမဏဗြာဟ္မဏတို့ကို "အရှင်တို့ သင်တို့သည် စင်စစ်ချမ်းသာသော လောကကို မျက်မှောက်ပြုကြောင်းဖြစ်သော လမ်းစဉ်နှင့်အကျင့်ကို သိကြပါကုန်သလောဟု "မေးသည်ရှိသော်" မသိကြပါ" ဟု ဖြေဆိုကြကုန်၏။

(င) တျာဟံ ဧဝံ ဝဒါမိ "အပိ ပန တုမှေ အာယသ္မန္တော ယာဝတာ ဒေဝတာ ဧကန္တသုခံ လောကံ ဥပပန္နာ၊ တာသံ ဘာသမာနာနံ သဒ္ဒံ သုဏာထ။ သုပ္ပဋိပန္နတ္ထ မာရိသာ ဥဇုပ္ပဋိပန္နာတ္ထ မာရိသာ ဧကန္တ သုခဿ လောကဿ သစ္ဆိကိရိယာယ၊ မယမ္ပိ ဟိ မာရိသာ ဧဝံ ပဋိပန္နာ ဧကန္တသုခံ လောကံ ဥပပန္နာ "တိ။ ဣတိ ပုဋ္ဌာ " နော တိ ဝဒန္တိ။

ထို သမဏဗြာဟ္မဏတို့ကို "အရှင်တို့ သင်တို့သည် အလွန်ချမ်းသာသော နတ်ဘုံသို့ ရောက်နေကြကုန်သော နတ်တို့၏ "အချင်းတို့ အလွန်ချမ်းသာသော နတ်ချမ်းသာကို ရရှိခံစားနိုင်ရန် ကောင်းကောင်း ကျင့်ကြံအားထုတ်နိုင်ကြပါကုန်။ ဖြောင့်ဖြောင့်မတ်မတ် မကွေ့မကောက် ကြိုးစားအားထုတ် ကြပါကုန်ဟု ပြောဆိုကြသော ထိုနတ်တို့၏ ပြောသံကို

http://www.dhammadownload.com


ကြားကြကုန်သလော”ဟု မေးသည်ရှိသော် “မကြားကြပါ”ဟု ဖြေဆိုကြကုန်၏။

(၈) တံကိ မညသိ ပေါဋ္ဌပါဒ “နနု ဇဝံ သန္တေ တောသံ သမဏ-ဗြာဟ္မဏာနံ အပ္ပါဋိဟီရကတံ ဘာသိတံ သမ္ပဇ္ဇတီတိ။

ပေါဋ္ဌပါဒ ဒီလိုဆိုလျှင် “ဆင်းရဲမရှိ ချမ်းသာအတိပြီးသော အတ္တသည်ရှိ၏။ ထိုအတ္တသည် ခန္ဓာကိုယ် ပျက်စီးသော်လည်း (လူသေသွား သော်လည်း) ပျက်စီးခြင်းမရှိ၊ အမြဲတည်နေ၏ ဟု ပြောဆိုနေကြသော ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသော စကားသာဖြစ်၏။

## အကျဉ်းချုပ်ကောက်နုတ်ချက်

ယခုပြဆိုခဲ့သောပါဠိ(၆)ပုဒ်ကို ထုတ်ပြ၍ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက အတ္တနှင့်စပ်သော သမဏဗြာဟ္မဏတို့၏ အယူဝါဒ မမှန်ကန်ကြောင်းကို ဘုရားရှင်ကိုယ်တိုင် ဟောကြားခဲ့ကြောင်းနှင့် သေပြီးနောက်ဖြစ်မည့်အရာကို မမျှော်မှန်းကြရန် ဆုံးမတော်မူခြင်းဖြစ်ကြောင်း တင်ပြ၏။ (သောနေလွှာ-နှာ-၁၀၀)

အတ္တမရှိကြောင်းညွှန်ပြသည်ဆိုသည်မှာ မှန်သော်လည်း သေပြီးနောက် ဖြစ်မည့်အရာကို မမျှော်မှန်းကြရန် ဆုံးမတော်မူသည်-ဟူသောစကားမှာမူ မမှန်ကန်ပေ။ စုဒိတကပြောလိုသည်အချက်မှာ အတိတ်ဘဝလည်းမ ရှိ၊ အနာဂတ်ဘဝလည်းမရှိ-ဟူသောအချက်သာ ဖြစ်သည်။

ဤပါဠိ(၆)ရပ်တို့တွင်(၄) အမှတ်ဖြင့်ပြဆိုအပ်သော ပါဠိတော်ကို ညွှန်ပြပြီး နတ်ပြည်နှင့်နတ်ဆိုတာမရှိ ဟု ဦးဝိစိတ္တသာရာဘိဝံသက ယူဆထားသည်။ ထိုယူဆချက်မှာ အမှားသာတည်း။

မှန်၏။ ယင်းပါဠိ၌ ဘုရားက စင်စစ်ချမ်းသာဖြစ်သော အတ္တရှိ၏ဟု ယူဆသည့် သမဏဗြာဟ္မဏတို့ကို “အလွန်ချမ်းသာသောနတ်တို့၏ နတ်ပြည်၌ဖြစ်လိုလျှင် နတ်ပြည်ရောက်ကြောင်းအကျင့်တို့ကို မှန်ကန်

http://www.dhammadownload.com



ဖြောင့်မတ်စွာ ကျင့်ကြပါ” ဟု ပြောစကားကို သင်တို့ကြားဖူးသလောဟု မေးသောအခါ ထိုသမဏဗြာဟ္မဏတို့က မကြားဖူးကြောင်း ဖြေဆိုကြ၏- ဟု ပြဆိုထားသည့်။

သမဏဗြာဟ္မဏတို့က ထိုနတ်တို့၏စကားကို မကြားဖူးပါ- ဟုဆိုသဖြင့် “နတ်နှင့်နတ်ပြည်ဆိုတာမရှိ” ဟု စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ယူခြင်းဖြစ်သည်။

အမှန်မှာ ယင်းသို့မဟုတ်ပေ။ နတ်ပြည်ဆိုတာလည်းရှိသည်၊ နတ်ဆိုတာလည်းရှိသည်၊ သို့သော် ထိုအတ္တဝါဒီ သမဏဗြာဟ္မဏတို့က ထိုနတ်တို့၏အသံကို မကြားဖူးသောကြောင့် “မကြားဖူးပါ”ဟု ဖြေဆို ခြင်းဖြစ်သည်။ နတ်ပြည်နှင့်နတ်၊ ဗြဟ္မာပြည်နှင့် ဗြဟ္မာမရှိသောကြောင့် “မကြားဖူးပါ”ဟု ဖြေဆိုကြခြင်းမဟုတ်ပေ။ မြတ်စွာဘုရား၏ ထိုစကား ရပ်ဖြင့် နတ်ပြည်နှင့် နတ်ရှိကြောင်း ညွှန်ပြ နေပေသည်။ နတ်နှင့် နတ်ပြည်၊ ဗြဟ္မာနှင့် ဗြဟ္မာပြည်ရှိကြောင်း၊ ထိုပေါဋ္ဌပါဒ သုတ္တန်မှာပင် ဘုရားရှင် ဟောကြားတော်မူခဲ့သည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ကိုးကားတင်ပြသော ထိုပါဠိ တော်သည် သီလက္ခန်ပါဠိတော် ပေါဋ္ဌပါဒသုတ် စာမျက်နှာ-၁၇၇၊ စာပိုဒ် နံပါတ်-၄၂၅ ၌ လာ၏။

ထိုစာပိုဒ်နံပါတ်-၄၂၅ လာ ပါဠိရပ်တို့ဖြင့် အချို့သော အတ္တဝါဒီ သမဏဗြာဟ္မဏတို့ ယုံကြည်လက်ခံထားသော အတ္တမရှိကြောင်း ညွှန်ပြပြီး ဥပမာနှစ်မျိုးဖြင့် တကယ်ထင်ရှားမရှိသော အတ္တကို မှော်မှန်း ယုံကြည် နေပုံကို ဆက်လက်ဟောတော်မူ၏။

## ဥပမာနှစ်မျိုး

ယောကျ်ားတစ်ယောက်သည် အချောဆုံး အလှဆုံး အမျိုးသမီးကို အလိုရှိ၍ “ဤရွာရှိ အချောဆုံး အလှဆုံး အမျိုးသမီးကို ငါလိုချင်၏”ဟု ပြော၏။

http://www.dhammadownload.com


ထိုယောက်ျားကို "အမောင် သင်လိုချင်သည့် အမျိုးသမီးသည် မင်းမျိုး (မင်းသမီး) လော၊ ပုဏ္ဏားမျိုး (ပုဏ္ဏေးမ) လော၊ ကုန်သည်မျိုးလော၊ သူဆင်းရဲမျိုးလော"ဟု မေးသည့်အခါ "မသိပါ"ဟု ဖြေ၏။ "သင်အလိုရှိသော အမျိုးသမီးသည် ဘယ်အမျိုးအနွယ်ရှိ၍ အမည်က အဘယ်သို့ ခေါ်သနည်း၊ အရပ်ရှည်သလား၊ သို့မဟုတ် ပုသလား၊ မနိမ့်မမြင့်ဘဲလား၊ မည်းသလား၊ ဝါသလား၊ ညိုသလား၊ အဘယ်ရွာ အဘယ်မြို့၌ နေသနည်း" ဟု မေးသည့်အခါ၌လည်း မသိပါဟု ဖြေ၏။

ထိုအခါ ထိုယောက်ျားကို "အမောင်ယောက်ျား သင်သည် မိမိ မသိသော (တကယ်လည်းသတ်မှတ်ချက် မရှိသော) အမျိုးသမီးကို အလိုရှိ နေသလော"ဟု မေးသည်ရှိသော် "မှန်၏"ဟု ဖြေဆို၏။

ဤဥပမာ၌ မိမိမသိသော အမျိုးသမီးကို အလိုရှိသော ယောက်ျား ကဲ့သို့ တကယ်မရှိသော အတ္တကို ရည်မျှော်ပြီး အတ္တသည် စင်စစ် ချမ်းသာ ၏-ဟု ဖြေဆိုခြင်းသည် အခြေအမြစ်မရှိသော စကားဖြစ်သည်ဟု မြတ်ဗုဒ္ဓ က မိန့်ကြား၏။

## ဒုတိယ ဥပမာ

ယောက်ျားတစ်ယောက်သည် ပြာသာဒ်ထက်သို့ တက်ရန် စောင်း တန်းလှေခါးကို ပြုလုပ်၍ နေ၏။ ထိုယောက်ျားကို "အမောင် ယောက်ျား အသင်တက်မည့် ပြာသာဒ်သည် မည်သည့်အရပ်မှာ ရှိပါသနည်း၊ ထို ပြာသာဒ်သည် မြင့်သလား၊ နိမ့်သလား၊ သို့မဟုတ် မနိမ့်မမြင့်လား"ဟု မေးသည့်အခါ ထိုယောက်ျားက ပြာသာဒ် မည်သည့်အရပ်မှာရှိသည်ဟု မသိကြောင်း၊ မြင့်သည်၊ နိမ့်သည်ကိုလည်း မသိကြောင်း ဖြေဆိုသည်။

ဤဥပမာ၌ ပြာသာဒ်သို့တက်ရန် လှေကားလုပ်နေခြင်းသည် အခြေအမြစ်မရှိသကဲ့သို့ တကယ်မရှိသော အတ္တကို အလွန်ချမ်းသာသည် ဟု ပြောသောစကားသည်လည်း အခြေအမြစ်မရှိ၊ လက်ခံထိုက်သော စကားမဟုတ်ဟု သိအပ်သည်။

http://www.dhammadownload.com


## ဘဝသုံးမျိုး

ဤသို့ အတ္တမရှိပုံကို ထင်ရှားပြဆိုပြီးနောက် သတ္တဝါတို့ ဖြစ်တည်ရာ ဘုံသုံးမျိုးတို့ကို ဟောကြားတော်မူ၏။

တယော အတ္တပဋိလာဘာ။ တယော ခေါ မေ ပေါဋ္ဌပါဒ အတ္တပဋိလာဘာ။ ဩဠာရိကော အတ္တပဋိလာဘော၊ မနောမယော အတ္တပဋိလာဘော၊ အရူပေါ အတ္တပဋိလာဘော။

ကတမော စ ပေါဋ္ဌပါဒ ဩဠာရိကော အတ္တပဋိလာဘော။ ရူပီ စာတုမဟာဘူတိကော ကဗဠီကာရာဟာရဘက္ခော၊ အယံ ဩဠာရိကော အတ္တပဋိလာဘော။

ကတမော မနောမယော အတ္တပဋိလာဘော။ ရူပီ မနောမယော သဗ္ဗင်္ဂပစ္စင်္ဂီ အဟီနိန္ဒြိယော၊ အယံ မနောမယော အတ္တပဋိလာဘော။

ကတမော အရူပေါ အတ္တပဋိလာဘော၊ အရူပီ သညာမယော၊ အယံ အရူပေါ အတ္တပဋိလာဘော။ (ဒီ-၁၊ ၁၇၇)

## ဘဝ သုံးမျိုး

၁။ ဩဠာရိက အတ္တပဋိလာဘ-ဟူသည် အဝီစိငရဲကြီးမှစ၍ အထက် ပရနိမ္မိတဝသဝတ္တီ နတ်ဘုံအထိ ဖြစ်သော ကာမဘုံ (၁၁)ဘုံတည်း။

၂။ မနောမယ အတ္တပဋိလာဘ-ဟူသည် ပဌမစျာန် ဗြဟ္မာဘုံမှ စ၍ အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင် ရူပါဝစရဗြဟ္မာဘုံ (၁၆)ဘုံတည်း။

၃။ အရူပီ အတ္တပဋိလာဘ-ဟူသည် အာကာသာနဉ္စာယတနဘုံမှစ၍ နေဝသညာနာသညာယတန ဘုံအထိ အရူပါဝစရ လေးဘုံတည်း။

http://www.dhammadownload.com



သုံးမျိုးလုံးပေါင်းလိုက်လျှင် ဘုံပေါင်း (၃၁)ဘုံဖြစ်သည်။
(ဒီ၊ ဋ-၁၊ ၃၁၃)

ဤသို့ ဘုရားရှင်ကိုယ်တိုင် (စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ တင်ပြသော) ပေါဋ္ဌပါဒသုတ်၌ ဘုံပေါင်း (၃၁)ဘုံကို ဟောကြားထားသောကြောင့် နတ်ဘုံ, ဗြဟ္မာဘုံမရှိဟု စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက တင်ပြခြင်းသည် အမှားသက်သက်သာ ဖြစ်သည်။

## ၃၁-ဘုံရှိကြောင်း ဟောကြားချက်များ

မြတ်ဗုဒ္ဓက (၃၁) ဘုံရှိကြောင်း သုတ္တန်များစွာ၌လည်းကောင်း၊ အဘိဓမ္မာပိဋကတ်၌ လည်းကောင်း၊ ဝိနယပိဋကတ်၌ လည်းကောင်း ဟောကြားတော်မူခဲ့သည်။

ယင်းတို့အနက် အနည်းငယ်မျှ ထုတ်ပြဦးအံ့-

* ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿာ စုတာ ဒေဝေသု ပစ္စာဇာယန္တိ။ အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ မနုဿာ စုတာ နိရယေ ပစ္စာဇာယန္တိ။ တိရစ္ဆာနယောနိယာ ပစ္စာဇာယန္တိ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ။
(အံ-၁၊ စာပိုဒ်-၃၃၉-၃၄၁)

လူ့ဘုံမှ စုတေ၍ နတ်ပြည်၌ ဖြစ်သော သတ္တဝါတို့ကား အနည်းငယ်သာ ရှိ၏၊ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့၌ ဖြစ်သော သတ္တဝါတို့ကသာ များကုန်၏။

ထို့နည်းတူစွာပင်-

* နတ်ဘုံမှ စုတေ၍ နတ်ဘုံ၌ ဖြစ်သော သတ္တဝါတို့အား အနည်းငယ်သာ ရှိ၏။ နတ်ဘုံမှ စုတေ၍ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့၌ ဖြစ်ကြသော သတ္တဝါတို့ကသာ များကုန်၏။ ဟုလည်းကောင်း၊
(စာပိုဒ်-၃၄၂-၄)

http://www.dhammadownload.com


* နတ်ဘုံမှ စုတေ၍ လူ့ဘုံ၌ဖြစ်သော သတ္တဝါတို့ကား အနည်းငယ်သာ ရှိကုန်၏။ နတ်ဘုံမှ စုတေ၍ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့၌ ဖြစ်ကြသော သတ္တဝါတို့ကသာ များကုန်၏ဟု လည်းကောင်း၊ (စာပိုဒ်-၃၄၅-၃၄၇)

* ငရဲဘုံမှ စုတေ၍ လူ့ဘုံ၌ဖြစ်သော သတ္တဝါတို့ကား နည်းကုန်၏၊ ငရဲဘုံမှ စုတေပြီး ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့၌ ဖြစ်ရသော သတ္တဝါတို့သာ များကုန်၏-ဟု လည်းကောင်း၊ (စာပိုဒ်-၃၄၈-၃၅၀) ငရဲဘုံမှ စုတေ၍ နတ်ဘုံ၌ဖြစ်သော သတ္တဝါတို့ကား အနည်းငယ်သာရှိကုန်၏၊ ငရဲဘုံမှစုတေပြီး ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံတို့၌ ဖြစ်ကြရသော သတ္တဝါတို့သာ များကုန်၏-ဟု လည်းကောင်း၊ (စာပိုဒ်-၃၅၁-၃၅၃) ဤသို့ စသည်ဖြင့် ဟောကြားတော်မူခဲ့သည်။ ထို့အတူ-

> တမောတမသုတ် (အံ-၁၊ ၃၉၇) စသည်တို့၌လည်း "ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော နီစေကုလေ ပစ္စာဇာတော ဟောတိ။ ပ။ သော ကာယေန ဒုစ္စရိတံ စရတိ၊ ဝါစာယ ဒုစ္စရိတံ စရတိ၊ မနသာ ဒုစ္စရိတံ၊ စရတိ၊ သော ကာယေန ဒုစ္စရိတံ စရိတွာ ဝါစာယ ဒုစ္စရိတံ စရိတွာ, မနသာ ဒုစ္စရိတံ စရိတွာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ ဧဝံ ခေါ ဘိက္ခဝေ ပုဂ္ဂလော တမော ဟောတိ တမပရာယဏော။

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယုတ်ညံ့သော အမျိုး၌ဖြစ်၏။ စားဝတ်နေရေး မပြည့်စုံဘဲ ဆင်းရဲချို့တဲ့၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မကောင်းသည့် အကုသိုလ် ဒုစရိုက် အလုပ်ကို လုပ်၏။ မကောင်းမှု အကုသိုလ် အလုပ်ကို ပြုလုပ်သောကြောင့် ထိုပုဂ္ဂိုလ်သည် သေသည်၏အခြားမဲ့၌ (နောက်ဘဝ၌) မကောင်းသော ငရဲဘုံသို့ လားရောက်ရ၏။ ဤသို့ ဤဘဝတွင် ဆင်းရဲငတ်ပြတ်၍ သေသည့်အခါ ငရဲဘုံသို့ လားရောက်ရသောပုဂ္ဂိုလ်သည် အမှောင်၌လာ၍ အမှောင်သို့

http://www.dhammadownload.com


သွားသော ပုဂ္ဂိုလ်ဖြစ်၏။ စသည်ဖြင့် တမလွန်လောကရှိကြောင်း၊ ငရဲဘုံ စသော ဘုံဘဝများရှိကြောင်း ဟောကြားတော်မူခဲ့သည်။

ထို့အပြင် သုတ်မဟာဝါပါဠိတော်၌လည်း အရှင်အာနန္ဒာက-

သာဠှော နာမ ဘန္တေ ဘိက္ခု နာတိကေ ကာလင်္ကတော တဿ ကာ ဂတိ၊ ကော အဘိသမ္ပရာယော (ပ) သုဘဒ္ဒါ နာမ ဘန္တေ ဥပါသကော နာတိကေ ကာလင်္ကတော၊ တဿ ကာ ဂတိ၊ ကော အဘိသမ္ပရာယောတိ-

ဟူ၍ ကွယ်လွန်သူတို့၏ လားရာဂတိကို မေးတော်မူရာ မြတ်ဗုဒ္ဓက ဖော်ပြလတ္တံ့ပါအတိုင်း ဖြေကြားတော်မူခဲ့သည်-

သာဠှော အာနန္ဒ ဘိက္ခု အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။ နန္ဒာ အာနန္ဒ ဘိက္ခုနီ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကာ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မာ တသ္မာ လောကာ။ (ပ) သုဒတ္တော အာနန္ဒ ဥပါသကော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသမောဟာနံ တနုတ္တာ သကဒါဂါမီ သကိဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရိဿတိ။ (ဒီ-၂၊ ၇၈)

ထို့အတူ ဓမ္မဟဒယဝိဘင်း(ဝိဘင်း-၄၃၆) ပါဠိတော်၌လည်း-

* ကတမေ ဓမ္မာ ကာမာဝစရာ၊ ဟေဋ္ဌတော အဝီစိနိရယံ ပရိယန္တံ ကရိတွာ ဥပရိတော ပရနိမ္မိတဝသဝတ္တီ ဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထ ပရိယာပန္နာ ခန္ဓဓာတုအာယတနာ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေ ဓမ္မာ ကာမာဝစရာ။
* ကတမေ ဓမ္မာ ရူပါဝစရာ၊ ဟေဋ္ဌတော ဗြဟ္မလောကံ ပရိယန္တံ ကရိတွာ ဥပရိတော အကနိဋ္ဌေ ဒေဝေ အန္တောကရိတွာ၊ ယံ ဧတသ္မိံ

http://www.dhammadownload.com


အန္တရေ ဧတ္ထာဝစရာ ဧတ္ထ ပရိယာပန္နာ သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ စိတ္တစေတသိကာ ဓမ္မာ၊ ဣမေ ဓမ္မာ ရူပါဝစရာ။

※ ကတမေ ဓမ္မာ အရူပါဝစရာ၊ ဟေဋ္ဌတော အာကာသာနဉ္စာယတနူ-ပဂေ ဒေဝေ ပရိယန္တံ ကရိတွာ ဥပရိတော နေဝသညာနာသညာယတနူပဂေ ဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထ ပရိယာပန္နာ သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ ဝါ စိတ္တစေတသိကာ ဓမ္မာ၊ ဣမေ ဓမ္မာ အရူပါဝစရာ-

ဟု ဘုံပေါင်း ၃၁-ဘုံရှိကြောင်း ဟောကြားတော်မူခဲ့သည်။

ထို့ပြင် ထိုဓမ္မဟဒယဝိဘင်း ပါဠိတော် (နှာ-၄၃၇ စသည်)၌လည်း လူ့ဘုံ သက်တမ်း၊ နတ်သက်တမ်း၊ ဗြဟ္မာသက်တမ်းတို့ကို အတိအကျ ဟောပြတော်မူခဲ့သည်။

အင်္ဂုတ္တရပါဠိတော်(အံ-၁၊ ၂၁၃ စသည်)၌လည်း ကျောင်းအမဝိသာခါ အား ရှစ်ပါးသီလကို စောင့်ထိန်းကြသော ပုဂ္ဂိုလ်များ နတ်ပြည်ခြောက်ထပ် သို့ ရောက်နိုင်ကြောင်းကို နတ်ပြည်၏ သက်တမ်းများနှင့်တကွ ဟောပြ တော်မူခဲ့သည်။

ထို့အတူ ယမကပါဠိတော် (ယမက-၂၊ ၂၇၄ စသည်)၌လည်း-

ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ၊ ကတိ အနုသယာ နာနုသေန္တိ၊ ကတိ အနုသယာ ဘင်္ဂါ။. . .

ကာမဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ. . . ကာမဓာတုယာ စုတဿ အရူပဓာတုံ ဥပပဇ္ဇန္တဿ. . . ရူပဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ. . . အရူပဓာတုယာ စုတဿ အရူပဓာတုံ ဥပပဇ္ဇန္တဿ. . . (ပ) ကတိ အနုသယာ ဘင်္ဂါ။

http://www.dhammadownload.com


ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ အနုသယာ ဘင်္ဂါ နတ္ထိ. . .

စသည်ဖြင့် ၃၁-ဘုံရှိကြောင်း များစွာ ဟောကြားခဲ့ပေသည်။

ခန္ဓယမိုက်, အာယတနယမိုက် စသည်တို့၌လည်း-

ကာမာဝစရေ တတ္ထ, ရူပါဝစရေတတ္ထ, အရူပါဝစရေ တတ္ထ၊ အသညသတ္တေ တတ္ထ၊ သုဒ္ဓါဝါသေ တတ္ထ၊ ဧကဝေါကာရေ တတ္ထ၊ စတုဝေါကာရေ တတ္ထ၊ ပဉ္စဝေါကာရေ တတ္ထ. . .

စသည်ဖြင့် ၃၁-ဘုံရှိကြောင်း ဟောပြတော်မူခဲ့ပေသည်။

ဝိနည်းပိဋကတော် ပါရာဇိကကဏ္ဍပါဠိ(နှာ-၅)၌လည်း မြတ်ဗုဒ္ဓသည် ဗောဓိပင်နှင့် ရွှေပလ္လင်၌ ဘုရားဖြစ်ခါနီးဝယ် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရပြီးနောက် အာသဝက္ခယဉာဏ်ကိုရကာ ဘုရားဖြစ်ခဲ့ကြောင်း ဟောကြားတော်မူခဲ့သည်။

ပု-ဒိ- အာ ဟူသော ဝိဇ္ဇာသုံးပါးကို ဤဘုရားသာသနာဝယ် ရှေးဦးစွာ ရခဲ့သောကြောင့် အကြီးမြတ်ဆုံးဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။

ထိုတွင် မိမိဖြစ်ခဲ့ဖူးသော ရှေးရှေးအတိတ်ဘဝတို့ကို သိမြင်သောဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်၍ အပါယ်လေးဘုံ, နတ်ဘုံ, ဗြဟ္မာဘုံနှင့် ထိုဘုံတို့သို့ ရောက်ကြောင်းကံ (အကုသိုလ်ကံ, ကုသိုလ်ကံ) တို့ကို သိမြင်သောဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြစ်သည်။

- သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရာမိ။ သေယျထိဒံ? ဧကမ္ပိ ဇာတိံ၊ ဒွေပိ ဇာတိယော၊ တိဿောပိ ဇာတိယော။(ပ) အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ အမုတြာသိံ ဧဝံ နာမော ဧဝံဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံ သုခဒုက္ခပဋိသံဝေဒီ ဧဝမာယုပရိယန္တော။ သော တတော စုတော အမုတြ ဥဒပါဒိံ။ စသည် (ဝိ-၁၊ ၅)
- သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿာမိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ

http://www.dhammadownload.com


သုဝဏ္ဏော ဒုဗ္ဗဏ္ဏော သုဂတေ ဒုဂ္ဂတေ။ ယထာကမ္မူပဂေ သတ္တေ ပဇာနာမိ "ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနောဒုစ္စရိတေန သမန္နာဂတေ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ။ . . . စသည် (ဝိ-၁၊ ၆)

ဤသည်တို့ကို ထောက်လျှင်လည်း ငရဲဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ရှိကြောင်း၊ ရှေးရှေးအတိတ်ဘဝတွေ များစွာရှိကြောင်း သိနိုင်ပေသည်။ ရှေးဘဝများစွာရှိခဲ့လျှင် ထိုဘဝတို့၏ အခြားမဲ့ဖြစ်သော အနာဂတ်ဘဝ တို့သည် များစွာရှိကြောင်း သိနိုင်ပေတော့သည်။

ဤသို့သော ဗုဒ္ဓဒေသနာတော်တို့ကို ထောက်ထား၍ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ တင်ပြသော အတိတ်ဘဝ အနာဂတ်ဘဝမရှိ၊ နောက်ဘဝမရှိ၊ တမလွန်ဆိုတာမရှိ၊ တမလွန်အကျိုး မျှော်ကိုးမနေနဲ့ စသော ဟောပြောချက်, ရေးသားချက်များသည် အဓမ္မဝါဒသာ ဖြစ်သည်။

## လူသည် ကံကြောင့်ဖြစ်သည်မဟုတ်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ က လူသည် ကံကြောင့်ဖြစ်သည် မဟုတ်၊ မိဘနှစ်ပါးကြောင့်ဖြစ်သည်-ဟု တင်ပြထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ရန် လိုအပ်ပေသည်။

ဦးဝိစိတ္တသာရာဘိဝံသသည် လူဖြစ်ခြင်း၏ အကြောင်းကို တင်ပြရာ၌ မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသပါဠိတော်၊ မဟာတဏှာသင်္ခယသုတ်လာ မြတ်ဗုဒ္ဓ၏ ဟောကြားချက်ကို လက်ကိုင်ပြု၍ တင်ပြခြင်း ဖြစ်၏။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ကိုယ်ဝန်ပဋိသန္ဓေ တည်နေခြင်းအကြောင်းကို ဤသို့ ဖော်ပြထား၏။

http://www.dhammadownload.com


(၁) ရဟန်းတို့ အမိအဖနှစ်ဦးတို့သည် ပေါင်းသင်းဆက်ဆံကြခြင်း၊
(၂) မိခင်လောင်းသည် သားမျိုးဥ ကြွေပြီး ဖြစ်ခြင်း၊
(၃) သားအိမ်အတွင်းသို့ ရောက်ထိုက်သော ဖခင်လောင်း၏ မျိုးစေ့ဟူသော သုက်ကောင်ပိုးသည်လည်း ရှေးရှုကပ်ရောက်၍ တည်နိုင်ခြင်း၊

ဤသို့ အကြောင်းအင်္ဂါသုံးချက်လုံး ပြည့်စုံခြင်းကြောင့် ကိုယ်ဝန်ပဋိသန္ဓေတည်ခြင်း ဖြစ်ပါသည်။ (သောနေသွာ-၁၈၃)

ဦးဝိစိတ္တသာရာဘိဝံသ၏ တင်ပြချက်သည် မဟာတဏှာသင်္ခယသုတ် ပါဠိတော်နှင့် ယင်း၏ အဖွင့်ဖြစ်သော အဋ္ဌကထာတို့နှင့် ကွဲလွဲနေပေသည်။

ကိုယ်ဝန်ပဋိသန္ဓေ တည်ခြင်း၏ အကြောင်းကို မဟာတဏှာ-သင်္ခယသုတ်၌ ဖော်ပြလတ္တံ့ပါအတိုင်း မြတ်ဗုဒ္ဓက ဟောကြားခဲ့လေသည်။

တိဏ္ဏံ ခေါ ပန ဘိက္ခဝေ သန္နိပါတာ ဂဗ္ဘဿာဝက္ကန္တိ ဟောတိ။

(ပ) ယတော စ ခေါ ဘိက္ခဝေ မာတာပိတရော စ သန္နိပတိတာ ဟောန္တိ၊ မာတာ စ ဥတုနီ ဟောတိ၊ ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ။ ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿာဝက္ကန္တိ ဟောတိ။

(မ၊ ၁၊ ၃၃၂)

ရဟန်းတို့၊ သုံးပါးကုန်သော အကြောင်းတရားတို့၏ ပေါင်းဆုံမိခြင်းကြောင့် ကိုယ်ဝန်သားငယ်၏ အမိဝမ်း၌ သက်ရောက်ခြင်းဖြစ်၏။ (ပ) အကြင်အခါ၌ မိဘနှစ်ပါးတို့သည် မေထုနသံဝါသ ပြုကြကုန်၏။ မိခင်လောင်းကလည်း ဥတုလာဆဲဖြစ်၏။ အမိဝမ်း၌ကိန်းမည့် (ကိုယ်ဝန်လာနေမည့်) သတ္တဝါကလည်း ဤအမိဝမ်း၌ လာကိန်းရန် ရှေးရှုတည်ဆဲဖြစ်၏။ ဤသို့သော အကြောင်းတရားသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ကိုယ်ဝန်သားငယ်၏ အမိဝမ်း၌ သက်ရောက်ခြင်းသည် ဖြစ်၏။

ဤအကြောင်းသုံးပါးတွင် တစ်ပါးဖြစ်စေ, နှစ်ပါးဖြစ်စေ ချွတ်ယွင်းနေလျှင် ကိုယ်ဝန်မတည်နိုင်ကြောင်းကို ရှင်းလင်းဟောကြားတော်မူခဲ့သည်။

http://www.dhammadownload.com


ထိုသုံးချက်တို့တွင် အမှတ် (၃) ဖြစ်သော "ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ" ဟူသော မြတ်ဗုဒ္ဓ၏ မိန့်ဆိုချက်ကို အဋ္ဌကထာဆရာက ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုတော်မူခဲ့သည် -

* ဂန္ဓဗ္ဗောတိ တတြူပဂသတ္တော။ (ဂန္ဓဗ္ဗဟူသည် ထိုအမိဝမ်းတိုက်၌ စွဲကပ်မည့် သတ္တဝါတည်း)။
* ပစ္စုပဋ္ဌိတော ဟောတီတိ န မာတာပိတူနံ သန္နိပါတံ ဩလောကယမာနော သမီပေ ဌိတော ပစ္စုပဋ္ဌိတော နာမ ဟောတိ။

ကမ္မယန္တယန္တိတော ပန ဧကော သတ္တော တသ္မိံ ဩကာသေ နိဗ္ဗတ္တနကော ဟောတီတိ အယမေတ္ထ အဓိပ္ပာယော။

(ရှေးရှုတည်နေ၏-ဟူသည် မိဘတို့၏ မေထုနသံဝါသပြုမှုကို စောင့်ပြီး အနီး၌ တည်နေသည်မဟုတ်၊ ကံတည်းဟူသော ယန္တရားက ပစ်လွှင့်လိုက်သောကြောင့် (ဝါ) ကံတရား၏ အစွမ်းကြောင့် တစ်ယောက်သော သတ္တဝါသည် ထိုအမိဝမ်း၌ ကိန်းရန် အဆင့်သင့် ဖြစ်နေခြင်းကို ဆိုလိုသည်။)

ဤသို့ ဂန္ဓဗ္ဗောတိ တတြူပဂသတ္တော-ဟု ဖွင့်ဆိုထားသောကြောင့် ဂန္ဓဗ္ဗဟူသည် ထိုအမိဝမ်း၌ ပဋိသန္ဓေလာနေမည့် သတ္တဝါသာ ဖြစ်သည်။ ဖခင်၏ သုက်ကောင်ပိုး မဟုတ်ပေ။

ထို့ကြောင့် ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားဟောပြောချက်သည် အဋ္ဌကထာဖွင့်နှင့် ဆန့်ကျင်နေပေသည်။

မိခင်လောင်းနှင့် ဖခင်လောင်းတို့ မေထုနသံဝါသ ပြုပြီဆိုကတည်းက ဖခင်၏သုက်ပိုးသည် ပါပြီးဖြစ်၏။ မိခင်၏မျိုးဥသည်လည်း ထိုပထမ အင်္ဂါ၌ ပါပြီးဖြစ်၏။ ထို့ကြောင့် တတိယအင်္ဂါဖြစ်သည့် ဂန္ဓဗ္ဗအရ ဖခင်၏ သုက်ကောင်ပိုးကို အထူးယူဖွယ် မလိုတော့ပေ။

http://www.dhammadownload.com


## ကံကြောင့်လူဖြစ်သည်

လူနှင့်တကွ သတ္တဝါတို့သည် ကံကြောင့်ဖြစ်ကြရ၏။ အစမထင်သော သံသရာကြီးထဲဝယ် ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အဝိဇ္ဇာ၊ တဏှာ၊ ဖဿ၊ နာမ်ရုပ်စသော အကြောင်းများကြောင့် သက်ရှိသက်မဲ့ အရာဝတ္ထုတို့ ဖြစ်ပေါ်လာကြသည်။

သတ္တဝါ ဘယ်အချိန်က စဖြစ်သည်ဟု မည်သူမျှ မသိနိုင်ပေ။ ရုပ်တရား၊ နာမ်တရားတို့၏ တစ်ပါးသည် တစ်ပါးအား ထောက်ပံ့မှု၊ အချင်းချင်း ထောက်ပံ့မှုတို့ကြောင့် (ဝါ) အကြောင်းတရားတို့၏ ထောက်ပံ့မှုကြောင့် အကျိုးတရားဟို့ ဖြစ်ပေါ်နေခြင်းဖြစ်ရာ ထိုအကြောင်းတရား၊ အကျိုးတရားတို့ ဘယ်အချိန်ကစ၍ ဖြစ်လာသည်ကို မည်သူမျှ အတိအကျ မပြောနိုင်ပေ။ အလွန့်အလွန် ရှည်လျားစွာ ဖြစ်ပေါ်ခဲ့သော လောကကြီး၏ အစကို မသိနိုင်သော်လည်း သတ္တဝါတို့ တွေ့ကြုံခံစားနေရသော ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်းကြောင်းကိုမူ မြတ်ဗုဒ္ဓက နိရောဓသစ္စာနှင့် မဂ္ဂသစ္စာအဖြစ် တွေ့မြင်သိရှိခဲ့ပေသည်။

သတ္တဝါတို့သည် ကံကြောင့်ဖြစ်သည်ကိုမူ မြတ်ဗုဒ္ဓဟောကြားခဲ့သည့် ဒေသနာတော်များတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

* ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊ ရထဿာဏီဝ ယာယတော။

(မ-၂၊ ၄၁၂)

လောကကြီးသည် ကံကြောင့်ဖြစ်၏။ သတ္တဝါအပေါင်းသည်လည်း ကံကြောင့်ဖြစ်၏။ သွားနေသော ရထားသည် နားပန်း စွန်း (ဘီးပြုတ်ထွက် မသွားအောင် ဝင်ရိုးအစွန်း၌ တပ်ထားသော နား ပန်း စွန်း)နှင့် စပ်သကဲ့သို့ (နားပန်းစွန်း အထိန်း မရှိက ဘီးကျွတ်ပြီး ရထားမသွားနိုင်၊ ရထားသွားနိုင်အောင် နားပန်းစွန်းက စောင့်ရှောက်ထားသကဲ့သို့) သတ္တဝါတို့သည်လည်း ကံနှင့်စပ်၍ ဖြစ်နေကြကုန်၏။ (ကံရှိ၍ သတ္တဝါအစဉ် ဖြစ်နေခြင်း

http://www.dhammadownload.com



ဖြစ်သည်။ အရဟတ္တမဂ်ဉာဏ်ဖြင့် ကံကို သတ်လိုက် ဖြတ်လိုက်သည့်အခါ သံသရာ အဆက်ပြတ်ပြီး ခန္ဓာအဖြစ် သတ္တဝါအဖြစ် ရပ်သွားတော့သည်ဟု ဆိုလိုသည်။)

* ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယာတိ။ (မ-၃၊ ၂၄၄)

သုဘလုလင်၊ သတ္တဝါတို့သည် ကံသာ မိမိဥစ္စာရှိကုန်၏။ ကံတည်း ဟူသော အမွေကို ယူတတ်ကြကုန်၏။ (ဝါ) ကံ၏ အမွေခံပုဂ္ဂိုလ်တို့ ဖြစ်၏။ ကံဟူသော အကြောင်းရှိကုန်၏၊ ကံသာလျှင်ဆွေမျိုးရှိကုန်၏။ ကံသာလျှင် အားကိုးရာ ရှိကုန်၏။ ကံတရားသည် သတ္တဝါတို့ကို ယုတ်ညံ့အောင်၊ မြင့်မြတ်အောင် စီမံဖန်တီးတတ်၏။

ဤသို့စသည်ဖြင့် သတ္တဝါတို့ကို မိမိတို့ပြုသော ကံတရားက အမျိုးမျိုး ဖန်ဆင်းတတ်ပုံ၊ အသက်ရှည်ကြောင်း ကောင်းမှုကံကြောင့် အသက်ရှည်ခြင်းဟူသော ကောင်းကျိုးကို ရရှိပုံ၊ အသက်တိုကြောင်း အကုသိုလ်ကံကို လုပ်ခဲ့သောကြောင့် အသက်တိုကြရပုံ၊ မလှူခဲ့ မတန်းခဲ့သောကြောင့် ပစ္စည်းဥစ္စာ နွမ်းပါးရပုံ၊ လှူဒါန်းစွန့်ကြဲခဲ့သောကြောင့် ပစ္စည်းဥစ္စာ ပေါများကြွယ်ဝပုံ၊ အပြစ်ကင်းသော အသိပညာ၊ အတတ်ပညာတို့ကို ကိုယ်တိုင်သင်ယူ လေ့လာခြင်း၊ သူတစ်ပါးတို့အား သင်ကြားပို့ချခြင်း၊ လေ့လာစူးစမ်းခြင်းတို့ကြောင့် ဉာဏ်ပညာထက်မြက်ပုံ၊ မလေ့လာမစူးစမ်းခြင်း၊ မသင်ကြားခြင်း၊ သင်ကြားမပေးခြင်းတို့ကြောင့် ဉာဏ်ပညာထိုင်းကြရပုံ၊ အမျက်ဒေါသ အာယာတကြီးသောကြောင့် ရုပ်ဆင်းအင်္ဂါမလှဖြစ်ရပုံ၊ ဒေါသနည်းပါး မေတ္တာစိတ်များသောကြောင့် ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ရပုံ၊ မနာလို ဝန်တိုစိတ် များသောကြောင့် အခြွေအရံရှားပါးရပုံ စသည်ဖြင့် လောကကြီး တစ်ခုလုံးကို ကံတရားက လွှမ်းမိုးထားပုံကို ဟောကြားတော်မူသည်။

http://www.dhammadownload.com


ထို့အတူ လူဘဝရောက်စေတတ်သော ကုသိုလ်ကံကြောင့် လူဖြစ်ကြရပုံ၊ နတ်ဘဝသို့ ရောက်စေတတ်သော ကုသိုလ်ကံကို ပြုသောကြောင့် နတ်ပြည်သို့ ရောက်ပြီး နတ်ချမ်းသာများ ခံစားကြရပုံ၊ ရူပဈာန်, အရူပဈာန် ကုသိုလ်တရားများကိုရအောင် အားထုတ်သောကြောင့် ဗြဟ္မာ့ဘုံသို့ ရောက် ကြရပုံ၊ မကောင်းမှု အကုသိုလ်ဒုစရိုက်တရားတို့ကို ပြုခဲ့သော ကြောင့် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးဘုံသို့ ရောက်ရပုံတို့ကိုလည်း သုတ္တန်များစွာ၌ ဟောတော်မူသကဲ့သို့ ဝိနည်း ပါဠိတော်၊ အဘိဓမ္မာပါဠိတော်တို့၌လည်း များစွာ ဟောကြားတော်မူ ခဲ့သည်။

ထို့ကြောင့် ကံကြောင့် လူဖြစ်ရသည်ဟူသော အယူအဆသည် သာ ဗုဒ္ဓဝါဒနှင့်ညီညွတ်၍ "ကံကြောင့် လူဖြစ်ရသည် မဟုတ်၊ မိဘကြောင့် လူဖြစ်ရသည်" ဟူသော အယူအဆသည် မှားယွင်းသော အယူအဆသာ ဖြစ်၍ ဦးဝိစိတ္တသာရာဘိဝံသ၏ —

※ လူဆိုတာ ရှေးကံကြောင့် ဖြစ်တာမဟုတ်ဘူး၊
(၁) မိဘနှစ်ပါး သံဝါသပြုကြတယ်။
(၂) မိခင်မှာ သားမျိုးဥ ရှိတယ်။
(၃) ဖခင်မှာ သုက်မျိုးဥ ရှိတယ်။
အဲဒီသုံးချက်ကြောင့် လူဖြစ်တယ်၊ ရှေးဘဝဆိုတာ မိစ္ဆာဒိဋ္ဌိ အယူတွေပဲ။

※ လူသေလို့ရှိရင် လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ တိရစ္ဆာန်ဖြစ်တယ် လို့ ယူဆတာဟာ ဗြာဟ္မဏတွေရဲ့ အယူအဆပါ။

ဟူသော ဟောပြောချက်၊ ရေးသားချက်များနှင့်တကွ သောနောလွှာတွင် တင်ပြထားသော တင်ပြချက်များသည် အဓမ္မဝါဒသာ ဖြစ်သည်။

## စုဒိတက၏တင်ပြချက်အမှား

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက "ကံကြောင့် လူသားသတ္တဝါများ ဖြစ်လာကြသည်ဆိုလျှင် အဲဒီ "ကံ" ကို (အစဦးဆုံး ကံကို) ဘယ်သူပြုပါ

http://www.dhammadownload.com



သလဲ ဟု မေးပြီး ဖြေကြည့်စေချင်ပါသည်” ဟု သောဓနာလွှာ (၁၈၄) ၌ ရေးသားတင်ပြထားပေသည်။

ဒီလိုဆိုလျှင် ဦးဝိစိတ္တသာရာဘိဝံသကိုလည်း ဝိနည်းဓိုရ်ဆရာတော်များက ဖော်ပြလတ္တံ့ပါအတိုင်း မေးချင်ပါသည်။ ဦးဝိစိတ္တသာရာဘိဝံသ မှန်ကန်သော သဘာဝကျသော အဖြေကိုပေးပါ —

* မိဘကြောင့် လူဖြစ်လာရသည်ဟု ဦးဝိစိတ္တသာရာဘိဝံသက ဆို၏။ ဒီလိုဆိုလျှင် ပထမဆုံးသော မိဘသည် ဘယ်သူကြောင့် ဘယ်မိဘကြောင့် ဖြစ်လာရပါသနည်း ?
* သရက်စေ့ကနေ သရက်ပင်ပေါက်သည်ဖြစ်ရာ ပထမဆုံး သရက်စေ့ ဘယ်ကရတဲ့ သရက်စေ့ပါလဲ ?

ဒုတိယအမေး —

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက “သုက်ကို ပါးစပ်နှင့် မျိုချလျှင်လည်း ပဋိသန္ဓေတည်နိုင်သည်” စသည်ဆိုတာမျိုးဟာ လောက သဘာဝ ယုတ္တိကို လွန်သွားလို့ လုံးဝမဟုတ်ဘူး။ အဲဒါမျိုးဆို လက်မခံဘူး ဘုရား။ ခန္ဓာဗေဒမှာ အစာအိမ်က တစ်ခြား၊ သားအိမ်ကတစ်ခြား ဖြစ်သည်ဆိုတာ သိထားလို့ပါဘုရား” ဟု သောဓနာလွှာ (၂၂၃-နှာ) ၌ တင်ပြထားသည်။

ဦးဝိစိတ္တသာရာဘိဝံသ၏ ယူဆချက်ကို သာမန်ကြည့်လျှင် ဟုတ်သည်ဟု ထင်ကြပေမည်။ ကိုယ်ဝန်တည်တာက သားအိမ်မှာတည် လို့ သုက်ကို ပါးစပ်နဲ့မျိုချလျှင် ကိုယ်ဝန်မတည်နိုင်ဟု ဦးဝိစိတ္တသာရာဘိဝံသ က ဆိုလိုသည်။

ဒီလိုဆိုလျှင် ဦးဝိစိတ္တသာရာဘိဝံသကို ဒုတိယမေးခွန်း မေးပါမည်။ သဘာဝကျကျ ဖြေဆိုပါ —

(၁) အမျိုးသမီးများ ကိုယ်ဝန်မတည်စေလို၍ ကိုယ်ဝန်တားဆေးကို အသုံးပြုပါလျှင် ကိုယ်ဝန်တားဆေးကို မိန်းမယောနိမှ သွင်းပါသလား။ ပါးစပ်ဖြင့် မျိုချသောက်သုံးပါသလား။

http://www.dhammadownload.com


(၂) ကိုယ်ဝန်ကို ဖျက်ချလို၍ ကိုယ်ဝန်ချဆေးကို အသုံးပြုလျှင် ပါးစပ်ကသောက်ပြီး မျိုချပါသလား။ မိန်းမတို့၏ ယောနိမှ သွင်းပါသလား။

ကိုယ်ဝန်တားလို၍ ဖြစ်စေ၊ ကိုယ်ဝန်ဖျက်ချလို၍ ဖြစ်စေ၊ ကိုယ်ဝန်တားဆေး ကိုယ်ဝန်ဖျက်ဆေးတို့ကို ပါးစပ်မှသာ သောက်သုံးရသည်ကို လူတိုင်း သိပါသည်။

ထို့အတူ နှလုံးရောဂါ ဖြစ်နေသူ၊ အသည်းရောဂါ ဖြစ်နေသူတို့သည် နှလုံးရောဂါ၊ အသည်းရောဂါ သက်သာပျောက်ကင်းလိုပါက နှလုံးထဲ အသည်းထဲသို့ ဖောက်သွင်းရသည်မဟုတ်ဘဲ နှလုံးရောဂါပျောက်ဆေး၊ အသည်းရောဂါ ပျောက်ဆေးတို့ကို ပါးစပ်မှ သောက်ကြရ မျိုချကြရပါသည်။

ဤသည်ကို ထောက်ဆ၍ ဦးဝိစိတ္တသာရာဘိဝံသ၏ အတွေးမမြင်များ အဆင့်အတန်း မည်မျှနိမ့်နေသည်ကို အကဲခတ်နိုင်ကြမည် ဖြစ်ပေသည်။

## အမှားပေါင်းများစွာ

ဦးဝိစိတ္တသာရာဘိဝံသသည် ဓမ္မာစရိယဘွဲ့ ငါးဘွဲ့ရထားသော ပုဂ္ဂိုလ်ဖြစ်ပါသော်လည်း မိစ္ဆာဒိဋ္ဌိ အနှောင့်အယှက်များ ဝင်နေသောကြောင့် ဘုရားဟောဖော် ပိဋကတ်ပါဠိတော်များကို အမှန်အကန် မယူဆနိုင်၊ မမြင်နိုင်ရှာပေ။

မိမိကိုယ်တိုင်က ဝါဒသစ်တွင်(စတန့်ထွင်)ချင်လို့လား၊ သို့မဟုတ် ဓမ္မဝိဟာရီ ဝတ်ရုံပြာဝတ် ရှင်ဉာဏ၏ မိစ္ဆာဝါဒမှိုင်းကို အတိုက်ခံရလို့လား မသိ၊ ဘုရားရှင်ကိုပင် ပြစ်မှားရဲသည့် မိစ္ဆာပဏိဟိတစိတ်များ များစွာ ဖြစ်ပေါ်နေသည်ကို သူတင်သွင်းသော သောနောသွာ၌ များစွာတွေ့ရပေသည်။

http://www.dhammadownload.com


## ကံဆိုင်ရာ အယူအဆမှားများ

* စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ကုသိုလ်ကို တစ်ဆယ်သား ပြုလိုက်ပြီးဆိုပါတော့၊ သူ့ကို ကောင်းကျိုး တစ်ဆယ်သား ပေးလိုက်တာဖြစ်တဲ့အတွက် ကောင်းမှုလက်ကျန် ရှိသေးရဲ့လား။ ဈေးတွက်တွက်ရင် အလွယ်လေးရယ်၊ ကောင်းမှုလက်ကျန် မရှိတော့ဘူး။

မကောင်းမှု အကုသိုလ် တစ်ဆယ်သားပြုလိုက်တဲ့အတွက် မကောင်းကျိုး တစ်ဆယ်သားလောက် ပြန်ပေးလိုက်ပြီ ဆိုတော့ မကောင်းမှုလက်ကျန် ရှိသေးရဲ့လား၊ မရှိတော့ဘူး။ (ပ) အဲဒီတော့ ဟိုဘက်ဘဝတွေ စိတ်ကူးစရာ ရှိသေးလား။ မရှိတော့ဘူး၊ သံသရာပြတ်ပြီ။ ---စသည်ဖြင့် ရေးသားဟောကြားချက်များနှင့် စပ်လျဉ်း၍ စိစစ်ကြကုန်အံ့။

ဦးဝိစိတ္တသာရာဘိဝံသက ပစ္စုပ္ပန်ကံကိုသာ ယုံကြည်သူ ဖြစ်သည်။ ပစ္စုပ္ပန်ကံကို ယုံကြည်သူဟု ဆိုသော်လည်း ပစ္စုပ္ပန်ကံနှင့် စပ်လျဉ်း၍ မှန်ကန်စွာ မယူဆဘဲ မှားမှားယွင်းယွင်း ယူဆထားခြင်းများကိုလည်း များစွာ တွေ့ရှိရပေသည်။

ဥပမာ-လူကိုသတ်မှ ပါဏာတိပါတ အကုသိုလ်ကံဖြစ်သည်၊ တိရစ္ဆာန်ကို သတ်က ပါဏာတိပါတ အကုသိုလ်ကံမထိုက်။ ပုဂ္ဂလိကပိုင် ပစ္စည်းခိုးမှ အဒိန္နာဒါန် အကုသိုလ်ကံထိုက်သည်။ ရပ်ကွက်ကောင်စီပိုင်၊ မြို့နယ်ကောင်စီပိုင်၊ နိုင်ငံတော်ကောင်စီပိုင် ပစ္စည်းကိုခိုးလျှင် အဒိန္နာဒါန် မထိုက်။ ဘုရားအမြင်ဝါဒ အကြောက်+အမျှော်ဝါဒဖြင့် သီလစောင့်လျှင် ကုသိုလ် မဖြစ် စသည်တို့တည်း။

အတိတ်ဘဝကို မယုံကြည်သလို အတိတ်ကံများကိုလည်း မယုံကြည်သူ ဖြစ်သည်။ ထို့အတူ အနာဂတ်ဘဝ (နောင်ဘဝ)တွေကို လက်မခံသည့်အားလျော်စွာ ဤဘဝပြုသည့် ကုသိုလ်ကံ အကုသိုလ်ကံများ နောက်ဘဝသို့ မလိုက်၊ ဒီဘဝမှာပင် ပြတ်သည်ဟု ယူဆသူဖြစ်သည်။

http://www.dhammadownload.com


ထို့ကြောင့် ဒီဘဝပြုသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံများ လောက ဈေးရောင်းဈေးဝယ် ဈေးတွက်ဖြင့် တွက်ချက်ထားခြင်း ဖြစ်သည်။

## လုပ်ချင်ရာလုပ် အပြစ်မရှိ

ဦးဝိစိတ္တသာရာဘိဝံသ ယူဆသလို နောင်ဘဝမှာ မရှိတာတော့ ဒီဘဝ ကောင်းတာလုပ်ချင် လုပ်နိုင်သလို မကောင်းတာတွေလည်း လုပ်ချင်သလို လုပ်နိုင်သည်။ ကောင်းတာလုပ်လည်း ကောင်းကျိုး ခံစားစရာ မလိုတော့၊ မကောင်းတာလုပ်လည်း မကောင်းကျိုး ခံစားစရာ မရှိ၊ သေလျှင် ဘဝပြတ်သည်ဟု ဆိုရာရောက်သည်။

ယခုလက်ရှိ ဘဝသေလျှင် ဘဝပြတ်မှာ ဖြစ်သောကြောင့် ကောင်းတာတွေလုပ်ဖို့ လိုသေးသလား၊ မကောင်းမှုတွေကို ရှောင်ကြဉ်ဖို့လည်း လိုသေးသလား၊ ကောင်းတာလုပ်လုပ်၊ မကောင်းတာ လုပ်လုပ် နောင်အနာဂတ်မှာ ခံစရာလည်းမရှိ၊ စံစရာလည်း မရှိမှတော့ နေချင်သလို နေ လုပ်ချင်သလိုလုပ်ဟု ဆိုရာရောက်သည်။ စင်စစ် တွေးကြည့်လျှင် ဤအယူအဆ ဤဝါဒသည် လောကကို ဖျက်ဆီးပစ်မည့် အယူအဆ ဝါဒသာဖြစ်သည်။

သို့ဖြစ်၍ ဦးဝိစိတ္တသာရာဘိဝံသကို ဥစ္ဆေဒဝါဒီ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ဟု ဆိုရန်မှတစ်ပါး အခြားမရှိပေ။

## ဝဋ်လည်ဖို့ လိုသေးသလား

ဦးဝိစိတ္တသာရာဘိဝံသ အယူအဆအတိုင်း နောင်ဘဝ မရှိတော့လျှင် ဦးဝိစိတ္တသာရာဘိဝံသ တွင်တွင်ပြောနေသော ဝဋ်လည်ခြင်း ဆိုတာလည်း မလိုအပ်တော့ပေ။ နေချင်သလိုနေ၊ လုပ်ချင်တာတွေလုပ်၊ သေလျှင် ဘဝပြတ်မည်ပင်ဖြစ်သောကြောင့် (ဝါ) နောင်ဘဝ အနာဂတ် ဘဝ မရှိတော့သောကြောင့် ဝဋ်လည်စရာ၊ သံသရာလည်စရာ မရှိတော့ပေ။ ကောင်းတာလုပ်လည်း သေလျှင်ဘဝပြတ်မည်။ မကောင်းတာ လုပ်လျှင်

http://www.dhammadownload.com



လည်း သေလျှင် ဘဝပြတ်မည်။ ဘဝမှာ နေရခိုက် ပျော်သလိုနေ ကြိုက်သလို လုပ်ဟူသော အလွန်ကြောက်စရာ ကောင်းသော အတွေး အမြင်များ ထွန်းကားလာပါလျှင် လောကကြီး သာယာငြိမ်းချမ်းမှု ရှိနိုင် မရှိနိုင် ဗဟုဇနဟိတ ဗဟုဇနသုခ ဖြစ်နိုင် မဖြစ်နိုင် လေးလေးနက်နက် စဉ်းစား သင့်ပေသည်။

## ဥပါဒါန်ရှိတာ မရှိတာ လိုရင်းမဟုတ်တော့

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် ဥပါဒါန်ကင်းဖို့ တွင်တွင်ကြီး ဟောပြော ရေးသားနေသူဖြစ်၏။ ဥပါဒါန်အစွဲကြောင့် သံသရာလည်နေရ၊ ဝဋ်လည်နေရသည်။ ဥပါဒါန်ကင်းလျှင် ဝဋ်မလည်၊ သံသရာ မလည်တော့ ဟု ထပ်ကာထပ်ကာ ရေးနေ ဟောပြောနေသော ပုဂ္ဂိုလ်ဖြစ်၏။

မကောင်းမှု အကုသိုလ်ကံကိုသာမက ကောင်းမြတ်သည့် ကာမာ-ဝစရကုသိုလ်ကံ, ရူပါဝစရ ကုသိုလ်ကံ အရူပါဝစရ ကုသိုလ်ကံ တို့ကိုလည်း ရှုတ်ချနေသူလည်း ဖြစ်၏။ မဂ္ဂင်ရှစ်ပါးကို တွင်တွင်ကြီး ပြောနေသော် လည်း မဂ္ဂင်ရှစ်ပါး၏ သဘောမှန်ကိုမူ လုံးဝ နားမလည်ပေ။

အစွဲ ဥပါဒါန်ကို ရောဂါမအပြစ်ကြီးဟု ကရားရေလွှတ် တတွတ်တွတ် ဟောနေ, ပြောနေ, ရေးနေသော်လည်း မိမိ၏ မှားယွင်း နေသော ဒိဋ္ဌိစွဲကိုမူ မမြင်နိုင်ရှာပေ။ မှားယွင်းသော ဒိဋ္ဌိစွဲကြောင့် မြတ်ဗုဒ္ဓ၏ စင်ကြယ်သော ဒေသနာတော်များကို မှားယွင်းသော အနက်အဓိပ္ပါယ် တို့ဖြင့် ဖွင့်ဆိုခြင်း၊ ပါဠိတော် (ပိဋကတ်တော်) များစွာကို ဗြာဟ္မဏ ဝါဒီတွေ၏ အယူအဆဟု ပစ်ပယ်ခြင်းစသည့် အလွန့်လွန် ဆိုးဝါးသော သာသနာဖျက်လုပ်ငန်းကို စိတ်ပါလက်ပါ လုပ်မိနေရှာပေသည်။

ဦးဝိစိတ္တသာရာဘိဝံသ အယူအဆအတိုင်း နောက်ဘဝမရှိဘူး ဆိုလျှင် ဥပါဒါန်ကင်းခြင်း မကင်းခြင်းသည် လိုအပ်ပါဦးမည်လော။ ဒီဘဝတာ သေလျှင် ဘဝပြတ်မည် ဆိုသောကြောင့် ဥပါဒါန်အစွဲဖြင့်

http://www.dhammadownload.com



လုပ်လုပ်၊ ဥပါဒါန် အစွဲကင်းကင်းဖြင့် လုပ်လုပ်၊ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ ထူးခြားမှု ရှိတော့မည် မဟုတ်ပေ။

ထို့ကြောင့် ဦးဝိစိတ္တသာရာဘိဝံသ၏ အယူအဆအလို ဥပါဒါန်ကို ရေးကြီးခွင့်ကျယ် လုပ်စရာ မလိုတော့ပေ။

ဤသို့ဖြင့် ရှေးစကားနှင့်နောက် စကားသည် ဆက်စပ်မှု မရှိတော့ဘဲ ဦးဝိစိတ္တသာရာဘိဝံသ ဟောပြောသမျှ ရေးသားသမျှတို့သည် ဥမ္မတ္တကဝါစာ- အရူးစကားဟု ဆိုရန်မှ တစ်ပါး အခြားမရှိတော့ပေ။

## ကံအမျိုးမျိုး

မြတ်ဗုဒ္ဓက" သဗ္ဗေ သတ္တာ ကမ္မဿကာ-သတ္တဝါတိုင်း သတ္တဝါတိုင်း ကံသာလျှင် ဥစ္စာရှိကြကုန်၏။ ကမ္မံ သတ္တေ ဝိဘဇတိ-ကံက သတ္တဝါတွေကို အမျိုးမျိုး ကွဲပြား ခြားနားအောင် စီစဉ် ဖန်တီးနေသည်" ဟု မိန့်ကြားပြီး ကံအမျိုးမျိုး ဟောကြားတော်မူခဲ့၏။

ကံသည် ကောင်းသော ကုသိုလ်ကံနှင့် မကောင်းသော အကုသိုလ် ဟု နှစ်မျိုးရှိ၏။ ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲ ဖြစ်ဖြစ် ထိုကံတို့ သည်-

(၁) ယခုဘဝတွင် အကျိုးပေးမည့် ဒိဋ္ဌဓမ္မဝေဒနီယကံ၊

(၂) ဤဘဝ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးမည့် ဥပပဇ္ဇဝေဒနီယကံ။

(၃) တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကြောင်း အခွင့်သင့်သော ဘဝတို့၌ အကျိုးပေးမည့် အပရာပရိယ- ဝေဒနီယကံ။

(၄) ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေတတ်သည့် ဇနကကံ၊

(၅) မူလကံ၏အကျိုးကို အားကောင်းသည်ထက် အားကောင်း အောင် ထောက်ပံ့ပေးသော ဥပတ္ထမ္ဘကကံ၊

http://www.dhammadownload.com


(၆) မူလကံ၏အကျိုးကို သေးသိမ် အားနည်းသွားအောင် နှိပ်စက်တတ်သော ဥပပီဠကကံ၊
(၇) မူလကံ၏ အကျိုးကို လုံးဝ အကျိုးပေးခွင့် မရအောင် သတ်ဖြတ်တတ်သော ဥပဃာတကကံ၊
(၈) ကြီးမားသော အကျိုးကိုပေးသည့် (သေသည်၏ အခြားမဲ့၌ အကျိုးကို မုချဖြစ်စေမည့်) ဂရုကကံ၊
(၉) သေခါနီးကာလတွင်မှ ပြုလုပ်အပ်, ပြန်လည်အောက်မေ့အပ်သော အာသန္နကံ၊
(၁၀) အမြဲမပြတ် ပြုလုပ်အပ်သော ကံနှင့် တစ်ကြိမ်တစ်ခါ ပြုခဲ့ပြီးနောက် မကြာမကြာ ပြန်လည်အောက်မေ့အပ်သော ကံဟု ဆိုအပ်သော အာစိဏ္ဏကံ၊
(၁၁) ကာမ ၁၁-ဘုံ၌ အကျိုးပေးသည့် ကာမာဝစရကံ၊
(၁၂) ရူပ ၁၆-ဘုံ၌ အကျိုးပေးသည့် ရူပါဝစရကုသိုလ်ကံ။
(၁၃) အရူပ ၄-ဘုံ၌ အကျိုးပေးသည့် အရူပါဝစရကုသိုလ်ကံ၊
(၁၄) အပါယ်လေးဘုံ၌ အကျိုးပေးသည့် အကုသိုလ်ကံ၊
(၁၅) တမလွန်ဘဝ၌သာ အကျိုးပေးသော သမ္ပရာယဝေဒနီယကံ၊
(၁၆) ဤဘဝ၌သာ အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံ၊
(၁၇) ချမ်းသာကို ပေးတတ်သော သုခဝေဒနီယကံ၊
(၁၈) ဆင်းရဲဒုက္ခကို ပေးတတ်သော ဒုက္ခဝေဒနီယကံ၊
(၁၉) အကျိုးပေးခွင့်ကို ရသော ပရိပက္ကဝေဒနီယကံ၊
(၂၀) အကျိုးပေးခွင့်ကို မရသော အပရိပက္ကဝေဒနီယကံ၊
(၂၁) များစွာသော ကောင်းမြတ်သော အကျိုးကို ပေးတတ်သော ဗဟုဝေဒနီယကံ၊
(၂၂) အနည်းငယ်မျှသော (ယုတ်ညံ့သော)အကျိုးကို ပေးတတ်သော အပ္ပဝေဒနီယကံ၊
(၂၃) ခံစားအပ်သော အကျိုးရှိသော ဝေဒနီယကံ။
(၂၄) ခံစားအပ်သော အကျိုးမရှိသော (ဝါ) အကျိုးမပေးသော အဝေဒနီယကံ-

http://www.dhammadownload.com


စသည်ဖြင့် ကံအမျိုးမျိုး ရှိပေသည်။ (အံ-၃၊ ၁၈၇) (ဥပရိ-၇) (အံ၊ ဋ-၂၊ ၁၀၄-၅-၉။ ဝိသုဒ္ဓိ-၂၊ ၂၃၆၊ အဘိဓမ္မတ္ထသင်္ဂဟ)

ဤကံတို့ကို လေ့လာကြည့်လျှင် အချို့ကံများသည် (ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ) ဤဘဝတွင် အကျိုးပေး၍ အချို့ကံများသည် နောင်ဘဝတွင်မှ အကျိုးပေးကြသည်။ နောင်ဘဝတွင် အကျိုးပေးသော ကံတို့တွင်လည်း အချို့ကံသည် ဤဘဝ၏ အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေး၍ အချို့ကံများသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်သင့်သောဘဝ (ကာလ)တို့၌ အကျိုးပေးကြသည်။

ထို့ပြင် လုံးဝအကျိုး မပေးသောကံ၊ ကြီးကျယ် များပြားစွာ အကျိုးပေးသောကံ၊ နည်းနည်းပါးပါး အကျိုးပေးသောကံ၊ ကာမဘုံတွင်သာ အကျိုးပေးသောကံ၊ ရူပဘုံ၌သာ အကျိုးပေးသောကံ၊ အရူပဘုံ၌သာ အကျိုးပေးသောကံဟူ၍ အမျိုးမျိုးရှိသည်ကိုလည်း လေ့လာသိရှိရပေသည်။

## ဈေးတွက်, တွက်၍ရမည်လော

ဦးဝိစိတ္တသာရာဘိဝံသက ကုသိုလ်ကို တစ်ဆယ်သားပြုလိုက်ပြီဆိုပါတော့၊ သူ့ကို ကောင်းကျိုးတစ်ဆယ်သား ပေးလိုက်တာ ဖြစ်တဲ့အတွက် ကောင်းမှု လက်ကျန် ရှိသေးရဲ့လား၊ ဈေးတွက်, တွက်ရင် လွယ်လွယ်ရေးရယ်၊ ကောင်းမှုလက်ကျန်မရှိတော့ဘူး။

မကောင်းမှု အကုသိုလ် တစ်ဆယ်သား ပြုလိုက်တဲ့အတွက် မကောင်းကျိုး တစ်ဆယ်သားလောက် ပေးလိုက်ပြီဆိုတော့ မကောင်းမှု လက်ကျန် ရှိသေးရဲ့လား၊ မရှိတော့ဘူး။ (ပ) အဲဒီတော့ ဟိုဘက်ဘဝတွေ စိတ်ကူးစရာ ရှိသေးရဲ့လား၊ မရှိတော့ဘူး၊ သံသရာပြတ်ပြီ" ဟူ၍ ရေးသား ဟောပြောနေရာ အလွန့်အလွန် ဆန်းကြယ်လှသော ကံသဘာဝကို လောက ဈေးရောင်း ဈေးဝယ်သဘောဖြင့် နှိုင်းယှဉ်ထားရာ အတွေးအခေါ် အလွန် တိမ်လှကြောင်း သိနိုင်ပေသည်။

http://www.dhammadownload.com



အနည်းငယ် ရှင်းဦးအံ့ -

လောကဝ၌ ကုန်ရောင်း ကုန်ဝယ်လုပ်သည့် ဈေးသည်, သည် မိမိ၏ ရောင်းကုန် အမြတ်ရမည်ထင်၍ ရောင်းခြင်း ဝယ်ခြင်းဖြစ်သည်။ ငွေကျပ် တစ်ရာရင်းလျှင် ငွေကျပ် (၁၅၀၊ ၂၀၀) စသည် မြတ်လိမ့်မည်ဟု အထင်ရှိ၍ ရောင်းခြင်း ဝယ်ခြင်း လုပ်ခြင်း ဖြစ်သည်။ ငွေကျပ် (၁၀၀) ရင်းတာ အရင်းပဲ ရမည်၊ သို့မဟုတ် ရှုံးမည်ဟု အယူအဆ အတွေးအထင်ရှိလျှင် ကုန်ရောင်း ခြင်း၊ ကုန်ဝယ်ခြင်း လုပ်မည်မဟုတ်ပေ။

မိမိရောင်းကုန် အမြတ်အစွန်း များများရအောင် ရည်ဆောင် စိတ်ကူးပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ အမြတ်မရဘဲ အရင်းသာရမည်၊ သို့မဟုတ် ရှုံးမည်ဟု အထင် အတွေးရှိလျှင် အရောင်း အဝယ်လုပ်ငန်း လုပ်မည်မဟုတ်ပေ။

အမြတ်အစွန်း ရရန် ရည်ရွယ်ချက်ဖြင့် ကုန်ရောင်း ကုန်ဝယ် ပြုရာ၌ စီးပွားရေး အမြင်ကျယ်မှု၊ လုံ့လ ဝီရိယရှိမှု၊ ဒေသနှင့် အချိန်ကာလ ကို တွက်ဆ ဆောင်ရွက်တတ်မှုရှိသော ကုန်သည်များအဖို့ ငွေ ၁၀၀-ရင်းလျှင် တစ်ရာမက အမြတ်အစွန်းရ၍ ကြီးပွားချမ်းသာ တိုးတက်ကြ သည်။

စီးပွားရေး အမြင်မကျယ်၊ အရောင်းအဝယ် မကျွမ်းကျင်၊ ကြိုးစား အားထုတ်မှု နည်းပါး၊ အချိန်ကာလနှင့် ဒေသအခြေအနေတို့ကို နား မလည်ပါလျှင် အမြတ်အစွန်းမရဘဲ အရင်းဖြင့်သာ ကျေနပ်ရသူများ၊ အရင်းပင် မရဘဲ အရှုံးနှင့် ရင်ဆိုင်ရသူများလည်း များစွာရှိပေသည်။

## လယ်ယာစိုက်ပျိုးရေးလုပ်ငန်း

ထို့အတူ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးကြသော တောင်သူလယ်သမားတို့သည် အမြတ်အစွန်း ရမည်ဟု ယုံကြည်ကြ၍ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကြခြင်းဖြစ်သည်။ စပါးတစ်တင်းကြဲလိုက်လျှင်

http://www.dhammadownload.com



စပါးတင်းပေါင်း လေး ငါး ခြောက်ဆယ်ရမည်ဟု အထင်ရှိ၍ အပင်ပန်းခံပြီး တောင်သူလုပ်ငန်းကို လုပ်ကြခြင်းဖြစ်သည်။

စပါးတစ်တင်းကြဲ၍ တစ်တင်းသာရမည်ဆိုလျှင် မည်သည့်တောင်သူမျှ အပင်ပန်းခံ လုပ်ကြမည် မဟုတ်ပေ။ ထို့အတူ ငှက်ပျောတစ်ပင်သာစိုက်၍ ငှက်ပျောသီး တစ်လုံးသာရမည်ဆိုလျှင် မည်သူမျှ ငှက်ပျောစိုက်ကြမည်မဟုတ်ပေ။ ငှက်ပျောတစ်ပင် စိုက်လျှင် ငှက်ပျောသီးပေါင်း ငှက်ပျော အဖီးပေါင်း များစွာရမည်ဟု ယုံကြည်သောကြောင့်သာ ငှက်ပျောစိုက်ခြင်းဖြစ်သည်။ သရက်, ပိန္နဲစသော အခြားသော သီးနှံများလည်း ဤနည်းအတိုင်းပင်။

ထိုသို့ စိုက်ပျိုးရာ၌ မျိုးစေ့ကလည်းကောင်း၊ မြေကလည်းကောင်း၊ မိုးလေဝသကလည်း ညီညွတ်၊ တောင်သူလယ်သမားကလည်း စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်၊ အချိန်အခါနှင့် ကိုက်ညီအောင် လုံ့လ, ဝီရိယ, ဇွဲကောင်းကောင်းဖြင့် ပြုစုပျိုးထောင် စောင့်ရှောက်သွားလျှင် နှမ်းတစ်ပြည်ကြဲရုံဖြင့် နှမ်းတင်းပေါင်း များစွာရ၏။ စပါးတစ်တင်း ကြဲရုံဖြင့် စပါးတင်းပေါင်း များစွာရ၏။ မိမိရင်းနှီးရသည့် အရင်းအနှီးထက် အဆများစွာသာသော အကျိုးအမြတ်တို့ကို ရ၏။

မျိုးစေ့ကလည်း ညံ့၊ မြေကလည်း မကောင်း၊ မိုးလဝသကလည်း မမှန်ကန်၊ တောင်သူလယ်သမားကလည်း စိုက်ပျိုးရေးကို နားမလည်၊ ကြိုးစား လုံ့လ ဝီရိယလည်း မရှိခဲ့သော် စိုက်သမျှ ကြဲသမျှ အသီးအနှံများသည် အမြတ်မရဘဲ အရှုံးထွက်မည်သာ ဖြစ်ပေသည်။ အရင်းပြန်ရဖို့ပင် မလွယ်တော့ပေ။

ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

မိမိပြုသော ကုသိုလ်ထက် ပိုမိုများပြားသော အကျိုးတရားတို့ကို ပေးသည့် ကုသိုလ်ကံရှိသလို မိမိပြုသော ကုသိုလ်လောက်သာ အကျိုး

http://www.dhammadownload.com


ပေးသောကံ၊ မိမိထင်တာထက် ပိုပြီး အကျိုးပေး နည်းပါး ညံ့ဖျင်းသော ကံတူ၍ အမျိုးမျိုးရှိသည်။

အချို့ပုဂ္ဂိုလ်များ ပန်းလေးတစ်ပွင့်, သစ်သီးလေး တစ်လုံး, ဆွမ်းလေး တစ်ဇွန်း လောင်းလှူရုံဖြင့် အလွန်ကြီးကျယ်သော အကျိုးများကို ရသွားကြသည်။ ဥပမာ-မြတ်စွာဘုရားအား ခဝဲပန်းလေးပွင့်ကို လှူဒါန်းသဖြင့် နတ်စည်းစိမ်ကိုရသွားသော ပီတဝိမာနဝတ္ထုလာ အမျိုးသမီး၊ သခွားသီးလေး တစ်လုံးလှူသဖြင့် နတ်ချမ်းသာ စည်းစိမ်းကို ရသွားသည့် ဧဉ္ဇာလုကနတ်သား၊ မြတ်စွာဘုရားအား အနည်းငယ်မျှသော မုန့်ကလေးကို လှူဒါန်းသဖြင့် မနက်ပိုင်းလှူ၊ ညနေပိုင်းတွင် ပသေနဒီ ကောသလမင်း၏ မိဖုရားခေါင်ကြီး ဖြစ်သွားသော မလ္လိကာမိဖုရား၊ အရှင်သာရိပုတ္တရာအား မျက်နှာသစ် ရေနှင့် ဒန်ပူကို လည်းကောင်း၊ တစ်ထပ်စာဆွမ်းကို လည်းကောင်း လှူဒါန်းသဖြင့် ထိုနေ့တွင်ပင် လယ်ကွင်းထဲမှ ရွှေတွေ အများကြီး ရသွားပြီး သူဌေးဖြစ်သွားသော ပုဏ္ဏလယ်သမား ဇနီးမောင်နှံနှင့် သမီး ဥတ္တရာ၊ အရှင်မဟာကဿပအား ပေါက်ပေါက်ဆွမ်း လှူရသဖြင့် လှူပြီးမကြာခင် ကွယ်လွန်သောအခါ အလွန်ကြီးကျယ်သော နတ်စည်းစိမ်ကို ရသော လာဇာနတ်သမီး စသည်တို့ပေတည်း။

ထို့အတူ နွားတို့ကို နှေ့စဉ်သတ်၍ နွားသတ်သမား လုပ်ငန်းဖြင့် အသက်မွေးရပြီး အရှင်လတ်လတ် လျှာပြတ်ပြီး သေရသော သာဝတ္ထိမြို့သား နွားသတ်သမား၊ ဝက်တို့ကို နေ့စဉ်သတ်၍ အသက်မွေးရသဖြင့် သေခါနီး မသေမီ ရက်ပေါင်းများစွာ ဝက်လိုအော်၍ အိမ်အတွင်းဝယ် ဟိုပြေး ဒီပြေး ဟစ်အော် ပြေးသွားပြီး ဆင်းဆင်းရဲရဲ သေရပြီး နောက်ဘဝ၌ ငရဲကျသွားသော စုန္ဒဝက်ထိုးသမား၊ ရဟန္တာမထေရ်ကို မြှားဖြင့် ထိုးဆွနှိပ်စက်သဖြင့် မိမိမွေးထားသော ခွေးများက မိမိကို ဝိုင်းကိုက်သတ်သဖြင့် အသေဆိုးဖြင့် သေ၍ ငရဲကျသွားရသော ကောကမုဆိုး၊ ရဟန္တာမ, ဖြစ်သောရှင်မ ဥပ္ပလဝဏ်ထေရီမကို ဗလက္ကာရပြုသဖြင့် အရှင်လတ်လတ် မြေမျိုခံရသော နန္ဒလုလင်၊ ဘုရားရှင်ကို အမျိုးမျိုး ပစ်မှား

http://www.dhammadownload.com


သဖြင့် မြေမျိုသေရပြီး သေသည်၏ အခြားမဲ့၌ ငရဲသို့ကျရောက်ကြရသော အရှင်ဒေဝဒတ်နှင့် သူ၏ဖခင် သုပ္ပဗုဒ္ဓစသော ပုဂ္ဂိုလ်တို့သည် မိမိပြုသော အကုသိုလ်ကံက ချက်ချင်း လက်ငင်း ဒီဘဝမှာ အကျိုးပေး၍ တမလွန်တွင်လည်း ငရဲဘုံသို့ ကျရောက်ကြရပေသည်။

ယခု ဖော်ပြခဲ့ပြီးသော ပုဂ္ဂိုလ်တို့သည် မိမိပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံပမာဏထက် အလွန့်အလွန် များစွာသော ကောင်းကျိုးဆိုးကျိုးတို့ကို ခံစားကြရသည့် ပုဂ္ဂိုလ်များ ဖြစ်ပေသည်။

ဤဘဝတွင်လည်း အာဏာထားခြင်းငှာ ထိုက်သော အစိုးရ (ဘုရင်မင်းမြတ်၊ သမ္မတ၊ ဝန်ကြီးချုပ်) စသည်တို့က သတ်မှတ်ထားသော မကျူးလွန်ထိုက်သည့် ပြစ်မှုတို့ကို ကျူးလွန် ဖောက်ဖျက်သဖြင့် ကြီးလေးသော ပြစ်ဒဏ်များကို ခံစားကြရသော ပုဂ္ဂိုလ်များရှိသလို မိမိကျူးလွန်သည့် ပြစ်မှုနှင့်ညီမျှသော အပြစ်ဒဏ်ကို ခံစားကြရသူများ၊ "အလျောက်ကောင်းသဖြင့် အထောင်းလွတ်"ဟူသကဲ့သို့ ရှေ့နေရှေ့ရပ်တို့က ကာကွယ်ပေးသဖြင့် ပြစ်မှုကျူးလွန်သော်လည်း ပြစ်ဒဏ်မသင့်ကြရသော ပုဂ္ဂိုလ်များလည်း ရှိပေသည်။

ပြစ်မှုက သေးငယ်ပါသော်လည်း လျှောက်လဲချက် မကောင်း၊ ရှေ့နေရှေ့ရပ်က ဟန်မကျသဖြင့် ပြစ်မှုထက်ပိုမြီး ကြီးလေးသော ပြစ်ဒဏ်ကို ခံကြရသူများလည်း ရှိပေသည်။

ဤသို့ စသည်ဖြင့် ထောက်ထားဖွယ်ရာ များစွာရှိသောကြောင့် ဦးဇိစိတ္တသာရာဘိဝံသ၏ "ကုသိုလ်ကို တစ်ဆယ်သားလုပ်လျှင် ကောင်းကျိုး တစ်ဆယ်သားပေးပြီးဖြစ်၍ လက်ကျန်မရှိတော့။ အကုသိုလ်ကို တစ်ဆယ်သားလုပ်လျှင် ဆိုးကျိုးတစ်ဆယ်သား ပေးပြီးဖြစ်၍ အကုသိုလ်လက်ကျန် မရှိတော့ပေ။ ထို့ကြောင့် တမလွန် ဘဝတွေ စိတ်ကူးစရာလိုသေးသလား" စသော ရေးသားချက်၊ ဟောပြောချက်များသည် လောကသဘာဝနှင့် လည်းကောင်း၊ ဗုဒ္ဓ၏ ဓမ္မသဘာဝနှင့်လည်းကောင်း

http://www.dhammadownload.com


လုံးလုံးကြီး ဆန့်ကျင်နေသော ရေးသားချက်၊ ဟောပြော ချက်များဖြစ်၍ အဓမ္မဝါဒဟု ဆုံးဖြတ်သည်။

## စုဒိတက၏ ကျမ်းဂန် အယူအဆမှားများ

ဤနေရာတွင် ဦးဝိစိတ္တသာရာဘိဝံသ၏ ဗုဒ္ဓဟောကြားကျမ်းဂန်များနှင့် စပ်လျဉ်း၍ မှားယွင်းသောအမြင်များကိုလည်း အနည်းငယ် တင်ပြလိုပေသည်။

## ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒဟသုတ်

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက ရှေး (အတိတ်ကံ) မရှိကြောင်း၊ နောင်ဘဝကို အကျိုးဖြစ်စေမည့် ပစ္စုပ္ပန်ကံလည်း မရှိကြောင်း ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒဟဝဂ်လာ ဒေဝဒဟသုတ်ကို ထုတ်နုတ်ပြဆိုထားသည်။

ဒေဝဒဟသုတ်၏ ဆိုလိုရင်းမှာ-

မြတ်စွာဘုရား သက္ကတိုင်း ဒေဝဒဟနိဂုံးရွာကြီးတွင် သီတင်းသုံးနေခိုက် အချို့သော တိတ္ထိယ သမဏဗြာဟ္မဏတို့၏ "သတ္တဝါတို့ခံစားနေရသော ဆင်းရဲချမ်းသာသည် ရှေးကပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့်ဖြစ်၏။ ထိုကံဟောင်း ချုပ်ငြိမ်းရန်အတွက် ပဉ္စာတပအကျင့် စသောအတ္တကိလမထအကျင့်များကို ကျင့်ရမည်။ ကံသစ်များမပြုဘဲ ထိန်းသိမ်းစောင့်စည်းရမည်၊ ထိုသို့ ကံဟောင်းကိုတားဆီး၊ ကံသစ်ကို မပြုဘဲနေလျှင် ဒုက္ခငြိမ်း၏" ဟူသောဝါဒနှင့်စပ်လျဉ်း၍ ရဟန်းတို့အား အမေးအဖြေပုံစံဖြင့် ဟောကြားတော်မူသည်။

မြတ်ဗုဒ္ဓက ရဟန်းတို့ ဆိုခဲ့ပြီးသော ပုဗ္ဗေကတ ဟေတုဝါဒရှိသော တိတ္ထိယ သမဏဗြာဟ္မဏတို့ကို "အသင်တို့ ဤဝါဒ ရှိကြသလော"ဟု မေးသောအခါ "ရှိကြောင်း" ဖြေဆိုကြသည်။

မြတ်ဗုဒ္ဓက ထိုတိတ္ထိယ သမဏဗြာဟ္မဏတို့အား (၁) "အသင်တို့ ရှေးဘဝက ဖြစ်ခဲ့ကြသလား၊ မဖြစ်ကြဘူးလား"ဟုလည်းကောင်း၊ (၂)

http://www.dhammadownload.com


"သင်တို့ရှေးဘဝက မကောင်းမှုကံတွေကို ပြုခဲ့ကြသလား၊ သို့မဟုတ် မပြု ခဲ့ကြဟု သိကြရဲ့လား"ဟုလည်းကောင်း။ (၃) "အသင်တို့သည် ယခုဘဝ တွင်လည်း အကုသိုလ်ကံကို ပြုဆဲဖြစ်ကြသလား"ဟုလည်းကောင်း၊ (၄) "ဆင်းရဲဒုက္ခသည် ဤမျှလောက် ကုန်သွားပြီ၊ နောက်ထပ်ကုန်စေရမည့် ဆင်းရဲဒုက္ခကား ဤမျှလောက် ကျန်သေးသည်။ ဤမျှလောက် ဆင်းရဲ ဒုက္ခကုန်သွားလျှင် ဆင်းရဲဒုက္ခ အေးငြိမ်းလိမ့်မည်ဟု သိကြသလား"ဟု လည်းကောင်း မေးသည်ရှိသော် ထို တိတ္ထိယ သမဏ ဗြာဟ္မဏတို့က "မသိပါ"ဟု ဖြေကြသည်။

မြတ်ဗုဒ္ဓက ဆက်လက်ပြီး "အသင်တို့သည် ဤဘဝ၌ပင် အကုသိုလ်ပယ်ကြောင်း၊ ကုသိုလ်တရားပြည့်စုံစေကြောင်း ဖြစ်သည့် အကြောင်းတရားတို့ကို သိကြပါသလား"ဟု မေးမြန်းသော အခါ၌လည်း ထိုတိတ္ထိယ သမဏ ဗြာဟ္မဏတို့က "မသိကြပါ"ဟု ဖြေကြားကြသည်။

ဒီလိုမသိပါဘဲလျက် ဖြစ်ဖြစ်သမျှ သုခ ဒုက္ခသည် ရှေးက ပြုခဲ့သော ကံကြောင့် ဖြစ်ကြရသည်ဟု ပြောခြင်းငှာ မသင့်ဟု မြတ်စွာ ဘုရားက မိန့်ကြားတော်မူ၏။

ဤသို့ မြတ်ဗုဒ္ဓက မေးသော "သင်တို့သည် ရှေးဘဝက ဖြစ်ခဲ့ကြ သလော၊ သို့မဟုတ် မဖြစ်ခဲ့ကြဘူးလော" စသော အမေးလေးချက်ကို တိတ္ထိယ သမဏ ဗြာဟ္မဏတို့က "မသိပါ"ဟုချည်း ဖြေဆိုခဲ့၏။

ထိုသို့ မသိပါဘဲ ဖြစ်ဖြစ်သမျှ သုခဒုက္ခ တို့သည် ရှေးဘဝ အတိတ်ကံဟူသော အကြောင်းကြောင့် ဖြစ်ကြရသည်ဟူသော အယူဝါဒ ကို စွဲယူခြင်းငှာ မသင့်။ "ငါတို့သည် ရှေးဘဝက ဖြစ်ဖူးခဲ့ကြသည်။ သို့မဟုတ် မဖြစ်ဖူးခဲ့ကြဟု ကိုယ်တိုင်ကိုယ်ကျ သိမှသာဖြစ်ဖြစ်သမျှ သုခ+ဒုက္ခတို့သည် ရှေးဘဝအတိတ်ကံကြောင့် ဖြစ်ကြရ၏"ဟူသော ပုဗ္ဗေကတဟေတုဝါဒကို စွဲယူသင့်သည် ဟူသော မြတ်ဗုဒ္ဓစကားကို ထောက်၍ ဦးဝိစိတ္တသာရာဘိဝံသက ရှေးဘဝဆိုတာလည်းမရှိ၊ ရှေး အတိတ်ကံဆိုတာလည်း မရှိ၊ နောင်ဘဝကို ဖြစ်စေမည့် ပစ္စုပ္ပန်ကံ ဆိုတာလည်း မရှိဟု တင်ပြသည်။

http://www.dhammadownload.com


ဤဩ မြတ်ဗုဒ္ဓ၏ စကားတော်ကို သေချာစွာစိစစ်နားလည် မှတ်သားရပေမည်။

တစ်ပါးသောအယူရှိသော (ဝါ) မိစ္ဆာဝါဒ လက်ကိုင်ပြုနေကြသော တိတ္ထိယ သမဏဗြာဟ္မဏတို့က အတိတ်က မိမိတို့ဖြစ်ခဲ့ မဖြစ်ခဲ့ကို မသိပါဟု ဖြေသည်။

ထို့အတူ ရှေးဘဝက အကုသိုလ်ကို ပြုခဲ့ မပြုခဲ့ကိုလည်းကောင်း၊ ယခုဘဝ အကုသိုလ်ကံကို ပြုမိနေသည်ဟုလည်းကောင်း၊ ကံတွေ ဘယ်လောက်ကုန်သွားပြီ၊ နောက်ထပ်ဘယ်လောက်ကျန်သေးသည်၊ ကံအားလုံး ချုပ်ငြိမ်းသွားလျှင် ဆင်းရဲဒုက္ခအားလုံး ချုပ်ငြိမ်းသွားမည်ကို လည်းကောင်း မသိကြသောကြောင့် "နော ဟိဒံ မသိပါ" ဟု ဖြေကြားကြခြင်းဖြစ်သည်။

အတိတ်ဘဝ မရှိ၊ အတိတ် အကုသိုလ်ကံ ဆိုတာလည်းမရှိ၊ ဤဘဝပစ္စုပ္ပန် အကုသိုလ်ကံဆိုတာလည်း မရှိ၊ ကုန်စေအပ်ပြီးသော ကံနှင့် ကုန်စေရမည့်ကံလည်း မရှိသောကြောင့် "နော ဟိဒံ မသိပါ" ဟု ဖြေဆိုကြခြင်း မဟုတ်ပေ။

အတိတ်ဘဝဆိုတာလည်း ရှိသည်၊ ၊ အတိတ်ကံ ဆိုတာလည်း ရှိသည်၊ နောင် ဘဝမှာ အကျိုးပေးမည့် ပစ္စုပ္ပန်ကံ ဆိုတာလည်းရှိသည်။ ကုန်စေအပ်ပြီး သော ကံဆိုတာလည်းရှိသည်။ နောက်ထပ် ကုန်စေအပ်သည့် ကံဆိုတာ လည်း ရှိသည်။ သို့သော် ထိုအကြောင်းတို့ကို ထိုတိတ္ထိယ သဗြာဟ္မဏတို့က မသိသောကြောင့် "မသိပါ" ဟု ဖြေခြင်း ဖြစ်သည်။ "မရှိပါ" ဟု ဖြေခြင်း မဟုတ်ဟု ဤသုတ်က ထင်ရှားပြထားပေသည်။

ထို့ကြောင့် စုဒိတကဦးဝိစိတ္တသာရာဘိဝံသ တင်ပြသော ထို ဒေဝဒဟသုတ်သည် အတိတ်ဘဝ၊ အတိတ်ကံ၊ အနာဂတ်ကို ဖြစ်စေမည့် ကံနှင့် အနာဂတ်ဘဝတို့ မရှိဟူသော အဓိပ္ပာယ်ကို မပြဘဲ ရှိသည်ကိုသာ ပြရကား မိမိ (စုဒိတက)၏ အဆို (အယူဝါဒ)ကို မထောက်ခံဘဲ စောဒက ဆရာတော်တို့၏ အယူဝါဒ (အဆိုစကား) ကိုသာ ထောက်ခံနေပေသည်။

http://www.dhammadownload.com


## နောက်ထပ်အမှား

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက နိဂဏ္ဌာတို့အား မြတ်စွာဘုရားက "နိဂဏ္ဌာတို့ မျက်မှောက်ဘဝ အကျိုးပေးသည့် ဒိဋ္ဌဓမ္မဝေဒနီယကံကို တမလွန်ဘဝ၌ အကျိုးပေးသည့် သမ္ပရာယိက ဝေဒနီယကံ ဖြစ်အောင် အသင်နိဂဏ္ဌာတို့ ကျင့်ကြံအားထုတ်နေသည့် ပဓာတပအကျင့်၊ ကဏ္ဍကာ-ပသိကအကျင့် စသော အကျင့်များဖြင့် ပြုလုပ်၍ ရပါမည်လား၊ သမ္ပရာယိကဝေဒနီယကံ ကိုလည်း ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်အောင် လုပ်နိုင်ပါသလား၊ ဆင်းရဲဒုက္ခ အကျိုးကိုပေးမည့် ဒုက္ခဝေဒနီယကံကို ကောင်းကျိုးချမ်းသာပေးမည့် သုခ ဝေဒနီယကံဖြစ်အောင် လုပ်နိုင်ပါသလား" စသည့်ဖြင့်မေးတော်မူရာ "မလုပ်နိုင်ပါ"ဟု ဖြေဆိုကြသည်ကို ထောက်၍ ရှေးကံအယူအဆသည် နိဂဏ္ဌနာဋပုတ္တတို့၏ ဝါဒဖြစ်ကြောင်း တင်ပြထားပြန်သည်။ (သောစနောလွှာ-၇၃၊ ၇၄)

ထိုစာင်မြွချက်သည်လည်း စုဒိတကဦးဝိစိတ္တသာရာဘိဝံသ အနေဖြင့် ရှေးအတိတ်ကို ပယ်သောအကိရိယဝါဒီ ဖြစ်သည့်အားလျော်စွာ မှားယွင်းသော တင်ပြချက်ကိုသာ တင်ပြမိနေပေသည်။

မြတ်ဗုဒ္ဓအလိုကား ကံများသည် ယခုဘဝတွင် အကျိုးပေးမည့် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ တမလွန်ဘဝတွင် အကျိုးပေးမည့်ကံ၊ ကောင်းကျိုးချမ်းသာပေးမည့်ကံ၊ မကောင်းဆင်းရဲကို ပေးမည့်ကံ စသည်ဖြင့် အမျိုးမျိုးရှိရာ ယခုဘဝတွင် အကျိုးပေးမည့် ကံကို ယခုဘဝတွင် အကျိုးမပေးဘဲ တမလွန်ဘဝတွင်မှ အကျိုးပေးရန်၊ တမလွန်ဘဝတွင် အကျိုးပေးမည့်ကံကို တမလွန်အထိ မစောင့်စေဘဲ ယခုဘဝတွင်ပဲ အကျိုးပေးရန်၊ ကောင်းကျိုး ချမ်းသာပေးမည့် သုခဝေဒနီယကံကို မကောင်းကျိုးပေးမည့် ဒုက္ခဝေဒနီယကံဖြစ်အောင် ဒုက္ခဝေဒနီယကံကို သုခဝေဒနီယကံဖြစ်အောင် (ကံတွေ ကပြောင်းကပြန်ဖြစ်အောင်) ပဓာတပစသော အကျင့်များကို အားထုတ်ခြင်းဖြင့် ဆောင်ရွက်နိုင်ပါမည်လား ဟု မေးလိုရင်းဖြစ်၏။

http://www.dhammadownload.com


နိဂဏ္ဍတို့ကလည်း မိမိတို့ ဆရာကြီးများ ဟောကြားညွှန်ပြသော ပဋ္ဌာတပစသော အကျင့်ဖြင့် ထိုကံတို့ကို အမျိုးမျိုး ကပြောင်းကပြန် ဖြစ်အောင် မလုပ်နိုင်ကြောင်း ဖြေကြားခြင်းဖြစ်သည်။

ဒိဋ္ဌဓမ္မဝေဒနီယကံ၊ သမ္ပရာယဝေဒနီယကံ၊ သုခဝေဒနီယကံ၊ ဒုက္ခ ဝေဒနီယကံ စသည်ဖြင့် ကံတွေလုံးဝမရှိသောကြောင့် ယင်းသို့ဖြေဆိုကြ ခြင်းမဟုတ်ပေ။ ကံတွေက ရှိသည်သာ။ ကံတွေရှိကြောင်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကသုံးပုံတွင် များစွာ ဟောကြားထားသလို ဤဒေဝဒဟသုတ် ၌လည်း -

ဓာံ ကိံ မညထာဝုသော နိဂဏ္ဌာ၊ ယဒိဒံ ကမ္မံ ဒိဋ္ဌဓမ္မဝေဒနီယံ၊ တံ ဥပက္ကမေန ဝါ ပဓာနေန ဝါ 'သမ္ပရာယဝေဒနီယံ ဟောတူ' တိ လဗ္ဘမေတန္တိ။ နော ဟိဒံ အာဝုသော။ (ဥပရိဒေဝဒဟသုတ်၊ နှာ-၇)

စသည်ဖြင့် ဟောကြားထားပေသည်။

ထို့ကြောင့် ကံတွေရှိသည်။ အတိတ်ကံရှိလျှင် အတိတ်ဘဝဆိုတာ လည်းရှိသည်။ အဝိဇ္ဇာ၊ တဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းအကျန် မရှိ အောင် မပယ်နိုင်သေးသမျှ ဤပစ္စုပ္ပန် ဘဝတွင်လည်း ကောင်းကံ၊ ဆိုးကံ များရှိသည်။ ဤပစ္စုပ္ပန်ကံများသည် တချို့ ဤဘဝတွင် အကျိုးပေး၍ အချို့ကား တမလွန် နောက်ဘဝ များတွင် အကျိုးပေးကြဦးမည်။ ရဟန္တာ မဖြစ်သေးသမျှ ဘဝအဆက်ဆက် ကျင်လည်ကြရလိမ့်ဦးမည်။

တဏှာ လက်သမားကို အမိအရ ရှာမတွေ့ခဲ့သောကြောင့်(ဝါ) တဏှာလက်သည်ကို မသတ်နိုင်ခဲ့သောကြောင့် ငါဘုရားသည် မရေမတွက် နိုင်လောက်အောင် ဘဝသံသရာ၌ ကျင်လည်ခဲ့ရပြီ။ ယခုအခါ တဏှာ လက်သမားကို အမြစ်ပြတ် ချေမှုန်းနိုင်ခဲ့ပြီဖြစ်၍ ဘဝခန္ဓာသစ်ကို မပြုနိုင် တော့ပြီ။ ခန္ဓာအိမ်ကြီးကို တစ်စမကျန် ပယ်ဖျက်ပြီးဖြစ်၍ အငြိမ်းဓာတ် နိဗ္ဗာန်ကို မြိန်မြိန်ကြီး ခံစားရလေပြီဟု ဘုရားဖြစ်စ ဥဒါန်းကျူးခဲ့ကြောင်း အများသိကြသည့် (ပဌမဆုံးသော ဗုဒ္ဓပါဝစန ဖြစ်သည့်) အနေကဇာတင် ဥဒါန်းတော်ကြီးတွင် တွေ့ရှိကြည်ညိုကြရပေသည်။

http://www.dhammadownload.com


* အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။ (ဓမ္မပဒ-၃၆)

ဤဂါထာတော်ကြီးကား ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်တွင် မာရ်နတ်ရန်ကို အောင်၍ ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယံ၌ အာသဝက္ခယဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်တို့ကိုရပြီး၍ ဘုရားဖြစ်ပြီးစ အခါတွင် ကျူးရင့်တော်မူခဲ့သော ဂါထာတော်ကြီး ဖြစ်သည်။

ဤဥဒါန်း (အနေကဇာတင်) ဂါထာတော်ကြီး၌ "အနေကဇာတိသံသာရံ သန္ဓာဝိဿံ မရေမတွက်နိုင်လောက်အောင် အလွန့်လွန်များပြားသော ဘဝသံသရာပတ်လုံး ငါဘုရားကျင်လည်ခဲ့ရပြီ" ဟူသောစကား၊ "ဒုက္ခာ ဇာတိ ပုနပ္ပုနံ=ဘဝသစ်၌ အဖန်ဖန် အထပ်ထပ်ဖြစ်ရခြင်းသည် အလွန်ဆင်းရဲလှ၏" ဟူသောစကားတို့ဖြင့် အတိတ်ဘဝများစွာ အနာဂတ်ဘဝများစွာရှိကြောင်း ညွှန်ပြနေပေသည်။

ထို့ပြင် ဤဥဒါန်းမကျူးမီ ဘုရားမဖြစ်သေးမီ ရရှိခဲ့သော (ပု-ဒိ-အာ)ဟူသည့် ဉာဏ်ထူး ဉာဏ်မြတ် သုံးပါးတို့တွင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်(ပု)သည် ရှေးဘဝက မိမိဖြစ်ခဲ့ဖူးသော ဘဝခန္ဓာ သံသရာအစဉ်ကို သိမြင်သော ဉာဏ်ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ် (ဒိ)သည် အပါယ်လေးဘုံ၊ နတ်ပြည်-၆ဘုံ၊ ဗြဟ္မာဘုံ(၂၀)တို့သို့ရောက်သော သတ္တဝါတို့ကို လည်းကောင်း၊ ထိုဘုံ ထိုဘဝတို့သို့ ရောက်ကြောင်း ကောင်းမှုကုသိုလ်ကံနှင့် အကုသိုလ်ကံတို့ကို လည်းကောင်း သိမြင်သောဉာဏ်ဖြစ်သည်။

ဤသည်တို့ကို ထောက်ဆလျှင်လည်း အတိတ်ဘဝလည်းမရှိ၊ အတိတ်ကံလည်းမရှိ၊ နောင်တမလွန် အနာဂါတ်လည်းမရှိ၊ ထိုအနာဂတ်ဘဝ နောင်ဘဝ၌ အကျိုးပေးမည့်ကံလည်း မရှိဟူသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဝါဒသည် လည်းကောင်း။

http://www.dhammadownload.com


ကံတစ်ဆယ်သား ပြုထားလျှင် တစ်ဆယ်သားပဲ အကျိုးပေးသည်၊ ထိုကံများသည် ဤဘဝ၌သာ ဖြစ်၍ နောင်ဘဝသို့မလိုက်၊ နောင်ဘဝ ဆိုတာလည်းမရှိ-ဟူသော ဝါဒသည် လည်းကောင်း အစမွဲဝါဒသာ ဖြစ်သည်။

## အမှတ်(၈) စောဒနာ၊ သောဓနာ စိစစ်ချက်

(က) "သစ္စာလေးချက် လူမှာ ဖြစ်ပွားနေတယ်၊ သစ္စာလေးချက် လူမှာ ဖြစ်ပွားနေတာကို လူတွေမသိဘူး။ လူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ သစ္စာလေးပါးကို ဘုရားယူတယ်။

ကာယကံ အကောင်းပြုလို့ရှိရင် မဂ္ဂသစ္စာဖြစ်တယ်။ အဆိုးဆိုလို့ရှိရင် သမုဒယသစ္စာဖြစ်တယ်။

ဝစီကံ အကောင်းပြုလို့ရှိရင် မဂ္ဂသစ္စာဖြစ်တယ်။ အဆိုးလုပ်လိုက်တယ် ဆိုလို့ရှိရင် သမုဒယသစ္စာဖြစ်တယ်။

မနောကံမှာလည်း အကောင်းပြုလိုက်တယ်ဆိုရင် မဂ္ဂသစ္စာဖြစ်တယ်။ အဆိုးပြုလိုက်တယ် ဆိုလို့ရှိရင် သမုဒယသစ္စာဖြစ်တယ်။

သမုဒယသစ္စာဖြစ်ရင် ဒုက္ခအကျိုးက အော်တိုမစ်တစ် ရောက်လာတော့မယ်။ မဂ္ဂသစ္စာ အကောင်းပြုလိုက်ပြီဆိုရင် နိရောဓသစ္စာလည်း တစ်ခါတည်း ရောက်လာတော့မှာ။ လူမှာ ဤကောင်းကျိုး ဆိုးပြစ်ဆိုတဲ့ သစ္စာလေးချက် ဖြစ်ပွားနေတယ်။ တကယ်ဖြစ်ပွားနေတာ၊ လူတွေ မသိဘူး။

(ခ) ဒီသံသရာလည်တာ ရပ်အောင် ကာယကံနဲ့ ကောင်းတာပြု၊ ဝစီကံနဲ့ ကောင်းတာပြော၊ မနောကံနဲ့ ကောင်းတာကြံ၊ အဲဒီလို ကြံလိုက်တော့ ကျုပ်တို့ရဲ့ သန္တာန်မှာ လည်ပတ်မယ့် ကံ၊ ဝိပါက်၊ ကိလေသ ဝဋ် သံသရာရပ်ရတယ်။ ဝဋ်စက်ရပ်သွားပြီ။ ဝဋ်မီးစာကြီး ငြိမ်းသွားပြီ ဆိုတော့ ကျုပ်တို့အမေ မွေးကတည်းက ခန္ဓာကိုယ်လေး လွတ်လွတ် လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်းနေရတာပေါ့။

http://www.dhammadownload.com



အမေမွေးတဲ့ ခန္ဓာကိုယ်လေး လွတ်လွတ်လပ်လပ်ကလေး၊ ကိုယ့်ကိုယ်ကိုလည်း ကိုယ်ပြန်ရ၊ ကိုယ့်ကိုယ်နဲ့ ကိုယ်ပိုင်၊ ကိုယ့်ကိုယ်ကို အစိုးရ၊ ကိုယ့်မိသားစုနဲ့ ချစ်စရာလေး။ တကယ့်ကို မြတ်နိုးစရာလေး။ လူဆိုတာ အပြစ်ဆိုတာ ရှာမရတော့ဘူး။ အဲဒီလို ဖြစ်သွားပြီးမှာ၊ ကိုယ့်ကိုယ်နဲ့ကိုယ် ပြန်ရသွားတာကို နိဗ္ဗာန်ရတယ်လို့ ပြောတာပေါ့။

(ဂ) ခိုးရင် ကမ္မဝဋ်။ ခိုးတဲ့အတွက် ခိုးသူဖြစ်တာက ဝိပါကဝဋ်၊ ခိုးသူဖြစ်လို့ ခိုးချင်စိတ်ပေါ်ပေါက်တယ်။ ဒါက ကိလေသဝဋ်၊ ခိုးချင်တဲ့ စိတ်ပေါက်လာလို့ ခိုးတယ်၊ ခိုးလို့သူခိုးဖြစ်တယ် အဲဒါကြီး၊ ဝဋ်သံသရာ မလည်ဘူးလား။ လည်တယ်။ ဝဋ်သံသရာကြီးလည်တော့ ဆင်းရဲပြီး လောဘ, ဒေါသ, မောဟဆိုတဲ့ ဝဋ်သံသရာကြီး မလည်တော့ဘူးဆိုရင် ခန္ဓာကိုယ်လေးက မငြိမ်းဘူးလား။ သံသရာ ရပ်သွားပြီ။

အရက်သောက်တော့ တုန်တုန်ရင်ရင်နဲ့ဆိုတော့ ဒီပုဂ္ဂိုလ်ဟာ ပျက်စီးနေပြီပဲ။ အနိစ္စ, ဒုက္ခ, အနတ္တ။ အရက်သမားရဲ့ဘဝကို လှမ်းမျှော်ကြည့်ရင် ကောင်းကျိုးက အတော်နည်းသွားပြီ၊ အဲဒါ အနိစ္စ၊ ဒုက္ခ၊ တကယ် ဆင်းရဲနေပြီ။ အနတ္တ တကယ့်ကို ကိုယ်ကျိုးနည်းနေပြီ။ အသုဘ သူ့နားကို ဘယ်သူမှ မကပ်ချင်တော့ဘူး။ အဲဒီလို လက္ခဏာ ဆင်ခြင်ပြီးတော့ အရက်သောက်တယ်ဆိုတာ မကောင်းဘူးဆိုပြီး အပြတ်ရှောင်ကြဉ်တာမျိုးကို ဒုက္ခကို ပိုင်းပိုင်းခြားခြား သိလိုက်ပြီဆိုတော့ ဘယ်တော့အခါမှ အရက်မသောက်တော့ဘူး။ ဘယ်တော့မှ မခိုးတော့ဘူး။ အဲဒီလို ဒုက္ခသိဖို့ဆိုတာ မဂ်ကိုပွားရမှာ။

မဂ္ဂသစ္စာ ပွားတယ်ဆိုတာ ကာယကံနဲ့ ကောင်းအောင်ပြု၊ ဝစီကံနဲ့ ကောင်းတာပြော၊ မနောကံနဲ့ မှန်ကန်အောင်နေ၊ အဲဒီကံ သုံးချက်နဲ့ ကောင်းအောင်နေရင် သံသရာလည်စရာ မရှိတော့ဘူး။

အဲဒီတော့ အမြတ်မ်း လွတ်လပ်ငြိမ်းချမ်းပြီးတော့ နေမှာပေါ့။ အဲဒါကိုပဲ သန္တိသုခ ချမ်းသာမြတ်လို့ ပြောတာပါဗျာ။ တရားဆိုတာ ဒါပါပဲ။

(မဂ္ဂင်ရှစ်ပါးတရားမှ)

http://www.dhammadownload.com


စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏ ဖော်ပြအပ်ပြီးသော ဟောကြားချက်တို့သည် ပိဋကတော်နှင့် ညီညွတ်မှုမရှိ၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒက ဆရာတော်သုံးပါးတို့က တင်ပြထားပေသည်။

ဤစောဒနာလွှာပါ စုဒိတက၏ ဟောပြောချက်၊ ရေးသားချက်တို့ကို ပိဏ္ဍတ္ထချုပ်၍ ကောက်နုတ်ယူပါလျှင်-

၁။ သစ္စာလေးပါး လူမှာ လူ့ခန္ဓာမှာ ဖြစ်နေတယ်၊ နိဗ္ဗာန်ဟူသော နိရောဓသစ္စာလည်း လူထဲမှာ ခန္ဓာထဲမှာဖြစ်နေ ရှိနေတယ်။ ကာယကံ အကောင်း၊ ဝစီကံအကောင်း၊ မနောကံကောင်းတို့ကို ပြုလုပ်လျှင် မဂ္ဂသစ္စာဖြစ်၍ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာ လူ့ခန္ဓာမှာ ဖြစ်လာမယ်-ဟူသော ကောက်ချက်။

၂။ ကံသုံးပါးကောင်းအောင် ထိန်းနိုင်ရင် သုစရိုက်တရားတွေကို ကျင့်သုံးနိုင်ရင် ဝဋ်သံသရာအလည်ရပ်တယ်။ ဒီလိုကံသုံးပါးကို ကျင့်သုံးရင် နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ ဆိုက်လာတာမို့ ကိုယ့်ကိုယ်ကို အစိုးရသွားပြီ။ ဝါ-နိဗ္ဗာန်ဟာ အနတ္တမဟုတ်တော့။ အတ္တသာဖြစ်သည်-ဟူသော ကောက်ချက်။

ဝဋ်သုံးပါး လည်ပုံ အမှား-ဟူသော ကောက်ချက်တို့ကိုရမည် ဖြစ်ပေသည်။

ယင်းကောက်ချက်တို့ကိုထုတ်၍ စုဒိတက၏ ဟောပြောချက်၊ ရေးသားချက်တို့ကို ပိဋကတ်တော်နှင့် ညီ-မညီ စိစစ်သုံးသပ်မည် ဖြစ်သည်။

## (က) သစ္စာလေးပါး လူ့ခန္ဓာထဲမှာ ရှိသည်ဟူသော အဆိုကိုစိစစ်ချက်

မဖောက်မပြန် မှန်ကန်တည့်ဖတ်သော တကယ်ရှိသည့် တရားကို ပရမတ္ထတရား-ပရမတ်တရားဟုခေါ်သည်။ ထိုတကယ်အရှိ မှန်ကန်တည့်မတ်သော ပရမတ္ထတရားသည် စိတ် စေတသိက်, ရုပ် နိဗ္ဗာန်ဟု လေးမျိုးရှိသည်။

http://www.dhammadownload.com


ထိုပရမတ်တရား လေးပါးကို ခန္ဓာကိုယ် အဇ္ဈတ္တကို စွဲမှီ၍ဖြစ်သော အဇ္ဈတ္တတရားနှင့် ခန္ဓာကိုယ်ကို စွဲမှီ၍မဖြစ်၊ ခန္ဓာငါးပါးမှ လွတ်နေသော ဗဟိဒ္ဓတရားဟု နှစ်ပါးရှိရာ စိတ်, စေတသိက်, ရုပ်တရားတို့သည် မိမိခန္ဓာ, သူတစ်ပါး ခန္ဓာတို့၌ စွဲမှီ၍ ဖြစ်သော ကြောင့် အဇ္ဈတ္တတရားဟု ခေါ်သည်။ မိမိသန္တာန်၌ဖြစ်သောစိတ်, စေတသိက်, ရုပ်တရားတို့သည် (မိမိဘက်က ကြည့်ခိုက်) အဇ္ဈတ္တဖြစ်သည်။ သူတစ်ပါးသန္တာန်၌ ဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့သည် မိမိဘက်က ကြည့်ကာ ဗဟိဒ္ဓတရားဖြစ်၍ သူတစ် ပါး ဘက်ကကြည့်ခိုက် မိမိသန္တာန်၌ ဖြစ်သောစိတ်, စေတသိက်, ရုပ်တရား တို့သည် ဗဟိဒ္ဓ ဖြစ်သည်။

ဤသို့ မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ စိတ်, စေတသိက်, ရုပ်တရားတို့ ဖြစ်ကြသော်လည်း အချင်းချင်းမတူချေ။ မိမိသန္တာန်မှာ ဖြစ်သောစိတ်, စေတသိက်, ရုပ်တရားက တစ်ခြား တစ်ပါး။ သူတစ်ပါး သန္တာန်၌ ဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့က တစ်ပါး တစ်ခြား သာဖြစ်သည်။ သို့သော်-လက္ခဏာကား တူသည်သာ။ သူတစ်ပါးသန္တာန်၌ ဖြစ်သော စိတ်တရားသည် အာရုံကို သိတတ်သကဲ့သို့ မိမိသန္တာန်၌ ဖြစ်သော စိတ်တရားသည်လည်း အာရုံကို သိတတ်သော လက္ခဏာ ရှိသည်။

ထို့အတူ သူတစ်ပါး သန္တာန်၌ဖြစ်သော ဖဿသည် အာရုံကို တွေ့ထိခြင်းသဘော လက္ခဏာရှိသကဲ့သို့ မိမိသန္တာန်၌ ဖြစ်သော ဖဿ သည်လည်း အာရုံကို တွေ့ထိခြင်းသဘော လက္ခဏာရှိသည်။

ထို့ကြောင့် စိတ်, စေတသိက်, ရုပ်တရားတို့ကို အဇ္ဈတ္တတရား၊ ဗဟိဒ္ဓ တရားဟု နှစ်မျိုးလုံးခေါ်ရသော်လည်း နိဗ္ဗာန်တရားသည်ကား မိမိ၏ခန္ဓာ ၌လည်း မဖြစ်၊ သူတစ်ပါး ခန္ဓာ၌လည်း မဖြစ်ဘဲ ခန္ဓာငြိမ်း သွားခြင်း သဘောဖြစ်၍ ဗဟိဒ္ဓတရားဟု ခေါ်ရသည်။

ထို့ကြောင့် ဗဟိဒ္ဓတရားသည် မိမိခန္ဓာ၌မဖြစ်၊ သူတစ်ပါး ခန္ဓာ၌ဖြစ်သော ဗဟိဒ္ဓတရား၊ မိမိခန္ဓာ သူတစ်ပါးခန္ဓာတို့၌ လုံးဝမဖြစ်ဘဲ

http://www.dhammadownload.com



ခန္ဓာမှ လွတ်သော ဗဟိဒ္ဓတရားဟူ၍ နှစ်မျိုးရှိရာ နိဗ္ဗာန်သည် မည်သည့် ခန္ဓာတွင်မှ မပါဝင်သော ဗဟိဒ္ဓတရားဖြစ်သည်။

ထို့ကြောင့်-

* ၁၀၅၁။ ကတမေ ဓမ္မာ ဗဟိဒ္ဓါ။ ယေ ဓမ္မာ တေသံ ပရသတ္တာနံ ပရပုဂ္ဂလာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယတာ ပါဋိပုဂ္ဂလိကာ ဥပါဒိန္နာ ရူပံ ဝေဒနာ သညာ သင်္ခါရ ဝိညာဏံ။ ဣမေ ဓမ္မာ ဗဟိဒ္ဓါ။ (ဓမ္မသင်္ဂဏီ - ၂၁၃)

ဤအဇ္ဈတ္တတိက် နိက္ခေပကဏ္ဍ ပါဠိတော်၌ သူတစ်ပါး သန္တာန်၌ဖြစ်သော ခန္ဓာငါးပါး ဟုဆိုအပ်သည့် စိတ်, စေတသိက်, ရုပ်တရားတို့ကို ဗဟိဒ္ဓဟု ဟောတော်မူသည်။

* ၁၄၃၅။ အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဌပေတွာ ဓမ္မာ သိယာ အဇ္ဈတ္တာ၊ သိယာ ဗဟိဒ္ဓါ။ အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ။ (ဓမ္မသင်္ဂဏီ-၂၇၃)

ဤအဋ္ဌကထာကဏ္ဍ၊ အဇ္ဈတ္တတိက်၌ကား စိတ်, စေတသိက်, ဣန္ဒြိယဗဒ္ဓရုပ်တို့သည် တစ်ခါတစ်ရံ (မိမိသန္တာန်၌ ဖြစ်ခိုက်) အဇ္ဈတ္တဓမ္မ။ တစ်ခါတစ်ရံ (သူတစ်ပါး သန္တာန်၌ ဖြစ်ခိုက်) ဗဟိဒ္ဓဓမ္မဖြစ်၍ အနိန္ဒြိယဗဒ္ဓရုပ်နှင့် နိဗ္ဗာန်ကား ဗဟိဒ္ဓတစ်မျိုးတည်းသာဟု ခွဲခြားဟောကြားသည်။

ဤသည်တို့ကို ထောက်လျှင် စိတ်, စေတသိက်, ရုပ်တရားတို့သည် အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်မျိုးလုံးရသည်။ နိဗ္ဗာန်သည်ကား ဗဟိဒ္ဓတစ်မျိုးတည်းသာ ဖြစ်သည်ဟု သိနိုင်သည်။

ဤသို့ နိဗ္ဗာန်သည် ခန္ဓာတွင် မပါဝင်သောကြောင့် ဓာတုကထာ ပါဠိတော်၌လည်း -

http://www.dhammadownload.com


(၁) ဓမ္မာယတနံ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကေန ဓာတုယာ သင်္ဂဟိတံ။ (ဓာတုကထာ-၆)

(၂) ဓမ္မဓာတု အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။ (ဓာတုကထာ-၇)

(၁။၂)ဓမ္မာယတန ဓမ္မဓာတ်ကို နိဗ္ဗာန်ကို ခန္ဓာကို ခန္ဓာဟူသော ရေတွက်ခြင်းမှ ထားခဲ့၍ ခန္ဓာလေးပါး အာယတနတစ်ပါး ဓာတ် တစ်ပါးတို့ဖြင့် ရေတွက်အပ်၏။

(၃) နိရောဓသစ္စံ န ကေဟိစိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ ပဉ္စဟိ ခန္ဓေဟိ ဧကာဒသာဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။ (ဓာတုကထာ-၉)

နိရောဓသစ္စာ(နိဗ္ဗာန်)ကို မည်သည့်ခန္ဓာတို့ဖြင့်မျှ မရေတွက်ရ။ အာယတနတစ်ပါး ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏။ နိရောဓသစ္စာ(နိဗ္ဗာန်)ကို ခန္ဓာတို့ဖြင့်မရေတွက်၊ အာယတန တစ်ဆယ့်တစ်ပါး ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့ဖြင့် မရေတွက် အပ်။

(၄) စတ္တာရိ သစ္စာနိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာနိ။
စတ္တာ ရိ သစ္စာနိ အသင်္ခတံ ခန္ဓတော ဌပေတွာ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာနိ။ (ဓာတုကထာ-၁၀)

(၄) သစ္စာလေးပါးတို့ကို အဘယ်မျှသော ခန္ဓာ, အဘယ်မျှ သော အာယတန, အဘယ်မျှသော ဓာတ်တို့ဖြင့် ရေတွက် အပ်ကုန်သနည်း။ (အမေး)

သစ္စာလေးပါးတို့ကို နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓ သစ္စာကို ခန္ဓာဟူသော ရေတွက်ခြင်းမှ ထားခဲ့၍(ဝါ) ခန္ဓာ

http://www.dhammadownload.com


မဖွဲ့ဘဲ ထားခဲ့၍ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ဖြင့် ရေတွက်အပ်ကုန်၏။

ဤသို့စသည်ဖြင့် နိဗ္ဗာန်ကို ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော ဗဟိဒ္ဓ တရား အဖြစ်ဖြင့်သာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်။

ထို့ကြောင့်-

သစ္စာလေးချက် လူမှာ ဖြစ်ပွားနေတယ်။ သစ္စာလေးချက် လူမှာ ဖြစ်ပွားနေတာကို လူတွေ မသိဘူး၊ လူရဲ့ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ သစ္စာ လေးပါးကို ဘုရားယူတယ်-ဟူသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက် ဟောပြောချက်သည် အမွေဝါဒဖြစ်သည်။

ရောဟိတဿသုတ် (အံ ၁၊ ၃၅၆)၌-

အပိစာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ လောကနိရောဓဉ္စ ပဋိပဒဉ္စ- ဟူ၍ ဤခန္ဓာထဲ၌နိဗ္ဗာန် (နိရောဓသစ္စာ) ရှိနေ၍ ဆိုခြင်းမဟုတ်၊ ခန္ဓာ ချုပ်ငြိမ်းသွားခြင်းသည် ခန္ဓာနှင့်စပ်လျဉ်းနေသဖြင့် ခန္ဓမပါဘဲ ပြော၍ ဟော၍ မဖြစ်သောကြောင့် ခန္ဓာထဲ၌ နိရောဓသစ္စာကို ငါပညတ်၏ဟု ဟောတော်မူခြင်းဖြစ်သည်။

အဒွေဇ္ဈဝစနာ ဗုဒ္ဓါ=ဘုရားရှင်တို့မည်သည် နှစ်မျိုးသော စကားကို ဆိုလေ့မရှိပေ။ နိဗ္ဗာန်ကို ခန္ဓာကိုယ်ထဲ၌ဖြစ်သော (ခန္ဓာကိုစွဲ၍ ဖြစ်သော) အဇ္ဈတ္တတရားဟု လည်းကောင်း၊ ခန္ဓာကိုယ်နှင့်မစပ် မယှဉ်ဘဲ ခန္ဓာမှ အလွတ်ဖြစ်သော ဗဟိဒ္ဓတရားဟူ၍ လည်းကောင်း နှစ်မျိုးနှစ်ခွ ဟောလေ့ မရှိပေ။

## သင်္ခတနှင့် အသင်္ခတ

ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသောအကြောင်းတရားတို့ဖြင့် ပြုပြင် စီမံအပ်သော တရားသည် သင်္ခတတရားဖြစ်၏။ ထို၏ ဆန့်ကျင်ဘက် ဖြစ်သော (ဝါ)ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသော အကြောင်းတရားတို့ဖြင့် မပြုပြင် မစီမံအပ်သော တရားသည် အသင်္ခတ တရားဖြစ်၏။

http://www.dhammadownload.com


## သင်္ခတ တရား၏ လက္ခဏာ

သင်္ခတ တရားတို့၏ လက္ခဏာကို ဖော်ပြလတ္တံ့ပါအတိုင်း မြတ်ဗုဒ္ဓ ဟောကြားခဲ့၏ -

## သင်္ခတလက္ခဏာသုတ်

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သင်္ခတဿ သင်္ခတလက္ခဏာနီတိ။ (အံ-၁၊ ၁၅၀)

သင်္ခတ တရားဟူသည် ဖြစ်ခြင်း ဥပါဒ် ထင်ရှား၏။ ပျက်ခြင်း ဝယ (ဘင်) ထင်ရှား၏။ မပျက်မီ တည်တံ့ခြင်းဟူသော (ဝါ) ပျက်ရန် ရှေးရှုနေသော (ဌီ)ထင်ရှား၏။

စိတ်, စေတသိက်, ရုပ်တရားတို့သည် ဖြစ်ခြင်း၊ မပျက်မီ တည်ခြင်း၊ ပျက်ခြင်းဟူသော ခဏသုံးပါးရှိ၏။ ထင်ရှား၏။ (ဝါ) ဖြစ်ပြီး မကြာမီ ပျက်သွား ချုပ်သွားကြ၏။ ထို့ကြောင့် "သင်္ခတတရား"ဟု ခေါ်၏။ လိုရင်းမှာ အကြောင်းတရားကြောင့် ဖြစ်ကြရသော တရားမှန်သမျှ သင်္ခတ တရားတို့သာတည်း။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ -

ကတမေ ဓမ္မာ သင်္ခတာ၊ ယေဝ တေ ဓမ္မာ သပ္ပစ္စယာ၊ တေဝ တေ ဓမ္မာ သင်္ခတာ-

ဟု ဟောတော်မူသည်။ (ဓမ္မသင်္ဂဏီ-၂၁၉)

## အသင်္ခတတရား

ကံ, စိတ်, ဥတု, အာဟာရစသော အကြောင်းတရားတို့ကြောင့် မဖြစ်သော တရားသည် အသင်္ခတ တရားမည်၏။ ထို အသင်္ခတ တရားသည် အကြောင်းကင်းသောကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်း မရှိပေ။ တည်တံ့ခိုင်မြဲသော တရားဖြစ်၏။

http://www.dhammadownload.com


## အသင်္ခတလက္ခဏာသုတ်

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ? န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ (အံ-၁၊ ၁၅၀)

အသင်္ခတတရား၏ လက္ခဏာသုံးပါးကား ဖြစ်ခြင်း(ဥပါဒ်) မရှိခြင်း၊ မဖြစ်သဖြင့် ပျက်ရန် ရှေးရှုနေမှု ဟူသော ဌီ မရှိခြင်း၊ မဖြစ်သဖြင့် ပျက်မှုလည်း မရှိ ခြင်းဟူသော ဤသုံးပါးတို့တည်း။

ထို့ကြောင့်-

ကတမေ ဓမ္မာ အသင်္ခတာ။ ယော ဧဝ သော ဓမ္မော အပ္ပစ္စယော၊ သော ဧဝ သော ဓမ္မော အသင်္ခတော။ (ဓမ္မသင်္ဂဏီ-၂၁၉)

ဟူ၍ ဟောတော်မူသည်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ဖြစ်တတ် ပျက်တတ်သော သဘော ရှိသောကြောင့် ဆင်းရဲဒုက္ခ ကြီး၏။ အကယ်၍ နိဗ္ဗာန်သည် ခန္ဓာထဲ၌ပါသည်ဟု ဆိုလျှင် ဖြစ်ပျက် မကင်း၍ ဆင်းရဲခြင်းအတိသာ ဖြစ်လေရာ၏။ စင်စစ် နိဗ္ဗာန်မှာ ဆင်းရဲဒုက္ခ လုံးဝမရှိပေ။

ထို့ကြောင့် နိဗ္ဗာန်သည် ဆင်းရဲဒုက္ခအတိ(သင်္ခါရဒုက္ခ) မကင်းသော ခန္ဓာငါးပါး၌ အကျုံးမဝင်ပေ။ ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော အပရိယာပန္န တရားသာ ဖြစ်သည်။

* ကတမေ ဓမ္မာ အပရိယာပန္နာ။ မဂ္ဂါ စ မဂ္ဂဖလာနိ စ အသင်္ခတာ စ ဓာတု။ ဣမေ ဓမ္မာ အပရိယာပန္နာ။ (ဓမ္မသင်္ဂဏီ-၂၅၄)

ဟု လည်းကောင်း။

* တေဘူမကဝဋ္ဋေ ပရိယာပန္နာ အန္တောဂဓာတိ ပရိယာပန္နာ။ တသ္မိံ န ပရိယာပန္နာတိ အပရိယာပန္နာ။ (အဘိ၊ ဋ-၁၊ ၉၂)ဟု လည်းကောင်း မိန့်ဆိုတော်မူကြသည်။

http://www.dhammadownload.com


ဤသို့သော မိန့်ကြားချက်တို့ကို ထောက်ဆ၍ နိဗ္ဗာန်သည် ခန္ဓာငါးပါး၌ အကျုံးဝင်သောတရား မဟုတ်။ ခန္ဓာငါးပါးမှ အသီးအခြားဖြစ်သော (အရိယာပုဂ္ဂိုလ်တို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်သိမြင်အပ်သော) ဗဟိဒ္ဓတရားသာ ဖြစ်သည်။

သို့ဖြစ်၍ ရောဟိတဿသုတ်လာ-

"ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ"ဟူသော စကား၌ လောကနိရောဓဉ္စ ပညာပေသိ-

ဟူသော စကားရပ်သည် မုချတိုက်ရိုက် အနက်အဓိပ္ပာယ် ယူရမည့် နီတတ္ထစကား မဟုတ်။ နိဗ္ဗာန်၏အကြောင်းကို ပြောပြရာ၌ ခန္ဓာ၏သဘောနှင့် ယှဉ်တွဲပြောမှ နားလည်နိုင်မည်ဖြစ်သောကြောင့် မကင်းစကောင်းသော (အဝိနာဘာဝနည်း) အားဖြင့် ပြဆိုသောစကားသာ ဖြစ်၏။

## သစ္စာလေးပါး ယူဆပုံ အမှားများ

စုဒိတက ဦးဝိစိတ္တာသာရာဘိဝံသက ကာယကံ၊ ဝစီကံ၊ မနောကံ အကောင်းပြုလျှင် မဂ္ဂသစ္စာ ဖြစ်တယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ အဆိုးပြုလျှင် သမုဒယသစ္စာ ဖြစ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ အဆိုးပြုရင် သမုဒယသစ္စာမှ ဒုက္ခသစ္စာ လိုက်လာလိမ့်မယ်။ အကောင်းပြုလျှင် မဂ္ဂသစ္စာပွားတာဖြစ်လို့ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာရမယ်ဟု ဟောပြောထားခြင်းကို စိစစ်အံ့။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဘဝအသစ်၌ ဖြစ်ရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် တွေ့ဆုံကြုံကြိုက်ရခြင်း၊ ချစ်ခင်နှစ်သက်

http://www.dhammadownload.com


အပ်သောသတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းခွဲခွာရခြင်း၊ လိုတာမရခြင်းတို့သည် ဒုက္ခအရိယာသစ္စာ မည်၏။ အကျဉ်းချုပ်လျှင် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခအရိယသစ္စာတည်း။

ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ဘဝသစ်ကိုဖြစ်စေတတ်သော နှစ်သက်ခြင်း၊ တပ်မက်ခြင်း သဘောဖြစ်သော ထိုထိုအာရုံကာမဂုဏ်တို့၌ တပ်နှစ်သက်တတ်သော ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာသည် သမုဒယသစ္စာ မည်၏။

ကတမံ စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

နိရောဓသစ္စာဟူသည် ထိုသမုဒယသစ္စာဟု ဆိုအပ်သော တဏှာရာဂကို (အဆင့်အလိုက်) အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ ထိုတဏှာကိုစွန့်ခြင်း၊ ထိုတဏှာမှ လွတ်မြောက်ခြင်းတည်း။

ကတမံ စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဒုက္ခနိရောဓဂါမိနီပဋိပဒါ(မဂ္ဂ) အရိယသစ္စာဟူသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော အရိယာအဋ္ဌင်္ဂိကမဂ်တည်း။

ဆိုခဲ့ပြီးသော ဓမ္မစကြာပါဠိတော်မျှကို ထောက်ဆလျှင်ပင် စုဒိတက၏ သစ္စာလေးပါး အယူအဆသည် မပြည့်စုံခြင်း၊ လုံးဝမှားယွင်းနေခြင်းများ တွေ့ရမည် ဖြစ်ပေသည်။ (သစ္စဝိဘင်း ပါဠိတော် စသည်၌လည်း ဓမ္မစကြာပါဠိတော်ကဲ့သို့ပင် ဟောတော်မူသည်။)

http://www.dhammadownload.com


စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ကာယကံ၊ ဝစီကံ၊ မနောကံ အဆိုးပြုခြင်းသည် သမုဒယသစ္စာ။ ကာယကံ၊ ဝစီကံ၊ မနောကံ အကောင်းပြုခြင်းသည် မဂ္ဂသစ္စာဟု ဆိုထားရာ ကာယကံ၊ ဝစီကံ၊ မနောကံ အကောင်းပြုခြင်းသည် မဂ္ဂသစ္စာဟု ဆိုအပ်သောစကားသည် တစ်စိတ် တစ်ဒေသ လက်ခံနိုင်စရာဖြစ်သော်လည်း ကာယကံ၊ ဝစီကံ၊ မနောကံ အဆိုးပြုခြင်းသည် သမုဒယသစ္စာ ဟူသော စကားသည်ကား တက်တက်စင်အောင် လွဲမှားသောစကား ဖြစ်သည်။

ကာယကံ၊ ဝစီကံ၊ မနောကံ အဆိုးသည် သမုဒယသစ္စာမဟုတ်၊ ဒုက္ခသစ္စာသာ ဖြစ်သည်။ သူတစ်ပါးပစ္စည်းကို လိုချင်၍ ခိုးမှုကာယကံ အဆိုးပြုရာဝယ် သူတစ်ပါးပစ္စည်း လိုချင်ခြင်းသည် သမုဒယသစ္စာဖြစ်၍ ခိုးခြင်း (ခိုးဆဲအခိုက်၌ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်သည်) ဒုက္ခသစ္စာ ဖြစ်သည်။

သူတစ်ပါးကို သနား၍ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာဝယ် ထိုသို့ရှောင်ကြဉ်ခြင်းသည် လောကီမဂ္ဂသစ္စာသာဖြစ်၍ ဒေါသအကုသိုလ်၊ လောဘအကုသိုလ်တို့ ငြိမ်းခြင်းကို နိရောဓသောမန်ဟု သာ ဆိုရသည်။ နိရောဓသစ္စာအစစ် မဟုတ်သေး။ တဒင်္ဂနိရောဓသာ ဖြစ်သည်။ ဆိုင်ရာမဂ်ဖြင့် ဆိုင်ရာကိလေသာကို အကြွင်းမဲ့ ပယ်သတ်သဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်သာ နိရောဓအရိယသစ္စာအစစ် ဖြစ်သည်။

စုဒိတက၏ မဂ္ဂသစ္စာ အယူအဆသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်ဆိုင်ရာသာဖြစ်၍ (ဝါ) သီလသာဖြစ်၍ မပြည့်စုံပေ။ သို့သော် သီလကိုယူလျှင် သမာဓိပညာလည်း အထိုက်အလျောက်ယူပြီး ဖြစ်သည်ဟု ဆိုလိုက ဆိုနိုင်ပေသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက "ကာယကံနဲ့ ကောင်းအောင်နေ၊ ဝစီကံနဲ့ ကောင်းတာပြော၊ မနောကံနဲ့ မှန်ကန်အောင်နေ၊ အဲဒီကံ သုံးချက်နဲ့ ကောင်းအောင်နေရင် သံသရာစက်လည်စရာ မရှိတော့ဘူး။ အဲဒီတော့ အမြဲတမ်း လွတ်လပ်ပြီး ငြိမ်းချမ်းပြီးတော့ နေမှာပေါ့၊ အဲဒါကိုပဲ

http://www.dhammadownload.com


သန္တိသုခချမ်းသာမြတ်လို့ ပြောတာပါဗျာ။ တရားဆိုတာ ဒါပါပဲ" ဟု ကာယကံ၊ ဝစီကံ၊ မနောကံ ကောင်းအောင်နေခြင်းကို သန္တိသုခနိဗ္ဗာန် နိရောဓသစ္စာရသည်ဟု ဆိုခြင်းသည် လုံးဝလွဲမှားသော ရေးသားချက် ဟောပြောချက် ဖြစ်ပေသည်။

ကာယကံ၊ ဝစီကံ၊ မနောကံတို့ အပြစ်ကင်းအောင် နေထိုင်ခြင်းသည် ကာမာဝစရ ကုသိုလ်ကံသာ ဖြစ်သည်။ (ဝါ) လောကီမဂ္ဂသစ္စာသာ ဖြစ်သည်။ နိရောဓသစ္စာ မဟုတ်ပေ။

* နိရောဓော နိရောဓသစ္စန္တိ နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော န နိရောဓသစ္စံ။ နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ။

(ယမက-၁။ ၂၀၈)

နိရောဓသည် နိရောဓသစ္စာ မည်သလား ? ဟူသော အမေး၌ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာမှတစ်ပါး ကာမာဝစရကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟုဆိုအပ်သော တဒင်္ဂနိရောဓ။ မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏတို့၏ အဘာဝဟု ဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ၊ မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝ ဟု ဆိုအပ်သော သမုစ္ဆေဒနိရောဓ၊ ဖိုလ်သည် ငြိမ်းစေအပ်သော ကိလေသာ၏ အဘာဝဟူသော ပဋိပဿဒ္ဓိနိရောဓ၊ စိတ်စေတသိက်တို့၏ ဘင်ဟုဆိုအပ်သော ခဏနိရောဓတို့သည် နိရောဓသာမည်၍ နိရောဓ သစ္စာမမည်။ နိဗ္ဗာန်ဟူသော နိဿရဏနိရောဓသည်ကား နိရောဓလည်း မည်၊ နိရောဓသစ္စာလည်း မည်၏။

ဤသည်ကိုထောက်လျှင် ကာမာဝစရကုသိုလ်၏ အစွမ်းဖြင့် လောဘ၊ ဒေါသ စသော ကိလေသာတို့ အခိုက်အတန့်အားဖြင့် ငြိမ်းနေသည့် တဒင်္ဂနိရောဓကို နိရောဓသစ္စာ သန္တိသုခ ချမ်းသာမြတ်ဟု ရေးသား ဟောပြောခြင်းသည် အမှေ့ဝါဒသာ ဖြစ်သည်။

http://www.dhammadownload.com


## ဝဋ်သုံးပါး အယူအဆများ

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက "ခိုးရင် ကမ္မဝဋ်၊ ခိုးတဲ့အတွက် ခိုးသူဖြစ်တာက ဝိပါကဝဋ်၊ ခိုးသူဖြစ်လို့ ခိုးချင်စိတ်ပေါက်တယ်၊ ဒါက ကိလေသဝဋ်၊ ခိုးချင်စိတ် ပေါက်လာလို့ ခိုးတယ်၊ ခိုးလို့ သူခိုးဖြစ်တယ်။

အဲဒါကြီး သံသရာဝဋ်မလည်ဘူးလား၊ လည်တယ်၊ ဝဋ်သံသရာကြီး လည်တော့ဆင်းရဲပြီ။

လောဘ, ဒေါသ, မောဟ ဆိုတဲ့ ဝဋ်သံသရာကြီး မလည်တော့ဘူးဆိုရင် ခန္ဓာကိုယ်လေးက မငြိမ်းဘူလား။ သံသရာ ရပ်သွားပြီ" စသည်ဖြင့် ဝဋ်သုံးပါး လည်ပုံကို ရေးသားထားကြောင်း စောဒကတို့က တင်ပြထားသည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်၊ ဟောပြောချက်တို့သည် ကျမ်းဂန် အဆိုအမိန့်ကို အရင်းကျကျ အတွင်းကျကျ မသိသေးသူများအဖို့ သဘောကျဖွယ် ဖြစ်နိုင်သော်လည်း မြတ်ဗုဒ္ဓ ဒေသနာတော်ကို အရင်းကျကျ အတွင်းကျကျ သိထားသူများအဖို့မူ ရယ်ဖွယ်သာ ဖြစ်ပေသည်။

အတိတ်ဘဝကိုလည်း ပယ်၊ အနာဂတ်ဘဝကိုလည်း မယုံကြည်သော စုဒိတကအဖို့ ဘုရားဟော ဒေသနာတော်ကို ပစ္စုပ္ပန် ကမ္မဝါဒအမြင်ဖြင့် တင်ပြထားခြင်း ဖြစ်သည်။ ပညာရှိတို့ နှစ်သက် လက်ခံထားထိုက်သည့် အယူအဆ မဟုတ်ချေ။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ အဆိုအရ အကုသိုလ်ဖြစ်မှ သံသရာလည်သည်၊ ဝဋ်လည်သည်။ ကုသိုလ်ဖြစ်လျှင် သံသရာမလည်၊ ဝဋ်မလည်တော့ဟု ဆိုရာရောက်သည်။ အမှန်မှာ အဝိဇ္ဇာနှင့် တဏှာကို အကြွင်းမဲ့ မပယ်ဖြတ်နိုင်သမျှ ကိလေသဝဋ် ရှိနေသည့်အတွက် ကမ္မဝဋ်မုချဖြစ်ပေတော့မည်။ ကမ္မဝဋ် ရှိနေသေးသမျှ အနာဂတ်ဘဝတွေလည်း ရှိနေဦးမည်။ အနာဂတ်ဘဝ ဟူသော ဝိပါကဝဋ်လည်း ဖြစ်ပေဦးမည်။

http://www.dhammadownload.com


အဝိဇ္ဇာ, တဏှာ အမြစ်မပြတ်သမျှ သံသရာဝဋ်၌ လည်ရမည်ကို ဘုရားရှင်က ပီပီပြင်ပြင် ဟောကြားထားခဲ့သည်။

## ပဋိစ္စသမုပ္ပါဒ်အတု

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသနှင့် သူ့ဆရာ ဓမ္မဝိဟာရီ ရှင်ဉာဏ တို့သည် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်ကို ကပြောင်းကပြန် လုပ်ရာ၌ တကယ့် ထိပ်သီး ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပေသည်။

မြတ်ဗုဒ္ဓက အတိတ်, ပစ္စုပ္ပန်, အနာဂတ် ကာလအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဟောထားသည် ဖြစ်ပါလျက် အတိတ်ဘဝ, အနာဂတ် ဘဝတို့ကို ဖယ်၍ ပစ္စုပ္ပန် မျက်မြင်ဘဝလောက် ဖြစ်သော လူပြိန်းတို့ အကြိုက်ဖြစ်သော ဝဋ်သုံးပါးလည်ပုံကို တင်ဆက်ခဲ့ကြခြင်း ဖြစ်သည်။

အနာဂတ်ဘဝ မရှိသူအဖို့ ပစ္စုပ္ပန်ဘဝသည် အရေးမကြီးတော့ပေ။ နက်ဖန်အတွက် ယနေ့အလုပ်လုပ်နေကြရခြင်းဖြစ်ရာ နက်ဖြန် မရှိတော့ လျှင် ယနေ့လည်း ဘာမျှလုပ်စရာမရှိတော့ပေ။ ကမ္ဘာလောကကြီးသည် တစ်နေ့ တစ်ရက်တည်း တည်နေသည်မဟုတ်၊ နေ့ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း မရေမတွက်နိုင်အောင် ကြာညောင်းခဲ့ ကုန်လွန်ခဲ့ပြီး ဖြစ်သလို နောက်နောင်လည်း နှစ်တွေ မရေမတွက်နိုင်အောင် ကြာညောင်းကြဦး မည် ဖြစ်ပေသည်။

ကမ္ဘာလောကကြီး ဤမျှ ကြာညောင်းစွာ တည်ရှိနေပါလျက် ဤမျက်မှောက်ဘဝ တစ်ခုကိုသာ ရှုမြင် သုံးသပ်ခြင်းသည် ပြည့်စုံသော ရှုမြင်မှု၊ မှန်ကန်သော သုံးသပ်မှု မဟုတ်တော့ပေ။ အလွန်တိမ်သော အလွန်လည်း ညံ့ဖျင်းသော သုံးသပ်မှု၊ စွဲယူမှုသာ ဖြစ်ပေရာ စုဒိတက ဦးဝိစိတ္တသာရာဘိဝံနှင့် သူ့ဆရာ ဓမ္မဝိဟာရီ ရှင်ဉာဏတို့ ရေးသား ဟောပြောနေသော ပဋိစ္စသမုပ္ပါဒ်သည် ဘုရားအာဘော်ကျ ပဋိစ္စသမုပ္ပါဒ် အစစ်မဟုတ်ဘဲ ပဋိစ္စသမုပ္ပါဒ် အတုသာဖြစ်သည်။

http://www.dhammadownload.com


## ပဋိစ္စသမုပ္ပါဒ်နှင့်ဝဋ်သုံးပါး

မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်သည် အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ် ဘဝဟူသော ကာလသုံးပါး၊ အတိတ်ဘဝအကြောင်းနှင့် ပစ္စုပ္ပန် ဘဝအကျိုး တစ်စပ်။ ပစ္စုပ္ပန်ဘဝအကျိုးနှင့် ပစ္စုပ္ပန်ဘဝ အကြောင်း တစ်စပ်၊ ပစ္စုပ္ပန်ဘဝ အကြောင်းနှင့် အနာဂတ်ဘဝ အကျိုးတစ်စပ်ဟူသော အစပ် သုံးပါးတို့ဖြင့် ဝေဖန်၍ ဟောကြားထားသော ထူးမြတ်သော ဒေသနာတော် ဖြစ်သည်။

အတိတ်ဘဝ ပြုခဲ့သော ကိလေသဝဋ်၊ ကမ္မဝဋ်တွေကြောင့် ယခုဘဝ ခန္ဓာဟူသော ပစ္စုပ္ပန်ဝိပါကဝဋ် အကျိုးတရား ဖြစ်ရသည်။ ပစ္စုပ္ပန် ဘဝတွင်လည်း အ ဝိဇ္ဇာ, တဏှာ ဟူသော ကိလေသဝဋ် မပြတ်သေးသမျှ ကောင်းတာလုပ်လည်း ကုသိုလ်ကမ္မဝဋ် ဖြစ်၍ ကောင်းကျိုးဟူသော ဝိပါကဝဋ်ကို ရမည်။ မကောင်းတာ လုပ်လည်း မကောင်းကံ (အကုသိုလ် ကံ) ကမ္မဝဋ်ဖြစ်ပြီး မကောင်းကျိုး ဝိပါကဝဋ်များ လာမည်။ ဤပစ္စုပ္ပန် ဘဝတွင် အဝိဇ္ဇာ, တဏှာ အမြစ်မပြတ်ပါသေးလျှင် ထိုအဝိဇ္ဇာ, တဏှာ ဟူသော ကိလေသဝဋ်များကြောင့် ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသော ကမ္မဝဋ်များဖြစ်ကာ အနာဂတ် (တမလွန်ဘဝ) ဟူသော အနာဂတ်အကျိုး ဝိပါကဝဋ်များ လာဦးမည် ဖြစ်သည်။

ဤသို့ ရှုမြင်ခြင်းသည်သာ သမ္မာဒိဋ္ဌိ အမြင်မှန်ဖြစ်၍ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်များကို တိုးပွားစေမှာဖြစ်သည်။ သမ္မာဒိဋ္ဌိ=အမြင်မှန်ရှိ လျှင် အတွေးမှန် သမ္မာသင်္ကပ္ပ, အပြောမှန် သမ္မာဝါစာ, အလုပ်မှန် သမ္မာကမ္မန္တ, အသက်မွေးမှန် သမ္မာအာဇီဝ, ကြိုးစားမှုမှန် သမ္မာဝါယာမ, အောက်မေ့မှု သတိရမှုမှန် သမ္မာသတိနှင့် စိတ်ထားတည်ငြိမ်မှု သမ္မာသမာဓိတို့ ဖြစ်ပွား နိုင်ပေသည်။

ထိုသမ္မာဒိဋ္ဌိကို အခြေခံ၍ မဂ္ဂင်လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ် ပွားများပါလျှင် ဝိပဿနာမဂ္ဂင်ဆိုက်ပြီး ရုပ်နာမ်ခန္ဓာအပေါ်၌ ငြီးငွေ့သော

http://www.dhammadownload.com


နိဗ္ဗိဒါဉာဏ်နှင့် ထိုရုပ်နာမ်တို့အပေါ်၌ ရွံ့မုန်းသော မဂ်ဉာဏ်(ဝိရာဂ)တို့ ဖြစ်ပေါ်လာပါလျှင် သူ့အဆင့်နှင့်သူ ပယ်သတ်အပ်သော ကိလေသာတို့ကို ပယ်နိုင်လေတော့သည်။

ထိုသို့ မဂ်က ကိလေသာကို ပယ်သတ်သဖြင့် သူနှင့်ဆိုင်ရာ ကိလေသဝဋ် ပြတ်သောအခါ ဆိုင်ရာကမ္မဝဋ်များလည်း ချုပ်ငြိမ်းတော့သည်။ ကမ္မဝဋ်များ ချုပ်ငြိမ်းသောအခါ ထိုကမ္မဝဋ်နှင့် သက်ဆိုင်သော ဝိပါကဝဋ်များလည်း ချုပ်ငြိမ်းလေတော့သည်။

ဥပမာ-သောတာပတ္တိ မဂ်ဉာဏ်ကိုရ၍ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ဟူသော ကိလေသဝဋ်ကို ပယ်သတ်နိုင်သောအခါ ထိုဒိဋ္ဌိ, ဝိစိကိစ္ဆာကို အခြေခံဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်များနှင့် ဝိစိကိစ္ဆာသဟဂုတ် မောဟမူစိတ်တို့ ချုပ်ငြိမ်းကြရသည်။ ထိုဒိဋ္ဌိဂတသမ္ပယုတ် စေတနာ, ဝိစိကိစ္ဆာသမ္ပယုတ် စေတနာ ဟူသော ကမ္မဝဋ်များ ချုပ်ငြိမ်းကြရသည်။ ထိုဒိဋ္ဌိဂတသမ္ပယုတ် စေတနာ ဝိစိကိစ္ဆာသမ္ပယုတ် စေတနာ ဟူသော ကမ္မဝဋ်များ ချုပ်ငြိမ်းသောအခါ အပါယ်လေးဘုံ၌ ဖြစ်မည့် ပဋိသန္ဓေနှင့် ဝိပါက်ကမ္မဇရုပ်များပါ ချုပ်ငြိမ်းကြရတော့သည်။

သကဒါဂါမိမဂ်, အနာဂါမိမဂ် ဆိုင်ရာတို့၌လည်း ချဲ့ထွင်၍ သိလေ)

အရဟတ္တ မဂ်ဉာဏ်ကို ရသောအခါ၌ကား ကိလေသဝဋ် အားလုံးကို ပယ်သတ်နိုင်ပြီ ဖြစ်၍ ကုသိုလ်, အကုသိုလ်ကံ ဟူသော ကမ္မဝဋ်များလည်း ချုပ်ငြိမ်းကြရတော့သည်။ ရဟန္တာပုဂ္ဂိုလ်များ ဘုရားရှိခိုးခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ ပါတိမောက္ခသံဝရသီလကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ လှူဒါန်းစွန့်ကြဲမှု ပြုခြင်းစသော ကောင်းသောအလုပ်များသည် ကံအဖြစ်သို့ မရောက်ကြတော့ဘဲ ပြုကာမျှမတ္တသာဖြစ်သည့် အမှုများ (ကြိယာစိတ်များ) သာ ဖြစ်ရတော့သည်။

ဤသို့ ကမ္မဝဋ် အကုန်ပြတ်သောအခါ ဤဘဝမှ စုတေသည်၏ အခြားမဲ့၌ အကျိုးအဖြစ် ပေါ်ထွန်းစရာ ဝိပါကဝဋ်များလည်း မရှိတော့သဖြင့်

မြန်မာ့နိုင်ငံ-၁၀

http://www.dhammadownload.com



ဘဝခန္ဓာအဖြစ် ရပ်စဲကာ သန္တိသုခ (အနုပါဒိသေသနိဗ္ဗာန်) ကို ရရှိတော့သည်။

ပရိနိဗ္ဗာန် မစံမီ ရဟန္တာ ဖြစ်ချိန်မှစ၍ သန္တိသုခ အရသာကို (ဝါ) သဉပါဒိသေသနိဗ္ဗာန်၏ အရသာကို မြိန်မြိန်ကြီး ခံစားကြရပေတော့သည်။

ဤသည်မှာ စုဒိတကပုဂ္ဂိုလ် ဦးစိတ္တသာရာဘိဝံသ လက်ကိုင်ထားပါသည် ဆိုသော ဓမ္မစကြာနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတို့၏ မှန်ကန်သော အဓိပ္ပါယ်ပင် ဖြစ်သည်။

ဆိုခဲ့ပြီးသော သုံးသပ်ချက်တို့ကို အကျဉ်းချုပ်လိုက်လျှင် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဝဋ်သုံးပါး ဆိုင်ရာ ရေးသားချက်, ဟောပြောချက်များသည် မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဝယ် အထင်အရှားလာရှိသည့် အတိတ်ဘဝ, အနာဂတ်ဘဝတို့ကို ပယ်ထားခြင်း၊ ပစ္စုပ္ပန်ဘဝတွင်လည်း အကုသိုလ်ကံ လည်သည်ကိုသာ ဝဋ်လည်သည်ဟု ဆို၍ ကုသိုလ်ကံလည်ခြင်းကို ဝဋ်လည်သည်'ဟု မဆိုဘဲ ဝဋ်လည်ပုံကို မပြည့်မစုံတင်ပြခြင်းတို့ကြောင့် ဝဋ်သုံးပါးလည်ပုံနှင့် စပ်လျဉ်း၍ တင်ပြသော ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်၊ ဟောပြောချက်များသည် အဓမ္မဝါဒသာ ဖြစ်သည်။

## အမှတ်(၉) စောဒနာ၊ သောဓနာ စိစစ်ချက်

"လောင်စာဆိုတာ တစ်လံမျှလောက်သော ခန္ဓာကိုယ်ဟာ လောင်စာပါဗျာ၊ ကံရယ် ကိလေသာရယ် ဝိပါက်ရယ် လည်ပြီ။ အဲဒီမီးဗျာ့၊ မီးဗျာ့။

ကာယကံ မကောင်းတော့ဘူး၊ ဝစီကံ မကောင်းတော့ဘူး၊ မနောကံ မကောင်းတော့ဘူးဆိုရင် ဝဋ်လည်ပြီ၊ မီးလောင်နေပြီဗျာ၊ မီးလောင်တာ ခန္ဓာကိုယ်ရှိလို့ လောင်တာ။ လောင်စာကုန်ရင် ငြိမ်းရမှာ။

တစ်လံမျှလောက်သော ခန္ဓာကိုယ်ကို အစွဲပြုပြီးတော့ ကံတွေ, ကိလေသာတွေ, ဝိပါက်တွေ လည်တယ်၊ ဒါသံသရာ လည်တာ။ လူမှာ

http://www.dhammadownload.com


လည်တာနော်၊ ငရဲတို့ တိရစ္ဆာန်တို့ ပြိတ္တာတို့ အသူရကာယ်တို့ အပါယ် လေးဘုံတို့ နတ်ပြည်ခြောက်ထပ်တို့ ဗြဟ္မာပြည်တို့ဆိုတာ လူ့ရဲ့ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်မှာ သွားပြီးတော့ မရှာကြည့်နဲ့။ တွေ့မှာ မဟုတ်ဘူး။ ဘယ်မှာ ရှာမလဲဆိုတော့ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာရှာ၊ တစ်လံမျှ လောက်သော ခန္ဓာကိုယ်ရဲ့ အပြင်ဘက်မှာ ငရဲအိုးလည်း သွားမရှာနဲ့၊ နတ်ပြည်လည်း သွားမရှာနဲ့၊ ဗြဟ္မာပြည်လည်း သွားမရှာနဲ့၊ ငရဲတို့, နတ်ပြည်တို့, ဗြဟ္မာပြည်တို့ ဆိုတာ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတယ်။ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ငါဘုရား ပညတ်ထားတယ်။ အဲဒီထဲမှာကြည့်။

လောဘဖြစ်လာပြီး သူများပစ္စည်း ခိုးမယ်ဆိုရင် ကျုပ်က ပြိတ္တာ ဖြစ်ပြီဗျာ့။ ပြိတ္တာဖြစ်ပြီဆိုလို့ရှိရင် ဆင်းရဲလို့ နေတယ်။ ဟာ-ငါမှားသွားပြီ၊ မကောင်းတဲ့ အမှုကြီး လုပ်လိုက်မိပြီဆိုတော့ စားလို့မရ၊ အိပ်လို့မရ ဆင်းရဲ နေတယ်။ အဲဒါ ငရဲကျနေပြီ။ အပါယ် ငရဲကျနေတာဗျာ့။

ဒေါသဖြစ်ပြီး သူများရိုက်မယ်၊ ခုတ်မယ်၊ ထစ်မယ်ဆိုပြီး လုပ်လိုက်ပြီ၊ ဟာ-ငါမှားသွားပြီ၊ ဖမ်းတော့မှာလား၊ ဆီးတော့မှာလားဆိုပြီး စိတ်ဆင်းရဲ ဖြစ်နေပြန်ပြီ၊ အိပ်လို့မရ စားလို့မရ ဖြစ်ပြန်ပြီ။ အဲဒါဟာ ဒေါသကြီးလို့ ဖြစ်တာက တိရစ္ဆာန်ဘဝဖြစ်၊ တိရစ္ဆာန်ဘဝ လွတ်ပြန်တော့ ပြိတ္တာဘဝဖြစ်၊ အပါယ်လေးဘုံ သံသရာဟာ ဒီခန္ဓာကိုယ်ထဲမှာ လောဘ, ဒေါသ, မောဟ ကိလေသာလိုက်ပြီးတော့ ခန္ဓာကိုယ်ထဲမှာ လည်နေပြီးတော့ ဖြစ်ပွား နေတာ၊ အဲဒါကို သံသရာလည်တာ။ (မဂ္ဂင်ရှစ်ပါး တရားမှ)

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ရေးသားသော မဂ္ဂင်ရှစ်ပါး တရား တိတ်ခွေတွင် ဖော်ပြထားချက်များသည် သူ့ဆရာ မိုးပြာဝတ် ရှင်ဉာဏ အဆိုနှင့် တစ်ထပ်တည်း တူနေကြောင်း၊ ဤသို့ ရေးသားချက်၊ ဟောပြောချက်များသည် ပိဋကတ်တော်နှင့် ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ပေးပါမည့်အကြောင်း စောဒက ဆရာတော်များက စောဒနာ အမှတ် (၉)အဖြစ် တင်ပြကြပေသည်။

http://www.dhammadownload.com


## စောဒနာလွှာ၏ဆိုလိုရင်း

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံနှင့် နတ်ပြည် ဗြဟ္မာပြည်များကို လက်ရှိခန္ဓာကိုယ်ပေါ်မှာပဲ ရှာရမည်၊ ခန္ဓာကိုယ်၏ ပြင်ပမှာ ရှာ၍ မရနိုင်၊ လောဘ, ဒေါသ, မောဟ ကိလေသာများကို လိုက်၍ ပြိတ္တာ၊ တိရစ္ဆာန်၊ ငရဲဖြစ်နေကြသည်ဟု ဆိုလိုပေသည်။

ဤစောဒနာလွှာပါ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်သည် ၃၁-ဘုံကို ပယ်ခြင်း၊ ရှေးဘဝ, နောက်ဘဝတို့ကို ပယ်ခြင်းပင် ဖြစ်ကြောင်း အလွယ်တကူ သိနိုင်ပေသည်။။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ရောဟိတဿသုတ်ကိုပင် ကိုးကား ၍ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်ပေါ်မှာပင် လောကဟု ဆိုအပ်သော ၃၁-ဘုံရှိနေကြောင်း ထုချေ ရှင်းလင်းထားပေသည်။

## လောကသုံးပါး

ရောဟိတဿသုတ်ကို လေ့လာလျှင် လောကသုံးပါး အကြောင်း ကိုလည်း သိသင့်ပေသည်။ လောကသည် သတ္တလောက၊ ဩကာသ လောက၊ သင်္ခါရလောကဟု သုံးမျိုးရှိသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ၊ နတ်၊ ဗြဟ္မာတို့သည် သတ္တလောကမည်၏။ ထိုသတ္တဝါတို့ တည်နေရာ ဌာနဖြစ်သော အပါယ်လေးဘုံ, လူ့ဘုံ, နတ်ခြောက်ဘုံ, ဗြဟ္မာဘုံ နှစ်ဆယ်တို့သည် ဩကာသလောက မည်၏။

ထိုသတ္တဝါတို့ သန္တာန်၌ ဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့ သည် သင်္ခါရလောက မည်၏။

## ရောဟိတဿသုတ်

လောက သုံးပါးကို လေ့လာပြီးနောက် အင်္ဂုတ္တရနိကာယ်၊ စတုက္က နိပါတ်၊ ပဌမပဏ္ဏာသက၊ ရောဟိတဿဝဂ်၊ ရောဟိတဿသုတ် (အံ-၁၊ ၃၅၆-၃၅၉။ သံယုတ်-၁၊ ၆၁) တို့ကို လေ့လာရမည်။

http://www.dhammadownload.com



မြတ်ဗုဒ္ဓ သာဝတ္ထိမြို့တော်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် တစ်ခုသောည၏ သန်းခေါင်ယံအချိန်ဝယ် ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် ရောဟိတဿ အမည်ရသော နတ်သားသည် မြတ်ဗုဒ္ဓထံ လာ၍ ရှိခိုး ကန်တော့ပြီးလျှင် မြတ်စွာဘုရားကို ဤသို့ လျှောက်၏-

မြတ်စွာဘုရား-ပဋိသန္ဓေ မနေရာ မအိုရာ မနာရာ မသေရာ နောက်တစ်ဖန် မဖြစ်ရာ ဖြစ်သော လောက၏အဆုံးဖြစ်သော အရပ်သို့ ပကတိသွားခြင်းဖြင့် သိနိုင် မြင်နိုင် ရောက်နိုင်ပါသလော-ဟု မေးလျှောက်၏။

မြတ်ဗုဒ္ဓက ထိုပဋိသန္ဓေ မဖြစ်ရာ၊ မအိုရာ၊ မနာရာ၊ မသေရာ၊ တစ်ဖန် မဖြစ်ရာ လောက၏အဆုံးဖြစ်သော ထိုအရပ်ကို ပကတိသွားခြင်းဖြင့် သိနိုင် မြင်နိုင် ရောက်နိုင်၏ဟူ၍ ငါမဟော-ဟု အမိန့်ရှိသောအခါ ရောဟိတဿ နတ်သားက အလွန် အံ့ဩသွားလေ၏။

မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်သည် သူ၏ကိုယ်တွေ့နှင့် ကိုက်ညီနေ၍ မြတ်ဗုဒ္ဓ၏ ဟောကြားချက်ကို အံ့ဩစွာဖြင့် ထောက်ခံလျှောက်ထားး၏။

ရောဟိတဿနတ်သားက-အရှင်ဘုရားတပည့်တော်သည် တစ်ချိန်တုန်းက လောက၏အဆုံးကို ရောက်အောင်သွားမည်ဟု အလွန်ကျွမ်းကျင်သော လေးသမားပစ်သော မြားအဟုန်ကဲ့သို့ အလွန်လျင်မြန်သော အဟုန်ဖြင့် စားချိန်၊ သောက်ချိန်၊ လျက်ချိန်၊ ကျင်ကြီး၊ ကျင်ငယ် စွန့်ချိန်၊ အိပ်ချိန်၊ အနားယူချိန်မှတစ်ပါး ပြေးလွှားလျက် ရှာဖွေခဲ့ပါသည်။ ထိုသို့ ရှာဖွေပါသော်လည်း လောက၏အဆုံး (စကြဝဠာ၏အဆုံး)သို့ မရောက်ဘဲ စုတေကွယ်လွန်ခဲ့ဖူးပါ၏”ဟု ကိုယ်တွေ့ အဖြစ်အပျက်ကို လျှောက်သည်။

ထိုလျှောက်ထားချက်အရ မြတ်စွာဘုရားက လောက၏ အဆုံးကို ပကတိသွားခြင်းဖြင့် ရှာမှီး၍ မရနိုင်၊ လောကဟူသည် ဤသတ္တဝါ၏

http://www.dhammadownload.com



ခန္ဓာကိုယ် (သင်္ခါရလောက) သာဖြစ်၍ ဤခန္ဓာကိုယ်၌သာ ရှာရမည် ဟူသော သဘောဖြင့်-

အပိ စ ခွာဟံ အဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ-

ဟု မိန့်တော်မူသည်။

ဤ ရောဟိတဿသုတ်၏ နိဒါန်းသမိုင်းကြောင်းကို ကြည့်လျှင် ရောဟိတဿနတ်သားက လာလျှောက်ခြင်းကို တွေ့ရမည်ဖြစ်ပေသည်။ ရောဟိတဿနတ်သားက ဩကာသလောက၏ အဆုံးကို ရှာဖွေကြောင်း လျှောက်သော် မြတ်ဗုဒ္ဓက သင်္ခါရလောက၏ အဆုံးကို (မသိမသာ) မိန့်ကြားတော်မူသည်။ ရောဟိတဿနတ်သားက သူကိုယ်တိုင် လောက၏ အဆုံးကို မရောက်ခဲ့သဖြင့် မြတ်စွာဘုရားက "လောက၏ အဆုံးကို ပကတိသွားခြင်းဖြင့် မရောက်နိုင်"ဟု မိန့်ကြားတော်မူသောအခါ လွန်စွာ အံ့ဩသွားလေ၏။

ဤဖြစ်စဉ်၌ ရောဟိတဿနတ်သားက လာမေးလျှောက်သဖြင့် မြတ်စွာဘုရားက ဖြေကြားသော -

"အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ"-

ဟူသော စကားကို အမိအရကိုင်၍ အပါယ်လေးဘုံဆိုတာ မရှိ၊ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ်နှင့် နတ်၊ ဗြဟ္မာဟူသော ပုဂ္ဂိုလ်တို့ သီးခြား မရှိ၊ ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်ပေါ်မှာပင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာအားလျော်စွာ ပေါ်နေသော အသွင်သဏ္ဍာန်များသာ ဖြစ်သည်ဟု စုဒိတက ဦးဝိစိတ္တသာရာဘိဝံသနှင့် သူ၏ဆရာ မြွေဝိဟာရီ ရှင်ဉာဏတို့သည် တကယ့်ဇာတ်လိုက် ဖြစ်သော (ဤသုတ္တန်ဖြစ်ပေါ်လာရခြင်း၏ အကြောင်း ရင်းဖြစ်သော) ရောဟိတဿနတ်သားကို ဇာတ်မြှုပ်

http://www.dhammadownload.com


ထားလိုက်ခြင်းမှာ ယင်းတို့၏ မိစ္ဆာဉာဏ်ကို ထင်ထင်ကြီး ဖော်ပြလိုက်ခြင်းသာ ဖြစ်ပေသည်။

ဤသုတ္တန်၌ ရောဟိတဿနတ်သားကို ဘုရားရှင်၏ ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော လောဘ, ဒေါသ, မောဟ၏ အသွင်သဏ္ဌာန်ဟု အဘယ်သို့လျှင် ဆိုနိုင်ပါသနည်း။ မြတ်ဗုဒ္ဓ၏ သန္တာန်တွင် လောဘ, ဒေါသ, မောဟ လုံးဝမရှိ ကင်းစင်နေပြီ မဟုတ်ပါလော။ သို့ဖြစ်၍ လောဘ, ဒေါသ, မောဟအားလျော်စွာ ပေါ်လာသော အသွင်သဏ္ဌာန်များဟု အဘယ်မှာလျှင် ဆိုနိုင်ပါအံ့နည်း။

ဒုတိယရောဟိတဿသုတ်သည် (အံ-၁၊ ၃၅၉) ထိုနတ်သား ပြန်သွားပြီးနောက် နောက်တစ်ရက် အရောက်တွင် မနေ့ညက နတ်သား လာရောက်ပုံနှင့် ထိုနတ်သားအား မိမိက မည်သို့မည်ပုံ မိန့်ကြားလိုက်ပုံကို ပြန်လည်ဟောပြသည့် သုတ္တန်ဖြစ်၍ လိုရင်းစကားရပ်များမှာ အတူတူပင် ဖြစ်သည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် ထိုရောဟိတဿသုတ်လာ မြတ်ဗုဒ္ဓ၏ အပိ စ ခွါဟံ အာဝုသော စသော စကားကို လက်ဆုပ်လက်ကိုင် ပြုထားပါလျက် ထိုဒေသနာတော် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဝတ္ထု ဖြစ်သော ရောဟိတဿနတ်သားကို ဇာတ်မြှုပ်ထားခြင်းသည် ဗုဒ္ဓ၏ တရားတော်များကို မရိုးမသားသော စိတ်ထားဖြင့် ဖျက်ဆီးလိုသော မိစ္ဆာဒိဋ္ဌိစိတ္တုပ္ပါဒ်ကြောင့် ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

ဤရောဟိတဿသုတ္တန်ကို ကိုးကား တင်ပြခြင်းဖြင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ အတိတ်ဘဝ, အနာဂတ်ဘဝ မရှိ၊ ၃၁-ဘုံမရှိ ဟူသော ဝါဒကို မထောက်ခံသည့်အပြင် မိမိ စုဒိတက၏ ဝါဒမှားယွင်းကြောင်း ကိုယ်တိုင်တင်ပြနေသည့် အခိုင်အမာဆုံးသော သက်သေသာဓကများပင် ဖြစ်ပေသည်။

ဤနေရာ၌ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ လိမ်ညာမှုတစ်ခုကို ဖော်ပြလိုပေသည်။ ဦးဝိစိတ္တသာရာဘိဝံသက နိုင်ငံတော်သံဃ

http://www.dhammadownload.com


မဟာနာယက အဖွဲ့ထံပေးပို့သည့် "အရိယာသစ္စာစကား"ဟူသော စာအုပ်၌ "ရောဟိတဿ ဒကာကြီး"ဟု လိမ်လည်တင်ပြထားပေသည်။

၃၁-ဘုံရှိကြောင်း အတိတ်ဘဝ၊ အနာဂတ်ဘဝများ ရှိကြောင်းကို စောဒနာအမှတ် (၇) ၌ ပြည့်ပြည့်စုံစုံ တင်ပြ သုံးသပ်ပြီးဖြစ်၍ ဤအမှတ် (၉) စောဒနာ၌ ထပ်မံ စိစစ်သုံးသပ်ဖွယ် မလိုတော့ပြီ။

ထို့ကြောင့် အမှတ် (၉) စောဒနာတွင် တင်ပြထားသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်, ဟောပြောချက်များနှင့် အလားတူ ၃၁-ဘုံကို ပယ်သော ရေးသားချက်, ဟောပြောချက်၊ အတိတ်ဘဝ, အနာဂတ်ဘဝကိုပယ်သော ရေးသားချက်, အပါယ်လေးဘုံ, နတ်ဘုံ, ဗြဟ္မာဘုံများသည် ခန္ဓာကိုယ်၏ ပြင်ပတွင် တည်ရှိသော ဘုံများမဟုတ်၊ လောဘ, ဒေါသ, မောဟအားလျော်စွာ လူ၏ ခန္ဓာကိုယ်ပေါ်၌ ဖြစ်ပွားနေသော အသွင်သဏ္ဍာန်များသာဖြစ်သည် ဟူသော ဟောပြောချက်၊ ရေးသားချက်များသည် အဓမ္မဝါဒသာဖြစ်သည်။

## အမှတ် (၁၀) စောဒနာ၊ သောဓနာစိစစ်ချက်

စောဒက ဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ အောက်ပါဟောပြောချက်များသည် ပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြထားပေသည်။

> "လူဝင်စားဆိုတာ လူဆိုတာ မိဘနှစ်ပါးကို အမှီပြုပြီး လူဖြစ်ရတာ၊ လူဆိုတာ မွေးကတည်းက အသိကလေးက ဝင်နေပြီ၊ ဒါကို မိဘတွေက မသိဘူး။ မသိတဲ့အတွက် မိဘတွေက စကားတွေပြောမယ်။ နံဘေးကလူတွေက စကားတွေပြောမယ်။ သူတို့အတိုင်း ပြန်ပြောလိုက်တဲ့အခါကျတော့ လူဝင်စားဆိုပြီး ဖြစ်တာ။ လူဝင်စားတွေက ဘာတွေဆိုတာ ကျုပ်စိတ်ထဲမှာ မရှိဘူး။
>
> ကုလားအမေ ကုလားအဖေက မွေးလာတဲ့အခါ ကုလားပဲ မွေးပါတယ်၊ ဘယ်ကံကောင်းထောက်မလို့မှ ဗမာ မမွေးပါဘူး။

http://www.dhammadownload.com


တရုတ်မမွေးပါဘူး။ တရုတ်အမေ တရုတ်အဖေ မွေးတဲ့အခါ ဘယ်ကံကောင်းထောက်မလို့မှ ဗမာ မမွေးပါဘူး။ ကုလား မမွေးပါဘူး။ တရုတ်ပဲမွေးမယ်မဟုတ်လား။ ဒါဟာ မိဘနှစ်ပါးကို အမှီပြုပြီးမှသာ သားသမီးတွေ ဆင်းသက်လာတာ။" (မဂ္ဂင်ရှစ်ပါး တရားမှ)

ယင်းစောဒနာကိုဖြေရှင်းသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ချေပလွှာသောဓနာ၌ လူဝင်စားဆိုတာ ဘဝကူး အယူဝါဒရှိသူ သဿတဒိဋ္ဌိ ပုဂ္ဂိုလ်များ၏ အယူသာဖြစ်သောကြောင့် လူဝင်စားဝါဒကို သူလက်မခံကြောင်း အတိုချုံး၍ ရှင်းလင်းတင်ပြထားပေသည်။

## လူဝင်စား

လူတစ်ယောက်သည် စကားပြောတတ်စ အရွယ်ရောက်လျှင် ယခင်က ကွယ်လွန်သွားသော ပုဂ္ဂိုလ်နှင့်စပ်သောအကြောင်းကို ပြောလျှင်ဖြစ်စေ၊ ယခင်က ကွယ်လွန်သွားသော ပုဂ္ဂိုလ်၏အမူအရာနှင့် ထိုပုဂ္ဂိုလ်နေထိုင်ခဲ့ရာ အိမ်နေရာ စသည်နှင့်ပစ္စည်းများကို ညွှန်ပြပြောဆိုလျှင်ဖြစ်စေ ထိုသူကို "လူဝင်စား"ဟု သမုတ်တတ်ကြသည်။ ထိုလူဝင်စား ဆိုသူများသည် လူ့လောက၌ တစ်ခါတစ်ရံ ပေါ်ပေါက်လာတတ်ကြသည်။ လူဝင်စားသာမက ခွေးဘဝမှ လူလာဖြစ်သူများ၊ ကြက်ဘဝမှ လူလာဖြစ်သူများ၊ နွားဘဝမှ လူလာဖြစ်သူများ၊ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံစစ်မျက်နှာတွင် ကျဆုံးသွားပြီး မြန်မာနိုင်ငံ၌ လူပြန်ဖြစ်ကြသည့် အမေရိကန်စစ်သားများ၊ ဂျပန်စစ်သားများကိုလည်း တွေ့ရတတ်ပေသည်။

## ဘဝကူး အယူအဆ

တစ်ဘဝမှသေ၍ တစ်ဘဝ၌ ဖြစ်ရခြင်းကို ဘဝကူးသည်ဟုခေါ်သည်။ ထိုသို့ ဘဝကူးရာတွင် ယခုဘဝမှာသေ၍ နောင်ဘဝ၌ဖြစ်ရာတွင် ယခုဘဝမှရုပ်နာမ်များ နောင်ဘဝသို့ပါသွားသည်မဟုတ်ပေ။ နောင်ဘဝသည် ရှေးဘဝ၏အကြောင်းနှင့်လည်း မကင်းပေ။ ယခုဘဝတွင် ပြုခဲ့သောကံများသည် ယခုဘဝတွင် အသက်ရှင်နေထိုင်ခဲ့သော ပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ်၌ ကမ္မသတ္တိဖြင့် သက်ဝင်လျက်ရှိပေသည်။

http://www.dhammadownload.com


ဥပမာ သရက်စေ့တစ်စေ့၌ သရက်ပင်ကိုဖြစ်စေတတ်သောသတ္တိ၊ ပင်စည်ကိုဖြစ်စေတတ်သောသတ္တိ၊ အရွက်ကိုဖြစ်စေတတ်သောသတ္တိ၊ အပွင့်ကိုဖြစ်စေတတ်သောသတ္တိ၊ အသီးကိုဖြစ်စေတတ်သောသတ္တိနှင့် အချို့အချို့သောရောဂါတို့ကို ပျောက်စေတတ်သည့်သတ္တိ၊ အချို့ အချို့ သော ရောဂါတို့ကို တိုးပွားစေတတ်သောသတ္တိ ရှိသဖြင့် သရက်စေ့မှ ပေါက်လာသောအပင်သည် ပင်စည်၊ အပွေး၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးနှင့် ထိုထိုရောဂါကို ပျောက်စေတတ်သော ဂုဏ်သတ္တိ၊ အချို့သောရောဂါတို့ကို တိုးပွားစေသည့် ဂုဏ်သတ္တိများ ဖြစ်ပေါ်ရ ပေသည်။

ထို့အတူ ဤဘဝတစ်လျှောက်၌ ပြုခဲ့ဖူးသောကုသိုလ်ကံ၊ အကုသိုလ်ကံသည် ထိုထိုနာမ်ခန္ဓာအစဉ် ရုပ်ခန္ဓာအစဉ်၌ ကံအားလျော်စွာ ဖြစ်စေနိုင်သည့် အစွမ်းသတ္တိတို့ကို ကမ္မနိယာမအားလျော်စွာ ပေးသွင်း အပ်နှံထားသကဲ့သို့ ဖြစ်သောကြောင့် သေခါနီး၌ ဖြစ်ပေါ်လာသော မရဏာသန္နဇောစိတ်အားလျော်စွာ ကောင်းသော သုဂတိဘုံဘဝ၊ မကောင်းသော ဒုဂ္ဂတိဘုံဘဝတို့သို့ ပစ်ချပေးတတ်သည်။ သေခါနီး၌ ဖြစ်သော မရဏာသန္နဇောက ကုသိုလ်ဇောဖြစ်လျှင် ကောင်းသောသုဂတိ ဘဝသို့ ရောက်ရသည်။ မရဏာသန္နဇောက အကုသိုလ်ဇောဖြစ်လျှင် မကောင်းသော ဒုဂ္ဂတိဘဝသို့ ရောက်ရသည်။ ဤသည်မှာ ကမ္မနိယာမပင် ဖြစ်သည်။

## နိယာမငါးမျိုး

ဤနေရာ၌ နိယာမ ငါးမျိုးကိုလည်း သိအပ်ပေသည်။ မည်သူ၏ ဖန်ဆင်းမှုကြောင့်မျှမဖြစ်ဘဲ သူ့သဘာဝအလျောက် ဖြစ်မြဲတိုင်းသော သဘောကို နိယာမဟုခေါ်သည်။

ထိုနိယာမ တရားသည်-

(၁) ဗီဇနိယာမ

(၂) ဥတုနိယာမ

http://www.dhammadownload.com


(၃) ကမ္မနိယာမ
(၄) ဓမ္မနိယာမ
(၅) စိတ္တနိယာမ ဟူ၍ ငါးမျိုးရှိသည်။

သရက်စေ့မှ သရက်ပင်ပေါက်ခြင်း၊ ပိန္နဲစေ့မှ ပိန္နဲပင်ပေါက်ခြင်း၊ နေကြာပန်းတို့ နေရှိရာဘက်လှည့်ပြီး အပွင့်ပွင့်ခြင်း၊ မာလောနွယ်များ သစ်ပင်ရှိရာသို့ ရှေ့ရှုသွားခြင်း၊ အုန်းသီးအတွင်းရှိအုန်းခွက်၌ အပေါက်ပါခြင်း စသည်တို့သည် ဗီဇနိယာမဖြစ်၏။

ဆောင်းလရာသီ၌အေးခြင်း၊ နွေလရာသီ၌ပူခြင်း၊ မိုးလရာသီ၌ မိုးရွာခြင်း၊ ထိုထိုရာသီအားလျော်စွာ သစ်ပင်ပန်းပင်တို့ သီးကြ၊ ပွင့်ကြခြင်းသည် ဥတုနိယာမဖြစ်၏။

တိဟိတ်ကုသိုလ်ကံက တိဟိတ်ပဋိသန္ဓေကျိုးကိုပေးခြင်း၊ ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံက ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပေးခြင်း၊ ဒွိဟိတ်ဩမက ကုသိုလ်ကံက အဟိတ်ကုသလဝိပါတ် ပဋိသန္ဓေကျိုးကိုပေးခြင်း၊ အကုသိုလ်ကံက ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေကျိုးကိုပေးခြင်း၊ ဇော (၇) ချက်တို့တွင် ပထမဇောက လက်ရှိပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခြင်း၊ သတ္တမဇောက ဒုတိယ ဘဝ၌ အကျိုးပေးခြင်း၊ အလယ်ဇော (၅) ချက်က တတိယဘဝမှစ၍ ပစ္ဆိမဘဝတိုင်အောင် အခွင့်သင့်သည့် ကြားကာလ၌ အကျိုးပေးခြင်းတို့ သည် ကမ္မနိယာမဖြစ်၏။

ဘုရားအလောင်း အမိဝမ်း၌ ပဋိသန္ဓေနေသည့်အခါ, ဖွားတော်မူသည့်အခါ, ဓမ္မစကြာ တရားဟောသည့်အခါ, အာယုသင်္ခါရ လွှတ်သည့်အခါ, ပရိနိဗ္ဗာန်ပြုသည့်အခါတို့၌ မြေကြီးတုန်လှုပ်ခြင်း စသည်သည် ဓမ္မနိယာမ ဖြစ်၏။

ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်မိသည့်အခါ စက္ခုဝိညာဉ် စိတ်ဖြစ်ခြင်း၊ သဒ္ဒါရုံနှင့် သောတပသာဒ ထိခိုက်မိသောအခါ သောတဝိညာဉ် စိတ် ဖြစ်ခြင်းစသည်နှင့် စက္ခုဝိညာဉ်စိတ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်း စိတ်ဖြစ်ခြင်း၊ သမ္ပဋိစ္ဆိုင်းစိတ်၏ အခြားမဲ့၌ သန္တီရဏ စိတ်ဖြစ်ခြင်း စသည်

http://www.dhammadownload.com



သည်လည်းကောင်း၊ စက္ခုဝိညာဉ် စိတ်က မြင်ခြင်းကိစ္စ, သောတဝိညာဉ် စိတ်က ကြားခြင်းကိစ္စ စသည်ကို ပြီးစေခြင်း စသည်သည်လည်းကောင်း စိတ္တနိယာမ မည်၏။

ဤနိယာမ ငါးမျိုးတို့တွင် အပါအဝင်ဖြစ်သော ကမ္မနိယာမ၏ အစွမ်းဖြင့် ဤဘဝမှ တမလွန်ဘဝသို့ ပြောင်းရသော သတ္တဝါတို့သည် ဤလက်ရှိဘဝမှ ရုပ်နာမ် တစ်စုံတစ်ရာမျှ နောင်ဘဝသို့ ပြောင်းသွား သည် မဟုတ်ပေ။ တစ်ဘဝမှ တစ်ဘဝသို့ မဆိုထားဘိ၊ ဤဘဝ၌ဖြစ်သော စိတ်တရားတစ်ခုသည်ပင် နောက်စိတ်သို့ ပြောင်းသွားခြင်းမရှိပေ။ ဖြစ်ပြီး နောက် နောက်စိတ်ဖြစ်ရန် အခွင့်ပေးသောအားဖြင့် ချုပ်ပျက်သွားပေ သည်။ ထို့ကြောင့် ဤဘဝမှ ရုပ်နာမ်များ နောက်ဘဝသို့ ပြောင်းသွား ခြင်းမျိုး အလျှင်းမရှိပေ။

ဤဘဝမှ ရုပ်နာမ်များ နောင်ဘဝသို့ ပြောင်းမဖြစ်သော်လည်း စိတ္တနိယာမ, ကမ္မနိယာမတို့၏ အစွမ်းဖြင့် နောက်ဘဝသစ်၌ ဖြစ်မည့် ပဋိသန္ဓေစိတ်ကို ဤဘဝ စုတိစိတ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုလိုက် ရကား ဤဘဝစိတ်၏ ကျေးဇူးကား မကင်းပေ။

ဤနေရာ၌ ပဲ့တင်သံ ဥပမာကို မှတ်အပ်ပေသည်။ ပဲ့တင်သံထွက်နိုင် သော ဥမင်လိုဏ်ခေါင်း၊ တိုက်ကျောင်းဆောင် စသည်၌ လူတစ်ယောက် က အသံကိုမြှင့်၍ ဟစ်လိုက်လျှင် ထိုအသံနှင့်အလားတူသော အသံ တစ်သံ ပေါ်လာသည်။ ထိုအသံကို ပဲ့တင်သံဟုခေါ်၏။

ထိုမြည်ဟီးထွက်လာသော ပဲ့တင်သံသည် မူလအော်ဟစ်လိုက် သော ပုဂ္ဂိုလ်၏ အသံမဟုတ်၊ မူလအော်ဟစ်လိုက်သော ပုဂ္ဂိုလ်၏အသံ ကား ဖြစ်ပြီးချုပ်ပျက်သွားပြီဖြစ်၏။ ထိုသူ မအော်ဟစ်ပါက ထိုအသံ ပေါ်မလာနိုင်၊ အော်ဟစ်လိုက်မှ ထွက်လာသော အသံဖြစ်၍ ပထမ အော်ဟစ်လိုက်သော ပုဂ္ဂိုလ်၏အသံနှင့်လည်း မကင်းပါပေ။ ပထမ အော်ဟစ်လိုက်သော ထိုပုဂ္ဂိုလ်၏အသံကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ရကား ပထမအော် ဟစ်လိုက်သောအသံနှင့် ကင်း၍လည်း မဖြစ်ပါပေ။

http://www.dhammadownload.com


ဤဥပမာကဲ့သို့ ဤဘဝဖြစ်သော ကံတရားနှင့်ရုပ်နာမ်တရားတို့၏ အစွမ်းကြောင့် နောင်ဘဝ ပဋိသန္ဓေစသော စိတ်များဖြစ်ကြရာ ဤဘဝ ရုပ်နာမ်များက နောက်ဘဝသို့ ပြောင်းသွားခြင်း မဟုတ်သကဲ့သို့ ဤဘဝ ကံတရားနှင့် နာမ်တရားတို့၏ အထောက်အပံ့နှင့်လည်း မကင်းပါပေ။

ဤသို့သိမြင်ယူဆပါမှ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ လွတ်၍ သမ္မာဒိဋ္ဌိ အမြင်ဖြစ်သည်။

ဤဘဝရုပ်နာမ်များက နောက်ဘဝသို့ ကူးပြောင်းဖြစ်ပေါ်သည် ဟု လည်းကောင်း၊ တိတ္ထိပုဂ္ဂိုလ်တို့ယူဆသော အတ္တဟု ဆိုအပ်သော အသက်ကောင် ဝိညာဉ်ကောင်က နောက်ဘဝ ရုပ်ခန္ဓာသို့ ပြောင်းရွှေ့သည် ဟု လည်းကောင်း ယူဆယုံကြည်လျှင် သဿတဒိဋ္ဌိဟု ဆိုရသည်။

"လူဝင်စား" ကို ယုံကြည် လက်ခံလျှင် အတိတ်ဘဝကို လက်ခံရာ ရောက်သည်။ အတိတ်ဘဝက ကြည့်လျှင် ယခုဘဝသည် အနာဂတ် ဖြစ်နေပြန်ရာ အနာဂတ်ဘဝကိုလည်း လက်ခံရာ ရောက်သည်။

မည်သို့ဖြစ်စေ လူ့ဘဝမှသေ၍ လူ့ဘဝ၌ ပြန်ဖြစ်သူများ၊ တိရစ္ဆာန် ဘဝမှ သေ၍ လူ့ဘဝ လာဖြစ်သူများ၊ ငရဲဘဝ၊ ပြိတ္တာ, တန္ဆေ, သရဲဘဝမှ လူ့ဘဝ လာဖြစ်သူများကို ယခုမျက်မြင်ဘဝမှာရော ဘုရားရှင် ဟောကြား ထားသည့် သုတ္တန်များစွာနှင့် ပေတဝတ္ထု, ဝိမာနဝတ္ထု, ထေရာပဒါန်, ထေရီပဒါန် စသည်တို့၌လည်းကောင်း များစွာတွေ့ရှိရသောကြောင့် "လူဝင်စား" ဆိုသည်မှာ တကယ်ရှိသည်သာ ဖြစ်သည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ဗမာကမွေးရင် ဗမာပဲ ဖြစ်တယ်၊ ကံကောင်းထောက်မလို့ တရုတ်မွေးတာ ကုလားမွေးတာ မရှိ။ ကုလား အမေ ကုလားအဖေက မွေးလာသူဟာ ကုလားသာ ဖြစ်တယ်။ ကံကောင်းထောက်မလို့ ဗမာဖြစ်တာ တရုတ်ဖြစ်တာမရှိဟု အကြောင်း ပြပြီး အတိတ်ကံနှင့် လူဝင်စားဘဝကို ပယ်ရှားသည်။

ဗမာအမေ ဗမာအဖေက ဗမာမွေးတာ ကံကြောင့်မဟုတ်၊ ဗီဇနိယာမသာဖြစ်သည်။ ဗမာအမေ ဗမာအဖေက ကုလားသားသမီးကို လိုချင်မည်လည်းမဟုတ်ပေ။ ထို့အတူ တရုတ်အမေ အဖေက တရုတ်

http://www.dhammadownload.com


သားသမီးကိုပဲ လိုချင်ပေမည်။ အခြားလူမျိုး မွေးချင်လျှင် အခြားလူမျိုးနှင့် ပေါင်းဖက်မည်သာ ဖြစ်သည်။

ထို့ကြောင့် ဗမာအမေအဖေက ဗမာမွေးခြင်း၊ ကုလားအမေ အဖေက ကုလားမွေးခြင်း၊ တရုတ်အမေ အဖေက တရုတ်မွေးခြင်းသည် ကံကြောင့် မဟုတ်ဘဲ ဗီဇမျိုးစေ့ကြောင့်သာ ဖြစ်သည်။

ဤသည်တို့ကို ထောက်ဆ၍ စောဒကဆရာတော်တို့ တင်ပြသော အမှတ်(၁၀) စောဒနာလွှာပါ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ လူဝင်စားနှင့် စပ်လျဉ်းသော ရေးသားချက်, ဟောပြောချက်များသည် သဘာဝနှင့်လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ ဓမ္မနှင့်လည်းကောင်း ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဟု ဆုံးဖြတ်သည်။

## အမှတ်(၁၁) စောဒနာ၊ သောဓနာ စိစစ်ချက်

စောဒက ဆရာတော်များက "လူတွေ သေသွားပြီဆိုလျှင် လူလောင်စာ ရှိသလောက် သူတောက်လောင်နေတာ၊ လူလောင်စာ ကုန်လို့ရှိရင် သူငြိမ်းသွားမှာပါ။ ငြိမ်းသွားပြီဆိုရင် ဘယ်မှာသွားတယ် ဆိုပြီး သွားမရှာနဲ့ဗျ၊ ခင်ဗျားတို့ လုပ်ကြတယ်ဗျာ၊ လူသေသွားလို့ရှိရင် ဘဝတစ်ပါး ပြောင်းသွားသော ဘာညာဆိုတာ မပြောနဲ့၊ အဲဒါ မိစ္ဆာစကားကြီး၊" ဟူသော မဂ္ဂင်ရှစ်ပါး တရားတိတ်ခွေတွင် ပါရှိသော စုဒိတက ဦးဝိစိတ္တ-သာရ၏ ရေးသားဟောပြောချက်သည် "သေလျှင် ပြတ်ပြီ" ဟူသော ဥစ္ဆေဒဝါဒ ဖြစ်၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် တင်ပြထားကြပေသည်။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက အတိတ်ဘဝ, အနာဂတ်ဘဝ တို့ကို မြတ်ဗုဒ္ဓ ဟောကြားထားခြင်း မရှိ၍ မိမိ၏ ရေးသားချက်, ဟောပြောချက်တို့သည် ဗုဒ္ဓဝါဒနှင့် အလျော်ဖြစ်ကြောင်း ချေပသည်။ "လူသေသွားလို့ရှိရင် ဘဝတစ်ပါး ပြောင်းသွားသော"ဆိုတာ သေပြီးနောက် ဖြစ်တယ်ဆိုတဲ့ သဿတမိစ္ဆာဒိဋ္ဌိ အယူဖြစ်နေကြောင်း၊ မဇ္ဈိမပဏ္ဏာသ

http://www.dhammadownload.com



ပါဠိတော် ပရိဗ္ဗာဇကဝဂ်လာ အဂ္ဂိဝစ္ဆသုတ္တန်ကို သက်သေအဖြစ် တင်ပြထားပေသည်။

## အဂ္ဂိဝစ္ဆသုတ္တန်

အဂ္ဂိဝစ္ဆသုတ္တန်၌ အဂ္ဂဝစ္ဆပရိဗိုဇ်က မြတ်ဗုဒ္ဓအား သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်ပါသလော၊ သတ္တဝါသည် သေသည်၏ အခြားမဲ့၌ မဖြစ်တော့ပါဘူးလော၊ သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်တာလည်းရှိသည်၊ မဖြစ်တာလည်း ရှိပါသလား?၊ သတ္တဝါသည် သေသည်၏ အခြားမဲ့၌ဖြစ်တာလည်း မဟုတ်၊ မဖြစ်တာလည်း မဟုတ်တာ မှန်ပါသလား?-ဟူသော ပြဿနာလေးချက်ကို မေးသည်။

မြတ်ဗုဒ္ဓက "သတ္တဝါသည် သေသည်၏ အခြားမဲ့၌ဖြစ်သည်" စသော အယူဝါဒ လေးချက်သည် မှားယွင်းသော မိစ္ဆာဒိဋ္ဌိသာတည်း။ ထိုသို့သော မိစ္ဆာဝါဒ ငါ့မှာမရှိဟု မိန့်ကြားတော်မူ၏။

အဂ္ဂိဝစ္ဆပရိဗိုဇ်က အဘယ်သို့သော အပြစ်ကိုမြင်၍ ထိုအယူဝါဒလေးမျိုးကို မယူပါသနည်း-ဟု မေးလျှောက်သောအခါ မြတ်ဗုဒ္ဓက "ထိုအယူဝါဒ လေးမျိုးသည် မှားယွင်းသော မိစ္ဆာဒိဋ္ဌိဖြစ်၍ ဆင်းရဲပင်ပန်းကြောင်း ဖြစ်၏။ သံသရာမှ ငြီးငွေ့ကြောင်း တပ်မက်မှု ကင်းကြောင်း၊ တဏှာငြိမ်းကြောင်း၊ ဆင်းရဲငြိမ်းကြောင်း မဂ်ဉာဏ်ရကြောင်း၊ နိဗ္ဗာန်ရကြောင်း မဟုတ်သောကြောင့် ထိုမိစ္ဆာဒိဋ္ဌိအယူတို့ကို ငါမယူ-ဟု မိန့်ကြားတော်မူသည်။

ဤအဂ္ဂိဝစ္ဆသုတ်၌ အဂ္ဂိဝစ္ဆမေးလျှောက်သော"ဟောတိ တထာဂတော ပရံ မရဏာ-သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်ပါသေးသလော"စသော မေးခွန်းလေးခု၌ ပါရှိသည့် "သတ္တဝါ"ဟူသည် တိတ္ထိတို့ ကြံဆ၍ ယူထားအပ်သော တကယ်မရှိသော "အတ္တ"ကို ရည်ညွှန်းသော စကားဖြစ်၏။

http://www.dhammadownload.com


တကယ်မရှိသော အတ္တသည် သေပြီး ဖြစ်ဦးမလား၊ မဖြစ်တော့ဘူးလား စသည်ဖြင့် မေးလာလျှင် မူလကပင် သရုပ်အထည်ကိုယ် အစစ်အမှန် မရှိသော အတ္တကို ရှည်သည် တိုသည်၊ ပိန်သည်၊ ဝသည်၊ ဖြူသည် မည်းသည် စသည်ဖြင့် ဖြေဆိုခြင်းငှာ မထိုက်သကဲ့သို့ သေပြီးနောက် ဖြစ်သေးသည်၊ သေပြီးနောက် မဖြစ်တော့ စသည်ဖြင့် ဖြေဆိုခြင်းငှာ မထိုက်ပေ။ ဖြေဆိုခြင်းဖြင့်လည်း တစ်စုံတစ်ရာ အကျိုးမရှိသည့်အပြင် ကြားနာရသူတို့၏ သန္တာန်၌ မိစ္ဆာဒိဋ္ဌိစွဲငြိ ပူးဝင်ပြီး သံသရာဝဋ်၌ ကြာရှည်လေးမြင့်စွာ ခံစားရမည်ဖြစ်သောကြောင့် မဖြေဘဲထားခြင်းဖြစ်သည်။

ဇော်သဗျာဂရဏီယ စသော ဝိဿဇ္ဇနာ လေးမျိုးကို ရှေ့၌ ပြခဲ့ပြီ။

ထို့ကြောင့် အဂ္ဂိဝစ္ဆသုတ္တန်သည် "လူသေလျှင် ပြတ်ပြီ" ဟူသော စုဒိတက၏ အဆိုကို ထောက်ခံသည့် သုတ္တန်မဟုတ်ပေ။ နောက်ဘဝရှိသည်ဟူသော အဆိုကိုသာ ထောက်ခံနေပေသည်။

## ဓမ္မာဒါသ ဓမ္မပရိယာယ

ဤနေရာ၌ သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသော အနာဝတ္တိဓမ္မသမ္ဗောဓိ ပရာယဏ ကထာကို လေ့လာ သင့်ပေသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် မပြုမီ ပါဋလိပုတ္တမှ ကောဋိရွာသို့ ကြွပြီး ကောဋိရွာမှ နာတိကာရွာသို့ ဆက်ကြွသည်။ နာတိကာရွာ အုတ်ကျောင်းတော်၌ ရဟန်းများစွာနှင့် သီတင်းသုံးနေစဉ် သာဠှရဟန်း၊ နန္ဒာဘိက္ခုနီ၊ သုဒတ္တဥပါသကာ၊ သုဇာတာဥပါသိကာ စသည်တို့ ကွယ်လွန်ကြရာ ဒကာ, ဒကာမများက အရှင်အာနန္ဒာ၏ အကူအညီကိုယူပြီး ကွယ်လွန်သွားကြ သော ထိုပုဂ္ဂိုလ်များ၏ လားရာဂတိ (နောက်ဘဝ) ကို မေးလျှောက်ကြသည်။

မြတ်ဗုဒ္ဓကက သာဠှရဟန်းသည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်သဖြင့် ဖြစ်ရာဂတိ မရှိ၊ သဂ္ဂိသုခကို ရပြီ၊ နန္ဒာဘိက္ခုနီမက အနာဂါမ်ဖြစ်

http://www.dhammadownload.com


၍ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်ပြီး၊ သုဒတ္တဉပါသကာက သကဒါဂါမိ ပုဂ္ဂိုလ် ဖြစ်၍ ဤလူ့ဘုံသို့ နောက်တစ်ဖန်ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလိမ့်မည်။ သုဇာတာ ဉပါသိကာမသည် သောတာပန်ဖြစ်၍ အပါယ်ဘုံမှ လွတ်ပြီး သုဂတိဘုံ၌ ဖြစ်နေပြီ စသည်ဖြင့် မိန့်ကြားတော်မူသည်။

ထို့ပြင် နာတိကာရွာသား ဒါယကာ ငါးဆယ်ကျော်တို့ အနာဂါမိ ဖြစ်ပြီး သုဒ္ဓါဝါသဗြဟ္မာ့ဘုံတို့၌ ဖြစ်ပုံ၊ ကိုးဆယ်ကျော်သော နာတိကာ ရွာသူ ဒါယိကာမတို့ သကဒါဂါမိ ဖြစ်ပြီး ဘဝပြောင်းကြပုံ၊ နာတိကာ ရွာသား ငါးရာကျော်တို့ သောတာပန်ဖြစ်ပြီး သုဂတိဘုံသို့ ရောက်ကြရပုံ တို့ကို ဟောကြားတော်မူသည်။ (ဒီ-၂ ၇၈၊ ၇၉)

အခြား အခြားသော သုတ္တန်များစွာတို့၌လည်း ပုထုဇဉ်များ သေသောအခါ အချို့ အပါယ်ဘုံရောက်၍ အချို့ လူ့ဘုံ, နတ်ဘုံ ရောက် ကြပုံ၊ အရိယာများ ကွယ်လွန်သောအခါ ရဟန္တာမှတပါး အခြားအရိယာ တို့ ဆိုင်ရာဆိုင်ရာ သုဂတိဘုံတို့၌ ဖြစ်ပုံတို့ကို ဟောကြားထားသည်တို့ကို စုဒိတကကိုယ်တိုင် တွေ့သိပြီး ဖြစ်လိမ့်မည်ဟု ဝိနည်းမိုရ်ဆရာတော်တို့က ယုံကြည်ပါသည်။ မတွေ့မမြင်ရသေးပါဟု ဆိုပါကလည်း ပိဋကတ် တော်ကို ကျနစွာ လေ့လာပါဟုတိုက်တွန်းလိုပေသည်။

မည်သို့ဆိုစေ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများမှတစ်ပါး ကျန်သော ပုဂ္ဂိုလ်အားလုံး သေလျှင် ဘဝသစ်သို့ ပြောင်းကြရသည်ဖြစ်ရာ "လူသေလျှင် ဘဝပြတ်ပြီ" ဟူသော မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခြွင်းချန်မှု မပါသော ထိုဝါဒ သည် မိစ္ဆာဝါဒသာဖြစ်၍ "အဓမ္မဝါဒ"ဟု ဆုံးဖြတ်တော်မူကြသည်။

## ဖြည့်စွက်ချက်

စုဒိတက, က သူ၏ချေပလွှာတွင် "လူသည် ကံကြောင့်ဖြစ်သည် မဟုတ်၊ လူကြောင့်ကံဖြစ်သည်" ဟု ရေးထားပြီး ကိလေသာ, ကံ ဝိပါက် များကို "လူ"ဟု ခေါ်ကြောင်းရေးပြန်သည်။ ကံကြောင့် ဝိပါက်သာ ဖြစ်သည်။ လူဖြစ်သည် မဟုတ်ဟုလည်း ရေးပြန်သည်။ "လူ" ဆိုတာ

http://www.dhammadownload.com


ကိလေသာ, ကံ, ဝိပါက်ဟုဆိုပြီး ကံကြောင့် ဝိပါက် ဖြစ်သည်ဟု ဆိုပြန်ရာ ဂျာအေးသီချင်းလို မချိုနိုင် မချဉ်နိုင် ဖြစ်နေသည်ကို တွေ့ရပေသည်။

ထို့ပြင် စုဒိတကသည် ဗုဒ္ဓအဘိဓမ္မာနှင့်ဆန့်ကျင်သော အသုံးအနှုန်းများ အစိပ္ပာယ် ဖွင့်ဆိုချက်များကို သောခနောလွှာ၌ တင်ပြထားပေသည်။

## ဥပါဒါန်ရုပ်နှင့်အနုပါဒါန်ရုပ်

ဗုဒ္ဓအဘိဓမ္မာ၌ ဥပါဒိန္နကရုပ်, အနုပါဒိန္နကရုပ်ဟုသာ ရှိ၏။ ဥပါဒါန်ရုပ် အနုပါဒါန်ရုပ် ဟုမရှိ။

ဦးဝိစိတ္တသာရာဘိဝံသက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို ဥပါဒါန်ဟုဆို၏။ ဗုဒ္ဓအဘိဓမ္မာက ယင်းတို့ကို ဥပါဒါန်ဟုမဆို။ ထို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို တပ်မက်စွဲလမ်းခြင်း (တဏှာ) အတ္တမဟုတ်၊ မခိုင်မြဲပါပဲ အတ္တဖြစ်သည်၊ ခိုင်မြဲသည်ဟု လည်းကောင်း၊ ခွေးအကျင့်, နွားအကျင့်, တိတ္ထိတို့၏ ပဉ္စာတပအကျင့် စသည်ကို ကိလေသာစင်ကြယ်ကြောင်း အကျင့်ဟု အသိမှားခြင်း၊ အမှတ်မှားခြင်း (ဒိဋ္ဌိ) ကိုသာ ဥပါဒါန်ဟု ဟောသည်။

ဦးဝိစိတ္တသာရာဘိဝံသက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ ပရမတ္ထ သဘာဝအတိုင်း ဖြစ်ပြီး ချုပ်သွားသည်ကို ပရမတ္ထသစ္စာချုပ် ဟု လည်းကောင်း၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို မဂ်ဖြင့် ပယ်သတ်နိုင်သဖြင့် လုံးဝချုပ်သွားသည်ကို အရိယသစ္စာချုပ်ဟု လည်းကောင်း တင်ပြသည်။

ဗုဒ္ဓဒေသနာတော်၌ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ သဘာဝအတိုင်းဖြစ်ပြီး ချုပ်သွားသည်ကို ခဏဘင်္ဂ (ဘင်္ဂက္ခဏ) ခဏနိရောဓ-ဟု ဆိုသည်။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို မဂ်က မပယ်နိုင်၊ မဂ်က ထိုရုပ်, ဝေဒနာ စသည်၌ တပ်မက်နေသော တဏှာ စသည်ကိုသာ ပယ်သည်။

http://www.dhammadownload.com


ဤသို့ စသည်ဖြင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဘုရားမဟောသော သဘောတရားတို့ကို ဘုရားဟောသည်ဟု လိမ်ညာ တင်ပြထားခြင်းများ၊ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ပြည့်လျှမ်းနေသော သောဓနာလွှာသည် အမှားစင်စစ်သာဖြစ်၍ စောဒကဆရာတော်တို့ တင်ပြထားသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်, ဟောပြောချက်များနှင့်တကွ သောဓနာလွှာပါ တင်ပြချက်အားလုံးသည် ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်သော အဓမ္မဝါဒများသာ ဖြစ်သည်။

## အမှတ် (၁၂) စောဒနာ၊ သောဓနာ စိစစ်ချက်

ခင်ဗျားတို့ လုပ်ကြတယ်ဗျာ။ လူသေသွားလို့ရှိရင် ဘဝတစ်ပါးသို့ ပြောင်းသွားသော ဘာညာဆိုမပြောနဲ့၊ မပြောနဲ့၊ အဲဒါ မိစ္ဆာစကားကြီး။ အော်-အစတုန်းက သူတို့လည်း မသိလို့ ထည့်ထည့်ပြောတာပေ့ါ၊ ကျုပ်တို့လည်း အစတုန်းက မသိလို့ ယူခဲ့ကြတာတွေလေ၊ အမျှဝေတယ်ဆိုတာ အခုလူတွေ မသိဘူးဗျာ့။ ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှဝေလိုက်မှ ဟိုလူက ချမ်းသာသွားမှာလို့ ထင်တာနော်၊ ဒီလိုမဟုတ်လား။ အခုဟာက ခင်ဗျားတို့ကို အမျှဝေနေတာ။ ခင်ဗျားတို့က သိတဲ့အတိုင်း ကျင့်သုံးပြီးတော့ ခင်ဗျားတို့ရဲ့ သားသမီးတွေ ခင်ဗျားတို့ရဲ့ မိတ်ဆွေတွေကို ပြန်ပြီးတော့ ပြောပြလိမ့်မယ်။ အဲဒီအတိုင်းလေး ကျင့်သုံးလိုက်မယ်ဆိုရင် အပါယ်တံခါးပိတ်၊ သူတို့လည်း ချမ်းသာလို့၊ အဲဒါအမျှဝေတာ။ အမျှဝေတယ်ဆိုတာ စာချုပ်တာပါ။ သာဓုခေါ်တာဟာ စာချုပ်တာပါ။ (မဂ္ဂင်ရှစ်ပါးတရားမှ)

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ အထက်ပါ ဟောပြောချက်သည် ဗုဒ္ဓဒေသနာတော်နှင့် ဆန့်ကျင်နေပါကြောင်း စောဒကဆရာတော်များက အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကပါဌ, ခုဒ္ဒကပါဌအဋ္ဌကထာ, ပေတဝတ္ထု, ပေတဝတ္ထုအဋ္ဌကထာ, ဇာတ်အဋ္ဌကထာတို့ကို ကိုးကား၍ တင်ပြကြပေသည်။

http://www.dhammadownload.com


စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက လူတစ်ယောက် တစ်သိန်းကုန် အလှူပေးမည့်ကိစ္စတွင် မိတ်ဆွေသူငယ်ချင်း (သို့မဟုတ်) ဆွေမျိုးဉာတိ တစ်ယောက်ယောက်က ငွေလေးသောင်းကျပ် ပါဝင်လှူဒါန်းခြင်းမျိုးကို "ပတ္တိဒါန"ဟု ဆိုရကြောင်း၊ အလှူရှင်က ယင်းငွေလေးသောင်းကျပ်ကို လက်ခံယူခြင်းမျိုးကို "ပတ္တာနုမောဒနာ"ဟု ဆိုရကြောင်း တင်ပြသည်။ ယင်းသို့ တင်ပြရာ၌ ဗုဒ္ဓဒေသနာတော် အခိုင်အမာကို မတင်ပြနိုင်ဘဲ မိမိ၏ အယူအဆမျှကိုသာ တင်ပြထားပေသည်။

## စိစစ်သုံးသပ်ချက်

စောဒက စုဒိတကတို့၏ တင်ပြချက်များအနက် စောဒကတို့၏ တင်ပြချက်တို့သည် ကျမ်းဂန်အထောက်အထားတို့ဖြင့် အခိုင်အမာ တင်ပြထားသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ကျမ်းဂန်အထောက်အထားမရှိ မိမိ၏ အယူအဆအတိုင်း တင်ပြထားသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်၊ ဟောပြောချက်နှင့် သောနေ့လ္လာတွင် တင်ပြချက်များကို ကျမ်းဂန်နှင့် ညီ-မညီ၊ လောက သဘာဝနှင့် ကိုက်-မကိုက် စိစစ်သုံးသပ်ကြပေမည်။

## ပတ္တိဒါနနှင့်ပတ္တာနုမောဒနာ

ပုညကိရိယဝတ္ထု (၁၀) ပါးရှိကြောင်း အမှတ်(၁) စောဒနာ စိစစ်ချက်၌ ထုတ်ပြပြီးဖြစ်ပေသည်။ အကုသိုလ် အညစ်အကြေးကို ပယ်ဆေး သုတ်သင်တတ်သောကြောင့် လည်းကောင်း၊ မိမိတို့၏ ဘဝသမ္ပတ္တိဖြစ်အောင် သုတ်သင် ရှင်းလင်းပေးတတ်သောကြောင့် လည်းကောင်း ပြုလုပ်အပ်သော ဒါန, သီလ, ဘာဝနာ စသည်တို့ကို ပုညကိရိယဝတ္ထု ဟု ဆိုရသည်။

မြတ်ဗုဒ္ဓ၏ဝါဒသည် တစ်ကိုယ်ကောင်းဆန်သော ဝါဒမဟုတ်ပေ။ အများကောင်းစားရေး၊ အများချမ်းသာရေးဝါဒဖြစ်သည်။ မိမိတစ်ယောက်ချမ်းသာရေးအတွက် အများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားပြုခြင်း၊

http://www.dhammadownload.com



ကိုယ့်ပစ္စည်းကို ကိုယ်တစ်ယောက်တည်းသာ အသုံးပြုခြင်း၊ အများအပေါ် မဖြန့်ဝေခြင်း စသော ကျဉ်းမြောင်းသော ဘဝအမြင်ကို မြတ်ဗုဒ္ဓက လက်ခံတော်မမူပေ။ ဟောကြားခြင်း, အားပေးခြင်းလည်း မပြုပေ။

ပတ္တိဒါန-ဟူသည် မိမိပြုသော ကုသိုလ်ကောင်းမှုကို သူတစ်ပါးတို့ ဝမ်းသာရန် မေတ္တာ, စေတနာစစ်ဖြင့် အသိပေးခြင်း ဖြစ်သည်။ ဝါကြွားလို သော စိတ်မရှိဘဲ မိမိကောင်းမှုပြုသည်ကို မိမိနှင့်ဆက်စပ်သော ပုဂ္ဂိုလ်များ၊ အမျှဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုသော သူများအား အသိပေးသည့်အနေဖြင့် အမျှဝေခြင်း ဖြစ်သည်။

* စတ္တာရော ပစ္စယေ ဒတွာ သဗ္ဗသတ္တာနံ ပတ္တိ ဟောတူတိ ပဝတ္တနဝသေန ပတ္တာနုပ္ပဒါနံ ဝေဒိတဗ္ဗံ။ ပရေဟိ ဒိန္နာယ ပတ္တိယာ သာဓု သုဋ္ဌူတိ အနုမောဒနဝသေန ပတ္တဗ္ဘာနုမောဒနံ ဝေဒိတဗ္ဗံ။ (ဒီ၊ ဋ္ဌ-၃၊ ၁၈၂)

* အတ္တနော သန္တာနေ ပတ္တံ ပုညံ အနုပ္ပဒီယတိ ဧတေနာတိ ပတ္တာနုပ္ပဒါနံ။ တတော ပရေန အနုပ္ပဒိန္နတာယ ပတ္တံ အဗ္ဘာနုမောဒတိ ဧတေနာတိ ပတ္တဗ္ဘာနုမောဒနံ။ အနနုပ္ပဒိန္နံ့ ပန ကေဝလံ အဗ္ဘာနုမောဒီယတိ ဧတေနာတိ အဗ္ဘာနုမောဒနံ။ (ဒီ၊ ဋီ-၃၊ ၂၀၆)

* စတ္တာရော ပစ္စယေ ဒတွာ သဗ္ဗသတ္တာနန္တိ စ ကေဒေသတော ဥဂ္ဂဋ္ဌနိဒ္ဒေသော။ ယံ ကိဉ္စိ ဒေယျဓမ္မံ ဒတွာ, ပုညံ ဝါ ကတွာ "ကတိပယာနံ, ဧကဿေဝ ဝါ ဟောတူ"တိ ပရိဏာမနမ္ပိ ပတ္တာနုပ္ပဒါနမေဝ။ တံ န မဟပ္ဖလံ တဏှာယ ပရာမဋ္ဌတ္တာ။ (ဒီ၊ ဋီ-၃၊ ၂၀၆)

သူတစ်ပါးကြီးပွားချမ်းသာတာကို မြင်ရ ကြားရလျှင် ဝမ်းသာသော (မုဒိတာဖြစ်သော) ပုဂ္ဂိုလ်သည် ကုသိုလ်ဖြစ်၏။ စိတ်ကောင်း စိတ်မြတ် ရှိသူဖြစ်၏။ စိတ်ထားညံ့သူ မကောင်းသူများကား သူတစ်ပါးတို့ ကြီးပွား ချမ်းသာသည်ကို မြင်ရ ကြားရလျှင် မနာလို ဝန်တိုတတ်၏။ ငြူစူစောင်း

http://www.dhammadownload.com


မြောင်း၍ မကောင်းစကား ဆိုတတ်၏။ စိတ်ကောင်း စိတ်မြတ် ရှိသူများကား ဝမ်းသာ၏၊ ဂုဏ်ယူ၏၊ ကောင်းသော စကားကို ဆိုတတ်၏။

ထို့အတူ မိမိပြုသည့် ကုသိုလ်ကို သူတစ်ပါးတို့ ရစေလိုသောစိတ်သည် တကယ်မြင့်မြတ်သော စိတ်ဖြစ်၏။ အထက်တန်းစား ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်၏။ မိမိပြုသော ကုသိုလ်ကို မိမိက အမျှဝေသဖြင့် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်သောပုဂ္ဂိုလ်တို့ ကုသိုလ်ရသွားသည်ဟု သိပါလျက် ဝန်တိုမှုမရှိဘဲ ရက်ရက်ရောရော အမျှဝေခြင်းသည် မည်မျှ အထက်တန်းကျ၍ မြင့်မြတ်သော စိတ်ဓာတ် ဖြစ်ပါသနည်း။

ဤသို့ အဆင့်အတန်းမြင့်သော စိတ်ဓာတ်ကို အခြေခံ၍ ဖြစ်ပေါ်လာသော နှုတ်အမူအရာဖြစ်၍ အမျှဝေခြင်းကို သူတော်ကောင်းကြီးများ လေးလေးစားစား မြတ်မြတ်နိုးနိုး ပြုတော်မူကြခြင်း ဖြစ်သည်။

အမျှဝေသည့်ဤကိစ္စကို ဘုရားရှင်လည်း ပြုတော်မူခဲ့သည်။ အရှင် သာရိပုတ္တရာလည်း ပြုတော်မူခဲ့သည်။ အခြား အခြားသော ရဟန္တာ ပုဂ္ဂိုလ်များ၊ အရိယာ သောတာပန် ဖြစ်သော အနာထပိဏ်, ဝိသာခါ စသော ပုဂ္ဂိုလ်များလည်း ပြုခဲ့ကြသည်။

ထိုနည်းတူစွာပင် သူတစ်ပါးတို့ ပေးဝေသော အမျှကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း (ပတ္တာနုမောဒနာ)ကုသိုလ်သည်လည်း သူတော်ကောင်းတို့ လေးစားမြတ်နိုးသော ကုသိုလ်ဖြစ်သည်။

အမျှဝေလျှင် တမလွန်ဘဝ ရောက်သွားကြသည့် ပြိတ္တာများ သာဓုခေါ်က ရနိုင်ကြောင်း၊ သာဓုခေါ်မည့်သူ မရှိခဲ့သော်တောင်မှ အမျှဝေသူမှာ ကုသိုလ်များစွာ ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် ဇာဏုသောဏိသုတ် (အံ-၃၊ ၄၇၈) (ခုဒ္ဒကပါဌ၊ တိရောကုဍ္ဍသုတ်) တို့၌ ဘုရားရှင် အတိအလင်း ဟောထားသည်။

သာဓုခေါ်သဖြင့် ကောင်းကျိုးချမ်းသာ အမျိုးမျိုးကို ရသွားကြသော ပုဂ္ဂိုလ်ကိုလည်း ပေတဝတ္ထုပါဠိတော်၊ အဋ္ဌကထာ၊ ဝိမာနဝတ္ထု

http://www.dhammadownload.com


ပါဠိတော်၊ အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ဇာတကအဋ္ဌကထာတို့၌ များစွာ တွေ့နိုင်ပေသည်။

ထို့ကြောင့် အမျှဝေခြင်း (ပတ္တိဒါန)သာဓုခေါ်ခြင်း (ပတ္တာနုမောဒနာ) တို့ကို ကဲ့ရဲ့ရှုတ်ချသော ရေးသားချက်, ဟောပြောချက်များနှင့် ပတ္တိဒါန, ပတ္တာနုမောဒနာတို့၏ အဓိပ္ပာယ်တို့ကို လွဲမှားစွာ ဖွင့်ဆိုရေးသားထားသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ သောဓနာလွှာတွင် တင်ပြချက် အားလုံး သည် အဓမ္မဝါဒသာဖြစ်သည်။

## အမှတ်(၁၃) စောဒနာ၊ သောဓနာစိစစ်ချက်

စောဒကဆရာတော်များက စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏- "အသားကို စားတဲ့လူရှိလို့ သတ်တဲ့လူရှိတာ။ အပြစ်က စားတဲ့သူနဲ့သတ်တဲ့ သူ အတူတူပဲဗျာ့။ ဒုစရိုက်အရာမှာ ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ အတူတူပဲ။ တိရစ္ဆာန်တွေကိုသတ်လို့ အပြစ်ရကြကြေးဆိုရင် စားတဲ့လူဟာ လည်း သတ်တဲ့လူနဲ့ အတူတူပါပဲ"ဟူသော (ကိုယ့်ကိုယ်ကိုသာ အားကိုးပါမှ) ဟောပြောချက်သည် ဈေးမှဝယ်၍ အသားစားသူများသည် ပါဏာတိပါတ အကုသိုလ်ကံထိုက်ကြောင်း ဆိုရာရောက်၍ ထိုဟောပြောချက်သည် ပိဋကတ် တော်နှင့် ဆန့်ကျင်ပါကြောင်း၊ သို့ဖြစ်၍ အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါမည့် အကြောင်း စောဒနာတင်ထားကြပေသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက အမှတ် (၄) စောဒနာတွင် ဖြေရှင်း ချေပခဲ့သည့်အတိုင်း တိရစ္ဆာန်တို့ကို သတ်ရာ၌ ဓမ္မသဘောမရှိ၍ အပြစ် မရှိ အကုသိုလ်မဖြစ်ကြောင်း တင်ပြပြီးပြီဖြစ်၍ အထူးချေပရန်မရှိကြောင်း တင်ပြသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏ (စောဒကဆရာတော်များ တင်ပြသော) ဖော်ပြပြီး စောဒနာစကားရပ်တွင် "တိရစ္ဆာန်တွေသတ်လို့ အပြစ်ရကြကြေးဆိုရင် စားတဲ့လူဟာလဲ သတ်တဲ့လူနဲ့ အတူတူပါပဲ" ဟူသော စကားရပ်သည် တိရစ္ဆာန်ကို ကိုယ်တိုင်သတ်သူ ပါဏာတိပါတ

http://www.dhammadownload.com



အကုသိုလ် ဒုစရိုက်ဖြစ်သလို ဝယ်ယူ စားသောက်ကြသူများလည်း အကုသိုလ်အရာ၌ ဖြစ်စေ၊ ကုသိုလ်အရာ၌ဖြစ်စေ စေတနာသည် လွန်စွာ အရေးပါ၏။ ကုသိုလ်လုပ်ရာ၌ စေတနာပါမှ ကံအထမြောက်သလို အကုသိုလ်အရာ၌လည်း စေတနာပါမှ ကံအထမြောက်ပေသည်။

ထို့ကြောင့် "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ=စေတနာကို ကံဟူ၍ ငါဘုရားဟောသည်" ဟု မိန့်ကြားတော်မူခဲ့သည်။ (အံ-၂၊ ၃၆၃)

## ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ

အကုသိုလ်ပြုရာ၌ သူတစ်ပါးအသက်ကို ကိုယ်တိုင်သတ်ရာ၌ အကုသိုလ်ဒုစရိုက်ဖြစ်သကဲ့သို့ ကိုယ်တိုင်မသတ်သော်လည်း သူတစ်ပါး တို့ကို သတ်ခိုင်းရာ၌လည်းကောင်း၊ သူတစ်ပါးအသက်သတ်နေသည်ကို အားပေးအားမြှောက်ပြုရာ၌လည်းကောင်း၊ သူတစ်ပါးအသက်တွေ သတ်နေ သည်ကို တွေ့မြင်ပါလျက် တားလည်းတားနိုင်ပါလျက် မတားဘဲ သဘောတူ ရာ၌ လည်းကောင်း၊ အကုသိုလ်ဒုစရိုက်ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်ပါဠိတော်၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် "ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူ, မြှောက်ပွားမှု မှတ်ယူဒုစရိုက် အကျယ်လေးဆယ်တည်း"ဟု ဆိုရပေသည်။ အကုသိုလ်အရာ၌ ဤလေးမျိုး ရသကဲ့သို့ ကုသိုလ်အရာ၌လည်း ရနိုင်ပေသည်။

(အံ-၁၊ ၅၇၆၊ အံ-၃၊ ၅-၉)

## ဈေးဝယ်သားကိုဝယ်စားခြင်း

သားသတ်သမားတို့က သတ်ရာ၌ ဈေးဝယ်သူတို့၏ တိုက်တွန်း စေခိုင်းချက် မပါလျှင် ထိုအသားကို ဝယ်စားသော ဈေးဝယ်သူ၌ အပြစ် မရှိပါချေ။ အသားကို ဝယ်ယူသော ပုဂ္ဂိုလ်၌ အသားကိုစားလို ရလိုသော တဏှာလောဘသာဖြစ်၍ တိရစ္ဆာန်တို့ကို သတ်စေလိုသော (သေစေလို သော) ဝဓကစေတနာ (ဒေါသစေတနာ) မရှိပေ။

http://www.dhammadownload.com


အချို့မင်္ဂလာဆောင် အလှူပွဲစသည်တို့အတွက် အသားဘယ်လောက် ပေါ်ပေးပါဟု ကြိုတင်မှာထားမှုများ ရှိသဖြင့် ယင်းမှာထားချက်အရ သတ်လျှင်ကား မှာသူ (ကြိုတင်မှာထားသူ) မှာ အကုသိုလ်ဒုစရိုက် ဖြစ်မည်သာ ဖြစ်သည်။

## လင်မုဆိုး မယားသောတာပန်

ဤနေရာ၌ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ဓမ္မပဒလာ ဖော်ပြလတ္တံ့ဂါထာနှင့် ယင်းအတ္ထုပ္ပတ်အကျဉ်းကို သိသင့်ပေသည်။

ရာဇဂြိုဟ်မြို့သူ သူဋ္ဌေးသမီးတစ်ယောက်သည် သားသတ်လုပ်ငန်းဖြင့် အသက်မွေးသော အသားရောင်းလာသည့် မုဆိုးနောက်သို့ မိဘတို့မသိအောင် လိုက်ပြေးသည်။ ထိုအမျိုးသမီးသည် သောတာပန်တည်နေသော အရိယသာဝိကာ အမျိုးသမီးဖြစ်သည်။

လင်ယောကျ်ားဖြစ်သူ မုဆိုးကြီး တောကောင်ပစ်ရန် တောသို့သွားခါနီးတိုင်း ဇနီးဖြစ်သူက လေးမြားလက်နက်တို့ကို မုဆိုးကြီး၏ စေခိုင်းချက်အရ ပြင်ဆင်ပေးရသည်။ ယင်းသို့ ပြင်ဆင်ပေးရသော်လည်း သတ္တဝါတို့ကို (သားကောင်တို့ကို) သေစေလိုသောစိတ် လုံးဝမရှိပါပေ။ ဇနီးဝတ္တရားအရ လင်၏ ခိုင်းစေချက်ဖြင့် လုပ်ပေးရခြင်းဖြစ်သည်။

တစ်နေ့တွင် မြတ်စွာဘုရား၏ ခြွေချွတ်ဟောပြောတော်မူချက်အရ မုဆိုးရော သားများပါ တရားသံဝေဂရကာ မုဆိုးလုပ်ငန်းကို လုံးဝစွန့်လွှတ်လိုက်ကြတော့သည်။

မုဆိုးဘဝ မုဆိုးကြီးသားကောင်ရှားထွက်ခါနီးတွင် ဇနီးဖြစ်သူ သောတာပန်အမျိုးသမီးက လေးမြားစသည်ကို ပြင်ပေးရခြင်းသည် ပါဏာတိပါတ အကုသိုလ်ကံ မထိုက်ပါသလောဟု ရဟန်းများက ဘုရားရှင်အား မေးမြန်းလျှောက်ထားရာ ဘုရားရှင်က —

"လက်၌အနာမရှိသောသူသည် လက်ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုအဆိပ်က လူကိုဒုက္ခမပေးသကဲ့သို့ သူတစ်ပါး အသက်

http://www.dhammadownload.com


ကို သတ်ရန် ဝဓကစေတနာမရှိသော ပုဂ္ဂိုလ်အား (လေးမြား စသည် ပြင်ဆင်ပေးရသော်လည်း) အကုသိုလ်မဖြစ်ဟု မိန့်ကြားတော်မူသည်။

ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသမန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။
(ဓမ္မပဒ-၁၁၁။ ဓမ္မ၊ ၅-၂၊ ၁၈)

ထို့အတူ ရဟန်းတော်တို့ကို ရည်ညွှန်းပြီး သတ်သောအသားကို ရဟန်းတော်များကို ရည်ညွှန်းသတ်မှန်းသိလျှင် (ဝါ) မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းရှိလျှင် ထိုအသားကို မစားရ။ ထိုသို့ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း မရှိလျှင် စားသင့်ကြောင်း စူဠဝဂ္ဂပါဠိတော်၌ မိန့်ကြားတော်မူခဲ့ပေသည်။

ဤဒေသနာတော်အရ ရဟန်းသံဃာတော်များအဖို့ မိမိတို့၏ တိုက်တွန်းချက် မပါသော်လည်း မိမိကို ရည်ညွှန်းပြီး သတ်သည်ဟု အထင်ရှိလျှင် ထိုအသားကို မစားသင့်ပေ။ စားလျှင် အပြစ်သင့်သည်။

လူဝတ်ကြောင်များအဖို့ကား မိမိ၏အားပေးမှု တိုက်တွန်းမှု စေခိုင်းမှု မပါဘဲ သားသတ်သမားများ၊ သားသတ်လုပ်ငန်း လုပ်ကိုင်သူများက လုပ်ရိုးလုပ်စဉ်သဘာဝအရ သတ်ပြီး ဈေးသို့ တင်ရောင်းသော အသားများကို စားသော်လည်း အပြစ်မဖြစ်ပေ။ ဤနေရာ၌ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဂဟပတိဝဂ်လာ ဇီဝကသုတ် (မ၊ ၂။ ၃၁) ကိုလည်း မှတ်သားသင့်ပေသည်။

မြတ်ဗုဒ္ဓ ရာဇဂြိုဟ်မြို့ ဇီဝက၏ သရက်ဥယျာဉ်ကျောင်းဝယ် သီတင်းသုံးစဉ် သမားတော်ကြီးဇီဝကက ဘုရားထံလာရောက်ပြီး "ရှင်တော်ဘုရား ရှင်တော်ဘုရားကို ရည်မှတ်ပြီး, ရှင်တော်ဘုရားကို အကြောင်းပြုပြီး သတ်အပ်သော အသားကို ရှင်တော်ဘုရားသိလျက် ဘုဉ်းပေး၏ဟု ပြောဆိုနေကြသော သူတို့၏စကားသည် မှန်ပါသလား"ဟု လျှောက်၏။ ထိုအခါ မြတ်ဗုဒ္ဓက ထိုစကားမမှန်ကြောင်း မိန့်ကြားပြီး ဖော်ပြလတ္တံ့ပါ အတိုင်း ဟောပြောတော်မူသည် —

http://www.dhammadownload.com


* တီဟိ ခေါ အဟံ ဇီဝက ဌာနေဟိ မံသံ အပရိဘောဂန္တိ ဝဒါမိ ဒိဋ္ဌံ သုတံ ပရိသင်္ကိတံ၊
ဣမေဟိ ခေါ အဟံ ဇီဝက တီဟိ ဌာနေဟိ မံသံ အပရိဘောဂန္တိ ဝဒါမိ။

* တီဟိ ခေါ အဟံ ဇီဝက ဌာနေဟိ မံသံ ပရိဘောဂန္တိ ဝဒါမိ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ၊
ဣမေဟိ ခေါ အဟံ ဇီဝက တီဟိ ဌာနေဟိ မံသံ ပရိဘောဂန္တိ ဝဒါမိ။

"ဇီဝက (ငါ့ကို ရည်မှန်းပြီးသတ်သည်ဟု) မြင်အပ်၊ ကြားအပ်၊ ယုံမှားအပ်သော အသားကို မစားကောင်းဟု ငါဘုရားဟောကြား၏။

"ဇီဝက (ငါ့ကို ရည်မှန်းပြီးသတ်သည်ဟု) မမြင်အပ်၊ မကြားအပ်၊ မယုံမှားအပ်သော အသားကို စားကောင်း၏ဟု ငါဘုရားဟောကြား၏။

"ဇီဝက အကြင်ရဟန်းသည် မေတ္တာအမြဲပွားရှိ နေ၏။ ထိုရဟန်းကို ဒါယကာတစ်ယောက်ယောက်က အိမ်သို့ပင့်ဖိတ်ပြီး သားပွဲမ်းဆွမ်းကို ကပ်လှူ၏။ ထိုရဟန်းက "ငါ့အား သားပွဲမ်းဆွမ်းကို ကပ်ပါမူ ကောင်းလေစွ" ဟု တောင့်တခြင်း မဖြစ်ခဲ့။ "နောင်အခါတွင်လည်း ဤကဲ့သို့သော သားပွဲမ်းဆွမ်းကို ကပ်လှူပါမူ ကောင်းလေစွ"ဟု မျှော်လင့်တောင့်တမှုလည်း မရှိ။ ပစ္စဝေက္ခဏာဆင်ခြင်၍ ဘုဉ်းပေး၏။ ထိုသို့ ဘုဉ်းပေး သုံးဆောင်သော ပုဂ္ဂိုလ်ကို "မေတ္တာဖြင့် အမြဲနေသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏"ဟု မိန့်တော်မူသည်။

ဆိုလိုသည်မှာ မိမိ (ရဟန်း) ၏ တိုက်တွန်းမှုမပါဘဲ ဆွမ်းလှူဒါန်းသူ ဒကာ၏ စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းသော အသားဟင်း (သားပွဲမ်း

http://www.dhammadownload.com



ဆွမ်း) ကို မေတ္တာအမြဲပွားနေသော ထိုရဟန်းက တပ်မက်မှုမရှိဘဲ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်လျှင် ထိုရဟန်းကို မေတ္တာဖြင့်အမြဲနေသူဟူ၍သာ ဆိုရမည်။ ထိုသို့အသားကို စားခြင်းကြောင့်လည်း ထိုရဟန်းမှာ အပြစ်မရှိ ဟူလို။

ထို့ပြင် မြတ်ဗုဒ္ဓက-

"ယော ခေါ ဇီဝက တထာဂတံ ဝါ တထာဂတ သာဝကံ ဝါ ဥဒ္ဒိဿ ပါဏံ အာရဘတိ၊ သော ပဉ္စဟိ ဌာနေဟိ ဗဟုံ အပုညံ ပသဝတိ"

"ဇီဝက ငါဘုရားကို ဖြစ်စေ၊ ငါ့ဘုရားသားတော် ရဟန်းတော်များ ကိုဖြစ်စေ ရည်ရွယ်၍ သတ္တဝါကိုသတ်လျှင် သတ်သောသူမှာ ငါးမျိုးသော အကြောင်းတို့ကြောင့် အကုသိုလ်များစွာ ဖြစ်ပွား၏" စသည်ဖြင့် မိန့်ကြား တော်မူသည်။

ငါဘုရားကို ဖြစ်စေ၊ ငါ့ဘုရား၏ သားတော်ရဟန်းတော်များ ကိုဖြစ်စေ ရည်ရွယ်၍ သတ္တဝါကိုသတ်လျှင် သတ်သူမှာ အပြစ်များစွာ ကြီးသည်။ စားသုံးသူ ငါဘုရားနှင့် ငါဘုရားတပည့်သား သံဃာများမှာမူ အပြစ်မရှိပေ၊ အကုသိုလ်မဖြစ်ပေဟု ဆိုလိုပေသည်။

ဤဇီဝကသုတ်လာ မြတ်ဗုဒ္ဓ၏ စကားတော်ကိုထောက်လျှင် မိမိ၏ ပယောဂမပါဘဲ သတ္တဝါတို့ကို သတ်ရာ၌ အပြစ်မရှိသကဲ့သို့ မိမိကို ရည်မှန်း ၍ သတ်အပ်သော အသားမဟုတ်မှန်းသိလျှင် ထိုအသားဟင်းကို စားသင့်ကြောင်း စား၍ အပြစ်မရှိကြောင်း သိနိုင်ပေသည်။

ထို့ပြင် မိမိကိုရည်ရွယ်၍ သတ်ထားသော အသားမှန်းသိပါလျှင် မစားရ၊ စားလျှင်စားခြင်းကြောင့် အပြစ်ရှိ၏ဟု ဆိုသဖြင့် မိမိကိုရည်ရွယ်၍ သတ်ထားသော အသားပင်ဖြစ်ပါစေ ထိုအသားကိုမသိ၍စားက ရဟန်း မှာ အပြစ်မရှိကြောင်း သိနိုင်ပေသည်။ (သိလျက်စားပါက ရဟန်းတော်များ အာပတ်သင့်သည်၊ သို့သော် ထိုအာပတ်သည် သတ်လို့သင့်ရသည့် အာပတ် မဟုတ်။ သိလျက်စားခြင်းကြောင့် သင့်သော အာပတ် ဖြစ်သည်)

http://www.dhammadownload.com


ဤသို့သော မြတ်ဗုဒ္ဓဒေသနာတော်တို့ကို ထောက်ထား၍ "စားသူမှာ အပြစ်ရှိသည်"ဟူသော ဟောပြောချက်သည် ကျမ်းဂန်နှင့် ညီညွတ်ခြင်း မရှိပေ။

"ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ"ဟူသော လေးချက်အနက် တိုက်တွန်းသူ၊ ချီးမွမ်းသူ၊ စိတ်တူသူတို့မှာ စားခြင်းကြောင့် ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ဖြစ်ခြင်းမဟုတ်ဘဲ သတ်ရန်တိုက်တွန်းခြင်း၊ သတ်ခြင်းကို ချီးမွမ်းခြင်း၊ သတ်ရန်စိတ်သဘောတူခြင်းကြောင့်သာ ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ဖြစ်ရကား "အပြစ်က သတ်တဲ့လူနဲ့ စားတဲ့လူ အတူတူ ပဲဗျာ၊ သတ်လို့ အပြစ်ရကြကြေးဆိုရင် စားတဲ့လူဟာလဲ သတ်တဲ့လူနဲ့ အတူတူပါပဲ" ဟူသော စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက် သည် အမဟုတ်ဝါဒသာ ဖြစ်သည်။

## အမှတ်(၁၄) စောဒနာ၊ သောဓနာ စိစစ်ချက်

အာနာပါနပွားတယ်ဆိုတာ ထွက်လေဝင်လေကို ကြည့်ရမှာ မဟုတ်ဘူး။ လောဘ၊ ဒေါသကို ကြည့်ရမှာ။ ထွက်လေမှာ လောဘ ပါသလား၊ ဒေါသပါသလား ကြည့်ရမှာ။ ဝင်လေမှာ လောဘ ပါသလား၊ ဒေါသ ပါသလား ကြည့်ရမှာ။ ထွက်လေဝင်လေကို သိဖို့မဟုတ်ဘူး၊ ထွက်လေ ဝင်လေမှာဖြစ်နေတဲ့ လောဘ၊ ဒေါသကို သိရမှာ။ ဟုတ်ပြီနော်-ဟူ၍ "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" တရားတိပ်ခွေတွင်ပါရှိသော စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ညီညွတ်ခြင်းမရှိသောကြောင့် အမဟုတ်ဝါဒဟု ဆုံးဖြတ်ပေးပါရန် စောဒကဆရာတော်များက တင်ပြထားပေသည်။

စောဒကဆရာတော်များက အာနာပါနကမ္မဋ္ဌာန်းကိုရှုရာ၌ ထွက် လေ၊ ဝင်လေကို ဝီရိယထားပြီး သတိပညာဖြင့် ရှုကြည့်ရမည်ဟု မြတ်ဗုဒ္ဓက ဟောပါလျက် စုဒိတကက ထွက်လေ၊ ဝင်လေကို မရှုရဘူး၊ မကြည့်ရဘူး။ ထွက်လေမှာ လောဘပါသလား၊ ဒေါသပါသလား၊ ဝင်လေမှာ လောဘ ပါသလား၊ ဒေါသပါသလားဟု လောဘ၊ ဒေါသကိုသာ စောင့်ကြည့်ရမှာ

http://www.dhammadownload.com


ဟု ဟောထားခြင်းသည် လွန်စွာမှားယွင်းသော ဟောပြောချက်ဖြစ်ကြောင်း ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ်(မ၊ ၃။ ၁၂၆ စသည်)ကို ကိုးကားပြီး တင်ပြကြသည်။

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက စောဒကဆရာတော်များသည် ပါဠိတော်၏ ဆိုလိုရင်းကို နားလည်အောင် မကြည့်နိုင်ကြသောပုဂ္ဂိုလ်များ ဖြစ်ကြောင်း၊ လောဘ၊ ဒေါသကို စောင့်ကြည့်ရမည်ဟူသော မိမိဟော ကြားချက်မှာ-

"ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ"

ဟူသော ဥပရိပဏ္ဏာပါဠိတော်နှင့် ညီညွတ်ကြောင်း တင်ပြသည်။

## စိစစ်ချက်

စောဒက၊ စုဒိတကတို့တင်ပြသော ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ်ကို လေ့လာ၍ စုဒိတက၏အဆို မှန်၊ မမှန် စိစစ်ကြ ပေမည်။

ထိုအာနာပါနဿတိသုတ်၌ အာနာပါနဿတိပွားပုံကို-

"ကထံ ဘာဝိတာ စ ဘိက္ခဝေ အာနာပါနဿတိ ကထံ ဗဟုလီ ကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ" စသည်ဖြင့် မေးတော်မူပြီး "ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရ တော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ-

ဟု ယောဂီပုဂ္ဂိုလ်က သတိစိုက်ပြီး ထွက်လေ၊ ဝင်လေကို ရှုရမည်ဖြစ် ကြောင်း ပဓာနအခြေခံ စကားရပ်ကို ဟောတော်မူသည်။

ထို့နောက် ထွက်လေ၊ ဝင်လေကို သတိဖြင့် ရှုနေပုံကိုပေါ်လွင်စေ ရန်-

http://www.dhammadownload.com


ဒီဃံ ဝါ အဿသန္တော "ဒီဃံ အဿသာမီ" တိပဇာနာတိ၊ ဒီဃံ ပဿသန္တော"ဒီဃံ ပဿသာမီ" တိပဇာနာတိ။ ရဿံ ဝါ အဿသန္တော"ရဿံ အဿသာမီ" တိ ပဇာနာတိ ၊ ရဿံဝါ ပဿသန္တော "ရဿံ ပဿသာမီ"တိ ပဇာနာတိ-

စသည်ဖြင့် အကျယ်ဟောတော်မူသည်။

ဤအကျယ်နိဒ္ဒေသစကားရပ်သည် "သတော၀ အဿသတိ၊ သတော၀ ပဿသတိ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသ စကားပင် ဖြစ်သည်။

ယင်းနိဒ္ဒေသပါဠိတော်၌ သတိထား၍ (သတိဖြင့်)ရှူ၏ဟူသည် ဝင်လေကို ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူသည်ဟု သိနေရမည်။ ထွက်လေကို ရှည်ရှည်ထုတ်လျှင် ရှည်ရှည်ထုတ်သည်ဟု သိရမည်။ ဝင်လေကို တိုတို ရှူနေလျှင် တိုတိုရှူနေသည်ဟု သိရမည်။ ထွက်လေကို တိုတိုထုတ်လျှင် တိုတိုထုတ်နေသည်ဟု သိရမည်ဟု ဟောထားသည်။

ထို့အတူ ကျန် ၁၄-ဝါရတို့၌လည်း ဤနည်းအတူ ဟောတော်မူသည်။

ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူသည်ဟု သိနေရမည်ဟူသောစကား သည် ဝင်လေကိုသတိပြု၍ သတိစိုက်ကာ ရှူနေရမည်ဟုလည်းကောင်း။ တိုတိုရှူလျှင် တိုတိုရှူသည်ဟု သိနေရမည်ဟူသော စကားသည်လည်း ဝင်လေကို သတိစိုက် ရှူနေရမည်ဟုလည်းကောင်း ဖော်ပြနေလေသည်။

## ဝင်လေ ထွက်လေသည် လောဘ, ဒေါသမဟုတ်

ထိုသို့ ဝင်လေကို သတိပြု၍ ရှူနေလျှင်(ဝါ)ဝင်လေဟူသော အာရုံ (ဖောဋ္ဌဗ္ဗာရုံ)အပေါ်၌ စိတ်စိုက်၍ တည်နေလျှင် လောဘလည်းမဖြစ်၊ ဒေါသလည်း မဖြစ်တော့ပေ။ အဘယ်ကြောင့်ဟူမူ ထိုဝင်လေသည် လောဘ ဖြစ်စရာ လောဘနီယအာရုံလည်း မဟုတ်၊ ဒေါသဖြစ်စရာ ဒေါသနီယအာရုံလည်း မဟုတ်သောကြောင့်ပေတည်း။ (ထွက်လေကို အာရုံ စိုက်၍ ရှူရာ၌လည်း ဤနည်းအတူပင်)

http://www.dhammadownload.com


## လောဘ, ဒေါသဖြစ်တတ်သည်

ဝင်လေ၊ ထွက်လေဟူသော အာရုံအပေါ်၌ သတိမကပ်လျှင်(ဝါ) သတိ, သမာဓိ, ပညာ မကပ်လျှင် စိတ်သည် အာရုံလွင့်ပါးပြီး ကာမဝိတက်လောဘနှင့်စပ်သောအကြံအစည် ဗျာပါဒဝိတက်-ဒေါသနှင့်စပ်သော အကြံအစည်၊ ဝိဟိံသာဝိတက်-ဒေါသနှင့်စပ်သော အကြံအစည်များ ဝင်ကာ လောဘ၊ ဒေါသ ဖြစ်တတ်သည်။

ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီသည် ဝင်လေကို ဝင်တိုင်းဝင်တိုင်း သတိကပ်၍ ရှုမှတ်နေရမည်ဖြစ်သလို ထွက်လေကို ထွက်တိုင်း ထွက်တိုင်းလည်း သတိကပ်ပြီး ရှုမှတ်နေရမည် ဖြစ်ပေသည်။ ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူသည်ဟု လည်းကောင်း၊ တိုတိုရှူလျှင် တိုတိုရှူသည်ဟု လည်းကောင်း သတိကပ်၍ ရှုမှတ်နေလျှင် လောဘနီယ အာရုံ ဒေါသနီယအာရုံများ မဝင်တော့ဘဲ လောဘ၊ ဒေါသများကင်းကာ စိတ်ဓာတ်များ ဖြူစင်သန့်ရှင်းနေမည် ဖြစ်လေသည်။ ထိုသို့ ဝင်လေ၊ ထွက်လေ အာရုံ၌သာ သတိကပ်၍နေလျှင် သတိသမ္ဗောဇ္ဈင်ကိုလည်း ပွားပြီး ဖြစ်တော့သည်။ ထို့ကြောင့်-

> ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ ဥပဋ္ဌိတဿ တသ္မိံ သမယေ သတိ ဟောတိ အသမ္မုဋ္ဌာ။ ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော ဥပဋ္ဌိတာ သတိ ဟောတိ အသမ္မုဋ္ဌာ၊ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ သတိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ (မ-၃။ ၁၂၇)

ဟု မိန့်ကြားတော်မူသည်။

ဤသည်တို့ကိုထောက်လျှင် အာနာပါနကမ္မဋ္ဌာန်းကိုရှုရာ၌ လောဘ၊ ဒေါသကို ရှုရသည်မဟုတ်။ ထွက်လေ၊ ဝင်လေဟူသော စိတ္တဇဝါယောဓာတ် (ဖောဋ္ဌဗ္ဗာရုံ) ကိုသာ ရှုရသည်။ ထွက်လေ၊ ဝင်လေဟူသော စိတ္တဇဝါယောဓာတ်(ဖောဋ္ဌဗ္ဗာရုံ)၌လည်း လောဘ၊ ဒေါသ ယှဉ်ရိုးမရှိ။ လောဘ၊

http://www.dhammadownload.com


ဒေါသတို့သည် နာမ်တရားသာဖြစ်၍ ဝါယောဓာတ်ဟူသော ရုပ်တရားနှင့် မည်သည့်အခါမျှ မယှဉ်။ စိတ်တရားသည် တစ်ပြိုင်နက်သောခဏ၌ အာရုံ နှစ်ခုကို ယူရိုးမရှိပေ။ အာရုံတစ်ခုကိုသာ ယူသည်။ ထွက်လေ၊ ဝင်လေ (အာနာပါန)ကို အာရုံပြုနေခိုက် မည်သည့်လောဘနီယ အာရုံ ဒေါသနီယ အာရုံတို့ကိုမျှ အာရုံမပြုနိုင်။ ထွက်လေ၊ ဝင်လေနှင့် လောဘ၊ ဒေါသတို့ ယှဉ်ရိုးမရှိသောကြောင့် ထိုထွက်လေ ဝင်လေကို သတိပြုစောင့်ရှုနေ သောယောဂီသည် လောဘ၊ ဒေါသကို (စောင့်ကြည့်သော်လည်း) မြင်ရ မည် မဟုတ်ပေ။

ထို့ကြောင့် "ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ" ဟူသော ပါဠိတော်၏ ဆိုလိုရင်းမှာ ထွက်လေ၊ ဝင် လေကိုသာ လုံ့လစိုက်ထုတ်၍ သတိ, ပညာဖြင့် စောင့်ကြည့်ရမည်။ ထိုသို့ သတိ, ပညာအားကောင်းကောင်းဖြင့် ရှုမှတ်နေပါလျှင် အဘိဇ္ဈာ(လောဘ) ဒေါမနဿတို့ကို ပယ်သတ်နိုင်မည်ဟု ပြဆိုလိုရင်းဖြစ်သောကြောင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏-

"အာနာပါနပွားတယ်ဆိုတာ ထွက်လေ၊ ဝင်လေကိုကြည့်ရမှာ မဟုတ်ဘူး၊ လောဘ, ဒေါသကို ကြည့်ရမှာ။ ထွက်လေမှာ လောဘပါ သလား၊ ဒေါသပါသလား ကြည့်ရမှာ။ ဝင်လေမှာ လောဘပါသလား၊ ဒေါသ ပါသလား ကြည့်ရမှာ။ ထွက်လေ, ဝင်လေကို သိဖို့မဟုတ်ဘူး၊ ထွက်လေ ဝင်လေမှာဖြစ်နေတဲ့ လောဘ, ဒေါသကို သိရမှာ"

ဟူသော ဟောပြောချက်နှင့်တကွ အလားတူ ဟောပြောချက်များသည် အမွှဝါဒသာ ဖြစ်သည်။

## အမှတ်(၁၅) စောဒနာ၊ သောဓနာစိစစ်ချက်

သွာက္ခာတ=ကောင်းရမယ်။ အစ-အလယ်-အဆုံးမှာ ကောင်းရမည်။ ကျင့်စ-ကျင့်လယ်-ကျင့်ဆုံးမှာ ကောင်းရမယ်၊ အပြစ်တင်ခံရရင် အကောင်း

http://www.dhammadownload.com


မဟုတ်တော့ဘူး၊ သွာက္ခာတဆိုတာ ဘယ်သူမှ အပြစ်တင်မခံ ရအောင် ကောင်းရမယ်။

ခင်ပွန်းက တရားကျင့်နေရင် ခင်ပွန်းရဲ့ လုပ်အားတွေကို ဇနီးနဲ့ သားသမီးတွေက ယူထားပြီး တရားကျင့်နေတဲ့ ခင်ပွန်းရဲ့လုပ်အားကို မရတဲ့ဇနီးက ကဲ့ရဲ့တော့မယ်။ သားသမီးတွေကလည်း ကဲ့ရဲ့တော့မယ်။ အဲဒီလို အပြစ်တင်ခံရပြီဆိုရင် အဲဒီတရားဟာ တရားမဟုတ်ဘူး။ တရားတော်ကို ခင်ပွန်းကပဲကျင့်ကျင့်၊ ဇနီးကပဲကျင့်ကျင့်၊ သားသမီးကပဲ ကျင့်ကျင့်၊ ကျင့်ချင်တဲ့လူ ကျင့်၊ ကျင့်တဲ့ပုဂ္ဂိုလ်မှာ ဘယ်သူမှ အပြစ်တင်လို့ မရအောင် ကောင်းရမည်။ အဲဒါဆိုရင် သွာက္ခာတဂုဏ်တော်နဲ့ညီပြီ။

တစ်ခါက အမျိုးသမီးတစ်ယောက် တရားသွားကျင့်တယ်။ လေးငါး ခြောက်လလောက်ကြာတယ်။ ခင်ပွန်းဖြစ်တဲ့ပုဂ္ဂိုလ်မှာ ဇနီးရဲ့ လုပ်အားတွေမရလို့ တရားထိုင်ကပြန်လာတော့ ကွဲသွားကြတယ်။ ၎င်းဇနီး သွားထိုင်တဲ့ တရားဟာ ကောင်းတယ်လို့ ပြောလို့ရမလား၊ မရဘူးနော်။

မြတ်စွာဘုရားဟောခဲ့တဲ့ တရားဆိုတာ ဘယ်သူမှအပြစ်တင်လို့ မရအောင် ကောင်းရမယ်။ ကျင့်စ, ကျင့်လယ်, ကျင့်ဆုံး ကောင်းရမယ်။ ခင်ဗျားတို့ တရားထိုင်လို့ ဟိုကနာ ဒီကကျင်၊ နာတာ ကျင်တာတွေ ဘယ်သူရချင်မှာတုန်း၊ နာတာ ကျင်တာကို ကောင်းတယ်လို့ပြောမလား။ မကောင်းဘူးလို့ပြောမလား။ မကောင်းဘူးလို့ ပြောမှာပါ။ အဲဒါဆိုရင် သွာက္ခာတနဲ့ မကိုက်ညီဘူးကွာ။ အဲဒီလိုပြောလိုက်တော့။ ယခုဖော်ပြ အပ်ပြီးသော ဟောပြောချက်တို့ကို စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" ဟူသော တရားတိပ်ခွေတွင် ဟောထား ကြောင်း။ ယင်းဟောကြားချက်များသည် ပိဋကတ်တော်နှင့် မညီသဖြင့် အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါမည့်အကြောင်း စောဒက ဆရာတော်များက တင်ပြကြပေသည်။

http://www.dhammadownload.com


သွာက္ခာတ-စသော တရားဂုဏ်တော်များ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုရာ၌ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် တလွဲတချော် မလျော်သော အဓိပ္ပါယ်များဖြင့် ဖွင့်ဆိုထားပေသည်။

တစ်သာသနာလုံးက ဗုဒ္ဓမတညျွဲထူးကြီးဖြင့် ဂုဏ်ပြု ခံထားရသည့် အရှင်မဟာဗုဒ္ဓဃောသကို ဘာမျှ မသိသူဟု ပုတ်ခတ်ပြီး အဋ္ဌကထာ၊ ဋီကာများကို ပယ်ထားသူ၊ ဘုရားဟော ပါဠိတော်များစွာကို ပယ်ထားပြီး မိမိအတွက် အကာအကွယ်ရနိုင်သည်ဟု ယူဆသော ပါဠိတော် အနည်းငယ်မျှကိုသာ လက်ကိုင်ပြုပြီး ဒိဋ္ဌိပါဒါန်အစွဲဖြင့် သူတင်သွင်းသော သောမနောလွှာ၌ တွေ့ရပေသည်။

## ဓမ္မဂုဏ်တော်

ဓမ္မဂုဏ်တော်ခြောက်ပါးကို မြတ်ဗုဒ္ဓကဟောကြားပြီး ဓမ္မဂုဏ်တော်ပွားရခြင်း၏ အကျိုးများကိုလည်း များစွာ ဟောကြားတော်မူခဲ့သည်။

သံသရာဝဋ်မီးငြိမ်းရေးအတွက် အခြေခံပဓာနအချက်သည် တရားတော်ပင်ဖြစ်၏။ တစ်နည်းအားဖြင့် ဗုဒ္ဓ, ဓမ္မ, သံဃာ ရတနာသုံးပါးကို ယုံကြည်ခြင်း, ကြည်ညိုခြင်း, အလေးအမြတ်ပြုခြင်း ဟူသော သရဏဂုံပင်ဖြစ်၏။ သရဏဂုံသုံးပါးတွင် တရားတော်(ဓမ္မ)သည် တစ်ပါး အပါအဝင်ဖြစ်၏။ ထိုဓမ္မကို အားကိုးရာ အားထားရာ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းဟူ၍ ယုံကြည်သောစိတ်ဖြင့် "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟု သရဏဂုံဆောက်တည်ကြရပေသည်။

## ကိုးကွယ်ထိုက်သော တရား

မျက်မှောက်ဆင်းရဲ, တမလွန်ဆင်းရဲနှင့် ဝဋ်ဆင်းရဲများကို ငြိမ်းစေပြီး မျက်မှောက်ချမ်းသာ, တမလွန် ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာတို့ကို ပေးတတ်သော (ရစေတတ်သော) တရားမှသာလျှင် အားကိုးထိုက်, ယုံကြည်ထိုက်, ကိုးကွယ်ထိုက်ပေသည်။

http://www.dhammadownload.com


သွာက္ခာတ, သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဟူသော ဂုဏ်တော်ခြောက်ပါးတို့သည် တရားတော်၏ ဂုဏ်တော်ခြောက်ပါးတို့ဖြစ်၏။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပရိယတ္တိတရားတော်နှင့် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တရားဟူသော ဆယ်ပါးသော တရားတော်သည် (ဓမ္မ)မည်၏။ ထို"ဓမ္မ"ဟူသော တရားဆယ်ပါးသည် မြတ်ဗုဒ္ဓ၏ အလွန်စူးရှထက်မြက်သော သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ဝေဖန်ပိုင်းဖြတ် ဟောကြားအပ်သောကြောင့်လည်းကောင်း၊ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းမြတ်သောကြောင့် လည်းကောင်း၊ ကြားနာဆဲခဏ၊ ကျင့်သုံးဆဲခဏ၊ ကျင့်သုံးပြီးခဏတို့၌ စိတ်ချမ်းသာမှုကို ပေးတတ်သောကြောင့်လည်းကောင်း" သွာက္ခာတ၊ ကောင်းမွန်ပြည့်စုံစွာ ဟောကြားအပ်သောတရား" မည်၏။ (ဝိသုဒ္ဓိ-၁။ ၂၀၇၊ ၂၀၈)

ဓမ္မံ သရဏံ ဂစ္ဆာမိ-ဟူ၍ သရဏဂုံ ဆောက်တည်ရသော ထိုတရားသည် အပြစ်ကင်းစင်သော တရားများသာ ဖြစ်၏။

ပရိယတ္တိတရားတော်ဟူသည် ဘုရားရှင် ၄၅-ဝါကာလပတ်လုံး ဟောကြားအပ်သော တရားဖြစ်၏။ ထိုပရိယတ်ဟူသော တရားတော်ဟူသည် ပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပင် ဖြစ်၏။

ထိုပရိယတ္တိတရားတော်၌ (ဝါ) ပိဋကသုံးပုံ၌ လောကသားတို့ ဆောင်သင့်၊ ရှောင်သင့်သည့် တရားများဒါန, သီလ, သမထ, ဝိပဿနာ တရားတို့ကို နည်းမှန်လမ်းကျ ကျင့်သုံးပုံများ၊ ရုပ်နာမ်တရားတို့၏ သဘောသဘာဝများ၊ ဗုဒ္ဓလက်ထက်က မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များနှင့်တကွ အခြားအခြားသော ပညာရှင်များ မေးမြန်းလျှောက်ထားချက်အရ ဖြေရှင်းဟောကြားချက်များ၊ အဆင့်မြင့်သော အတွေးအမြင်အဘိဓမ္မာများ၊ လူ့ကျင့်ဝတ်, ရဟန်းကျင့်ဝတ်စသည်များ၊ စီးပွားဖြစ်ကြောင်းနှင့် စီးပွားပျက်ကြောင်းများ၊ ဘဝသံသရာ၏သဘာဝများ၊ လောကကြီးကို ခြယ်လှယ်

http://www.dhammadownload.com



နေသည့် ကံတရားတို့၏ သဘာဝများ၊ အတိတ်ဘဝ, အနာဂတ် ဘဝရှိပုံများ၊ ဘဝဒုက္ခလွတ်မြောက်အောင် နေထိုင် ကျင့်သုံးဖွယ်, ရှောင်ကြဉ်ဖွယ်များကို ပြည့်ပြည့်စုံစုံဟောကြားထားသည့်အတွက် လောက၏ အလင်းရောင်ကိုဆောင်သည့် တရားတော်များ ဖြစ်ပေသည်။

လောကသားတို့ ချမ်းသာသုခ တိုးပွားရေးအတွက် ပွင့်ထွန်းလာသော ဘုရားဖြစ်၍ လောကသားတို့ ချမ်းသာကြောင်း တရားများကို ဘက်စုံထောင့်စုံက ဟောကြားထားခဲ့ရာ ထိုပရိယတ်ဟု ဆိုအပ်သော ပိဋကတ်တော်များသည် လူတို့၏ အသိတရား, အကျင့်တရားတို့ကို မြင့်မားတိုးတက်စေသောကြောင့် အလွန်အားကိုးထိုက် ယုံကြည်ထိုက် ကိုးကွယ်ထိုက်သော တရားတော်များဖြစ်ပေသည်။

မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတို့သည်ကား အလွန်ထူးခြားသော တရားများ ဖြစ်ပေသည်။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းနေသော ကိလေသာဆိုး စိတ်ဆိုး စိတ်မိုက် စိတ်ကြမ်းတို့ကို သူ့အဆင့်နှင့် သူ ပယ်သတ်နိုင်သော တရားများ ဖြစ်ပေရာ အခြား မည်သည့် ဘာသာ သာသနာတွင်မှ မတွေ့ရဘဲ မြတ်ဗုဒ္ဓသာသနာတော်၌သာ တွေ့နိုင် သိနိုင်မြင်နိုင်သည့် တရားများဖြစ်ပေသည်။

တရားဂုဏ်တော်ခြောက်ပါးသည် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်နှင့် ပရိယတ္တိတရားတော်တို့၏ ဂုဏ်ရည်ဖြစ်ကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် ရတနသုတ်တော်တွင် တွေ့နိုင်ပေသည်။

မှန်ပေသည်။ ရတနသုတ်တော်လာ ဂါထာများအနက် "ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိ-ဟူသော ဂါထာဖြင့် မဂ်လေးပါး တရားကို ပြ၏။ ဗုဒ္ဓဟောကြားတော်မူသော မဂ်လေးပါးတရားသည် မိမိ(မဂ်)'၏ အခြားမဲ့၌ အချိန်မဆိုင်းဘဲ ဖိုလ်-ဟူသော အကျိုးကိုပေးတတ်၏။ ဤမှန်သောသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေ-ဟု သစ္စာပြုသည့် ဂါထာဖြစ်၏။

http://www.dhammadownload.com



ခယံ ဝိရာဂံ အမတံ ပဏီတံ-စသော ဂါထာဖြင့် နိဗ္ဗာန်၏ ဂုဏ်ရည်ကိုပြ၏။ ထိုနိဗ္ဗာန် တရားသည် ရာဂစသော ကိလေသာတို့၏ ကုန်ရာဖြစ်၏။ သေခြင်းကင်းသော တရားဖြစ်၏။ ထိုနိဗ္ဗာန်နှင့် တူသော တရားသည် မရှိ၊ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ-ဟု သစ္စာပြုသော ဂါထာဖြစ်၏။

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ-စသောဂါထာဖြင့် မြတ်စွာဘုရားဟောကြားအပ်သော ဝိနည်းသုတ္တန်, အဘိဓမ္မာဟူသော ပိဋကသုံးပုံ ပရိယတ်တရားတော်ကြီးသည် အစ, အလယ်, အဆုံး ကောင်းမြတ်ခြင်း, အနက်သဒ္ဒါနှင့် ပြည့်စုံခြင်း နိဗ္ဗာန်ချမ်းသာကို ရစေနိုင် ရောက်စေနိုင်ခြင်း- ဟူသော ဂုဏ်တို့နှင့် ပြည့်စုံကြောင်း သစ္စာပြုပြီး ထိုသစ္စာကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ-ဟု သစ္စာပြုထားပုံကို ပြသည်။

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ-စသော ဂါထာဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ရည်, ထိုရဟန္တာတို့ ရထားသည့် အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့၏ ဂုဏ်ရည် တို့ကို ထုတ်ဖော်ပြီး သစ္စာပြုသည်။

ဤသို့စသည်ဖြင့် ရတနသုတ်တော်၌ ဗုဒ္ဓကိုယ်တော်တိုင် ဓမ္မ၏ ဂုဏ်ရည်များကို မိန့်ကြားထားရာ "ဓမ္မံ သရဏံ ဂစ္ဆာမိ "အရ ကိုးကွယ်ရမည့် တရားဟူသည်မှာ မဂ်လေးပါး,ဖိုလ်လေးပါး, နိဗ္ဗာန်နှင့် ပရိယတ္တိ တရားတို့ ဖြစ်ပေသည်။ (ခုဒ္ဒက-၅၊ ၇။ သုတ္တနိပါတ် ၃၁၂-၅)

ထို့ကြောင့်ပင် ဘုရားရှင်၏ အလိုတော်ကို သိတော်မူသော အဋ္ဌကထာဆရာများက ဓမ္မာနုဿတိခန်းဝယ် ဓမ္မ-အရ ထိုမဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ်(၁၀)ပါးသော တရားတော်မြတ်ကို ယူရမည်ဖြစ်ကြောင်း ဖွင့်ဆိုတော်မူခြင်းဖြစ်သည်။

## ဘုရားရှင်တပင် အလေးအမြတ်ပြုရ

မြတ်ဗုဒ္ဓ ဘုရားဖြစ်ပြီးနောက် မကြာမီ မည်သူ့ကို အလေး အမြတ်ပြု၍(ဝါ) အမှီပြု၍ နေရပါအံ့နည်းဟု စဉ်းစားသောအခါ ၃၁-ဘုံ

http://www.dhammadownload.com



အတွင်း မိမိထက် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မြင့်မြတ်သောသူကို မဆိုထားဘိ တန်းတူပုဂ္ဂိုလ်ကိုပင် မတွေ့မမြင်သောကြောင့် မိမိသိမြင်အပ်သော မဂ်, ဖိုလ်, နိဗ္ဗာန် တရား တော်ကိုပင် အလေးအမြတ်ပြု အမှီပြု၍ နေတော့မည်ဟု ဆုံးဖြတ်တော်မူခဲ့ရပေသည်။ (အံ-၁၊ ၃၊ ၃၂၉)

ဤသည်ကို ထောက်လျှင်လည်း အားကိုးထိုက် အလေးအမြတ်ပြုထိုက်သော တရားဟူသည် လောကုတ္တရာ တရားတော်များသာ ဖြစ်ကြောင်း သိနိုင်ပေသည်။

## မှားယွင်းသော ဟောပြောချက်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက"ခင်ပွန်းဖြစ်သူက တရားအားထုတ်နေတာကို ဇနီး, သားသမီးတို့က မကျေနပ်ရင် ကဲ့ရဲ့ရင် အဲဒီတရားဟာ တရားမဟုတ်။ ဇနီးတရားအားထုတ်နေတာကို ခင်ပွန်းသည်က သဘောမတူရင် ကဲ့ရဲ့ရင် ထိုဇနီးအားထုတ်နေတဲ့တရားဟာ တရားမဟုတ်။ တရားထိုင်လို့ နာတယ်, ကျင်တယ်ဆိုရင် အဲဒီတရားဟာ တရားမဟုတ်"ဟု ဟောပြောထားရာ မည်မျှမှားယွင်းနေသည်ကို အလွယ်တကူ သိနိုင်ပေသည်။

ဦးဝိစိတ္တသာရာဘိဝံသ အလို"သူတစ်ပါးပစ္စည်း ခင်ပွန်းသည်က ခိုးလာလို့ ထိုကိစ္စကို ဇနီးကလဲ သဘောကျ သားသမီးတွေကလည်း သဘောကျရင်, ချီးမွမ်းရင် ထိုခိုးမှုသည် (ဝါ)ထိုအကုသိုလ်သည် သွာက္ခာတဂုဏ်နှင့် ပြည့်စုံ၍ တရားစစ် တရားမှန်ဖြစ်သည်ဟု ဆိုရာရောက်သည်။

လူတော်တော်များများ အရက်ကို စွဲစွဲလမ်းလမ်း သောက်နေကြရာ အရက်သောက်လို့ တစ်စုံတစ်ရာ ပြဿနာမပေါ်ရင် အရက်သောက်က ကုသိုလ်ဖြစ်သည်ဟု ဆိုရာရောက်သည်။

http://www.dhammadownload.com


ကြက်ငှက်တို့ကို မိသားစုပိုင်းဝန်းသတ်ဖြတ်၍ ရောင်းခြင်း, စားသုံးခြင်းပြုလျှင် ထိုပါဏာတိပါတ အကုသိုလ်သည် သူတော်ကောင်းတရား (ဝါ) သွာက္ခာတဂုဏ်နှင့် ပြည့်စုံသောတရားဟု ဆိုရာရောက်၏။

ကာမပိုင်ရှိသော ယောကျာ်း, မိန်းမက မိမိ၏ကာမပိုင် မိန်းမ, ယောကျာ်းမသိဘဲ အခြားသော မိန်းမ, ယောကျာ်းများနှင့် ဖေါက်ပြားကျူးလွန်လျှင် (တိတ်တိတ်ပုန်းဖေါက်ပြားကြလျှင်) ထိုကာမမှုသည် တရားဖြစ်သည် သွာက္ခာတဖြစ်သည်။ အပြစ်မရှိဟု ဆိုရာရောက်၏။

တရားထိုင် တရားရှုမှတ်ရာ၌ နာလာ, ကျင်လာလျှင် ထိုတရားသည် တရားမဟုတ်, တရားမဟုတ်တာကို လုပ်သောကြောင့် မတရားအကုသိုလ်ဖြစ်၏ဟု ဆိုရာရောက်၏။

အမှန်မှာ ထိုသို့မဟုတ်ပေ။ တရားဟူသည် သူတော်ကောင်းတို့ ချီးမွမ်း၍ အပြစ်ကင်းစင်သော အလုပ်ဖြစ်၏။ ကောင်းကျိုးကိုပေးသော အလုပ်လည်းဖြစ်၏။ မိမိသဘောမကျ၍ (ဝါ) မိမိအကြိုက်နှင့် မကိုက်ညီ၍ ကဲ့ရဲ့ရှုံ့ ရှုတ်ချရှုံ့မှုဖြင့် မတရားအကုသိုလ်မဖြစ်။

ဘိုအတူ သူတော်ကောင်းတို့ မချီးမွမ်းသောအလုပ် အပြစ်မကင်းသောအလုပ်, မကောင်းကျိုးပေးမည့် အလုပ်ဖြစ်လျှင် လူတွေက ဘယ်လောက်ချီးမွမ်း ချီးမွမ်း ထိုအလုပ်သည် မတရားအလုပ်, အကုသိုလ်အလုပ်သာ ဖြစ်၏။ မိမိအကြိုက်နှင့် မကိုက်ညီ၍ မတရားဟု-သတ်မှတ်ခြင်း၊ မိမိအကြိုက်နှင့် ကိုက်ညီသဖြင့် တရားဟု-သတ်မှတ်ခြင်းသည် မှန်ကန်သော သတ်မှတ်ချက်မဟုတ်ပေ။

## မပြောင်းလဲသောတရား

တရားဟူသည် ဖေါက်ပြန်ပြောင်းလဲသော သဘောမရှိဘဲ မှန်ကန်တည့်မတ်သော သဘောဖြစ်သည်။ ကုသိုလ်တရားသည် ကောင်းကျိုးကိုပေးသည်။ အကုသိုလ်တရားသည် ဆိုးကျိုးကိုပေးသည်။ လူပုဂ္ဂိုလ်ကွဲပြားသောကြောင့် (သို့မဟုတ်)အချိန်အခါ မတူညီသောကြောင့် (သို့မဟုတ်)

http://www.dhammadownload.com


အဆင့်အတန်း အရှိန်အဝါ မတူညီသောကြောင့် (သို့မဟုတ်) မိမိတို့၏ စိတ်ကြိုက်ချင်းမတူညီသောကြောင့် ဖေါက်ပြန်ပြောင်းလဲခြင်း သဘော မရှိပေ။

သူတစ်ပါးအသက်ကို သူဌေးကသတ်သတ် ဆင်းရဲသား ဒုစရိုက် သမားကသတ်သတ် သတ်သူတိုင်း ပါဏာတိပါတ အကုသိုလ်ဖြစ်သည်။ သူဌေးဖြစ်သောကြောင့် သူဌေးမှာပါဏာတိပါတ အကုသိုလ်မဖြစ်ဟု မဆိုနိုင်။ အကုသိုလ်ဖြစ်သည်သာ။

ထို့အတူ ကြည်ညိုသောစိတ်, ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့် ဒါနဝတ္ထုကို လှူဒါန်းခဲ့လျှင် သူတောင်းစား ဆင်းရဲသားကလှူလှူ သူဌေး သူကြွယ်ကလှူလှူ ဒါနကုသိုလ်ရသည်သာ ဖြစ်သည်။ ဆင်းရဲသားကလှူ သော် ကုသိုလ်မရ။ သူဌေးကလှူမှ ကုသိုလ်ရသည် ဟူသောအဖြစ်မျိုး မရှိပေ။ ထို့ကြောင့် တရားတော်သည် တရားတော်၏ သဘာဝအတိုင်း ခိုင်ခိုင်မာမာရပ်တည်သည်။ မျက်နှာလိုက်ခြင်း မရှိပေ။

လင်ယောကျ်ား သဘောမတူဘဲ မယားကလှူရာ၌ မယားတွင် ကုသိုလ်ဖြစ်သော်လည်း လင်မှာမူ ကုသိုလ်မရပေ။ လင်ကသဘောမတူ သဖြင့် မယားမှာကုသိုလ်မရ မရှိပေ။ ကုသိုလ်ရသည်သာ ဖြစ်သည်။

ဤသို့သော အကြောင်းအချက်များကို ထောက်ဆ၍ စောဒက ဆရာတော်တို့ တင်ပြထားသည့် ဤအမှတ် (၁၅) စောဒနာပါ စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်တို့သည် အမွှဝါဒသာ ဖြစ်သည်။

## အမှတ် (၁၆)စောဒနာ၊ သောဓနာစိစစ်ချက်

စောဒကဆရာတော်များက စုဒိတကဦးဝိစိတ္တသာရာဘိဝံသ၏ "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ"ဟူသော တရားတိပ်ခွေတွင် ပါဝင်သော ဖော်ပြလတ္တံ့ပါ ဟောပြောချက်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ဆန့်ကျင် သဖြင့် အမွှဝါဒဖြစ်ကြောင်း ဆုံးဖြတ်ပေးပါရန် တင်ပြထားကြပေသည်။

http://www.dhammadownload.com



## စုဒီတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်

"သန္ဒိဋ္ဌိက ကိုယ်တိုင်မြင်နိုင်တဲ့တရားဖြစ်ရမယ်။ ကဲယနေ့ခေတ် တရားထိုင်ကြတယ်။ ဆရာက မင်းထိုင်အလုပ်တစ်ခုပေးထားလိုက်တယ် ဗျာ၊ ဖွာခေါင်းမှာဖြင့် ဖွာခေါင်းမှာမှတ်။ ဗိုက်မှာဖြင့် ဗိုက်မှာမှတ်၊ ငယ်ထိပ် မှာဖြင့် ငယ်ထိပ်မှာမှတ်။ ခြေမှာမှတ်။ မှတ်ချင်တဲ့နေရာမှတ်ပေါ့ဗျာ။ ခိုင်းပြီ။ ဆရာကခိုင်းပြီဆိုတော့ ခိုင်းတဲ့အတိုင်း လုပ်ရပြီပေါ့။ လုပ်တဲ့အဆုံးမှာ ဒီ့ဘာဖြစ်လာမှာတုန်း။ လုပ်တဲ့သူက သိပ့်မလား။ မသိပါဘူး။ သိတယ် ဆိုတာ ရမ်းပြောတာ။ အစလုပ်တုန်းကထဲက ဘာမျှမသိဘူး။ ခိုင်းတာ လုပ်နေရတာ။ မဟုတ်တာကြီးနဲ့ တွေ့နေရရင် ဒုက္ခ။ အဲဒီတော့ သန္ဒိဋ္ဌိက တဲ့။ တရားကို စကျင့်ပြီဆိုကထဲက အဲဒီတရားကို ကျင့်တဲ့သူက သိရမယ်။ ကျုပ်ကတော့ မသိရင်တော့ မကျင့်ချင်ဘူး။ သိမှကျင့်ချင်တာ။ မသိတာကြီး လာခိုင်းရင်တော့ ဘာဖြစ်မှာမှန်းလည်းမသိ၊ ဘာဖြစ်မှာမှန်းလည်း မသိ ဆိုတော့ ဟာ-ဒါသန္ဒိဋ္ဌိကဂုဏ်နဲ့ မကိုက်သေးပါဘူး၊ လုပ်လို့မဖြစ်ဘူး။ ဒီလို ဖြင်းရမှာ ခင်ဗျားတို့။

သန္ဒိဋ္ဌိကဆိုတာ တရားကိုကျင့်သုံးတော့မယ်ဆိုရင် ကျင့်သုံးတဲ့ သူဟာ သူကိုယ်တိုင်သိရမယ်။ ကိုယ်တိုင်သိမယ်ဆိုတော့ သိနိုင်တဲ့အရာမှာ လူမှာငါးမျိုးရှိတယ်။ ခင်ဗျားတို့မှာ မျက်စိပါတယ်၊ နားပါတယ်၊ နှာခေါင်း ပါတယ်။ လျှာ၊ ကိုယ်ပါတယ်၊ ငါးချက်ပါတယ်။ အဲဒီအာရုံ အပြင်ကအာရုံ လက်ခံပြီးတော့ မျက်စိက အဆင်းမြင်တဲ့အခါ ဘာအာရုံဆိုတာ ခင်ဗျား တို့သိမယ်။ နားက အသံကိုကြားလိုက်တယ်ဆိုလို့ရှိရင်လည်း ဘာအသံ ဆိုတာ ခင်ဗျားတို့သိမယ်။ ကောင်းတာလား ဆိုးတာလားဆိုတာ ခင်ဗျား တို့သိမယ်။ နှာခေါင်းက အနံ့နံ့ပြီဆိုလို့ရှိရင်လည်း ခင်ဗျားတို့ အဆိုး၊ အကောင်းသိမယ်။ ပါးစပ်ထဲမှာ စားပြီဆိုလို့ရှိရင်လည်း အရသာ အကောင်း၊ အဆိုး ခင်ဗျားတို့သိမယ်။ ခင်ဗျားတို့ကိုယ်နဲ့ ထိမိလိုက်ပြီ ဆိုလို့ ရှိရင်လည်း ဒါကောင်းသလား၊ မကောင်းဘူးလား ခင်ဗျားတို့သိမယ်။ အဲဒီလို သိနိုင်တဲ့အရာဖြစ်ရမယ်။ ဒါကိုယ်တိုင် သိရမှာနော်။ သူများပြော

http://www.dhammadownload.com



လို့ သိရတာမျိုး မဟုတ်ဘူး။ ကိုယ်တိုင်သိရမယ်ဆိုတာ သံ, ဒိဋ္ဌိက ကိုယ်တိုင် သိမြင်နိုင်တဲ့အရာမျိုးဖြစ်ရမယ်။ (ကိုယ့်ကိုယ်ကိုသာ အားကိုးပါမှ)

စုဒိတကဦးဝိစိတ္တသာရာဘိဝံသ ဟောလိုရင်းမှာ မျက်စိနဲ့မြင်လို့ ရမှ, နားနဲ့ကြားလို့ရမှ, နှာခေါင်းနဲ့အနံ့ခံလို့ရမှ, လျှာဖြင့်လျက်လို့ရမှ, ကိုယ်ဖြင့်ထိတွေ့လို့ရမှ သန္ဒိဋ္ဌိကဖြစ်သည်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့နဲ့ ထိတွေ့လို့ရမှ သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံ၍တရားဖြစ်သည်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်ဖြင့် ထိတွေ့မရလျှင် တရားမဟုတ်ဟု ဆိုလိုသည်။

## သန္ဒိဋ္ဌိကဖွင့်ဆိုချက်

သန္ဒိဋ္ဌိကော ဓမ္မော-ဟူသော ဓမ္မဂုဏ်တော်လာ သန္ဒိဋ္ဌိကောကို-

သန္ဒိဋ္ဌိကောတိ ဧတ္ထ ပန အရိယမဂ္ဂေါ တာဝ အတ္တနော သန္တာနေ ရာဂါဒီနံ အဘာဝံ ကရောန္တေန အရိယပုဂ္ဂလေန သာမံ ဒဋ္ဌဗ္ဗောတိ သန္ဒိဋ္ဌိကော။. . . .

အပိ စ နဝဝိဓောပိ လောကုတ္တရဓမ္မော ယေန ယေန အဓိဂတော ဟောတိ၊ တေန တေန ပရသဒ္ဓါယ ဂန္တဗ္ဗတံ ဟိတွာ ပစ္စဝေက္ခဏာဉာဏေန သယံ ဒဋ္ဌဗ္ဗောတိ သန္ဒိဋ္ဌိကော။

အထ ဝါ ပသတ္ထာ ဒိဋ္ဌိ သန္ဒိဋ္ဌိ၊ သန္ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော။ တထာ ဟေတ္ထ အရိယမဂ္ဂေါ သမ္ပယုတ္တာယ, အရိယဖလံ ကာရဏဘူတာယ, နိဗ္ဗာနံ ဝိသယိဘူတာယ သန္ဒိဋ္ဌိယာ ကိလေသေ ဇယတိ။ တသ္မာ ယထာ ရထေန ဇယတီတိ ရထိကော၊ ဧဝံ နဝဝိဓောပိ လောကုတ္တရဓမ္မော သန္ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော။

အထ ဝါ ဒိဋ္ဌန္တိ ဒဿနံ ဝုစ္စတိ။ ဒိဋ္ဌမေဝ သန္ဒိဋ္ဌံ၊ ဒဿနန္တိ အတ္ထော။ သန္ဒိဋ္ဌံ အရဟတီတိ သန္ဒိဋ္ဌိကော။ လောကုတ္တရဓမ္မော ဟိ ဘာဝနာ-ဘိသမယဝသေန သစ္ဆိကိရိယာဘိသမယဝသေန စ ဒိဿမာနောယေဝ ဝဋ္ဋဘယံ နိဝတ္တေတိ။ တသ္မာ ယထာ ဝတ္ထံ အရဟတီတိ ဝတ္ထိကော။ ဧဝံ သန္ဒိဋ္ဌံ အရဟတီတိ သန္ဒိဋ္ဌိကော။ (ဝိသုဒ္ဓိမဂ္ဂ။၁။၂၀၉)

http://www.dhammadownload.com


ဤဖွင့်ဆိုချက်ကို အကျဉ်းချုပ်လိုက်ပါလျှင် ရာဂစသော ကိလေသာတို့ကို ပယ်သတ်တတ်သော တရားဖြစ်ခြင်း၊ သံသရာဝဋ်ကို ပယ်ဖြတ်ရှင်းလင်းပေးနိုင်သော တရားဖြစ်ခြင်း၊ မိမိတို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် မျက်မှောက်ထင်ထင် တွေ့မြင်နိုင်သော တရားဖြစ်ခြင်းဟူသော ဤအင်္ဂါသုံးချက်နှင့် ညီညွတ်သော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တရားဟူသော လောကုတ္တရာ တရားကိုးပါးသည် အရိယာပုဂ္ဂိုလ်တို့ကိုယ်တိုင် သိမြင်အပ်သောကြောင့် သန္ဒိဋ္ဌိက မည်၏ဟု ဆိုလိုပေသည်။

ဤဖွင့်ဆိုချက်၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ကိုယ်တိုင်သိမြင်အပ်သော တရားသည်သာ သန္ဒိဋ္ဌိကဂုဏ်ထိုက်သည်။ သာမန် လောကီကုသိုလ်, အကုသိုလ်တရားများသည် သန္ဒိဋ္ဌိကဂုဏ် မထိုက်ပေ။

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဖြင့် ထိတွေ့၍ရနိုင်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်သာ သန္ဒိဋ္ဌိက မည်သည်ဟုဆိုထားရာ ကျမ်းဂန်အဆိုနှင့် တစ်ခြားစီ ဖြစ်နေကြောင်းတွေ့နိုင်ပေသည်။

မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တရားတို့သည် ဓမ္မာရုံသာဖြစ်၏။ ဓမ္မာရုံကို မနောဝိညာဏ ဓာတ်ဟု ဆိုအပ်သော မဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်သာ သိနိုင်၏။ အရိယာပုဂ္ဂိုလ်တို့သာ သိနိုင်၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရသေးသော ပုထုဇဉ်တို့ မသိနိုင်ပါပေ။

ဤသို့ ကိလေသာကို ပယ်သတ်နိုင်ခြင်း သံသရာဝဋ်ကို ဖြတ်တောက်နိုင်ခြင်း, မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံဖြစ်ခြင်း-ဟူသော ထူးမြတ်သော စွမ်းရည်နှင့် ပြည့်စုံသော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကို အရိယာပုဂ္ဂိုလ်တို့ အနေဖြင့် သူတစ်ပါး အပြောဖြင့် မဟုတ်ဘဲ မိမိကိုယ်သိမြင်အပ်သော တရားဖြစ်သောကြောင့် သန္ဒိဋ္ဌိက ဆိုရပေသည်။

http://www.dhammadownload.com


## သိအောင်လို့ကျင့်ရသည်

စုဒိတကဦးဝိစိတ္တသာရာဘိဝံသက"မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်"ဟူသော ပသာဒငါးမျိုးဖြင့် သိရမှ ကျင့်ချင်တာ။ အဲဒါတွေနဲ့ မသိရရင် မကျင့်ရဘူး ဟုလည်းကောင်း၊ ကျုပ်ကတော့ မသိရင်တော့ မကျင့်ချင်ဘူး။ သိမှ ကျင့်ချင်တာ ဟုလည်းကောင်း ဟောပြောထားရာ "သိမှ ကျင့်ချင်တာ" ဟူသော စကားသည် မှားယွင်းသော စကားဖြစ်သည်။

ပညာသင်နေသော ကလေးတစ်ယောက်အဖို့ ကကြီး, ခခွေး စသည့် အက္ခရာတို့ကို မသိသေးသဖြင့် ကကြီးခခွေးစသည်ကို သင်ရခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မည်သည့်ပညာရပ်ဖြစ်စေ မသိသေးလို့ သိအောင် သင်ကြားရခြင်းဖြစ်သည်။ သိသွားရလျှင် သင်စရာမလိုတော့ပေ။ အခြားအခြား လောကီပညာ, လောကုတ္တရာပညာများလည်း ဤနည်းအတိုင်းပင် မသိသေး၍ သင်နေရခြင်း ဖြစ်၏။

ထို့အတူ ဝိပဿနာတရား, မဂ်တရား, ဖိုလ်တရား ဟူသော အဆင့်မြင့်သော တရားတို့ကိုလည်း မသိသေး မရသေး၍ ကျင့်ကြံပွားများအားထုတ်ရခြင်းဖြစ်၏။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို မသိသေး မရသေး၍ လောကီဝိပဿနာ မဂ္ဂသစ္စာဟူသော သီလ, သမာဓိ, ပညာ တရားတို့ကို ပွားများရခြင်း ကျင့်ကြံအားထုတ်ရခြင်း ဖြစ်သည်။

သို့ဖြစ်၍ ဦးဝိစိတ္တသာရာဘိဝံသ၏ "ကျုပ်က သိမှ ကျင့်ချင်တာ၊ မသိရင် မကျင့်ချင်ဘူးဟူသော စကားသည် ပါစင်အောင် လွဲမှားသော အယူအဆသာ ဖြစ်သည်။

သို့ကြောင့် အလွန်မြင့်မြတ်သော မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတို့၏ သန္တိဋ္ဌိက ဂုဏ်တော်မြတ်ကို သေးသိမ်အောင် လုပ်သော ဦးဝိစိတ္တသာရာဘိဝံသ၏ အမှတ်(၁၆)စောဒနာတွင် စောဒကတို့ တင်ပြထားသော ဟောပြောချက်နှင့် အလားတူ ဟောပြောချက် ရေးသားချက်တို့သည် အဓမ္မဝါဒသာဖြစ်သည်။

http://www.dhammadownload.com


## အမှတ်(၁၇) စောဒနာ၊ သောဓနာစိစစ်ချက်

စောဒနာ ဆရာတော်များက စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ ဟောပြောသော "ကိုယ့်ကိုယ်ကိုသာ အားကိုးပါ"ဟူသော တိပ်ခွေပါ ဖော်ပြလတ္တံ့ပါ ဟောပြောချက်တို့သည် ပိဋကတ်တော်နှင့် ဆန့်ကျင်နေ၍ အဓမ္မဝါဒဟု ဆုံးဖြတ်ပေးပါရန် တင်ပြထားပေသည်။

"အကာလိကော"ကာလိကဆိုတာ ကာလရှိတာ၊ အ-ဆိုတာ တားမြစ်တဲ့စကား၊ မရှိတာ။ တရားဆိုတာ မနက်ခင်းလေးပဲ ကျင့်လို့ရတယ်၊ နေ့လယ်ခင်းကျ ကျင့်လို့မရဘူး၊ ညနေကျ ကျင့်လို့မရဘူး၊ နေ့လယ်ပဲ ကျင့်လို့ရတယ်၊ မနက်ခင်းမရဘူး၊ ညနေကျင့်လို့ မရဘူး၊ ညနေ ကျင့်လို့ရတယ်၊ မနက်ကျင့်လို့ မရဘူး၊ အဲဒါဆိုလို့ရှိရင် ကာလရှိတဲ့ တရားကြီး ဖြစ်နေပြီ။ အကာလိတ ကာလမရှိဘူးဆိုတာ အချိန်တိုင်း ကျင့်လို့ရရမယ်။ အကာလိကဆိုတာ အချိန်တိုင်း တရားကျင့်လို့ ရရမယ်၊ ဒီလိုမှတ်ပါ။

## အကာလိကအစစ်

အကာလိက-ဟူသည် အချိန်မဆိုင်းဘဲ အကျိုးကို ချက်ချင်း လက်ငင်း ပေးတတ်သော မဂ်လေးပါးတရားတည်း။ မဂ်လေးပါးသည် မိမိ (မဂ်)ဖြစ်ပြီးသည်၏ အခြားမဲ့၌ အခြားတရားတို့ကို မဖြစ်စေဘဲ မိမိ၏ အကျိုးတရားကိုသာ ပေးမြဲဖြစ်၏။ လောကီကုသိုလ်တရားများသည်ကား မိမိ၏ အခြားမဲ့၌ မိမိ၏ အကျိုးကို ဖြစ်စေတတ်သော သဘော မရှိ။ တစ်ချို့ကုသိုလ်ကံများ ဤဘဝတွင် အကျိုးမပေး နောင်ဘဝ နောင်ဘဝ တွေမှာ အကျိုးပေး၏။ ယခုဘဝ အကျိုးပေးသည့် ဒိဋ္ဌဓမ္မဝေဒနီယ ကုသိုလ်ကံများသည်ပင် အချို့ကံများ ငါးရက် ခုနစ်ရက်စသည် စောင့်ရ သေး၏။ အချို့ကံများ နေ့ချင်းအကျိုးပေးသော်လည်း တစ်နာရီ နှစ်နာရီ စသည် ကာလတွေ ခြားပြီးမှ အကျိုးပေး၏။

http://www.dhammadownload.com


အမှတ်(၇)စောဒနာ စိစစ်ချက်၌ ပြခဲ့ပြီးသည့်အတိုင်း နေ့ချင်း ညချင်း အကျိုးပေးကြသော မောင်ပုဏ္ဏတို့ မိသားစု၊ မလ္လိကာဒေဝီတို့သည် ပင် မိမိပြုသော ကုသိုလ်စိတ်၏ အခြားမဲ့၌ ချက်ချင်းလက်ငင်း အကျိုးမပေး သေးဘဲ နှစ်နာရီ သုံးနာရီ စသည်ဖြင့် ကာလခြား ကွယ်မှုတွေရှိခဲ့၏။

မဂ်ကုသိုလ် (လောကုတ္တရာကုသိုလ်) များသည်ကား မိမိ၏ အခြားမဲ့၌ အခြားမည်သည့် တရားကိုမျှဖြစ်ခွင့် မပေးဘဲ မိမိ၏ အကျိုးအစစ် ဖြစ်သော ဖိုလ် (လောကုတ္တရာဝိပါက်) ကို ဖြစ်စေသည်။ သောတာပတ္တိမဂ် ကုသိုလ်သည် သောတာပတ္တိဖိုလ်ဟူသော မိမိအကျိုးကို မိမိ၏ အခြားမဲ့၌ (မိမိဖြစ်ပြီးလျှင်ဖြစ်ပြီးချင်း) ဖြစ်စေသည်။ သကဒါဂါမိမဂ် ကုသိုလ်သည် မိမိ၏အခြားမဲ့၌ သကဒါဂါမိဖိုလ်တည်းဟူသော မိမိအကျိုး (ဝိပါက်) ကို ဖြစ်စေ၏။ အနာဂါမိမဂ်ကုသိုလ်စိတ်၊ အရဟတ္တမဂ်ကုသိုလ် စိတ်များသည်လည်း ထိုနည်းတူစွာပင်။

ဤသို့ မဂ်ကုသိုလ် (လောကုတ္တရာကုသိုလ်) များက မိမိ၏ အခြားမဲ့၌ မိမိ၏အကျိုး (လောကုတ္တရာဝိပါက်) ဖိုလ်စိတ်များကို ဖြစ်စေခြင်းမှာ အလွန် အစွမ်းထက်သော ကုသိုလ်ဖြစ်သောကြောင့် ပေတည်း။

မှန်၏။ ကာမာဝစရကုသိုလ်များ၊ ရူပဝစရ၊ အရူပါဝစရကုသိုလ်ဟု ဆိုအပ်သည့် မဟဂ္ဂုတ်ကုသိုလ်များသည် ကိလေသာကို အရင်းပြတ် မသတ်နိုင်သောကြောင့် မိမိ၏အခြားမဲ့၌ မိမိ၏အကျိုးကို ချက်ချင်းလက်ငင်း မဖြစ်စေနိုင်ပေ။ ဤလောကုတ္တရာမဂ်စိတ်များကား ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်သောကြောင့် မိမိအကျိုးဝိပါက် စိတ်ကို မိမိ၏အခြားမဲ့၌ ချက်ချင်းလက်ငင်း ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်ပေသည်။

ထို့ပြင် ဤလောကုတ္တရာမဂ်စိတ်တို့သည် လောကီကုသိုလ်တို့နှင့် များစွာ ထူးခြားထက်မြက်ကြသည်။ ကာမာဝစရကုသိုလ်ကံကို ပြုပြီး နောက် ကာမာဝစရကံက အကျိုးပေးခွင့် မသာသေးသဖြင့် အကျိုးပေးခွင့် မရသေးဘဲ အခြားကုသိုလ်ကံ၊ အကုသိုလ်ကံတို့က အကျိုးပေးသွားခြင်း

http://www.dhammadownload.com


များ၊ မဟဂ္ဂုတ်ကုသိုလ်ကြောင့် ဖြဟ္မာဘုံ၌ ဖြစ်ရသော်လည်း (မဂ်မရ သေးတ) သုဂတိဘုံများသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အပါယ်ဘုံများ သို့လည်းကောင်း ရောက်သွားနိုင်သေးသည်။

ဤမဂ်ကုသိုလ်ကား ထိုသို့ ဂတိမှောက်မှားမှု (ဂတိဝိပတ္တိ) ကို မဖြစ်စေဘဲ မဂ်ရသည့်ဘဝမှစ၍ အပါယ်လေးဘုံတို့သို့ မလားမရောက်ရ တော့ဘဲ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဟူသော သုဂတိဘုံတို့သို့သာ ရောက်စေလေတော့သည်။ အရဟတ္တမဂ်ရသော ပုဂ္ဂိုလ်အဖို့မှာမူကား ဘဝ အားလုံးမှ လွတ်မြောက်ရလေတော့သည်။

## မဂ်ကုသိုလ်၏ စွမ်းအား

မဂ်သည် မိမိ၏ အခြားမဲ့၌ မိမိ၏ဖိုလ် (အကျိုး)ကို သေချာပေါက် ဖြစ်စေတတ်ပေသည်။ မြတ်ဗုဒ္ဓက မဂ်၏ စွမ်းအားကို ဖော်ပြပါအတိုင်း ဟောထားသည်ကိုလည်း တွေ့သိကြည့်ရှုနိုင်ပေသည်။

> အယဉ္စ ပုဂ္ဂလော သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော အဿ၊ ကပ္ပဿ စ ဥဍ္ဍယှနဝေလာ အဿ၊ နေဝ တာဝ ကပ္ပေါ ဥဍ္ဍယှေယျ။ ယာဝါယံ ပုဂ္ဂလော န သောတာပတ္တိဖလံ သစ္ဆိကရောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဌိတကပ္ပီ။ သဗ္ဗေပိ မဂ္ဂသမင်္ဂိနော ပုဂ္ဂလာ ဌိတကပ္ပိနော။ (ပုဂ္ဂလပညတ်၊ ၁၁၆)

မဂ်က မိမိ၏ ဖိုလ်အား သေချာပေါက်အကျိုးပေးပုံကို အထက်ပါ စကားရပ်ဖြင့် မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့၏။

ယင်းပါဠိတော်၏ဆိုလိုရင်းမှာ သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ် သည် သောတာပတ္တိမဂ် ရရချင်း ကမ္ဘာဖျက်မီးကြီးကလည်း လောင်မည် ဆိုလျှင် ထိုသောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ် မရသေးသမျှ ကမ္ဘာဖျက်မီးကြီးက မလောင်နိုင်၊ သောတာပတ္တိဖိုလ်သို့ ရောက်ပြီးမှသာ ကမ္ဘာဖျက်မီးကြီးက လောင်နိုင်သည်ဟု ပရိကပ္ပောပမာကို ပြသည်။

http://www.dhammadownload.com


မှတ်ချက်။ ။ ဤဒေသနာတော်၏ ဆိုလိုရင်းမှာ သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်တို့ (မဂ်ပြီးလျှင်ဖိုလ်)ဆက်ဖြစ်ပုံကို ပြသောစကားရပ်ဖြစ်သည်။ သောတာပတ္တိမဂ်ဖြစ်ပြီး အတော်ကြာမှ သောတာပတ္တိဖိုလ် ဖြစ်သည်ဟု ဆိုလိုသည် မဟုတ်။ သောတာပတ္တိမဂ်ဖြစ်ပြီးရင် သေချာပေါက် သောတာပတ္တိဖိုလ် ဖြစ်မည်။ ကမ္ဘာပျက်မှာတောင် မပျက်သေးဘဲ သောတာပတ္တိဖိုလ် ဖြစ်အောင် စောင့်ရသေးသည်ဟု မဂ်နောင်ဖိုလ် ဆက်တိုက် ဖြစ်ပုံကို လေးနက်ထင်ရှားအောင် ပြဆိုအပ်သော စကား ဖြစ်သည်။

ဤပြဆိုအပ်ပြီးသော ဒေသနာတော်များအရ အကာလိက အစစ်မှာ မဂ်လေးပါးတရားသာ ဖြစ်သည်။

ရတနသုတ်၌လည်း ဤမဂ်လေးပါးကိုပင် ရည်ရွယ်၍-

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊

သမာဓိ' မာနန္တရိက'ည'မာဟု။

သမာဓိနာ တေန သမော နဝိဇ္ဇတိ၊

ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ (ခုဒ္ဒကပါဌ၊ ၆)

ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။

## အကာလိက အတု

စုဒိဘာက ဦးဝိစိတ္တသာရာဘိဝံသ ဟောပြောသော "တရားဆိုတာ မနက်ခင်းပေးပဲ ကျင့်လို့ရတယ်၊ နေ့လယ်ခင်းကျ ကျင့်လို့မရတော့ဘူး၊ ညနေကျကျင့်လို့ မရဘူး၊ နေ့လယ်ပဲ ကျင့်လို့ရတယ်၊ မနက်ခင်းမရဘူး၊ ညနေကျ ကျင့်လို့မရဘူး၊ ညနေကျင့်လို့ရတယ်၊ မနက်ကျင့်လို့မရဘူး၊ အဲဒါဆိုရင် ကာလရှိတဲ့တရားကြီး ဖြစ်နေပြီ။ အကာလိက-ကာလ မရှိဘူးဆိုတာ အချိန်တိုင်း ကျင့်လို့ရရမယ်။ အကာလိကဆိုတာ အချိန်တိုင်း

http://www.dhammadownload.com


တရားကျင့်လို့ ရရမယ်"ဟူသော စကားရပ်သည်" ကောင်းသော တရားတော်ကို အချိန်မရွေး ကျင့်ရမယ် ဟူသော ရည်ရွယ်ချက်ဖြင့် ဟောလျှင် ဗုဒ္ဓတရားတော်နှင့် မဆန့်ကျင်သော ဟောပြောချက်ဟု ဆိုနိုင် ပေသည်။

သို့သော် အတိတ်ဘဝကပြုခဲ့သော ကုသိုလ်, အကုသိုလ်ကံ ကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ ကောင်းကျိုး မကောင်းကျိုးတို့ကို ခံစားနေရ သည် ဟူသော သဘောတရားနှင့် ယခုဘဝပြုသည့် ကုသိုလ်, အကုသိုလ် ကံတို့ကြောင့် နောင် အနာဂတ်ဘဝမှာ ကောင်းကျိုး, မကောင်းကျိုးတို့ကို ခံစားရလိမ့်မည်ဟူသော သဘောတရားတို့သည် ကာလကွဲပြား ခြားနားနေ သည့် အတွက် တရားအစစ် မဟုတ်ဟုလည်းကောင်း။

ခိုးလို့ သူခိုးဖြစ်တယ်၊ သတ်လို့ လူသတ်သမားဖြစ်တယ်ဆိုတဲ့ တရားသဘောသည် ယခုမျက်မှောက်ဘဝမှာပင် ချက်ချင်းလက်ငင်း သိအပ်သော သဘောတရားဖြစ်သောကြောင့် ထိုသဘောတရားမျိုးသည် သာ တရားအစစ်ဖြစ်သည်၊ အကာလိကဂုဏ်နှင့် ပြည့်စုံသည်ဟု လည်းကောင်း၊ ပစ္စုပ္ပန်ကမ္မဝါဒဖြင့်သာ တင်ပြထား ဟောပြောထားသော ကြောင့် အမှတ် (၁၇)စောဒနာတွင် စောဒကဆရာတော်တို့ တင်ပြထား သော စုဒိတက ဦးဝိစိတ္တသာရာဘိဝံ၏ ဟောပြောချက်နှင့် သောဓနာလွှာ တွင် ဖော်ပြထားသော ဖြေရှင်းချက်အားလုံးသည် ဗုဒ္ဓ၏ အလိုတော်နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

## အမှတ်(၁၈) စောဒနာ၊ သောဓနာစိစစ်ချက်

ဟေိပဿိကႉသူများကို ပြောပြလို့ရရမယ်။ ကိုယ်တိုင်သိရုံသာ မဟုတ်သေးဘူး၊ သူများကိုလဲ ပြောပြလို့ရရမယ်၊ ပြောပြချင်တဲ့ စိတ်လည်းရှိရမယ်၊ ကိုယ်က တရားကို ရထားပြီး သူများကို မပြောပြချင်ဘူး ဆိုလို့ရှိရင် တရားမဟုတ်သေးဘူး၊ သူများကို ပြောပြလို့မရဘူး ဆိုလို့ရှိရင် လည်း တရားမဟုတ်သေးဘူး၊ တရားဆိုတာ ဘယ်လိုဟာလဲလို့ပြောလာ

http://www.dhammadownload.com


လို့ရှိရင် ပြောလို့ရရမယ်၊ ပြောပြလို့မရဘူးဆိုလို့ရှိရင် ဟာ-လုပ်ပါကွာ၊ နောက်ကျ မင်းသိမှာပေါ့၊ ဒါဆိုလို့ရှိရင် ဒီတရားဟာ ဧဟိပဿိကဂုဏ်နဲ့ မကိုက်သေးဘူးလို့ ပြောရမှာပျော့နော်။

**(ကိုယ့်တိုယ်ကိုသာ အားကိုးပါ) တရားတိပ်ခွေမှ**

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဖော်ပြပြီး ဟောပြချက်သည် ပိဋကတ်တော်နှင့် မညီညွတ်၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးပါရန် စောဒကဆရာတော်များက တင်ပြကြသည်။

တရားဂုဏ်တော် (၆) ပါးတွင် ပါဝင်သော ဧဟိပဿိက ဂုဏ်တော်ကို-

> "ဧဟိ ပဿ ဣမံ ဓမ္မ" န္တိ ဧဝံ ပဝတ္တံ ဧဟိ ပဿဝိဓိံ အရဟတီတိ ဧဟိပဿိကော။ ကသ္မာ ပနေသ တံ ဝိဓိံ အရဟတီတိ ဝိဇ္ဇမာနတ္တာ ပရိသုဒ္ဓတ္တာ စ။
>
> အယမ္ပိ နဝဝိဓောပိ လောကုတ္တရဓမ္မော သဘာဝတော ဝိဇ္ဇမာနော ဝိဂတဝလာဟကေ အာကာသေ သမ္ပုဏ္ဏစန္ဒ-မဏ္ဍလံ ဝိယ ပဏ္ဍု ကမ္ဗလေ နိက္ခိတ္တဇာတိမဏိ ဝိယ စ ပရိသုဒ္ဓေါ။ တသ္မာ ဝိဇ္ဇမာနတ္တာ ပရိသုဒ္ဓတ္တာ စ ဧဟိ ပဿ ဝိဓိံ အရဟတီတိ ဧဟိပဿိကော။ (ဝိသုဒ္ဓိ၊ ၁၊ ၂၁၀)

ဟူ၍ ဖွင့်ပြတော်မူခဲ့သည်။

လောက၌ တကယ်လည်းရှိ သန့်ရှင်းစင်ကြယ်မှုလည်း ရှိမှ "လာပါကြည့်ပါ"ဟု ဖိတ်ခေါ်ထိုက်သည်။ အထဲ၌ ဘာမျှ မရှိပါဘဲ လက်သီးကို ဆုပ်ပြီး ဤလက်သီးဆုပ်ထဲ၌ ရွှေ ရှိပါသည်။ ငွေ ရှိပါသည်။ လာကြည့်လှည့်ကြပါ-ဟု ဖိတ်ခေါ်ခြင်းငှာ မထိုက်။ ထို့အတူ ရွံ့ဖွယ် စက်ဆုပ်ဖွယ်ကောင်းသော မစင်ကျင်းကြီးကို လာကြည့်လှည့်ကြပါဟု မဖိတ်ခေါ်ထိုက်။

ထို့နည်းတူစွာပင် တကယ်မရှိသောတရား, တကယ်ရှိသော်လည်း မစင်ကြယ် မသန့်ရှင်းသော တရားကို လာကြည့်လှည့်ပါဟု မဖိတ်ခေါ် ထိုက်ပေ။

http://www.dhammadownload.com


မဂ်လေးပါး, ဖိုလ်လေးပါး နိဗ္ဗာန်တရားတို့သည် လှူစည်းစိမ်၊ နတ်စည်းစိမ်၊ ပြဟ္မာ့စည်းစိမ်တို့ကဲ့သို့ မျက်စိဖြင့် မြင်ကောင်းသော တရားများ မဟုတ်သဖြင့် မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များ သဒ္ဓါတရား အားနည်းသော ပုဂ္ဂိုလ်များ ဝီရိယနည်းပါး အပျင်းတရား နှိပ်စက်ခံရသောသူများက ရှိသည်ဟု မယုံကြည်ကြပေ။

သဒ္ဓါတရားရှိသူ သမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသူ, ဝီရိယတရား ထက်သန်သူများကား မဂ်, ဖိုလ်, နိဗ္ဗာန် ရှိသည်ကို ယုံကြည်ကြသည်။

ထို မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့သည် ကိလေသာ အညစ်အကြေးကင်းဝေးစင်ကြယ်သည့် တကယ်ရှိနေသော တရားများ ဖြစ်၏။ ထိုသို့ တကယ်လည်းရှိ သန့်လည်းသန့်ရှင်းသောကြောင့် ထိုမဂ်, ဖိုလ်, နိဗ္ဗာန်ကို ရသော ပုဂ္ဂိုလ်တို့က အခြားအခြားသော ပုဂ္ဂိုလ်တို့ကို "လာကြစမ်းပါ၊ ရှုကြည့်ကြစမ်းပါ" ဟု ဝမ်းမြောက်ရွှင်လန်း သောစိတ်ဖြင့် ဖိတ်ခေါ်ခြင်းငှာ ထိုက်တန်သော တရားတော်ဖြစ်သည်။ ထို့ကြောင့် ဧဟိ ပဿိက ဂုဏ်တော်နှင့် ပြည့်စုံသော တရားတော်ဖြစ်သည်။

## လက်ဆုပ်လက်တိုင်ပြ၍မရ

မဂ်လေးပါး, ဖိုလ်လေးပါး နိဗ္ဗာန်တရားတို့သည် တကယ်အစစ်အမှန်ရှိကြသော အရှိတရားများဖြစ်ကြသည်။ ကိလေသာ အညစ်အကြေးများ ကင်းဝေးသဖြင့် တကယ်စင်ကြယ်သန့်ရှင်းသော တရားတော်များလည်းဖြစ်သည်။ သို့သော် မိမိရရှိသိမြင်နေသော မဂ်ဖိုလ် နိဗ္ဗာန် တရားကို အခြားသူ တစ်ပါးအား လက်ဆုပ်လက်ကိုင် ကိုင်ပြ၍ မရပေ။

ထိုမဂ်ဖိုလ်နိဗ္ဗာန်တို့၏ စင်ကြယ်ပုံ, သန့်ရှင်းပုံ, မွန်မြတ်ပုံ, အပူကင်းပုံ, ဆင်းရဲကင်းပုံကိုကိုယ်တိုင် ကိုယ်ကျတွေ့မြင်ရသော အရိယာပုဂ္ဂိုလ်က ထိုမဂ်ဖိုလ်နိဗ္ဗာန်တို့၏ ဂုဏ်ကျေးဇူးကို ပြောပြပြီး မိမိလို ကိုယ်တိုင်သိမြင်အောင် သူတစ်ပါးတို့အား အားထုတ်ကြည့်စမ်းပါ၊ ကြိုးစားကြည့်စမ်းပါဟု တိုက်တွန်းပြောဆိုခြင်းငှာသော ထိုက်တန်ပေသည်။

http://www.dhammadownload.com


ဥပမာ-ရန်ကုန်မြို့ကို လုံးဝမရောက်ဖူးသေးသော ပုဂ္ဂိုလ်တစ်ယောက်အား ရန်ကုန်မြို့သို့ ရောက်ဖူးသော ပုဂ္ဂိုလ်ကရန်ကုန်မြို့၏ သာယာလှပပုံ၊ တိုက်တာဥယျာဉ်များနှင့် စည်ကားပုံ၊ မော်တော်ကားများ ဥဒဟိုဖြတ်သန်း မောင်းနှင်း သွားလာနေကြပုံ၊ ရွှေတိဂုံစေတီတော်ကြီးနှင့် ရွှေတိဂုံကုန်းတော်မြတ်၌ သာသနိက အဆောက်အုံများဖြင့် စည်ကားလှပုံ စသည်တို့ကိုပြောပြပြီး "ရန်ကုန်ကို ရောက်အောင်သွားစမ်းပါ" ဟု တိုက်တွန်းပြောဆိုသကဲ့သို့တည်း။

ဤ၌ ရန်ကုန်မြို့ကြီး တကယ်ရှိ၊ တကယ်စည်ကားသော်လည်း ထို ရန်ကုန်မြို့ကြီးကို ယူပြ၍မရ။ တကယ် စည်းကားသာယာပုံကို မြင်တွေ့လိုလျှင် ကိုယ်တိုင်ကိုယ်ကျ ရန်ကုန်သို့ ရောက်အောင် သွားကြည့်ပါဟု တိုက်တွန်းရုံသာ တိုက်တွန်းနိုင်ပေသည်။ ဤသို့ သွားပါ သွားပါဟု တိုက်တွန်းရသည်မှာ ရန်ကုန်မြို့ကြီး တကယ်လည်းရှိ စည်ကားလည်း စည်ကားသဖြင့် သွားထိုက် ရောက်ထိုက်သောကြောင့် ဖြစ်သည်။

ရန်ကုန်မြို့ကြီး တကယ်မရှိလျှင်သော်လည်းကောင်း၊ ရှိပါသော်လည်း သာယာစည်ကားမှုမရှိဘဲ ပျင်းရိငြီးငွေ့ဖွယ်ရာသာ ဖြစ်နေသော်လည်းကောင်း သွားပါသွားပါဟု မည်သူမှ တိုက်တွန်းခြင်းပြုမည် မဟုတ်ပေ။

ဤဥပမာအတိုင်းပင် မဂ် ဖိုလ် နိဗ္ဗာန်တရားများသည် တကယ်လည်းရှိ၊ ကိလေသာအပူများလည်း ကင်းစင်ပြီး သန့်ရှင်းစင်ကြယ်သောကြောင့် လာပါကြည့်ပါ (တစ်နည်းအားဖြင့်) ထိုတရားတွေရအောင် အားထုတ်ကြပါဟု တိုက်တွန်းထိုက် ဖိတ်ခေါ်ထိုက်ပေသည်။

## ဖိတ်ခေါ်သူနှင့် အရှုခံရသူ

ဤစကားစဉ်ကို ခြုံငုံသုံးသပ်လျှင် လာပါ၊ ရှုပါဟု ဖိတ်ခေါ်သူမှာ မဂ်ဖိုလ်နိဗ္ဗာန် မဟုတ်ပေ။ ထိုမဂ်ဖိုလ် နိဗ္ဗာန်ကိုရသည့် အရိယာပုဂ္ဂိုလ်သာ ဖြစ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်က အရှုခံ+အကြည့်ခံ (ကံ)သာဖြစ်သည်။ ရှုတတ်

http://www.dhammadownload.com



သူ (ကတ္တား)လည်းမဟုတ်၊ ဖိတ်ခေါ်သူ (ကတ္တား)လည်း မဟုတ်ပေ။ ထို မဂ်ဖိုလ်နိဗ္ဗာန်၌ ထင်ရှားရှိခြင်းဂုဏ်, စင်ကြယ်သန့်ရှင်းခြင်း ဂုဏ်ရှိသော ကြောင့် ထိုတရားတို့ကို ရှုကြစမ်းပါ၊ ရအောင်အားထုတ်ကြစမ်းပါဟု တိုက်တွန်းထိုက်, ဖိတ်ခေါ်ထိုက်သော ဂုဏ်အမှန်ရှိပေသည်။ ယင်းကိုပင် "ဧဟိပဿိက"ဟု ခေါ်ရသည်။

## စုဒိတက၏ အယူအဆ

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက "ဧဟိပဿိက ဆိုတာ ကိုယ်တိုင် သိရုံသာ မဟုတ်သေးဘူး၊ သူများကိုလဲ ပြောပြလို့ရရမယ်၊ ပြောပြချင်တဲ့ စိတ်လည်း ရှိရမယ်။ ကိုယ်ကတရားကို ရထားပြီးသူများကို မပြောပြချင်ဘူး ဆိုလို့ရှိရင် တရားမဟုတ်သေးဘူး၊ သူများကို ပြောပြလို့မရဘူး ဆိုလို့ ရှိရင်လည်း တရားမဟုတ်သေးဘူး"ဟု "ကိုယ့်ကိုယ်ကိုသာ အားပေးပါ" ဟူသော တိပ်ခွေတွင် ဟောခဲ့သည်။

အထက်ပါ စကားရပ်တို့အပြင် သောနေ့ာလ္လာ နှာ-၂၂၃ မှ ၂၂၆ အထိ၌လည်း သူတစ်ပါးပစ္စည်းကို ခိုးသဖြင့် သူခိုးဖြစ်ရာဝယ် ခိုးခြင်းသည် အကြောင်း၊ သူခိုးဖြစ်ရခြင်းသည် အကျိုး၊ ခိုးလို့ သူခိုးဖြစ်ရသည်ဟူသော သဘောကို လက်တွေ့ပြလို့ရခြင်းသည် သန္ဒိဋ္ဌိက-ဧဟိပဿိက သဘော ဖြစ်သည်။

ရှေးဘဝ အတိတ်ကံတွေကြောင့် ယခုဘဝ ကောင်းကျိုး ဆိုးကျိုး များဖြစ်နေသည်၊ ဒီဘဝ ကောင်းမှု မကောင်းမှု (ကုသိုလ်ကံ, အကုသိုလ်ကံ) တို့ကြောင့် နောင်ဘဝ၌ ကောင်းကျိုး ဆိုးပြစ်များ ခံစားရမည်ဟူသော သဘောတရားသည် အတိတ်ဘဝနှင့် အနာဂတ်ဘဝကို ကိုယ်တိုင် မတွေ့ မမြင်ရသောကြောင့် သန္ဒိဋ္ဌိကဂုဏ်လည်းမရှိ၊ အတိတ်, အနာဂတ်တို့ကို လက်တွေ့ပြ၍ မရသောကြောင့် ဧဟိပဿိကဂုဏ်လည်း မထိုက်။ ကာလ တွေ ခြားနေသောကြောင့် အကာလိကဂုဏ်လည်း ကင်းနေသောကြောင့် ဓမ္မ (တရားစစ်) မဟုတ်ဟု တင်ပြသည်။

http://www.dhammadownload.com


စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ ဆိုလိုရင်းမှာ အတိတ်ကို လည်း လက်မခံ၊ အနာဂတ်ဘဝတွေကိုလည်း မယုံကြည်သောကြောင့် ပစ္စုပ္ပန်မျက်မှောက်ဘဝဝယ် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်တို့ဖြင့် ထိတွေ့လို့ရမှ သန္ဒိဋ္ဌိကဖြစ်သည်။ အကာလိက, ဧဟိပဿိက ဖြစ်သည်။ ပစ္စုပ္ပန် မျက်မှောက်ဘဝဝယ် မျက်စိစသော ငါးမျိုးဖြင့် ထိတွေ့စမ်းသပ်လို့ မရသော အတိတ်တရားနှင့်စပ်သော တရားများ၊ အနာဂတ်နှင့်စပ်သော တရားများသည် တရားမဟုတ်ဟု ဆိုလိုပေသည်။

အတိတ်အကြောင်းကံနှင့် အနာဂတ်အကျိုးတရားတို့ကို ပယ်သည့် အကိရိယ မိစ္ဆာဒိဋ္ဌိ, နတ္ထိက မိစ္ဆာဒိဋ္ဌိတို့ကို အခြေခံ၍ တင်ပြသော အယူ အဆများဖြစ်သောကြောင့် တရားဂုဏ်တော် (၆)ပါးနှင့် စပ်လျဉ်း၍ ဟောပြ ချက်, ရှင်းလင်းတင်ပြချက်, ရေးသားချက် မှန်သမျှတို့သည် ဗုဒ္ဓအလိုတော် နှင့်လည်းကောင်း၊ ဗုဒ္ဓပါဝစန ပိဋကတ်တော်နှင့်လည်းကောင်း ဆန့်ကျင် သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

## အမှတ် (၁၉)စောဒနာ၊ သောဓနာစိစစ်ချက်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ က -

* ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-မျက်မှောက်မှာ အကျိုးဖြစ်ရ မယ်။ သေပြီးမှ အကျိုးခံစားရမယ်ဆိုရင် တရားမဟုတ် သေးဘူး၊ "ဗုဒ္ဓရဲ့တရားဆိုတာ သေပြီးမှ ဟိုဘက်မှာ အကျိုးကို တစ်ချက်မှ မညွှန်းဘူးနော်"ဟု ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" ဟူသော တရားတိပ်ခွေတွင် ဟောပြောထားရာ ယင်းဟော

ပြောချက်သည် ဝိသုဒ္ဓိမဂ် ဖွင့်ဆိုချက်နှင့် ဆန့်ကျင်နေသောကြောင့် "အဓမ္မဝါဒ" အဖြစ် ဆုံးဖြတ်ပေးပါရန် စောဒနာ တင်ထားကြပေသည်။

http://www.dhammadownload.com


## ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ

တရားဂုဏ်တော် ခြောက်ပါးတွင် နောက်ဆုံးဖြစ်သော "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"ဂုဏ်တော်ကို ဝိသုဒ္ဓိမဂ်တွင် ဖော်ပြလတ္တံ့ပါအတိုင်း ဖွင့်ဆိုထားပေသည်။

> ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ သဗ္ဗေဟိပိ ဥဃဋိတညူ အာဒီဟိ ဝိညူဟိ အတ္တနိ အတ္တနိ ဝေဒိတဗ္ဗော "ဘာဝိတော မေ မဂ္ဂေါ၊ အဓိဂတံ ဖလံ၊ သစ္ဆိကတော နိရောဓော"တိ။ အတ္တနော ပန စိတ္တေယေဝ ဒဋ္ဌဗ္ဗော။ အနုဘဝိတဗ္ဗော ဝိညူဟီတိ ဝုတ္တံ ဟောတိ။ ဗာလာနံ ပန အဝိသယော စေသ။ (ဝိသုဒ္ဓိ၊ ၁။ ၂၁၀)

မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားကို သစ္စာ သိမြင်ကြသော အရိယာပုဂ္ဂိုလ်တို့က "ငါသည် မဂ်ကို ပွားစေအပ်ပြီးပြီ။ ဖိုလ်ကို ရပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ"ဟူ၍ အသီးအသီး (ပစ္စဝေက္ခဏာဉာဏ်ဖြင့်) သိမြင်အပ်သောကြောင့် ထိုလောကုတ္တရာကိုးပါး သည် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ မည်၏။

အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင်ရာ၌ ကိုယ်တိုင် ကိုယ်ကျ မဂ္ဂင်ရှစ်ပါးကို ပွားများခဲ့သဖြင့် လိုအပ်သော မဂ္ဂင်ပွားများမှု ပြည့်စုံ လာသောအခါ ကိလေသာကိုပယ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင် လေတော့သည်။ ဒုက္ခသစ္စာကိုလည်း ပိုင်းပိုင်းခြားခြား သိမြင်ပြီးဖြစ်တော့ သည်။

ဆရာက မဂ္ဂင်ကို ပွားပေးသဖြင့် တပည့်ဖြစ်သူက ကိလေသာကို ပယ်နိုင်ရိုးမရှိတာ မရှိပေ။ တပည့်က ကိလေသာပယ်ချင်လျှင် တပည့် ကိုယ်တိုင် မဂ္ဂင်ကို ပွားရပေမည်။ ထို့အတူ တပည့်က မဂ္ဂင်ကို ပွားပေး သဖြင့် ဆရာဖြစ်သူက (မဂ္ဂင်မပွားဘဲ) ကိလေသာကို ပယ်နိုင်ရိုး မရှိပေ။ ဆရာက ကိလေသာကို ပယ်လိုလျှင် ဆရာကိုယ်တိုင် မဂ္ဂင်ကို ပွားရပေမည်။

http://www.dhammadownload.com


ဤသို့ ကိုယ်တိုင်ကိုယ်ကျ ပွားများအပ်သော မဂ္ဂင်ဖြင့်သာ မိမိ သန္တာန်၌ရှိသော ကိလေသာတို့ကို ပယ်ရှားနိုင်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်မည် ဖြစ်ပေသည်။ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ရခြင်း၊ မဂ်ကို ပွားပြီးပြီဟု သိခြင်း၊ ဖိုလ်ကို သိခြင်းတို့သည် သစ္စာလေးပါးကို တကယ်သိမြင်ကြသည့် ပုဂ္ဂိုလ်များသာ ကိုယ်တိုင် ကိုယ်ကျ သိမြင်ခံစား ကြရသည်။

ထို မဂ်ဖိုလ်နိဗ္ဗာန်သည် သူတော်ကောင်းတရားကို အားမထုတ် ကြသည့် အန္ဓဗာလပုထုဇဉ်များ၏ အရာမဟုတ်ပေ။

## စူဒိတက၏ အမှားများ

စူဒိတက ဦးဝိစိတ္တသာရာဘိဝံသ က ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ- ဟူသော ပါဠိတော်ကို -

ဝိညူဟိ-သာမန် အသိတရားရှိသူတို့သည်။ ပစ္စတ္တံ-မျက်မှောက် လက်ငင်းအကျိုးကို။ ဝေဒိတဗ္ဗော-သိအပ် ခံစားအပ်သောတရား။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-သာမန်အသိတရားရှိသူတို့ မျက်မှောက်လက်ငင်း အကျိုးကို သိရခံစားရသော တရား။ ---ဟု အနက်ပေးထားပေသည်။

ဝိညူဟိ-သာမန် အသိတရားရှိသူတို့သည်-ဟု အနက်ပေးခြင်း သည် လောကုတ္တရာ တရားများကို သေးသိမ်အောင် လုပ်လိုက်ခြင်း ဖြစ်သည်။ မိမိကိုယ်ကို မိမိ အရိယသစ္စာကို သိမြင်ထားသူဟု ပြောဆို ခြင်းမှာ ကြွားဝါခြင်း၊ လိမ်ညာခြင်းသာ ဖြစ်ကြောင်း ယင်းပါဠိ အနက်ပေးက ဖော်ပြနေပေသည်။

ဉာဏ်ရှိတည့်စသည့် အထက်တန်းစား တိဟိတ်ဉာဏ်ရှိသူများသာ သိနိုင်သော မဂ်ဖိုလ်တရားကို သာမန်အသိတရားရှိသူတို့ပင် သိနိုင် သယောင် ရေးသားထားခြင်းမှာ မိမိ၏ အန္ဓဗာလအဖြစ်ကို မိမိပင် ပြန်လည် ဖော်ပြနေခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com


" ပစ္စတ္တံ-မျက်မှောက်လက်ငင်း အကျိုးကို"ဟု ပေးခြင်းမှာလည်း မိမိ၏ ပစ္စုပ္ပန်ဘဝ တစ်ခုကိုသာ ယုံကြည်သည့် မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ်ကို ဖော်ပြနေသလို ဖြစ်ပေသည်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-၏ အနက်အဓိပ္ပါယ်မှန်မှာ "ဝိညူဟိ-တိဟိတ်ပဋိသန် ပင်ကိုဉာဏ် ထက်မြက်သဖြင့် မဂ်ဖိုလ်ကို ရရှိနေကြ သော အရိယာပုဂ္ဂိုလ်တို့သည်။ (ခမွှားမဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ဟူသော လောကုတ္တရာတရားမြတ်ကို။) ပစ္စတ္တံ-အသီးအသီး မိမိတို့ ကိုယ်တိုင်ပင်။ ဝေဒိတဗ္ဗော-သိမြင်ခံစားအပ်၏"ဟူ၍ ဖြစ်သည်။

ဝိညူဟီတိ ဝိဒူဟိ၊ ပဋိဝိဒ္ဓသစ္စေဟီတိ အတ္ထော။

"ပစ္စတ္တ" န္တိ တေသု "ပတိ အတ္တနိ"တိ ဘုမ္မဝသေန အတ္ထော ဂဟေတဗ္ဗောတိ အာဟ "အတ္တနိ အတ္တနီ"တိ။

(ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၇၇)

ဤသို့ အဋ္ဌကထာ ဋီကာများက ဖွင့်ဆိုထားပါလျက် ပစ္စုပ္ပန်ဘဝ တစ်ခုကိုသာ လက်ခံသော မိစ္ဆာအမြင်ဖြင့် ယင်းဘုရားဟောပါဠိတော်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် အနက်ပေးထားခြင်းသည် လွန်စွာ ဆိုးရွား သော မှားယွင်းမှုသာ ဖြစ်သည်။

ထို့ပြင် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ယခုဘဝမှာ ပေးလိုက်လို့ (လှူလိုက်လို့) သေပြီးနောက်ဘဝမှာ သူဌေးကြီး စည်းစိမ်ရှင်ကြီး ဖြစ်မယ် ဆိုတဲ့ သဘောတရားဟာ အကြောင်းအကျိုး မဆီလျော်တဲ့ သဘော တရားဖြစ်လို့ ဗုဒ္ဓမြတ်စွာဘုရား မဟောခဲ့ဘူး-ဟုလည်း ပြောင်လိမ်ထား ပေသည်။

ပန်းပွင့်တစ်ပွင့်၊ သစ်သီးတစ်လုံး လှူဒါန်းခဲ့သော ဒါနကုသိုလ် ကြောင့် ကမ္ဘာပေါင်းများစွာ (ဘဝပေါင်းများစွာ မဟုတ်) အပါယ်တံခါး ပိတ်၍ လူ့ပြည်နတ်ရပ် သုဂတိဘုံဌာနတို့၌ ရောက်ရကြောင်း မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် မိန့်ကြားခဲ့သော ဒေသနာများစွာ ရှိပေရာ "ယခုဘဝမှာ

http://www.dhammadownload.com


လှူလိုက်လို့ နောင်ဘဝမှာ သူဌေးကြီး ဖြစ်သွားတယ်ဆိုတဲ့ သဘောတရားကို ဘုရားမဟောဘူးလို့ ပြောင်လိမ်ထားသည်မှာ ဘုရားဟောပါလျက် ဘုရားမဟောပါဟု ဆိုသောကြောင့် မြတ်စွာဘုရားကို စွပ်စွဲရာရောက်သည့်အပြင် အလွန်ကြီးမားသော အကုသိုလ်ကိုလည်း ဆည်းပူးရာ ရောက်ပေသည်။

## အမေ့ဝါဒတွေသာဖြစ်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသသည် အတိတ်ဘဝများနှင့် အနာဂတ်ဘဝများ၊ အပါယ်လေးဘုံနှင့် နတ်ဘုံ၊ ဗြဟ္မာဘုံများ၊ ရှေ့အတိတ်ကံများကို ပယ်ထားသော ပုဂ္ဂိုလ်ဖြစ်၍ သူဟောပြောသမျှသော တရားဂုဏ်တော်နှင့် စပ်ဆိုင်ရာ ဟောပြောချက် ရေးသားချက်များသည် မိစ္ဆာဝါဒများသာဖြစ်ရာ အမှတ်(၁၉)စောဒနာပါ ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်နှင့်တကွ သောဓနာလွှာပါ ရေးသားချက်အားလုံးသည် လည်းကောင်း၊ အမှတ်(၁၅၊၁၆၊၁၇၊၁၈) ပါ ဟောပြောချက်၊ ရေးသားချက်၊ သောဓနာချက် မှန်သမျှသည်လည်းကောင်း အမေ့ဝါဒသာ ဖြစ်သည်။

## အမှတ်(၂၀) စောဒနာ၊ သောဓနာစိစစ်ချက်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းဆရာတော်ဘဒ္ဒန္တသီလဝံသထံ ရေးသည့် ပေးစာတွင် အောက်ဖော်ပြလတ္တံ့ပါအတိုင်း ရေးသားခဲ့သည်-

ဗောဓိပင်အောက်မှာ ပွင့်တော်မူတဲ့ ဗုဒ္ဓကတော့ သမ္မာဒိဋ္ဌိဘုရား။ သမ္မာသမ္ဗုဒ္ဓပေါ့ အရှင်ဘုရား။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ပွင့်တော်မူတဲ့ ဗုဒ္ဓကတော့ မိစ္ဆာဒိဋ္ဌိဘုရား။ မိစ္ဆာသမ္ဗုဒ္ဓပေါ့ အရှင်ဘုရား။ အဲဒီလို ဗုဒ္ဓနှစ်ဆူ တွေ့ရပါတယ်။ ဗုဒ္ဓနှစ်ဆူ ကွဲပြားနေမှတော့ မေ့လည်း ကွဲပြားတော့မှာပေါ့ဘုရား။ ဒါ့ကြောင့် သမ္မာသမ္ဗုဒ္ဓကတော့ ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓ အရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ တရားတွေကိုပဲ ဟောပါတယ်။

http://www.dhammadownload.com


မိစ္ဆာသမ္ဗုဒ္ဓကတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ ပရမတ္ထသစ္စာတွေကိုပဲ ဟောပါတယ်လို့ လျှောက်ခဲ့တာပါ အရှင်ဘုရား။

တပည့်တော်ကတော့ မိစ္ဆာဒိဋ္ဌိဘုရားကိုလည်း မဆည်းကပ်တော့ ပါဘူး၊ သေပြီးနောက် ဖြစ် မဖြစ်၊ မြဲ-မမြဲ ဆိုတဲ့ မိစ္ဆာဒိဋ္ဌိတရားကိုလည်း မဆည်းကပ်တော့ပါဘူး အရှင်ဘုရား။

ဗောဓိပင်အောက်မှာ ပွင့်တဲ့ဗုဒ္ဓကတော့ ဒုက္ခအရိယသစ္စာ၊ ဒုက္ခ သမုဒယအရိယသစ္စာ၊ ဒုက္ခ နိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စတရားတွေကိုပဲ ဟောပြောပါတယ် အရှင်ဘုရား။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတရားတွေကို မပြောဟောပါဘူး၊ မပြော ဟောတာမှ လုံးဝကို မပြောတာပါ အရှင်ဘုရား။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ပွင့်တော် မူခဲ့တယ်ဆိုတဲ့ ဗုဒ္ဓကတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ ပရမတ္ထသစ္စာတရားတွေကိုပဲ ဟောပါတယ်။ သမ္မုတိသစ္စာ နှင့် အရိယသစ္စာတရားကို မဟောပြောဘူး အရှင်ဘုရား။

အထက်ဖော်ပြပြီး ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်များ သည်-

(၁) ဘုရားတစ်ဆူတည်းကို မိစ္ဆာဒိဋ္ဌိဘုရား၊ သမ္မာဒိဋ္ဌိဘုရားဟု နှစ်မျိုးခွဲယူခြင်း။

(၂) ဗောဓိပင်အောက်မှာ ပွင့်တော်မူတဲ့ဘုရားကို သမ္မာဒိဋ္ဌိဘုရား။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ပွင့်တော် မူခဲ့တဲ့ ဘုရားကို မိစ္ဆာဒိဋ္ဌိဘုရားဟု ဆိုခြင်း။

(၃) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ပွင့်တော်မူ ခဲ့သော မိစ္ဆာဒိဋ္ဌိဘုရားက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ ဟူသော ပရမတ္ထသစ္စာကိုသာ ဟော၍ ဒုက္ခ-

http://www.dhammadownload.com


အရိယသစ္စာ၊ ဒုက္ခသမုဒယ အရိယသစ္စာ၊ ဒုက္ခနိရောဓ အရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟူသော အရိယသစ္စာတို့ကို မဟောပါဟုဆိုခြင်း။

(၄) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပွင့်တော်မူခဲ့သော မိစ္ဆာဒိဋ္ဌိဘုရားကို တပည့်တော် မဆည်းကပ်တော့ပါ။ သေပြီးနောက် ဖြစ်-မဖြစ်၊ မြဲ-မမြဲ ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ တရားကိုလည်း မဆည်းကပ်တော့ပါဟု ဆိုခြင်း-

တို့သည် ဘုရားပယ်သောဝါဒ၊ တစ်ဆူတည်းသော ဘုရားကို ဘုရားနှစ်ဆူဟု ခွဲယူခြင်းဖြင့် မှားယွင်းစွာ ယူထားသောဝါဒ၊ မြတ်ဗုဒ္ဓက အရိယသစ္စာ တရားတော်ကို ဟောခဲ့ပါလျက် မဟောဟု ဇွတ်မှိတ်ငြင်းဆိုသော ဝါဒ ဖြစ်သောကြောင့် အဓမ္မဝါဒ-ဟု ဆုံးဖြတ်ပေးပါရန် စောဒက ဆရာတော်များက စောဒနာတင်ထားကြပေသည်။

ဦးဝိစိတ္တသာရာဘိဝံသ၏ ထိုရေးသားချက်များကို တစ်ခုချင်း စိစစ် သုံးသပ်ကြကုန်အံ့။

## ဘုရားတစ်ဆူတည်းသာ ဖြစ်သည်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်မှ ပွင့်ပေါ်လာသောဘုရားသည် မိစ္ဆာဒိဋ္ဌိဘုရား။ ဗောဓိပင်အောက်တွင် ပွင့်လာသောဘုရားသည် သမ္မာဒိဋ္ဌိဘုရားဟု နှစ်မျိုးခွဲဆိုခဲ့ရာ ထိုခွဲခြားချက်သည် လွန်စွာမှားယွင်းသော ခွဲခြားချက် ဖြစ်သည်။

ဗုဒ္ဓဝင်ပါဠိတော်ကြီးကို လေ့လာကြည့်လျှင် ဤကမ္ဘာမှပြန်၍ ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဒီပင်္ကရာဘုရား ပွင့်တော်မူရခဲ့၏။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် သုမေဓ သူဌေးသား ဖြစ်၍ မိဘတို့ ကွယ်လွန်သောအခါ ရှိသမျှ ပစ္စည်းဥစ္စာတို့ကို စွန့်လှူပြီး ရသေ့ဝတ်ကာ တောထဲ၌ တရားအားထုတ်သဖြင့် ဈာန်အဘိညာဉ် ရခဲ့၏။

http://www.dhammadownload.com


ရမ္မာမြို့သို့ ကြွလာသည့် ဒီပင်္ကရာမြတ်စွာဘုရားအထံဝယ် လမ်းသုတ်သင်ရှင်းလင်းခြင်း၊ လမ်းဖို့ခြင်း၊ ကိုယ်ကို အလျားမှောက်၍ တံတားအဖြစ် လှူဒါန်းခြင်းစသော ကောင်းမှုကုသိုလ်တို့ကို သူတကာတို့နှင့် မတူအောင် ပြုသဖြင့် နောင်အနာဂတ်၌ (ဝါ) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကုန်လွန်၍ ဘဒ္ဒကမ္ဘာသို့ ရောက်သော အခါ ငါဘုရားကဲ့သို့ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူသည်။

ထိုဘဝမှစ၍ ဒါနစသော ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအရောက် ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင် ပွင့်တော် မူပြီးနောက် စတုတ္ထမြောက်ဘုရား ဂေါတမဘုရားအဖြစ်သို့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဂယာမြို့အနီး ဗောဓိပင်အောက်၌ ရောက်ခဲ့လေသည်။

ဤသည်မှာ ကျမ်းဂန်တို့၌ လာရှိသည့် အကြောင်းအရာ အကျဉ်း ဖြစ်သည်။

ဤဗုဒ္ဓဝင်ဖြစ်စဉ်ကို ကြည့်လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သော ဘုရားနှင့် ဗောဓိပင်အောက် ဘုရားဖြစ်သည့် ဘုရားသည် အတူတူသာ ဖြစ်သည်။

အတိတ်ဘဝနှင့် ပါရမီများ, အတိတ်ဘဝကံများကို ပယ်ရှားလိုသောကြောင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို ပယ်ရှားခြင်းဖြစ်သည်။

သို့သော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီပြည့်သဖြင့် ပွင့်တော် မူလာသော မိစ္ဆာဒိဋ္ဌိဘုရားက ပရမတ္ထသစ္စာကို ဟောသည်။ အရိယသစ္စာကို မဟောပာဆိုပြန်ရာ "ရှေ့ကဖုံး နောက်ကပေါ်" ဆိုသကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော အတိတ်ဘဝများစွာနှင့် ထိုအတိတ်ဘဝများစွာက ဖြည့်ဆည်းအားထုတ်ခဲ့သော ကုသိုလ်ကံ (ပါရမီ) များကို လက်ခံထားကြောင်း တွေ့ပြန်သည်။

http://www.dhammadownload.com


ဤသို့ ဗုဒ္ဓဝင်ပါဠိတော်နှင့်တကွ စရိယာပိဋကစသော ကျမ်းဂန်များ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သဖြင့် ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ခဲ့ကြောင်း အခိုင်အမာဆိုထားပါလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လို့ ပွင့်တော်မူတဲ့ဘုရားက မိစ္ဆာဒိဋ္ဌိဘုရား၊ ဗောဓိပင်အောက်မှာ ပွင့်တော်မူတဲ့ဘုရားက သမ္မာဒိဋ္ဌိဘုရားဟု ဘုရားနှစ်ဆူအဖြစ် ရေးသားထားခြင်းသည် အလွန့်အလွန် မှားယွင်းသောကြောင့် အစမွဝါဒ မိစ္ဆာဝါဒသာ ဖြစ်သည်။

## အရိယသစ္စာကို ဘုရားဟောသည်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သော မိစ္ဆာဒိဋ္ဌိဘုရားက ပရမတ္ထသစ္စာကိုသာ ဟောသည်။ အရိယသစ္စာကို မဟော။ ဗောဓိပင်အောက်မှာ ပွင့်တော်မူသည့် သမ္မာဒိဋ္ဌိ ဘုရားက အရိယသစ္စာကို ဟောသည်ဟု ဆိုထားပြန်ရာ ဆိုခဲ့ပြီးအတိုင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်လို့ ပွင့်တော်မူတဲ့ ဗုဒ္ဓနှင့် ဗောဓိပင်အောက်မှာ ပွင့်တော်မူသည့် ဗုဒ္ဓသည် နှစ်ဆူ မဟုတ်၊ တစ်ဆူတည်း သာဖြစ်သောကြောင့် အရိယသစ္စာကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ပွင့်တော်မူတဲ့ ဗုဒ္ဓကမဟော ဟူသော မိမိစကားသည် "လက်နှင့်ရေး ခြေနှင့်ဖျက်" ဟူသကဲ့သို့ အရိယသစ္စာတရားကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်လို့ ပွင့်တော်မူသည့် ဗုဒ္ဓက ဟောကြားခဲ့ကြောင်း ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တိုင် ထောက်ခံထားပေသည်။

## သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ

ဤနေရာ၌ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာနှင့် အရိယသစ္စာတို့အကြောင်း အနည်းငယ်မျှ တင်ပြလိုပေသည်။ သံယုတ်အဋ္ဌကထာ (သံ၊ ဋ၊၂။ ၇၂)၌-

http://www.dhammadownload.com



"ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။" ... 

"ပုဒ္ဓါနံ ဟိ သမ္မုတိကထာ ပရမတ္ထကထာတိ ဒွေ ကထာ ဟောန္တိ။ တတ္ထ" သတ္တော နရော ပုရိသော ပုဂ္ဂလော တိသော နာဂေါ" တိ ဧဝံ ပဝတ္တာ သမ္မုတိကထာ နာမ။ "ခန္ဓာဓာတုယော အာယတနာနိ" တိ ဧဝံ ပဝတ္တာ ပရမတ္ထကထာ နာမ။

ပရမတ္ထံ ကထေန္တာပိ သမ္မုတိံ အမုဉ္စိတွာ ကထေန္တိ။ တေ သမ္မုတိံ ကထေန္တာပိ ပရမတ္ထံ ကထေန္တာပိ သစ္စမေဝ ကထေန္တိ။ တေနေဝ ဝုတ္တံ-

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။
သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏန္တိ။ (သံ၊ဋ္ဌ၊၂။၇၂)

ဤဖွင့်ဆိုချက်အရ ကထာ (စကား)သည် နှစ်မျိုးရှိသည်။ နှစ်မျိုးမှာ သမ္မုတိကထာနှင့် ပရမတ္ထကထာတည်း။ ထိုတွင် သမ္မုတိကထာ (သမ္မုတိသစ္စာ)ဟူသည် "သတ္တဝါ၊ လူ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ တိဿ၊ နာဂ" စသော စကားများတည်း။ အများသိရန် သတ်မှတ်ထားသော စကားလုံးများဟု ဆိုလိုသည်။

ခန္ဓာ၊ ဓာတ်၊ အာယတန၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ စိတ်၊ ဖဿ၊ ဝေဒနာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ နိဗ္ဗာန် စသော စကားလုံးများသည် အမှန်တကယ်ရှိသော ပရမတ္ထတရားများကို လူတို့သိနားလည်နိုင်ရန် ခေါ်ဝေါ်သုံးစွဲသည့်စကားလုံးများ ဝေါဟာရများဖြစ်သောကြောင့် ပရမတ္ထကထာ (ပရမတ္ထသစ္စာ)ဟု ခေါ်သည်။

**သတိပြုရန်-**

ဤ၌ သစ္စသဒ္ဒါသည် မှန်ကန်ခြင်းအနက်ကို ဟောသည်။ သတ္တဝါ၊ လူ၊ ယောကျ်ား၊ မိန်းမ စသောလောကလူသားတို့ ခေါ်ဝေါ်ပညတ်ထား

http://www.dhammadownload.com


သည့် အခေါ်အဝေါ် အမည်ပညတ်များသည် လောကလူသားတို့က သတ်မှတ်ခေါ်ဝေါ်ထားသည့် အသုံးအနှုန်း ဝေါဟာရ စကားလုံးများ ဖြစ်သောကြောင့် သစ္စ=မှန်ကန်သည်ဟု ဆိုသည်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသောအခေါ်အဝေါ် အသုံးအနှုန်းများသည် လောက၌ တကယ်ရှိနေကြသော ပရမတ်တရားဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းများဖြစ်၍ မှန်ကန်သောကြောင့် သစ္စ=မှန်ကန်သည်ဟု ဆိုရသည်။

အကျဉ်းချုပ်လျှင် သမ္မုတိသစ္စာဟူသည် ပညတ်ဆိုင်ရာ အသုံးအနှုန်းဝေါဟာရများဖြစ်၍ ပရမတ္ထသစ္စာဟူသည် တကယ်ရှိနေသော ပရမတ်တရားတို့ကို ခေါ်ဝေါ်သုံးနှုန်းသည့် အသုံးအနှုန်းများဖြစ်သည်။

ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကရဏကိစ္စ၊ ဘာဝနာကိစ္စ တပ်သော သစ္စာမျိုးကို ဆိုလိုသည်မဟုတ်ပေ။ ဤသမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ နှစ်ပါးတို့ကိုသာ ဘုရားရှင်ဟောတော်မူသည်။ ပညတ်နှင့် ပရမတ်မှ တစ်ပါး အခြားအရာမရှိသောကြောင့် အခြားသောစကား (တတိယမြောက်သစ္စာ)ကို ဘုရားရှင်ဟောတော်မမူပါပေ။ ဤသည်ကို ရည်ရွယ်၍ "တတိယံ နုပလဗ္ဘတိ" ဟု ဆိုခြင်းဖြစ်သည်။

ဤသို့ ခေါ်ဝေါ်သုံးစွဲကြောင်း ကထာ=သစ္စာသည် ပညတ်ဟူသော သမ္မုတိသစ္စာနှင့် ပရမတ်ဟူသော ပရမတ္ထသစ္စာနှစ်ပါးသာ ရှိသည်။ ပညတ်နှင့် ပရမတ်နှစ်မျိုးရှိသည့်အနက် ပညတ်ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းများကို သမ္မုတိသစ္စာဟုခေါ်၍ ပရမတ်တရား ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းများကို ပရမတ္ထသစ္စာဟုခေါ်ပေသည်။

ဤသို့ ခေါ်ဝေါ်သုံးစွဲကြောင်း စကားလုံး (ဝေါဟာရ) များသည် ပညတ်ဆိုင်ရာအတွက် သမ္မုတိသစ္စာကိုသုံး၍ ပရမတ်ဆိုင်ရာအတွက် ပရမတ္ထသစ္စာကို သုံးရသောကြောင့် ပရမတ်, ပညတ်မှတစ်ပါး အခြားလည်း မရှိသောကြောင့် "တတိယံ နုပလဗ္ဘတိ=တတိယမြောက်ကထာ (သစ္စာ)ကို မရအပ်"ဟု ဆိုခြင်းဖြစ်သည်။ သိ, ပယ်, ဆိုက်, ပွား လေးပါး

http://www.dhammadownload.com


သော ကိစ္စရှိသည့် သစ္စာလေးပါးတရားကို ပရမတ္ထသစ္စာဟု ဆိုလိုသည် မဟုတ်ပေ။

## စူဠိတက၏အမှား

စူဠိတက ဦးဝိစိတ္တသာရာဘိဝံသက မင်္ဂလာစကြာတရားတော်၊ မင်္ဂလ သုတ္တန်တို့တွင် ဘုရားရှင်ကိုယ်တိုင် အရိယသစ္စာတရားကို ဟောထားပါ လျက် တတိယမြောက် သစ္စာကိုမရအပ်။ (တတိယံ နုပလဗ္ဘတိ) ဟု အဋ္ဌကထာဆိုခြင်းသည် လုံးဝမှားယွင်းခြင်းတည်း၊ ထို့ကြောင့် အဋ္ဌကထာ ဆရာ၏ စကားများကို လက်မခံဟူ၍ အဋ္ဌကထာဆရာကို ကဲ့ရဲ့ရှုတ်ချ ပုတ်ခတ်ထားပေသည်။

အမှန်မှာ မိမိကညာဏ်မမီ၍ အဋ္ဌကထာဆရာ၏ ဆိုလိုရင်းကို မသိခြင်းသာဖြစ်သည်။ အဋ္ဌကထာဆရာက မှားယွင်းသောကြောင့် မဟုတ်ပေ။ နိဒါနဝဂ္ဂသံယုတ်၊ ဒုက္ခဝဂ်၊ ပရိဝီမံသနသုတ်အဖွင့် (သံ၊ဋ၊၂။ ၇၂)လာ ဖော်ပြအပ်ပြီးသော သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာဆိုင်ရာအဖွင့် ကို ကျကျနန လေ့လာပါလျှင် အဋ္ဌကထာဆရာကြီး၏ အဆိုအမိန့်သည် အလွန်မှန်ကန်ကြောင်း တွေ့ရမည်ဖြစ်ပေသည်။

တတိယံ နုပလဗ္ဘတိ၌ တတိယံ အရကို ဦးဝိစိတ္တသာရာဘိဝံသက "အရိယသစ္စာ"ဟု ယူသည်။ ဤသို့ယူခြင်းမှာ အဋ္ဌကထာ၏ ဆိုလိုရင်း (လွယ်လွယ်လေး)ကိုပင် နားမလည်သောကြောင့် ဖြစ်ပေသည်။ ထို့ပြင်-

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ နှစ်ပါးကိုသာ မြတ်စွာဘုရား ဟောတော်မူသည်။ တတိယမြောက်သစ္စာ (တတိယကထာ) ကို မရအပ် ဟု ဆိုရာ၌ သစ္စာဟူသည် ကထာ=စကားလုံးဝေါဟာရကို ဆိုလိုသည်။ သစ္စာလေးပါးဆိုရာ၌ပါသော သစ္စာမျိုးမဟုတ်ပေ။ ထို့ပြင် ဤဂါထာ၌ ပါသော ပရမတ္ထသစ္စာဟူသည်ကိုလည်း ဦးဝိစိတ္တသာရာဘိဝံသ အမှန်

http://www.dhammadownload.com


မသိဘဲ တလွဲသိနေခြင်းကြောင့် ဖြစ်သည်။ ဤသို့ အဋ္ဌကထာဆရာကြီး၏ ဖွင့်ဆိုချက်က မှန်ကန်ပါလျက် မိမိဉာဏ် တစ်ထွာ တစ်မိုက်လောက်ဖြင့် အဋ္ဌကထာဆရာကြီးက မှားသည်ဟု ဆိုခြင်းသည် "သူခိုးက လူ လူဟု ဟစ်ခြင်း"သာ ဖြစ်သည်။

## ပရမတ္ထသစ္စာ, အရိယသစ္စာ နှစ်မျိုးလုံး ဘုရားရှင်ဟောသည်

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက ဗောဓိပင်အောက်မှာ ပွင့်တဲ့ ဘုရားက အရိယသစ္စာကိုသာ ဟောသည်။ ပရမတ္ထသစ္စာကိုမဟော။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်၍ ဖြစ်လာသော ဘုရားက ပရမတ္ထသစ္စာကိုသာဟောသည်။ အရိယသစ္စာကို မဟောဟုဆိုပြန်သည်။ (သောဓနာလွှာ နိဒါန်းနှင့် နိဂုံးတို့ကိုရှု)

ဤသည်မှာလည်း စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ၏ မှားယွင်းမှု မိစ္ဆာဉာဏ်သက်ရောက်မှုသာဖြစ်သည်။

ဆိုခဲ့ပြီးသည့်အတိုင်း ပရမတ္ထသစ္စာဟူသည် ပရမတ်တရားတို့ကို အသံထုတ်၍ပြောဆိုခြင်း၊ (စကားလုံးအဖြစ်ပြောဆိုခြင်း) ဖြစ်ရာ ထို ပရမတ္ထသစ္စာတို့ကို ဦးဝိစိတ္တသာရာဘိဝံသ ပြောနေသော ဗောဓိပင် အောက်မှာ ပွင့်သည့်သမ္မာသမ္ဗုဒ္ဓဘုရားက ဟောကြားထားသည်မှာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကတ်တော်တို့၌ အပြည့်အနှက် ရှိနေပေ သည်။

ဦးဝိစိတ္တသာရာဘိဝံသ လက်ကိုင်ထားပါသည်ဟု မကြာမကြာ ပြောလေ့ရှိသော ဓမ္မစကြာတရားတော် (ဓမ္မစက္ကပ္ပဝတ္တနသုတ်)၌ပင် ပရမတ္ထ သစ္စာပရမတ်နှင့်ဆိုင်ရာကို "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော" စသည်ဖြင့် လည်းကောင်း။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တွင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" စသည်ဖြင့်လည်းကောင်း၊

http://www.dhammadownload.com


"အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော" စသည်ဖြင့်လည်းကောင်း။

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ" စသည်ဖြင့်လည်းကောင်း။

* ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ တတ္ထ ကတမော ရူပ က္ခန္ဓော၊ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိ ကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။ (ဝိဘင်။ ၁)

* ဒွါဒသာယတနာနိ စက္ခာယတနံ သောတာယတနံ (ပ) ဓမ္မာယတနံ။

စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊
ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ။
စသည်၊ (ဝိဘင်။ ၆၉)

* ဆ ဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု။
စသည်၊ (ဝိဘင်။ ၈၄)

* စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ ဒုက္ခသမုဒယံ အရိယသစ္စံ ဒုက္ခနိရောဓံ အရိယသစ္စံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ (ဝိဘင်။ ၁၀၄)

စသည်ဖြင့်လည်းကောင်း တွေ့နိုင်လေ့လာနိုင်ပေသည်။

ထို့ကြောင့် ဗောဓိပင်အောက် ပွင့်တဲ့ဘုရားက ပရမတ္ထသစ္စာကို မဟော၊ အရိယသစ္စာကိုသာဟောသည် ဟူသော ဦးဝိစိတ္တသာရာဘိဝံသ ၏စကားသည် အမှားစင်စစ်သာဖြစ်၍ အဓမ္မဝါဒသာဖြစ်သည်။

http://www.dhammadownload.com



## သမ္မုတိသစ္စာကိုလည်း ဟောသည်

သမ္မုတိသစ္စာကို ဗောဓိပင်အောက်မှာ ပွင့်သည့်ဘုရားက မဟော-ဟု ဦးဝိစိတ္တသာရာဘိဝံသက ဆိုပြန်သည်။

သမ္မုတိသစ္စာဟူသည် "သတ္တဝါ, လူ, ပုဂ္ဂိုလ်, ရဟန်း,တိဿ, ဒတ္တ,နာဂ"စသည့် ပညတ်နှင့် ဆိုင်ရာ ဝေါဟာရများတည်း။

ထို သမ္မုတိသစ္စာကို ဘုရားရှင်ဟောထားခဲ့သည်မှာ ပိဋကသုံးပုံတို့တွင် အပြည့်အနှက် တွေ့နိုင်ပေသည်။

ဦးဝိစိတ္တသာရာဘိဝံသ လက်ကိုင်ပြုထားသည်ဆိုသော ဓမ္မစကြာဒေသနာတော်၌ပင်-"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ" ဟူသော စကားရပ်တို့၌ ဘိက္ခဝေ, ပဗ္ဗဇိတေန ဟူသော စကားလုံးများသည် သမ္မုတိကထာ (သမ္မုတိသစ္စာ) တို့ပေတည်း။

ထို့အတူ "အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"။ (ခုဒ္ဒက၊ ၄၊ ၃၁၉)

"ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာ သာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ(ပ) မေထုနံ ဓမ္မံ ပဋိသေဝေယျ" (ဝိ-၁။)

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော" (အံ၊ ၁။ ၂၃)

"ဧကံသေနာဟံ အာနန္ဒ ကရဏီယံ ဝဒါမိ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတံ။ (အံ၊ ၁။ ၅၉)

"ဒွေမေ ဘိက္ခဝေ ပုဂ္ဂလာ လောကေ ဥပ္ပဇ္ဇန္တာ ဥပ္ပဇ္ဇန္တိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ။" (အံ၊ ၁။ ၇၆)

စသည်ဖြင့် သမ္မုတိကထာ (သမ္မုတိသစ္စာ)တို့ကို ဟောကြားတော်မူခဲ့ပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ဗောဓိပင်အောက် ပွင့်သောဘုရားက သမ္မုတိသစ္စာကို မဟောဟူသော ဦးဝိစိတ္တသာရာဘိဝံသ၏ ရေးသားချက်သည် အမှားစင်စစ် ဖြစ်၍ အဓမ္မဝါဒသာ ဖြစ်သည်။

## ဘုရားမဟောဘဲ ဟောသည်ဟု လိမ်ခြင်း

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသက သောမနောလွှာတင်သွင်းရာတွင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီးထံ ရေးသည့်စာကို ပူးတွဲတင်သွင်းခဲ့၏။

ယင်းစာ၌ "သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ တရားများသည် မြတ်စွာဘုရား ပထမဦးဆုံး ဟောကြားသော တရားဦးဓမ္မစကြာ၏ ပထမဦးဆုံးစကားမှာပင် မမှီဝဲဖို့ ပြောကြားခံရသော သစ္စာဓမ္မများ ဖြစ်ပါသည် ဘုရား" ဟုရေးသားခဲ့၏။

ပရမတ္ထသစ္စာ၏သဘောကိုပင် မှန်မှန်ကန်ကန် မသိပါဘဲ "ဒွေမေ ဘိက္ခဝေ အန္တာ-အစချီသော အစွန်းနှစ်ပါးကို ပရမတ္ထသစ္စာဟု ဦးဝိစိတ္တသာရာဘိဝံသက ရည်ညွှန်းပြောဆိုခြင်းသည် အမှန်မသိပါဘဲ သိသလိုလို ညာဖြန်းလိုက်ခြင်းဖြစ်၏။ ကာမသုခလ္လိကအကျင့် (ကာမဂုဏ်ခံစားခြင်း) နှင့် အတ္တကိလမထအကျင့် (ဆူးပေါ်အိပ်ခြင်း, အလွန်ပူပြင်းသော အပူဒဏ်ကို ခံခြင်း, အလွန်အေးလွန်းသော ရာသီဝယ် ရေစိမ်ခြင်း စသော သမာဓိ, ပညာကို အထောက်အကူ မပြုသည့်အကျင့်) တို့ကို ပရမတ္ထသစ္စာဟု မည်သည့်ကျမ်းတွင်မှ ပြဆိုခြင်းမရှိပေ။ မှန်ကန်သော ပိဋကတ်စာပေဉာဏ်ရှိသော မည်သည့်ပညာရှင်ကမှလည်း ယင်းအကျင့်နှစ်ပါးကို ပရမတ္ထသစ္စာဟု မရေးသားခဲ့ပါပေ။

အသိဉာဏ် ချွတ်ချော်မှားယွင်း၍ မိစ္ဆာဉာဏ်သက်ဝင်နေသော ဦးဝိစိတ္တသာရာဘိဝံသနှင့် သူ၏ဆရာ သူ၏တပည့်များသာ ဤကဲ့သို့ မဟုတ်မမှန်သောစကားကို ဆိုဝံ့ကြခြင်းဖြစ်ပေသည်။

http://www.dhammadownload.com



ဘုရားက ကာမသုခလ္လိကအကျင့်, အတ္တကိလမထအကျင့်များသည် ပရမတ္ထသစ္စာဟု မဟောပါဘဲ ဟောသည်ဟု ပြောင်လိမ်ခြင်းသည်လည်းကောင်း။ ပရမတ္ထသစ္စာကို ဗောဓိပင်အောက်၌ ပွင့်သော ဘုရားက မဟောခဲ့ပါဟုလည်းကောင်း။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်သဖြင့် ဘုရားအဖြစ်သို့ ရောက်ခဲ့သော ဘုရားက ပရမတ္ထသစ္စာကိုသာ ဟောသည်၊ အရိယသစ္စာကို မဟောပါဟုလည်းကောင်း ရေးသားတင်ပြခြင်းသည် သာသနာကို ဖျက်ဆီးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားခဲ့ပေသည်။

> ယေ တေ ဘိက္ခဝေ ဘိက္ခူ "အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာ" တိ ဒီပေန္တိ။ ပ။ "တေ ဘိက္ခဝေ ဘိက္ခူ ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာ" တိ ဒီပေန္တိ။ ပ။ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ။ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီတိ။ (အံ၊ ၁၊ ၁၉)

ရဟန်းတို့ အကြင်ရဟန်းတို့သည် ငါဘုရား မဟောကြားအပ်သော တရားကို ငါဘုရား ဟောကြားအပ်၏ဟုလည်းကောင်း၊ ငါဘုရား ဟောကြားအပ်သောတရားကို ငါဘုရား မဟောကြားအပ်ဟု လည်းကောင်း ပြောဆိုရေးသား ထင်ရှားပြကြကုန်၏။ ထိုရဟန်းတို့သည် များစွာသော လူအပေါင်း အကျိုးမဲ့ဖို့ ဆင်းရဲဖို့ , နတ်လူအများ အကျိုးမဲ့ဖို့ စီးပွားပျက်ဖို့ ဆင်းရဲဖို့ဖြစ်၏။ ရဟန်းတို့ ထိုသို့သော ရဟန်းတို့သည် များစွာသော အကုသိုလ်ကို ဆည်းပူးကြ ပွားစေကြကုန်၏။ (ငါဘုရား၏) သူတော်ကောင်းတရားတည်းဟူသော သာသနာတော်ကိုလည်း ကွယ်ပစေကုန်၏။

http://www.dhammadownload.com



## မှားပြီးရင်းမှား

တစ်ဖန် လောကီစိတ်(၈၁)ပါး၊ လောဘကြဉ်စေတသိက်(၅၁)ပါး၊ ရုပ် (၂၈)ပါး ကို ဒုက္ခသစ္စာ၊ လောဘကို သမုဒယသစ္စာဟု ပရမတ္ထသစ္စာ အမြင်ဖြင့် ကောက်ပြထားသည်မှာလည်း မှားယွင်းကြောင်း၊ သမုဒယသစ္စာ အရ မဂ်တရားများက ပယ်အပ်သော ကိလေသာအားလုံးကို ယူသင့် ကြောင်း၊ ဒုက္ခသစ္စာအရ အဟိတ်စိတ်, ကြိယာစိတ်နှင့် ဥတုဇရုပ်, အာဟာရဇရုပ်, စိတ္တဇရုပ်များကို ကောက်ထားသည်မှာလည်း သဘာဝ မကျကြောင်း အဘိဓမ္မာဘက်တွင် အကျော်အမော်ဖြစ်သော အရကောက် ကျမ်းပြုဆရာတော်ကြီးများ၏ အရကောက်ကျမ်းများကို ဝေဖန်ထားပေ သည်။

ဦးဝိစိတ္တသာရာဘိဝံသသည် ဓမ္မစကြာတရားတော်ကို လက်ခံပါ သည်ဟု တွင်တွင်ကြီးပြောနေပါလျက် ဓမ္မစကြာတွင် မြတ်ဗုဒ္ဓ ဟောကြား ခဲ့သည့်-

* ဣဒံ ခေါ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။
* ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ဤပါဠိတော်များကို မျက်ကွယ်ပြုလျက် ကိလေသာ(၁၀)ပါးလုံးကို သမုဒယအရိယသစ္စာအရ ကောက်ရမည်။ ဒုက္ခအရိယသစ္စာအရတွင် အဟိတ်စိတ်, ကြိယာစိတ်နှင့် ဥတုဇရုပ်, အာဟာရဇရုပ်, စိတ္တဇရုပ်များကို မကောက်သင့်-ဟု ဆိုခြင်းသည် ရှေ့စကားနှင့်နောက်စကား မညီညွတ် သောကြောင့် ရယ်ဖွယ်သာ ဖြစ်သည်။

http://www.dhammadownload.com



"ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကို ဖြိုမည့်ကြံ ခါးကမသန်" ဟူသကဲ့သို့ မိမိကိုယ်ကို ငါးဘွဲ့ရ ဓမ္မာစရိယကြီး-ဟု လည်းကောင်း၊ ပိဋကတ်တော်ကို ကျနစွာ သိမြင်တတ်မြောက်သူဟုလည်းကောင်း၊ အရိယသစ္စာကို သိမြင်ပြီးသူဟုလည်းကောင်း၊ မာန်ထောင်ပြီး ဘုရားဟော တရားတော်များကို ဖျက်ဆီးသော်လည်း ဘုရားဟော တရားတော်များကား ပညာရှိသူတော်ကောင်းတို့၏ နှလုံးသားဝယ် ဝင့်ထည်စွာ တည်ရှိနေမည်သာ ဖြစ်သောကြောင့် ဦးဝိစိတ္တသာရာဘိဝံသ အဖို့ မိမိဂုဏ်ကို မိမိ တူးဖြိုဖျက်ဆီးခြင်းသည်သာ အဖတ်တင်မည် ဖြစ်ပေသည်။

ဤသို့ ရေးလိုက်သဖြင့် ဦးဝိစိတ္တသာရာဘိဝံသသည် ဓမ္မစကြာကို လက်ခံပါသည်ဟု ဆိုသော်လည်း အမှန်တကယ်အားဖြင့် ဓမ္မစကြာကိုပင် ပယ်ရှားနေသူဟု သိမြင်နိုင်ပေသည်။

## သစ္စာနှင့် အရိယသစ္စာ

ဤနေရာ၌ သစ္စာနှင့် အရိယာသစ္စာတို့ကို သိသာရုံမျှ ပြဦးမည်။

(၁) ဒုက္ခသစ္စာ = လောကီစိတ် ၈၁-ပါး၊ လောဘကြဉ် စေတသိက် (၅၁)ပါး၊ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ ဖြစ်သောရုပ် အားလုံး။

(၂) သမုဒယသစ္စာ= အကုသိုလ်စိတ်စေတသိက်အားလုံး, လောကီကုသိုလ်စိတ်၊ စေတသိက် အားလုံး။

(၃) နိရောဓသစ္စာ = တဏှာကိုပယ်ခြင်း၊ လောကီကုသိုလ်, အကုသိုလ်အားလုံးကိုပယ်ခြင်း (တဏှာငြိမ်းခြင်း၊ လောကီကုသိုလ်, အကုသိုလ်ကံတို့ငြိမ်းခြင်း) တဒင်္ဂနိရောဓ, ဝိက္ခမ္ဘနနိရောဓ ဟု ဆိုလိုသည်။

(၄) မဂ္ဂသစ္စာ = လောကုတ္တရာမဂ္ဂင်ရှစ်ပါး။

ဤသည်တို့ကား သစ္စာသာမညတည်း။

(ဝိဘင်္ဂပါဠိတော်၊ သစ္စဝိဘင်း၊ နှာ ၁၁၂ မှ ၁၁၈ အထိ။ စာပိုဒ် နံပါတ် ၂၀၆ မှ ၂၁၄ အထိ)

http://www.dhammadownload.com


## အရိယသစ္စာ

(၁) ဒုက္ခအရိယသစ္စာ = လောကီစိတ်-၈၁၊ လောဘကြဉ် စေတသိက် (၅၁)ပါး၊ ဣန္ဒြိယဗဒ္ဓ ရုပ် (၂၈)ပါး။

(၂) ဒုက္ခသမုဒယအရိယသစ္စာ = လောဘ

(၃) ဒုက္ခနိရောဓအရိယသစ္စာ = နိဗ္ဗာန်။

(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ = မဂ်စိတ်လေးပါးနှင့် ယှဉ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါး။
(ဝိဘင်္ဂပါဠိတော်၊ သစ္စဝိဘင်္ဂ၊ သုတ္တန္တဘာဇနီယ။ နှာ-၁၀၄၊ စာပိုဒ် ၁၈၉ မှ နှာ-၁၁၀၊ စာပိုဒ် ၂၀၅ အထိ ရှုပါ။)

လယ်တီဆရာတော်ဘုရားကြီး ရေးသားသော "ပရမတ္ထဒီပနီ" နှာ-၄၇၈၊ ၄၇၉၊ ၄၈၀ တို့ကိုလည်း ရှုပါ။

## ကာမသုခလ္လိကာနုယောဂ နှင့် အတ္တကိလမထာနုယောဂ ဆိုင်ရာ အမှားများ

စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ က မေ့စကြာဒေသနာတော်တွင် ဟောကြားထားသည့် ကာမသုခလ္လိကာနုယောဂ နှင့် အတ္တကိလမထာနုယောဂ တို့ကို အဓိပ္ပာယ်ဖွင့်ရာ၌-

လူချမ်းသာ နတ်ချမ်းသာကို တောင့်တ၍ ပြုအပ်သော ကုသိုလ် မှန်သမျှသည် ကာမသုခလ္လိကာနုယောဂ။

ရူပဈာန်, အရူပဈာန် တို့ကို ရအောင် အားထုတ်ခြင်းသည် အတ္တကိလမထာနုယောဂ ဟု ဆိုသည်။

ထို ကာမသုခလ္လိကာနုယောဂ အကျင့်နှင့် အတ္တကိလမထာနုယောဂ အကျင့်တို့ကို ပယ်စွန့်ရမည် မမှီဝဲရ ဟု မြတ်ဗုဒ္ဓက ဟောကြားထားရာ ဦးဝိစိတ္တသာရာဘိဝံသ အလို လောကီကုသိုလ်ဟူသမျှ ဘာကုသိုလ်ကိုမျှ မလုပ်ရဟု ဆိုရာရောက်သည်။ ယင်းသို့ဆိုလျှင် "မာ ဘိက္ခဝေ ပုညာနံ

http://www.dhammadownload.com



ဘာယိတ္ထ၊ သုခသေတံ အဓိဝစနံ ယဒိဒံ ပုညာနီတိ” စသော စကား၊ “သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ”စသော စကား။ “မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ” စသော စကား။

* ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။
(ဓမ္မပဒ၊ ၁၀)

* ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။ (ဓမ္မပဒ၊ ၁၅)

* ဒွိန္နာဟံ ဘိက္ခဝေ ဓမ္မာနံ ဥပညာသိံ။ ယာ စ အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု၊ ယာ စ အပ္ပဋိဝါနိတာ ပဓာနသ္မိံ။
(အံ၊ ၂။ ၅၂)

* ဧကံသေနာဟံ အာနန္ဒ ကရဏီယံ ဝဒါမိ ကာယသုစရိတံ ဝစီသုစရိတံ မနောသုစရိတန္တိ။ (အံ၊ ၁။ ၅၉)

* ကုသလံ ဘိက္ခဝေ ဘာဝေထ။ သက္ကာ ဘိက္ခဝေ ကုသလံ ဘာဝေတုံ။ နော စေဒံ ဘိက္ခဝေ သက္ကာ အဘဝိဿ ကုသလံ ဘာဝေတုံ၊ နာဟံ ဧဝံ ဝဒေယျံ “ကုသလံ ဘိက္ခဝေ ဘာဝေထာ” တိ- (အံ၊ ၁။ ၆၀)

စသော ဒေသနာတော်များနှင့် ဆန့်ကျင်နေပေသည်။ မြတ်ဗုဒ္ဓအလိုအားဖြင့် ကုသိုလ်ကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အားထုတ်ပြုလုပ်ရမည်၊ ကုသိုလ်တရား တိုးပွားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၍ ကုသိုလ်ပြုရာ၌ တစ်ကြိမ်တစ်ခါသာ မပြုရ။ ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ ပြုလုပ်ရမည်။ ကုသိုလ်ပြုရာ၌ တင်းတိမ် ရောင့်ရဲခြင်းမရှိရ-ဟု မိန့်ကြားတော်မူပေသည်။

http://www.dhammadownload.com



ထို့ကြောင့် ကာမကုသိုလ်ကိုပင် ဖြစ်စေ၊ ရူပ, အရူပ ကုသိုလ်ကံကို ပင် ဖြစ်စေ၊ ပြုလုပ်ခြင်းကို ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ဟု မဆိုရပေ။

ကာမသုခလ္လိကာနုယောဂ-ဟူသည်

* ကာမသုခလ္လိကာနုယောဂေါတိ ယော စ အယံ ဝတ္ထုကာမေသု ကိလေသကာမသုခဿ အနုယောဂေါ၊ ကိလေသကာမ သံယုတ္တဿ သုခဿ အနုဂတောတိ အတ္ထော။ (သာရတ္ထ၊ ၃။ ၁၆၉)

* ကာမေသု ကာမသုခလ္လိကာနုယောဂေါတိ ဝတ္ထုကာမေသု ကိလေသကာမသုခဿ အနုဘာဝေါ။ ကိလေသကာမာ ဧဝ ဝါ အာမိသသုခေန အလ္လီယနတော ကာမသုခလ္လိကာတိ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ။ (ဝိမတိ၊ ၂။ ၉၀)

ဤသို့ ဖွင့်ဆိုသောကြောင့် ကုသိုလ်တရား အားမထုတ်ဘဲ အာရုံငါးပါး ကာမဂုဏ်ချမ်းသာတို့ကိုသာ ခံစားနေခြင်းကို ကာမသုခလ္လိကာနုယောဂ ဟု ဆိုရသည်။ မှန်၏၊ အာရုံငါးပါး ကာမဂုဏ်ချမ်းသာကို ခံစားနေသော ပုဂ္ဂိုလ်သည် လောကုတ္တရာတရားကိုမဆိုထားဘိ လောကီချမ်းသာကိုပင် ရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အရိယသစ္စာကို သိမြင်လိုသော ပုဂ္ဂိုလ်သည် ကာမဂုဏ်ခံစားခြင်းဟူသော အကျင့်ကို ရှောင်ရမည်ဟု ဆိုလိုပေသည်။

အတ္တကိလမထာနုယောဂ - ဟူသည်

* အတ္တကိလမထာနုယောဂေါတိ အတ္တနော ကိလမထာနုယောဂေါ၊ သရီရဒုက္ခကရဏန္တိ အတ္ထော။ (သံ၊ ဋ၊ ၃။ ၁၄၅)

* အတ္တကိလမထာနုယောဂေါတိ အတ္တနော ကိလမထဿ အနုယောဂေါ၊ အတ္တနော ဒုက္ခကရဏန္တိ အတ္ထော။ (သံ၊ ဋ၊ ၃။ ၃၂၈)

http://www.dhammadownload.com


* ဒုက္ခောတိ ကဏ္ဍကာပဿယသေယျာဒီဟိ အတ္တမာရဏောဟိ ဒုက္ခာဝဟော။ (သံ၊ ၄၊ ၃။ ၃၂၈)
* အနသန ကေသလုဥ္စနာဒိတပစရိယာယ နဂ္ဂသီလဂေါသီလ ကုက္ကုရသီလာဒီဟိ စ အတ္တပရိတာပနေန မောက္ခော ဟောတီတိ အတ္တကိလမထော။ (ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၂၁၈)

အတ္တကိလမလအကျင့်ဟူသည် သမာဓိ, ပညာကို အထောက် အကူ မပြုသည့် ဆူးပေါ်အိပ်ခြင်း, အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေခြင်း, နွားကဲ့သို့ နေထိုင်စားသောက်ခြင်း, ခွေးကဲ့သို့ နေထိုင်စားသောက်ခြင်း, နေခြစ်ခြစ်တောက်ပူနေချိန်တွင် မီးဖိုကြီးလေးဖို ဖို၍ ထိုမီးဖိုကြီးလေးဖို၏ အလယ်သို့ဝင်ရောက်နေထိုင်ခြင်း၊ အလွန်ချမ်းအေးသော ဆောင်းရာသီ၌ ရေစိမ်ခြင်း၊ အစားအသောက်မစားဘဲနေခြင်း, ထန်းစေ့ညှပ်ဖြင့် ဆံပင် ကို ဆွဲနုတ်ခြင်း, သစ်ခေါက်ကိုသာ စားခြင်း, မြက်ကို စားခြင်း, နွားချေးကို စားခြင်း စသော အကျင့်များတည်း။

ထိုအကျင့်တို့ကို သံသရာမှ လွတ်မြောက်ကြောင်း အကျင့်ဖြစ်၏ဟု ယုံကြည်ပြီး ထိုအကျင့်တို့ကို ကျင့်ခြင်းကို အတ္တကိလမထာနုယောဂဟု ခေါ်သည်။

ထိုအကျင့်တို့ကို ကျင့်ခြင်းဖြင့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ဘာတစ်ခုမျှ မဖြစ်ပွားသောကြောင့် ထိုအကျင့်တို့ကို ကျင့်ခြင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မရနိုင်ပါပေ။ ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ပါပေ။ ခန္ဓာ ကိုယ် ပင်ပန်းရုံသာ ရှိသည်။ ထို့ကြောင့် ထိုအကျင့်တို့ကို ပယ်ရှားရမည်ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤသို့ ကျမ်းဂန်တို့ကို ဘုရားအလိုတော်နှင့် ကိုက်ညီစွာ ဖွင့်ဆို ထားပါလျက် လူချမ်းသာ နတ်ချမ်းသာတို့ကို တောင့်တပြီး ပြုသော ကာမာဝစရ ကုသိုလ်များကို ကာမသုခလ္လိက ဟုလည်းကောင်း။ ချမ်း ချမ်းသာကို ရရှိစေသည့် ရူပါဝစရ, အရူပါဝစရချမ်းတို့ကို ရအောင်

http://www.dhammadownload.com


အားထုတ်ခြင်းကို အတ္တကိလမထအကျင့်ဟုလည်းကောင်း ဆိုခြင်းသည် တရားတော်ကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်ခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ၏ တရားအစစ်အမှန်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။

ဤပြဆိုအပ်ခဲ့ပြီးသော စိစစ်ချက်တို့အရ-ဦးဝိစိတ္တသာရာဘိဝံသ ၏-

(က) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပွင့်လာရသော ဘုရားသည် မိစ္ဆာဒိဋ္ဌိဘုရား။ ဗောဓိပင်အောက်တွင် ပွင့်လာရသော ဘုရားသည် သမ္မာဒိဋ္ဌိဘုရားဟူသော ရေးသားချက်သည် လည်းကောင်း၊

(ခ) မိစ္ဆာဒိဋ္ဌိဘုရားက သမ္မုတိသစ္စာနှင့် အရိယသစ္စာကို မဟော၊ ပရမတ္ထသစ္စာသာ ဟောသည်။ သမ္မာဒိဋ္ဌိဘုရားက အရိယသစ္စာကိုသာဟောသည်၊ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို မဟောဟူသော ရေးသားချက်သည် လည်းကောင်း၊

(ဂ) လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တ၍ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် ကာမသုခလ္လိက အကျင့်ဖြစ်သည်။ ရူပဘုံ, အရူပဘုံသို့ ရောက်လို၍ ရူပဈာန်၊ အရူပဈာန်တို့ကိုရအောင် အားထုတ်ခြင်းသည် အတ္တကိလမထာနုယောဂ ဖြစ်သည် ဟူ၍ ရေးသားချက်သည် လည်းကောင်း၊

(ဃ) ထိုကာမကုသိုလ်ကံ, ရူပကုသိုလ်ကံ, အရူပကုသိုလ်ကံတို့ကို မမှီဝဲကြဖို့ ရှောင်ကြဉ်ကြဖို့ ဓမ္မစကြာတရားဦး၏ ပထမဆုံးသော အပိုင်းမှာပင် (ဒွေမေ ဘိက္ခဝေ အန္တာ- စသည်ဖြင့်)

http://www.dhammadownload.com


ဟောကြားခဲ့ပါသည် ဟူသော ရေးသားချက်သည်လည်းကောင်း - ဗုဒ္ဓပါဝစန ပိဋကတ်တော်, တရားတော်ကို ဖောက်လွဲဖောက်ပြန်ဖြစ်အောင် ပြုထားသောကြောင့် "အဓမ္မဝါဒ"သာဖြစ်သည်။

----------

## ပေါင်းရုံးသုံးသပ်ချက်

ဤမျှဖြင့် စုဒိတကဖြစ်သူ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (ယခုအခါ ကျောင်းအုပ်ဆရာတော်အဖြစ်မှ ဖယ်ရှားခံရပြီးသူ) ဟောပြောသည့် ဟောပြောချက်များနှင့် စပ်လျဉ်း၍ စောဒကဆရာတော် သုံးပါးတို့ တင်ပြသော စောဒနာ (၂၀) နှစ်ဆယ်ကို တစ်ခုချင်း စိစစ်သုံးသပ်ပြီး ဖြစ်ပေသည်။

ယခုအခါ ယင်းစောဒနာ (၂၀)ကို အကျဉ်းချုံး၍ ပေါင်းရုံးသုံးသပ်ကြကုန်အံ့။

စောဒကဆရာတော်များ တင်ပြထားသော စုဒိတက ဦးဝိစိတ္တ-သာရာဘိဝံသ၏ ဟောပြောချက်၊ ရေးသားချက်များကို လေ့လာရာ ဖော်ပြလတ္တံ့ပါအတိုင်း တွေ့ရပေသည်-

၁။ ဘုရားပယ်သော ဝါဒဖြစ်ခြင်း။

၂။ ဘုရားဟောပါဠိတော်များစွာ၌ အတိတ်ဘဝ, အနာဂတ်ဘဝတွေ များစွာရှိကြောင်း၊ အတိတ်ဘဝက ပြုခဲ့သော ကံများနှင့် နောင်အနာဂတ်ဘဝမှာ အကျိုးပေးမည့် ကံများရှိကြောင်း၊ ကံများသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသည့် ကံရှိသကဲ့သို့ နောင်အနာဂတ်ဘဝများ၌ အကျိုးပေးသည့် ကံများလည်း ရှိကြောင်း များစွာဟောကြားထားပါလျက် ထိုအတိတ်ဘဝ,

http://www.dhammadownload.com


အနာဂတ်ဘဝနှင့် အတိတ်ကံ, အနာဂတ်အကျိုးပေးမည့် ကံများကို ပစ်ပယ်ခြင်း။

၃။ နတ်ပြည်, ဗြဟ္မာပြည်နှင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဘုံများ ရှိကြောင်း၊ ပိဋကတ်သုံးပုံ၌ မြတ်ဗုဒ္ဓကိုယ်တော် တိုင် ဟောထားသော ဒေသနာတော်များစွာ ရှိပါလျက် နတ်ပြည်, ဗြဟ္မာပြည်မရှိ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် လေးဘုံဟူ၍ သီးခြားမရှိ မိမိ ခန္ဓာကိုယ်ထဲမှာသာ ရှိသည်ဟု ဟောခြင်း။

၄။ တိရစ္ဆာန်ဘုံ ထင်ရှားတွေ့နေရပါလျက် တိရစ္ဆာန်ဘုံကို ဒီလူ၏ ခန္ဓာကိုယ်ထဲမှာရှိသည်ဟု ဟောခြင်း။

၅။ ဓမ္မစကြာဒေသနာတော်ကို လက်ခံပါသည်ဟု ပြောပါသော် လည်း သမုဒယအရိယသစ္စာ၌ ဟောကြားထား သည့် "ပေါနောဗ္ဘဝိကာ" ဟူသော မြတ်ဗုဒ္ဓစကားကို မသိကျိုးကျွံ ပြု၍ နောင်ဘဝမရှိဟု ဟောခြင်း။

၆။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို လက်ခံကြောင်း တဖွဖွ ပြောနေပါသော်လည်း ဝဋ်သုံးပါးလည်ပုံကို မှားယွင်းစွာ ဖော်ပြခြင်း၊ နောင်ဘဝတွေများစွာ ရှိကြောင်း "ဥပါဒါနပစ္စယာ ဘဝေါ"ဟု ပဋိစ္စသမုပ္ပါဒ်ဒေသနာ အတိအကျရှိပါလျက် နောင်ဘဝမရှိဟု ပယ်ခြင်း။

၇။ မည်သည့် သတ္တဝါကိုမှ မသတ်ရ သတ်ခြင်းမှ ရှောင်ကြဉ် ရမည်ဟု ဘုရားရှင်က ဟောထားပါလျက် တိရစ္ဆာန်ကို သတ်လျှင် အပြစ်မရှိဟု ဟောပြောခြင်း။

၈။ သူတစ်ပါးပိုင်ပစ္စည်းကို သူတစ်ပါးက ကိုယ်နှုတ်ဖြင့် မပေး ဘဲ ခိုးယူပါက မည်သူ၏ ပစ္စည်းကို ခိုးခိုး အဒိန္နာဒါန အကုသိုလ်ဒုစရိုက် ဖြစ်သည်ဟု ဘုရားရှင်က ဟောထား ပါလျက် "နတ်ပိုင်ပစ္စည်း၊ ရပ်ကွက်ကောင်စီပိုင် ပစ္စည်း၊

http://www.dhammadownload.com



မြို့နယ်ကောင်စီပိုင် ပစ္စည်း၊ နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးလျှင် အဒိန္နာဒါန အကုသိုလ်ဒုစရိုက် မဖြစ်" ဟု ဟောခြင်း၊ သစ်မှောင်ခို၊ ကျောက်စိမ်းမှောင်ခိုစသည့် နိုင်ငံတော်၏ ဥပဒေနှင့် ငြိစွန်းသော လုပ်ငန်းများကို လုပ်ကောင်းသည်ဟု သူခိုးအားပေးဝါဒကို ဟောပြောခြင်း။

၉။ အချိန်များစွာ၊ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ ရာသက်ပန် စောင့်ထိန်းကောင်းသော ရှစ်ပါးသီလကို ဘုန်းကြီး အနီးပါး တရားနာနေတုန်းသာ စောင့်ထိန်းကောင်းသော သီလ ဟု ဟောပြောခြင်း။

၁၀။ သမ္မာသမာဓိနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတို့၏ သဘောအဓိပ္ပာယ်ကို မှားယွင်းစွာ ဟောပြောခြင်း။

၁၁။ တိတ္ထိတို့ စွဲယူသည့် အတ္တကို ရည်ရွယ်၍ ပြောဆိုသော "သဿတော လောကော" စသော အဗျာကတဋ္ဌာန (၁၀) ပါး တို့ကို အမှန်အတိုင်း မဖွင့်ဆိုဘဲ မိမိစွဲယူထားသည့် ပစ္စုပ္ပန်ကမ္မဝါဒနှင့် ကိုက်ညီအောင် မှားယွင်းစွာ ဟောပြော ရေးသားခြင်း။

၁၂။ ကံကြောင့် သတ္တဝါတွေဖြစ်နေကြရသည်ဟု ဘုရားရှင် ဟောပါလျက် "လူဆိုတာ ကံကြောင့်ဖြစ်တာ မဟုတ်၊ လူဆိုတာ မိဘကြောင့်ဖြစ်တာ" ဟု လွဲမှားစွာ ဟောပြောခြင်း။

၁၃။ သံယုတ်ပါဠိတော် မဟာတဏှာသင်္ခယသုတ်တော်၌ ဘုရားရှင် ဟောကြားခဲ့သော ကိုယ်ဝန်တည်ခြင်း အကြောင်းတရား သုံးပါးကို လွဲမှားစွာ ဟောပြောခြင်း။

၁၄။ ကံ အမျိုးမျိုးတို့၏ သဘာဝတို့ကို ဘုရားရှင်များစွာ ဟောထားပါလျက် အတိတ်ကံ၊ အနာဂတ်အကျိုးပေးမည့်ကံ မရှိဟု ဟောခြင်း။

၁၅။ လူဝင်စားများ မွေးစာပေတွင်ရော လက်တွေ့ဘဝတွင်ပါ

http://www.dhammadownload.com



ထင်ရှားစွာ ရှိနေပါလျက် ထိုလူဝင်စားဆိုတာ မရှိဟု ဟောခြင်း။

၁၆။ နိဗ္ဗာန်သည် ခန္ဓာကိုယ်ထဲ၌ မရှိ၊ ခန္ဓာမှ အလွတ်ဖြစ်သော ဗဟိဒ္ဓ ပရမတ္ထတရားဟု ဘုရားရှင်ဟောပါလျက် နိဗ္ဗာန်ကို ခန္ဓာထဲမှာရှိသည့် အဇ္ဈတ္တတရား၊ ကိုယ်စိုးကိုယ်ပိုင် ဖြစ်သည့် အတ္တတရား (အနတ္တတရား မဟုတ်)ဟု ဟောခြင်း။

၁၇။ သံယုတ္တပါဠိတော်, အင်္ဂုတ္တရပါဠိတော်တို့၌ လာရှိသော ရောဟိတဿသုတ်ကို အခြားဗုဒ္ဓါပဒေသတရားတို့နှင့် ညှိနှိုင်း၍ မယူတတ်ဘဲ လွဲမှားစွာယူခြင်း။

၁၈။ ရောဟိတဿသုတ်လာ မြတ်ဗုဒ္ဓ၏ "ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ"စသော စကားကို ယူသော်လည်း ထိုစကားကို နာယူသည့် နတ်သားကိုမူ အသိအမှတ်မပြုဘဲ ဇာတ်မြှုပ်ထားခြင်း။

၁၉။ နောင်ဘဝဆိုတာ မရှိ၍ လူသေရင်ပြီးတာပဲ၊ ဘာ ဘဝကူးမှ မရှိဘူးဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲယူထားခြင်း။

၂၀။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာစသော ရဟန္တာအရှင်မြတ်ကြီးတို့ပင် ပြုလုပ်ခဲ့သော အမျှဝေခြင်းအလုပ်ကို မိစ္ဆာဒိဋ္ဌိအလုပ်-ဟု ဟောခြင်း။

၂၁။ မိမိ ပယောဂမပါဘဲ ဈေး၌ရောင်းသော အသားကို ဝယ်စားသူများလည်း ပါဏာတိပါတ အကုသိုလ်ဒုစရိုက် ဖြစ်သည်ဟု မဟုတ်မမှန် ဟောပြောခြင်း။

၂၂။ အာနာပါနကမ္မဋ္ဌာန်းရှုပုံနှင့် စပ်လျဉ်း၍ လွဲမှားစွာ ဟောပြောခြင်း။

၂၃။ တရားဂုဏ်တော် ခြောက်ပါးကို ပစ္စုပ္ပန်ကမ္မဝါဒ အမြင့်ဖြင့် တင်ပြပြီး မျက်စိ, နား , နှာခေါင်း, လျှာ, ကိုယ်ပသာဒ ငါးမျိုးဖြင့်

http://www.dhammadownload.com


သိမြင်တွေ့နိုင်မှ တရားဖြစ်သည်။ အတိတ်ဘဝ, အနာဂတ် ဘဝတို့သည် ယခုမျက်မြင် မဟုတ်သောကြောင့် ထို အတိတ်ဘဝ, အနာဂတ် ဘဝနှင့် စပ်လျဉ်း၍ ဟောကြား အပ်သော တရားတော်များသည် တရားမဟုတ်၊ အမွှေတွေ သာဟု ဟောပြောခြင်း။

၂၄။ အဋ္ဌကထာ, ဋီကာ တို့နှင့် ဘုရားဟော ပါဠိတော်များစွာကို ပယ်ခြင်း။

၂၅။ အတိတ်ဘဝ, အနာဂတ်ဘဝနှင့် စပ်လျဉ်း ဟောအပ်သော တရားများသည် ဗုဒ္ဓတရားမဟုတ်။ နိဂဏ္ဌနာဋပုတ္တ ဟော သော တရား, ဟိန္ဒူ ဗြာဟ္မဏတို့၏ တရားဟု ရှုတ်ချခြင်း။

၂၆။ အဋ္ဌကထာဆရာ, ဋီကာဆရာများကို ဘာမျှ မသိသူ၊ မတတ် သူဟု ရှုတ်ချခြင်း။

၂၇။ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ၏ အလွန်လွယ်ကူသော အဓိပ္ပာယ်ကိုပင် အမှန်မသိဘဲ တလွဲတချော် အမှားအယွင်း တွေကိုသာ တင်ပြခြင်း။

၂၈။ ဂေါတမဗုဒ္ဓသည် တစ်ဆူတည်းဖြစ်ပါလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သောဘုရားက မိစ္ဆာဒိဋ္ဌိဘုရား။ ဗောဓိပင်အောက်မှာ ပွင့်တဲ့ဘုရားက သမ္မာသမ္ဗုဒ္ဓဘုရားဟု နှစ်ဆူ ခွဲယူခြင်း။

၂၉။ ဗုဒ္ဓဂေါတမကိုပင် မိစ္ဆာဒိဋ္ဌိဘုရား၊ အရိယာသစ္စာကိုမသိတဲ့ ဘုရားဟု ရေးသားခြင်း။

၃၀။ ဗုဒ္ဓဂေါတမက အရိယာသစ္စာကို ဟောပါလျက် မဟောဟု ရေးခြင်း၊ သမ္မုတိသစ္စာ ပရမတ္ထသစ္စာတို့ကိုလည်း ဟောပါ လျက် မဟောဟု ရေးခြင်း။

http://www.dhammadownload.com



၃၁။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ဘုရားဖြစ်သည် ဆိုတဲ့ဘုရား(ဂေါတမဗုဒ္ဓ)ကို မကိုးကွယ်မဆည်းကပ်တော့ပါ။ ထို ဘုရားဟောကြားသည့် အတိတ်ဘဝ, အနာဂတ်ဘဝနှင့် ဆိုင်ရာ, ကံနှင့် ဆိုင်ရာတရားတော်များကိုလည်း မဆည်း ကပ်တော့ပါ (ပယ်စွန့်ပါသည်)ဟု ရေးခြင်း။

ဤသို့သော ဟောပြောချက်, ရေးသားချက်တို့သည် ဘုရား ဟောဖော် ပါဠိတော်များနှင့် လည်းကောင်း၊ ထေရဝါဒပိဋကတ် အဋ္ဌ ကထာ, ဋီကာများနှင့်လည်းကောင်း ဆန့်ကျင်နေသည်ကို တွေ့ရပေသည်။

---------------

## ဆုံးဖြတ်ချက်

ထို့ကြောင့် စောဒက ဆရာတော်သုံးပါးတို့က အမှတ်(၁)စောဒနာ မှ အမှတ်(၂၀)စောဒနာအထိ တင်ပြထားသော ကချင်ပြည်နယ်၊ မြစ်ကြီး နားမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ် ဆရာ တော်(ယခုအခါ ထိုကျောင်းအုပ်ရာထူးမှ ဖယ်ရှားပြီးဖြစ်သော) ဓမ္မာစရိယ ငါးဘွဲ့ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်, ရေးသားချက်များ နှင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသတင်သွင်းသော သောနောလွှာတွင် ပါရှိသည့် ရေးသားချက်များသည် သံဂါယနာခြောက်တန်တင် ထေရဝါဒ ပိဋက ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒဟုလည်းကောင်း၊ ထိုဝါဒတို့ကို ဟောပြောသူ၊ လက်ခံသူ၊ ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများ ဖြစ်ကြသည်ဟု လည်းကောင်း၊ ထိုဝါဒ များကို အသံသွင်းထား, ပုံနှိပ်ထား, ရေးသားထား, မှတ်တမ်းတင်ထား သော အရာဝတ္ထုတို့သည် အဓမ္မဝတ္ထုများ ဖြစ်ကြသည်ဟု လည်းကောင်း၊ ဝိနည်းဓိုရ်ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြ သည်။

http://www.dhammadownload.com


# နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက်/မြို့ |
|---|---|---|
| ၁။ | ဘဒ္ဒန္တကုမာရာဘိဝံသ(သဘာပတိ) (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက) | ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်း |
| ၂။ | ဘဒ္ဒန္တသြဒါတသိရီဘိဝံသ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ) | အဝေရာရာမ ရန်ကင်း ကျောင်းတိုက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း |
| ၃။ | ဘဒ္ဒန္တအဂ္ဂဓမ္မ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) | ဓမ္မရောင်ခြည်ကျောင်း တိုက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်း |
| ၄။ | ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ) | မင်းကျောင်း၊ ပထမပြန် စာသင်တိုက်၊ သန်လျင် မြို့၊ ရန်ကုန်တိုင်း၊ |
| ၅။ | ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ (အဖွဲ့ဝင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | သာသနဇောတာရုံတိုက် အမှတ်(၅)ရပ်ကွက် မတ္တရာမြို့၊ မန္တလေးတိုင်း |

------------

http://www.dhammadownload.com


## နိဂမန နှင့် ဥယျောဇနကထာ

ဤသို့လျှင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် (ယခုအခါ ယင်းရာထူးမှ ဖယ်ရှားပြီးသော) ဓမ္မာစရိယ ငါးဘွဲ့ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်၊ ရေးသားချက်တို့ကို မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ပါဠိတော်များကို ပဓာနအခြေခံထား၍ အဋ္ဌကထာ, ဋီကာ မိန့်ဆိုချက်တို့ကို အနည်းငယ်မျှသာ အသုံးပြုကာ စိစစ်သုံးသပ်၍ ထို စုဒိတက ဘဒ္ဒန္တဝိစိတ္တ-သာရာဘိဝံသ၏ ဟောပြောချက်, ရေးသားချက်များနှင့် သောဓနာလွှာတွင် ရေးသားဖော်ပြထားသော ဖြေရှင်းချက်အားလုံးတို့ကို အဓမ္မဝါဒ အဖြစ် ဓမ္မ, ဝိနယနှင့်အညီ ဆုံးဖြတ်ပြီးဖြစ်သည်။

### သာသနာ့အန္တရာယ် ကာကွယ်ကြ

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် စင်ကြယ်သန့်ရှင်း၍ မှန်မြတ်သော သာသနာဖြစ်သည်။ သဒ္ဓါတရားရှိသူ၊ ပညာဉာဏ်ရှိသူတို့၏ စစ်မှန်သော သဒ္ဓါတရား, ပညာတရားတို့ဖြင့် ယုံကြည်လက်ခံ ကျင့်သုံးအပ်သော အဆုံးအမ သာသနာတော်ဖြစ်သည်။ လောကီအာရုံ ကာမဂုဏ်တို့ကို စောင့်စည်းထိန်းချုပ်၍ ကျင့်သုံးရသော သာသနာဖြစ်သလို လောကီ လူဝတ်ကြောင် ပုဂ္ဂိုလ်များအတွက် လောကီအာရုံ ကာမဂုဏ်တို့ကို အသိနှင့် ထိန်းချုပ်၍ ဓမ္မသဘောမှ လွတ်မသွားအောင် (အကန့်အသတ်ဖြင့်) ကျင့်သုံးရန် လမ်းညွှန်ပေးသော သာသနာဖြစ်သည်။

ဗုဒ္ဓမြတ်စွာ သာသနာသည် စင်ကြယ်သော သာသနာဖြစ်သော ကြောင့် လောကရေးကိုသာ အလေးပြုသော ပုဂ္ဂိုလ်များ၊ သဒ္ဓါ, ပညာ အားနည်းသော ပုဂ္ဂိုလ်များ၊ အမြင်တိုတောင်းသော ပုဂ္ဂိုလ်များအဖို့ လက်ခံ ကျင့်သုံးရန် မလွယ်ကူသော သာသနာဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်သည် ဤမျက်မြင်လောကကိုသာ လက်ခံသည့် အမြင်တိုတောင်းသူများ၊ ရတနာသုံးပါး၏ တန်ဖိုး အစစ်အမှန်

ကို သိနိုင်သည့် သဒ္ဓါနှင့်ပညာ မရှိကြသူများ၊ လောက၌ ထင်ရာစိုင်း၍ လွတ်လွတ်လပ်လပ် နေချင်သူများ၏ အန္တရာယ်နှင့် မကြာမကြာ တွေ့ကြုံကြရပေသည်။

မှန်ပေသည်။ ဗုဒ္ဓသာသနာတော်၏ စ, တည်ဦးကာလ၌ သာသနာကို ကြည်ညိုပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသော ခင်ပွန်းသည်တို့ကို အကြောင်းပြု၍ အိမ်တွင်ကျန်ရစ်ကြသော ဇနီးများက ဘုရားနှင့် သံဃာတော်များကို "လူအညွန့်ချိုးသူများ" "မျိုးဆက်ပြတ်အောင်လုပ်သူများ"ဟု စွပ်စွဲပြီး အပြင်းအထန် ဆန့်ကျင်ခဲ့ကြ၏။

ဗုဒ္ဓသာသနာတော်ကို အစစ်အမှန် ကြည်ညိုကြသော ပုဂ္ဂိုလ်များက ယခင်က ကိုးကွယ်ခဲ့သော အခြားဘာသာတို့ကို စွန့်ပယ်ပြီး ဗုဒ္ဓသာသနာတော်ကို အင်တိုက်အားတိုက် ထောက်ပံ့ အားပေးကြသောအခါ အခြားဘာသာရေးခေါင်းဆောင်များ၊ အခြားဘာသာဝင်များက အမျိုးမျိုး တိုက်ခိုက်ခဲ့ကြ၏။ ရန်ပြုခဲ့ကြ၏။ ဝါဒစစ်ပွဲများ ဆင်နွှဲခဲ့ကြ၏။

ထို ဝါဒစစ်ပွဲများကို ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့က ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်နိုင်ခဲ့ကြ၏။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ အောင်ပွဲခံခဲ့ကြ၏။

ထိုမျှသာ မကသေး-သာသနာထဲဝင်ရောက်နေကြသည့် သာတိရဟန်း, အရိဋ္ဌရဟန်းတို့လို သစ္စာဖောက်များကလည်း ဗုဒ္ဓ မဟောကြားသည့် သဘောတရားများကို ဗုဒ္ဓက ဟောကြားသယောင် ဝါဒဖြန့်ခဲ့ကြ၏။ အတွင်းဝင်ပြီး မသိမသာ သာသနာဖျက်ခဲ့ကြ၏။ ယင်းတို့ကိုလည်း ဗုဒ္ဓက အမှန်တရားပြ၍ နှိမ်နင်းခဲ့ရ၏။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် သာသနာ့အန္တရယ် အမျိုးမျိုးတို့ကို တွေ့ရသကဲ့သို့ ဘုရားပရိနိဗ္ဗာန်စံလျှင် စံချင်း (၇)ရက်အတွင်းတွင် သာသနာကို ဆန့်ကျင်သည့် သုဘဒ္ဒရဟန်းကြီးလို ပုဂ္ဂိုလ်မျိုးတွေ ပေါ်ပေါက်ခဲ့၏။ ထိုသို့သော ပုဂ္ဂိုလ်များ၏ အန္တရာယ်ကို ကာကွယ်ရန် ပထမသံဂါယနာ တင်ခဲ့ရ၏။

http://www.dhammadownload.com

ထို့အတူ သာသနာတော်၏ အဆုံးအမ (ဝိနည်း)တရားတော်ကို ကပြောင်းကပြန် လုပ်ကြသည့် ဝဇ္ဇီပုတ္တက ရဟန်းများကို အကြောင်းပြု၍ ဒုတိယသံဂါယနာ တင်ခဲ့ကြရသလို သာသနာအတွင်းဝင်ပြီး ဟိန္ဒူဗြာဟ္မဏ ဝါဒတွေကို ဘုရားဟော ဗုဒ္ဓဝါဒအဖြစ် ဟောပြောကြသည့် ရဟန်းတု ရဟန်းယောင်များ၏ အန္တရာယ်ကို နှိမ်နင်းရန် တတိယသံဂါယနာ တင်ခဲ့ကြရပေသည်။

ဤသို့ စသည်ဖြင့် သာသနာ့အန္တရာယ်တို့ကို စုပေါင်းကာကွယ်ခဲ့ကြရသလို တစ်ခါတစ်ရံ ကာကွယ်မည့်သူ မရှိခြင်း၊ စုပေါင်းအားဖြင့် မကာကွယ်နိုင်ခြင်းတို့ကြောင့် ဗုဒ္ဓသာသနာ စတင်ပေါ်ထွန်းရာ အိန္ဒိယနိုင်ငံကြီးတွင်ပင် ဗုဒ္ဓသာသနာ ကွယ်ပျောက်ရသည့် အဖြစ်ဆိုးများကိုလည်း ကြုံတွေ့ကြရပေသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်းတွင်လည်း အန္တရာယ်အမျိုးမျိုးကို တွေ့ကြုံခဲ့ကြရာ၊ တွေ့ကြုံလာသည့် အန္တရာယ်တို့ကို သံဃာတော်အချင်းချင်း၏ ညီညွတ်စည်းလုံးမှု အင်အားဖြင့် နှိမ်နင်းကာကွယ်ခဲ့ကြရသလို၊ တိုင်းပြည်သနင်း မင်းတို့၏ အာဏာစက်ဖြင့် ဟန့်တားကာကွယ်ခဲ့ကြရသည်များလည်း ရှိပေသည်။

ထိုသို့ ဖြစ်ပေါ်လာသော သာသနာ့အန္တရာယ်များကို နှိမ်နင်း၍ သာသနာတော်ကို ကာကွယ်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ရေမြေသနင်း ပြည့်ရှင်မင်းများသည် တာဝန်ကျေခဲ့ကြသလို ထိုပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကိုလည်း ဂုဏ်ပြုကြရပေသည်။

ဗုဒ္ဓသာသနာတော်တွင် ရှေ့တန်းက ရပ်တည်၍နေကြသော ရဟန်းသံဃာတော်များသည် သာသနာ့အန္တရာယ်ကာကွယ်ရေးတွင် နောက်ဆုတ်၍နေခြင်းငှာ မသင့်ပါပေ။ သာသနာ၏ ကျေးဇူးတရားကို နေ့စဉ်ရယူ ခံစားနေကြသည့် ပုဂ္ဂိုလ်များဖြစ်ရာ သာသနာတော်အစစ်အမှန် ပြန့်ပွားရေးအတွက် ကိုယ်တိုင်ကလည်း နိုးကြားတက်ကြွ, သူတစ်ပါးတို့အားလည်း နည်းမှန်လမ်းကျ ညွှန်ပြ စည်းရုံး လုပ်ဆောင်သင့်ကြပေသည်။

http://www.dhammadownload.com


သာသနာ့အန္တရာယ်များ ပေါ်ပေါက်လာလျှင်လည်း စုပေါင်းအင်အားဖြင့် ကာကွယ်တားဆီးသွားသင့်ပေသည်။

စုပေါင်းအင်အားဖြင့် ထိထိရောက်ရောက် ကာကွယ်တားဆီးသွားကြရန် တိုက်တွန်းရင်း ဤဝိနိစ္ဆယကို နိဂုံးချုပ်ပါမည်။

(က) အန္တရာယ် ဗုဒ္ဓမမ္မဿ၊ ပဿန္တေဟိ ပမဋ္ဌိတုံ။
နာလံ တဿ ဝိဃာတာယ၊
ကာတဗ္ဗော ဥဿုကော မဟာ။

ဗုဒ္ဓမမ္မဿ-လေးသချေႋနှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းများစွာ၊ ကပ်ကမ္ဘာက ကောင်းစွာ ဆည်းပူး ပါရမီထူးကြောင့် အထူးသိလာ့၊ သဗ္ဗညုတ ဉာဏ်မဟာဖြင့် ကောင်းစွာ ပိုင်းဖြတ် ဟောကြားအပ်သည့် ပိဋကတ်ရွှေစာ ဒေသနာ၏။ ဗုဒ္ဓမမ္မဿ-ရှင်တော်ဘုရား တည်ထောင်ထားသည့် သုံးပါးသတ်မှတ် သာသနာတော်မြတ်၏။ အန္တရာယ်-အတွင်းအပြင် စွဲဝင်ပူးကား ဉာဏ်မိစ္ဆာဖြင့် ကောင်းစွာဖျက်ချိုး အန္တရာယ်ဆိုးကို။ ပဿန္တေဟိ-တွေ့သူမြင်သူ ရဟန်းရှင်လူတို့သည်။ ပမဋ္ဌိတုံ-ငါနှင့်မဆိုင် သူသာဆိုင်ဟု ဘေးထိုင်ရှောင်ကွင်း ခေါင်းရှောင်၍ နေခြင်းငှာ။ နာလံ-သာသနာ့အရေး မြော်မတွေးဘဲ အလေးမစိုက် မနေထိုက်ပါပေ။

တဿ၊ ထို့ကြောင့်။ တေဟိ၊ သာသနာ့အန္တရာယ် အသွယ်သွယ်ကို ကာကွယ်လိုသူ ထိုရဟန်းရှင်လူတို့သည်။ တဿ၊ အတွင်းကဖျက်ပြင်ကဖျက်သည့် အဖျက်သမား ထိုရန်သူများကို။ ဝိဃာတာယ၊ ကျူပင်ခုတ်က ကျူငုတ်မကျန် ဖွဲမာန်ထန်ပြင်း ကာကွယ်တားဆီးခြင်းငှာ။ မဟာဥဿုကော၊ မွေ့, ဝိနယ၊ လမ်းမှန်ပြလျက် လုံ့လထန်ပြင်း ကြီးစွာသောအားထုတ်ခြင်းကို။ ကာတဗ္ဗော၊ သာသနာ့အရေး သွေးမအေးဘဲ မနှေးမြန်စွာ ပြုလုပ်သင့်ပါပေသတည်း။

(ခ) ဘာရောဝ ဗုဒ္ဓမမ္မဿ၊ အန္တရာယ ဝိသောဓနံ။
ဗုဒ္ဓသာသနဝဍ္ဎေတု-ကာမာနံ ဗုဒ္ဓဘတ္တိနံ။

http://www.dhammadownload.com


ဗုဒ္ဓမမွေသ၊ တို့ပြည်မြန်မာ ရွှေမြန်မာတို့ သည်းချာနှလုံးသား အတူထားသည့် ဘုရားမြတ်စွာသာသနာ၏။ အန္တရာယဝိသောဓနံ၊ အန္တရာယ်ဆိုး အမျိုးမျိုးကို ဖျက်ချိုးသုတ်သင် ခုတ်ထွင်ရှင်းလင်း လုပ်ဆောင်ခြင်းသည်။ ဗုဒ္ဓသာသနဝဍ္ဎေတုကာမာနံ၊ ဗုဒ္ဓသာသနာ ထွန်းလင်းသာလျက် ကမ္ဘာတဝှမ်း အရောင်လွှမ်းဖို့ ကြိုးပမ်းလိုလားကြပေကုန်သော။ ဗုဒ္ဓဘတ္တိနံ၊ ဘုရား တရား သံဃာ ရတနာအမြတ် သုံးပါးနတ်ကို ဆည်းကပ်ခိုဝင် ဗုဒ္ဓဘာသာ သူတော်စင်တို့၏။ ဘာရောဝ၊ သစ္စာရှိရှိ တာဝန်သိလျက် ဖိဖိစီးစီး ကိစ္စပြီးအောင် မညည်းမညူ ဝိုင်းဝန်းကူ၍ အတူတကွ ထမ်းဆောင်ရမည့် ကိစ္စထိပ်သီး မဟာ့မဟာ တာဝန်ကြီးပါပေတည်း။

(ဂ) မယံ ဗုဒ္ဓဝါဒိနောတိ၊ ဝတွာ စေတံ ပရမ္မုခါ။
ကိံ ဝဒေ ကတကိစ္စာတိ၊ အပိ စေတံဝဟီဠိတံ။

မယံ၊ ငါတို့သည်။ ဗုဒ္ဓဝါဒိနောတိ၊ ဘာသာစစ် ဘာသာမှန် လက်ခံရွှင်ပြုံး ကျင့်သုံးခွင့်ရ ကံကောင်းကြသည့် ဗုဒ္ဓဘာသာ ရွှေမြန်မာတို့ဟူ၍။ ဝတွာ၊ ဂုဏ်ယူဝင့်ကြွား ပြောကြားနေကြပါလျက်။ ဧတံ၊ ဗုဒ္ဓဘာသာ သာသနာဖျက် အမျိုးဖျက်မည့် အဖျက်သမားရန်စွယ် ထို ဘေးအန္တရာယ်ကို။ စေ ပရမ္မုခါ၊ ငါနှင့်မဆိုင် ငါမနိုင်ဟု လက်မှိုင်ချ အရှုံးပေး ကာကွယ်ရေး မစဉ်းစား စိတ်အားလျော့ချ အကာယ်၍ မျက်နှာလွှဲနေကြကုန်ငြားအံ့။ မယံ၊ ငါတို့သည်။ ကတကိစ္စာတိ၊ သာသနာ့အန္တရာယ် ကာကွယ်ရေးကိစ္စမှန်သမျှကို နှေးညမဆိုင်း အားလုံးဝိုင်း၍ ညီနိုင်းချိန်ဆ ဆောင်ရွက်ကြသူတို့ဟူ၍။ ဝါ- ကတကိစ္စာတိ၊ မိမိတာဝန် ကျေပွန်ကြသူတို့ဟူ၍။ ကိံဝဒေမ၊ အဘယ်မှာလျှင် ဆိုနိုင်ပါကုန်အံ့နည်း။ န ဝဒေမ၊ အလုပ်တာဝန် မကျေပွန်သဖြင့် အလွန်ညံ့ကြ မဆိုနိုင်ကြကုန်သည်သာ။ အပိစ၊ စင်စစ်သော်ကား။ ဧတံ၊ သာသနာ့အန္တရာယ် မကာကွယ်ဘဲ ဘေးဖယ်ရှောင်ကွင်း လျစ်လျူရှု၍နေခြင်းသည်။ အဝဟီဠိတံ၊ အလုပ်တာဝန် မကျေပွန်သဖြင့် အလွန်ရှက်ဖွယ် စက်ဆုတ်ဖွယ်သာ ဖြစ်ပါပေသတည်း။

http://www.dhammadownload.com


(ဃ) အမမ္မဿ ဝိဃာတာယ၊ မမ္မဿ စ ဝိရူဠ္ဟိယာ။
သမဂ္ဂါ ဝါယမေယျာထ၊ တော် အမှာက ကိစ္စယံ။

ဘောန္တော၊ ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာချစ်ခင် အို ဗုဒ္ဓဘာသာဝင်အပေါင်းတို့။ အမမ္မဿ၊ လူ့အသိဉာဏ် အမြင်မှန်ကို ဖောက်ပြန် ပျက်ပြား အယူမှားအောင် ရေးသားဟောပြ အမမ္မဝါဒကို။ ဝိဃာတာယ စ၊ ပင်စည်ကိုခုတ် အမြစ်နှုတ်၍ အငုတ်မကျန် တွန်းလှန်ဖယ်ရှားခြင်းငှာ လည်းကောင်း၊ မမ္မဿ၊ အသိအမြင်မှန် အခြေခံလျက် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်မည့် ဂုဏ်ရောင်ကြီးမားသူတော်ကောင်းတရား၏။ မမ္မဿ၊ လက်ငင်းဘဝ ချမ်းသာရလျက် ဘဝနောင်ခါ သံသရာဝယ် ချမ်းသာအဆင့်ဆင့် တိုးမြင့်စေတတ် ဗုဒ္ဓဘာသာ သာသနာတော်မြတ်၏။ ဝိရူဠ္ဟိယာ စ၊ အမှောင်ကိုခွင်း အရောင်လင်းလျက် ပြောင်ဝင်းတိုးတက် စဉ်ဆက်ရှည်ကြာ တည်ပါစေခြင်း အကျိုးငှာလည်းကောင်း။ တုမှေ၊ ဗုဒ္ဓ သာသနာ ရှည်မြင့်ကြာလျက် ဂုဏ်ဝါတန်ခိုး တိုးတက်တိုးဖို့ ကောင်းကျိုးလိုလား သင်သူတော်ကောင်း အများတို့သည်။ သမဂ္ဂါ၊ နေရာဒေသ ဂိုဏ်းဂဏနှင့် ဌာနကွဲပြား ဘယ်လိုခြားလည်း ဘုရားသားတော် သမီးတော်ဟု ရှုမျှော်စိတ်ထား တစ်သွေးတစ်သားတည်း ဖြစ်ကြကုန်လျက်။ ဝါယမေယျာထ၊ "သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ" ဘုရားဟောမြွက် မမ္မစက်ကို ထိပ်ထက်ခံယူ စိတ်ချင်းတူလျက် ဝိုင်းကူလက်တွဲ မပျက်ဖွဲ့ဖြင့် အမြဲအားထုတ် ပြုလုပ်ကြပါကုန်လော့။

တော်၊ အန္တရာယ်တစ်စုံတစ်ရာ ကြုံ၍လာသော် ညီညာလက်တွဲ မဖျက်ဖွဲ့ဖြင့် အားခဲမာန်တင်း ကာကွယ်တားဆီးခြင်းသည်။ အမှာကံ၊ မျိုးမြတ်သာကီ အာဇာနည်ဘုရား တပည့်သားဟု ဝင့်ကြွားသမုတ် အကျွန်ုပ်တို့၏။ ကိစ္စယံ၊ မလွဲသာ မရှောင်သာ သေချာကျန ထမ်းဆောင်ရမည့် ထာဝရ မြတ်မွန် ကိစ္စတာဝန်ကြီး ဖြစ်ပါပေသတည်း။

http://www.dhammadownload.com


ပုံစံ (၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေး
အပ်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်
(၁၆/၂၀၀၈)၏

# ဆုံးဖြတ်ချက်

[လုပ်ထုံးလုပ်နည်းများ အပိုဒ်(၄၂-ဂ၊ ၄၃)]

၁၃၇၀-ပြည့်နှစ်၊

ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းအမှတ်(၁၆/၂၀၀၈)

စောဒက ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ ရတနာမာန်အောင်ကျောင်းတိုက်၊ ဘဒ္ဒန္တမင်္ဂလာစာရ ပါ(၃)ဦးနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် (ယခုအခါ ကျောင်းအုပ်ရာထူးမှ ဖယ်ရှားပြီးဖြစ်သော) စုဒိတက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့၏ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဟောပြောချက်, ရေးသားချက်တို့နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုခင်းကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆/၂၀၀၈)က ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ချက် ချလိုက်သည်။

## ဆုံးဖြတ်ချက်

စောဒကဆရာတော်သုံးပါးတို့က အမှတ်(၁)စောဒနာမှ အမှတ်(၂၀) စောဒနာအထိ တင်ပြထားသော ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် (ယခုအခါ ကျောင်းအုပ်ရာထူးမှ ဖယ်ရှားပြီးဖြစ်သော) ဓမ္မာစရိယ ငါးဘွဲ့ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက်၊ ရေးသားချက်များနှင့် စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ တင်သွင်းသော သောခနောလွှာတွင်

http://www.dhammadownload.com



ပါရှိသည့် ရေးသားချက်များသည် သံဂါယနာခြောက်တန်တင် ထေရဝါဒ ပိဋကပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ-ဖြစ်သည်ဟုလည်းကောင်း၊ ထိုဝါဒတို့ကို ဟောပြောသူ၊ လက်ခံသူ၊ ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများ ဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုဝါဒများကို အသံသွင်းထား, ပုံနှိပ်ထား, ရေးသားထား မှတ်တမ်းတင်ထားသော အရာဝတ္ထုတို့သည် အဓမ္မဝတ္ထုများ ဖြစ်ကြသည်ဟု လည်းကောင်း ဝိနည်းဓိုရ်ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

## နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက်/မြို့ | လက်မှတ် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တကုမာရာဘိဝံသ (သဘာပတိ၊ အဂ္ဂမဟာ ပဏ္ဍိတ) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) | ဗန်းမော်ကျောင်းတိုက်။ မဟာအောင်မြေမြို့နယ်။ မန္တလေးတိုင်း။ | |
| ၂။ | ဘဒ္ဒန္တသြဒါတသိရီဘိဝံသ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ) | အဝေရာရာမ-ရန်ကင်းကျောင်းတိုက်။ မဟာအောင်မြေမြို့နယ်။ မန္တလေးတိုင်း။ | |
| ၃။ | ဘဒ္ဒန္တအဂ္ဂဓမ္မ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ) | ဓမ္မရောင်ခြည်ကျောင်းတိုက်။ မြောက်ဥက္ကလာပမြို့နယ်။ ရန်ကုန်တိုင်း။ | |

http://www.dhammadownload.com



၄။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ(အဖွဲ့ဝင်) မင်းကျောင်းပထမပြန်
(အဂ္ဂမဟာပဏ္ဍိတ) စာသင်တိုက်၊ သန်လျင်မြို့။
ရန်ကုန်တိုင်း။

၅။ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ သာသနဇောတာရုံတိုက်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အမှတ်(၅)ရပ်ကွက်။
မတ္တရာမြို့၊ မန္တလေးတိုင်း။

စာအမှတ်၊ ------------------ ရက်စွဲ၊ ------------------

## ဝိနိစ္ဆယဆုံးဖြတ်ချက်

## ဖတ်ကြားကြေငြာရာသို့လာရောက်ကြားနာသူများ

| စဉ် | အမည် | တာဝန် | လက်မှတ် |
|---|---|---|---|
| ၁။ | -------------- | -------------- | ------------ |
| ၂။ | -------------- | -------------- | ------------ |

ဓောဒက လာ/ ၊ စုဒိတက /မလာ (သဘာပတိဆရာတော်က ရေးမှတ်ရန်)

http://www.dhammadownload.com

ပြ/၂၈.၁.၂၀၀၀(၁၀၀၀)ယစ်ယို့ (ဖဒပ)

http://www.dhammadownload.com